အာရိယာစစ်တမ်း

ခြိုရုံ တိုင္ဘာ သန္ဓေပြေဘာ။

ဦးကြဲစု - ဘီ,ဇော၊

သုဓမ္မဝတီစာပုံနှိပ်တိုက်

တိုက်နံပါတ်—၅၅ စစ်ကဲမောင်ခိုင်လမ်း ရန်ကုန်မြို့။

၁၃၁၅ - ခု။

နံ တာဝ ကသပ သဒ္ဓမ္မဿ အဓိ့ဂရဏိံ ဟောတိ၊
ယာဝ နံ သဒ္ဓမ္မပတိရူပကံ လောကေ ဥပ္ပဇ္ဇတိ။

“အဓိ, ကသပ-ဤ လောကဒ္ဓါ သူတော် ကောင်းတို့၏
တရားတူ,တရားယောင်သည် မဖြစ်ပေါ်သေးသျှင်
သူတော်ကောင်း တို့၏ မဂ်, ဖိုလ် တရား
အစစ် အမှန်သည့် မာဂ္ဂယ်ပျောက်
နှင်။ ။အဓိ, ကသပ-
ဤလောကဒ္ဓါ သူတော်
ကောင်း. တို့၏
တ ရား တူ,
တရား ယောင်များ
ဖြစ်ပေါ်လာလျှင် သူတော်
ကောင်းတို့၏ မဂ်, ဖိုလ် တရား
အစစ် အမှန်သည့် ကွယ်ပျောက် လတ္တံ့”
ဟု နိဒါနဝဋ္ဋ သံယုတ် ပါဠိတော်၌ ဖြက်စွာ
ဘုရားဟောကြား သတိပေးဆုံးမခဲ့သည်ကိုသတိရကြပါ။

အရိယာ စစ်တမ်းစာအုပ် ရေးရခြင်းအကြောင်း

၁။ ဝမ္မမိတ်ဆွေ အပေါင်းတို့က သူတော်ကောင်းတို့၏ မဂ်,ဖိုလ်တရား အစစ် အမှန်ကို သာလျှင် အလိုရှိကြပါသောကြောင့်သူတော်ကောင်းတို့၏ တရားအစစ် အမှန်နှင့် တရား အတုအပ တို့ကို ခွဲခြားသိနိုင်စေရန် အရိယာစစ်တမ်း စာအုပ်ကို ရေးသားပါမည့် အကြောင်းတောင်းပန်အပ်သည်ဖြစ်၍ ပါဠိ,အဋ္ဌကထာ,ဋီကာ ကျမ်းတို့၌ ထွေ့ရသော အရိယာ စစ်တမ်း အမျိုးမျိုး တို့ကို ဝမ္မမိတ်ဆွေများ ဘတ်လွယ်, မှတ်လွယ်, သိလွယ် ကြစေရန်ငင်း။

၂။ နိဒါနဝဋ္ဌ သံယုတ်ပါဠိတော်၌ ဖြတ်စွာ ဘုရားကသတိပေး ဆုံးမ ခဲ့သည့် အတိုင်း သူတော်ကောင်း တို့၏ တရားအတုအပများ မဖြစ်ပေါ်ပါမှ သူတော်ကောင်း တို့၏ မဂ်,ဖိုလ် တရား အစစ်အမှန်များ မကွယ်ပျောက်ဘဲ ရှိနေမည် ဖြစ်သောကြောင့် သူတော်ကောင်း တို့၏ တရား အတု အပများ မဖြစ်ပေါ် စေရန်ငင်း။

၃။ ဖြတ်စွာဘုရားသာသနာတော်သည် အဓွန့်ရှည်စွာ ထွန်းတောက် တည်မြဲကာ ပြည်သူ လူတု အပေါင်းမှာ လောကီ လောကုတ္တရာ နှစ်ဖြာသော ချမ်းသာ သုခ အပေါင်းနှင့် ပြည့်စုံကြပါစေရန်ငင်း။

၄။ ဘုရား, တရား, သံဃာ, ဆရာ, မိဘ အနှံ့ကျေးဇူးရှင်များအား ကျေးဇူးတုန့်ပြန် ဆပ်သည့် မည်စေရန်ငင်း။

သုစမ္ဘဝတီ ၅၃၀-က

ဝိပဿနာနယ်တွင် အနှစ်(၃၀)ကျော် ရှာမှီးရှိခိုးသော ဗဟုသုတကို အာရုံးခံထား၍ သန့်ရှင်း ပြုစင်ကောင်းမြတ်သော စေတနာ သဒ္ဓါတရားဖြင့် ဤစာအုပ်ကို ရေးရခြင်း ဖြစ်ပါသည်။

တောင်းပန်ချက်

၁။ ပညာရှိ သူတော်ကောင်း အပေါင်း တို့က ဤစာအုပ်တွင် ပုဒ် ပါဠိ အကွဲရာ သဒ္ဒါ အနက်စသည်များဖြင့် မှားယွင်း ချွတ်ချော် ချက်များ တွေ့ရှိ ခဲ့ပါလျှင် ပြင်ဆင် ဘတ်ရှုတော်မူကြပါရန် ရိုသေစွာ တောင်းပန်ပါသည်။

၂။ မြတ်စွာ ဘုရား၏ သာသနာ တော်သည့် အဋ္ဌန့် ရှည်စွာ တည်မြဲ ထွန်းတောက် ပါစေ ခြင်းငှါ သူတော် ကောင်းတို့၏ တရား အတု အပများ မဖြစ် ပေါ်စေရန် ရဟန်းရှင်လူ ပညာရှိ သူတော်ကောင်း အပေါင်း တို့က သူတော်ကောင်းတို့၏ မင်္ဂ,ဗိုလ်တရား အစစ်အမှန်ကို ဝိဇ္ဇာ ကတ်တော်လာအတိုင်း ဟောပြ ဆုံးမ ရေးသားတော် မူကြပါရန် ကိုလည်း ရိုသေ လေးမြတ်စွာ တောင်းပန် ပါသည်။

ထောက်ခံချက်များ

၁။ မုံရွာမြို့၊ မိုးညှင်း တောရကျောင်းတိုက်
ကျေးငှက်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးညှင်းဆရာတော်ဘုရား

မှတ်ချက်

အရိယာစစ်တမ်း စာအုပ်ကို အခါခါရှုကြည့်ရာ ပါဠို, အဋ္ဌကထာ, ဋီကာတို့နှင့် ဆန့်ကျင်သော အချက်တို့ကို မထင် မမြင် သောကြောင့် ကောင်းမြတ် မှန်ကန်သည် ဟု ပညာရှိ သူတော်ကောင်း အပေါင်းတို့က ပြောကြား လက်ခံဘွယ် စာအုပ်ဖြစ်သည်။

၂။ ညောင်တုန်းမြို့၊ မဟာဝိသုတာရာမတိုက်
(ယခု) ရန်ကုန်မြို့၊ ဒေဝသာဂရသိဓ်ကုန်း၊ ခမ္မိကာရုံ ပါဠိတတ္တာဒိုလ် ကျောင်းအုပ် ဆရာတော် ဦးရေဝတဓမ္မ

မှတ်ချက်

အဓိရိယာစစ်တမ်း ကျမ်းကို ပါဠို, အဋ္ဌကထာ, ဋီကာ ကျမ်းတို့နှင့် ညှိနှိုင်းတိုင်းထွာ၍ ကြည့်ရှုစစ်ဆေးရာ တစုံတရာသော အပြစ်ဒေါသ မတွေ့ရဘဲ မှတ်ရန် ဗဟုသုတ များစွာကောင်းလှ၏။ မင်္ဂလာဏ်, ဗိုလ်ညာဏ်ကိုလိုလားတောင့်တသော သူတော်ကောင်း အပေါင်းတို့သည် အမြဲမပြတ် ကြည့်ရှု စဉ်းစားပြီးလျှင် ၅၏ အဓိရိယာစစ်တမ်း ကျမ်းလာသည့်အတိုင်း ဝိပဿနာအလုပ်ကို လုံ့လကြိုးကုတ် အားထုတ်ပါလျှင် ယခုဘဝ၌သော်၎င်း ဒုတိယဘဝစသော ဘဝတို့၌ သော်၎င်း အဓိရိယာ စခန်းကို တက်လှမ်းနိုင် ကြလိမ့်မည်ဟု ယုံကြည်စိတ်ချပါကြောင်း။

၃။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်

(ခေတ္တ) ရန်ကုန်မြို့၊ ဘုရားကြီးတိုက်၊ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ
ဆရာတော် ဦးနန္ဒဝံသ

မှတ်ချက်

အရှိယာစစ်တမ်း စာအုပ်ကို အစမှ အဆုံးတိုင်အောင် ကြည့်ရှုစစ်ဆေးရာ ပါဠိ, အဋ္ဌကထာ,ဋီကာတို့နှင့် ဆန့်ကျင်သော အချက်များ မတွေ့ရသောကြောင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့ လက်ခံသင့်၏။

၄။ အင်းစိန်မြို့၊ မဂ္ဂင်ကျောင်း

ကမ္မဋ္ဌာန်းနည်းပြ ဆရာတော် ဦးစန္ဒိက

မှတ်ချက်

အရှိယာစစ်တမ်းကျမ်းကို အစမှအဆုံး အဝိ ကြည့်ရှုစစ်ဆေး၍ ပြန်ပို့လိုက်ပါသည်။ ၎င်းကျမ်းမှာ အလွန်အကဲဖြတ်နိုင်သော အရှိယာတို့ နှစ်သက်အပ်သော နည်းအမျိုးမျိုးတို့ဖြင့် ရေးသားထားသော ကျမ်းတကျမ်းဖြစ်သောကြောင့် "အရှိယာ စစ်တမ်း-အရှိယကန္တာရဝိစာရဏာကျမ်း" ဟု အမည် ပေးလိုက်သည်။ ဝိပဿနာ ယောဂီအပေါင်းတို့၏ အကျိုးငှါ အမြန်ဆုံး စက်တင်ပုံနှိပ် ထုတ်ဝေနိုင်ပါစေရန်လည်း ဆုတောင်းမေတ္တာ ပို့လိုက်ပါ၏။

၅။ ရန်ကုန်မြို့နှိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ပိဋကတ်တော် ဖြန်မာပြန်ဌာန

အယ်ဒီတာချုပ် အဂ္ဂမဟာပဏ္ဍိတ, မဟာဝိဇ္ဇာ ဆရာလင်း

မှတ်ချက်

အရိယာစစ်တမ်း စာအုပ်ကိုကြည့်ရှုစစ်ဆေးရာ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းတို့နှင့် ကိုက်ညီသဖြင့် အပြစ်မရှိသောကြောင့် ဗုဒ္ဓဘာသာဝင် သူတော်ကောင်း အပေါင်းတို့ ဝမ်းမြောက်ဝမ်းသာ လက်ခံသင့်ပါသည်။

၆။ ရန်ကုန်မြို့နှိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ ပိဋကတ်တော် ဖြန်မာပြန် ဌာန

ဒုတိယ အယ်ဒီတာချုပ် ပါဠိဆရာကြီး ဆရာဦးဘ

မှတ်ချက်

အရိယာ စစ်တမ်းစာအုပ်ကို အစမှ အဆုံးထိ ကြည့်ရှုစစ်ဆေးရာ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းများနှင့် မဆန့်ကျင်အောင် ရေးသားထားသည်ကို တွေ့ရှိရသဖြင့် ဝမ်းသာပါသည်။

ယခုခေတ်၌ ဝိပဿနာ တရားဘက်မှာ စိတ်ဝင်စားသော ပုဂ္ဂိုလ်တို့ များပြားလာသောကြောင့် ပိပိတို့ကျင့်ကြံ အားထုတ်သော တရားများသည် လမ်းမှန်ကျသည်, မကျသည်ကို မှတ်ကျောက် တင်နိုင်ရန်အတွက် လူတိုင်း ကြည့်ရှု သုံးသပ် သင့်သော စာအုပ်ဖြစ်ပါသည်။

(စ) ကျေးဇူးအထူးတင်ပါကြောင်း

ကျေးဇူး အထူး တင်ပါကြောင်း

ဤအရိယာစစ်တမ်းစာအုပ်ကို တည်းဖြတ် စစ်ဆေး ပြင်ဆင် ပေးတော်မူကြသော အောက်ပါ ကျေးဇူးရှင် ကြီးများအား ကျမ်းပြုသူနှင့် တကွ ဘတ်ရှ ကြဒသော သူတော်ကောင်းအပေါင်းတို့က အထူးကျေးဇူး တင်လျက် ရှိပါကြောင်း။

၁။ မုံရွာမြို့၊ မိုးညှင်း တောရ၊ အဂ္ဂ မဟာ ပဏ္ဍိတ မိုးညှင်း ဆရာတော်။

၂။ ပခုက္ကူမြို့၊ မဟာ ဝိသုတာ ရာမ တိုက် — (ခေတ္တ) ရဟန်ကုန်မြို့၊ ဘုရားကြီးတိုက်၊ အဂ္ဂ မဟာ ပဏ္ဍိတ ဆရာတော် ဦးနန္ဒဝံသ။

၃။ (ယခင်)ညောင်တုန်းမြို့၊ မဟာဝိသုဒ္ဓာရာမ တိုက် ဆရာတော်၊ (ယခု) ရဟန်ကုန်မြို့၊ စတော့ ကိတ်လမ်း၊ ဒေဝသာဂရ သိမ်ကုန်း၊ ဓမ္မိကာရုံ ပါဠိ ဂန္ထသိုလ် ကျောင်းအုပ် ဆရာတော် ဦးရေဝတဓမ္မ။

၄။ ရဟန်ကုန်မြို့၊ သာသနဇ္ဈဇိပ်သာ၊ အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော် ဦးသောဘန။

၅။ အင်းစိန်မြို့၊ မဂ္ဂင်ကျောင်း၊ ကမ္မဋ္ဌာန်း နည်းဖြ ဆရာတော် ဦးဝဇိရ။

၆။ ရဟန်ကုန်မြို့၊နိုင်ငံတော် ဂုဏဝိသေသနာအမှဲ၊ဝိဇ္ဇာကတ် တော် မြန်မာပြန်ဌာန၊ အယ်ဒီတာချုပ် အဂ္ဂမဟာပဏ္ဍိတ မဟာဝိဇ္ဇာ ဆရာကြီး ဆရာလင်း။

၇။ ရန်ကုန်မြို့၊ နိုင်ငံတော်ဗဟုသုတသာသနာအဖွဲ့၊ ဝိဇ္ဇကတ်တော် မြန်မာပြန် ဌာန၊ ဒုတိယ အယ်ဒီတာချုပ် ဟိုဒ္ဒိ ဆရာကြီး ဆရာဉာဏ်။

မာတိကာ

နံပါတ်စဉ် အကြောင်းအရာ မျက်နှာနံပါတ်

အခန်းကြီး ၁

မင်္ဂလာကို စစ်တမ်းတင်သင့်ကြောင်း

၁။ အရိယာ ဖြစ်နိုင်ကြောင်း။ ၁
၂။ ပရိယတ္တိ သာသနာထွန်းလင်းလာပုံ။ ၃
၃။ အကျင့် ပဋိပတ္တိ သာသနာ တိုးတက်လာပုံ။ ၅
၄။ အကျိုး မဂ်,ဖိုလ်အစစ်အမှန်ဖြစ်ကြပါစေ။ ၆
၅။ အတုအပ များသော ခေတ်ဖြစ်၍ သတိ
ထားသင့်ကြောင်း။ ၇
၆။ ယခုအခါ ကိုယ်တွေ့ လက်တွေ့ ဆိုတိုင်း
မှန်ပါ့မလား။ ၉
၇။ မြတ်စွာဘုရားက စစ်ဆေးခိုင်းပုံ- မဟာ
ပဒေသတရား လေးပါး။ ၁၂
၈။ စစ်တမ်း တင်တတ်မှ အကျိုး ကျေးဇူး
များကြောင်း-အမွှန်သုတ်။ ၁၅
၉။ ဗဟုသုတမရှိလျှင် အကျိုး ပျက်စီးတတ်
ကြောင်း-မဟာဂေါပါလသုတ်။ ၁၇
၁၀။ အမှားတွေ့လျှင်ပြင်ရန်ဝန်မလေးကြပါနှင့် ၁၉
၁၁။ ကျမ်းပြုသူ၏ စေတနာ။ ၂၀
၁၂။ မဂ်, ဖိုလ်, နိဗ္ဗာန် ရနိုင်- မရနိုင်။ ရရန်
လွယ်-မလွယ်။ ၂၁

အခန်း ၂

အရိယာ ဖြစ်နိုင်ကြောင်း

၁၃။ နိဗ္ဗာန်ဖြတ်လမ်း။ ၂၂
၁၄။ ဆုလည်းပန်၊ကျင့်လည်းကျင့်ကြပါ။ ၂၃
၁၅။ အရိယာဖြစ်ကြောင်း အက်ါလေးပါး။ ၂၅
၁၆။ ၎င်း။ ပဋိလောမနည်း။ ၂၈
၁၇။ ၎င်း။ အစိတ် အက်ါလေးပါး။ ၃၁
၁၈။ ပဓာနတရား လေးပါး။ ၃၃
၁၉။ ကျွတ်လွတ်ကြောင်းဓာတ် ၆-ပါး။ ၃၆
၂၀။ ပဋိသန္ဓေတည် ပုဂ္ဂိုလ်လေးမျိုး။ ၃၇
၂၁။ ပါရဒိ အနုအရင့် ပုဂ္ဂိုလ်လေးမျိုး ၃၈
၂၂။ ပညာ အနုအရင့် ပုဂ္ဂိုလ် လေးမျိုး။ ၄၁
၂၃။ လွန်စွာအလိုရှိအပ်သောတရား ၆-ပါး။ ၃၄
၂၄။ သဒ္ဓါလေးမျိုး။ ၄၄
၂၅။ ဟိရိသြတ္တပ-အရိယာဖြစ်ရန်အကြောင်း။ ၄၆
၂၆။ မရသေးသော မင်္ဂလာရကြောင်း။ ၄၇
၂၇။ အသက်အရွယ်အားဖြင့် သိရှိရန်။ ၄၀
၂၀။ အဓိမောက္ခသဒ္ဓါ။ ၅၀
၂၉။ ရင့်ကျက်သော ပါရဒိရှိရပါမည်။ ၅၂
၃၀။ သမ္မတ္တိစက် လေးပါး။ ၅၅
၃၁။ သံဝေဂ လေးပါး။ ၅၆
၃၂။ သံဝေဂ ရှစ်ပါး။ ၅၀
၃၃။ နာဏ တရား ဆယ်ပါး။ ၅၉

၃၄။ အဘိဏှသုတ်။ ၆၁
၃၅။ သူတော်ကောင်းဥစ္စာ ၇-ပါး၊ ဗလငါးပါး ၆၂
၃၆။ အရိယာဖြစ်ကြောင်း အင်္ဂါ ၆-ပါး။ ၆၄
၃၇။ သံသရာမှလွတ်မြောက်ကြောင်း ၄-ပါး။ ၆၅
၃၈။ နိဗ္ဗာန တရား ၇-ပါး။
၃၉။ စတုရောရကွဲ ဘာဝနာလေးပါး။ ၆၆
၄၀။ တည်ရာ ၅-ပါး နှင့် ပွါးရာ ၄-ပါး။ ၆၇
၄၁။ မင်္ဂလ ရတနကြောင်း အင်္ဂါ ၃-ပါး။ ၆၉
၄၂။ သညာ ၆—ပါး။ ၇၀
၄၃။ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ဖြစ်ကြောင်း။ ၇၁

အခန်း ၃

အရိယာ မဖြစ်နိုင်ကြောင်း

၄၄။ ဝိပဿီစက် လေးပါး
၄၅။ ဝိပဿီတရား လေးပါး။ ၇၂
၄၆။ ရပ်ပြစ်ခုစ်ပါး။ ၇၃
၄၇။ အရိယာ မဖြစ်နိုင်သော အင်္ဂါ ၅-ပါး။ ၇၅
၄၈။ မင်္ဂ,ဗိုလ် မရနိုင်သောအန္တရာယ် ၅-ပါး။ ၇၆
၄၉။ ဝိပဿနုပက္ကိလေသ ၁၀-ပါး။ ၈၀
၅၀။ (က) မင်္ဂ,ဗိုလ်မရနိုင်သောပုဂ္ဂိုလ် ၆-ဦး။ ၈၄
(ခ) ၎င်း။ ၁၆-ဦး။ ၈၅
၅၁။ သောဂီပုဂ္ဂိုလ်နှင့် ပါဒိဆွတရား။ ၈၆
၅၂။ တားဆီးတတ်သော မာရ်နတ်တပ်မျှား။ ၈၆
၅၃။ လှည့်ပတ်တတ်သောဘရား ၂၀-ပါး။ ၈၈

၁၄။ အားထုတ်ခွင့်မရသော အကြောင်းများ။ ၉၄
၁၅။ ဝိပဿနာမှ လွတ်သော ဈာန် ၅-မျိုး။ ၉၅
၁၆။ အားမထုတ်နိုင်ခြင်း အကြောင်း ၆-ပါး။
၁၇။ မဂ်,ဖိုလ် မရနိုင်ခြင်း အကြောင်း ၂-ပါး ၉၇
၁၈။ ဟောပြောမှုလိုလျှင်လည်း မဂ်,ဖိုလ်ကိုမရ ၉၈

အခန်း ၄

သမ္ပုရိသ ကလျာဏ မိတ္တ

၁၉။ သတ္တဝါအပေါင်းတို့အား အကျိုးဖြစ်စေ
သော ပုဂ္ဂိုလ် ၃-ဦး-ဗဟုဇနဟိတသုတ်။ ၁၀၀
၂၀။ ကမ္မဋ္ဌာန်း ပေးနိုင်သော ဆရာ ၆-ဦး။ ၁၀၁
၂၁။ ကလျာဏမိတ္တ-ဝတ္ထုအောင်ရှာပါ။ ၁၀၂
၂၂။ ကလျာဏမိတ္တ-အင်္ဂါ ၇-ပါး။ ၁၀၃
၂၃။ ကလျာဏမိတ္တ-ဂုဏ် ၇-ပါး။ ၁၀၄
၂၄။ ကလျာဏမိတ္တ-ဗလ ၄-ပါး။
၂၅။ ကလျာဏမိတ္တ-ဘေး ၅-ပါးမှလွတ်၏။ ၁၀၇
၂၆။ ကထာဝတ္ထု- ၁၀-ပါး။ ၁၀၈
၂၇။ (က) ကလျာဏမိတ္တ-ရှာပုံ။ ၁၁၀
(ခ) ကလျာဏမိတ္တ-ရှာမှ ရှားပုံ။ ၁၁၁
၂၈။ တပည့်ခံကျင့်အပ်သော ဆရာ့ဂုဏ်များ။ ၁၁၃
၂၉။ အရိယာဝံသတရား ၄-ပါး။ ၁၁၅
၃၀။ ဥပနိဿယထောက်ကို ဆုံးမပုံ။ ၁၁၈

အခန်း ၅
အရိယာဖြစ်လိုသူများအတွက်

၇၁။ ဝမ္မာနဲ့ ဝမ္မပဋိပတ်။ ၁၂၀
၇၂။ (က) ပဓာနိယင်္ဂတရား ၅-ပါး။ ၁၂၁
(ခ) အပရိဟာနိယတရား ၇-ပါး။ ၁၂၃
၇၃။ (က) ဗလိဗောဓကြီး ၁၀ ပါး မရှိရ။ ၁၂၅
(ခ) ဗလိဗောဓငယ် ၅-ပါး။ ၁၂၆
(ဂ) အာသပ္ပါယနှင့် သပ္ပါယ။ ၁၂၆
၇၄။ သမထ စရိတဇ္ဈ တရား ၁၆-ပါး။ ၁၂၈
၇၅။ အပ္ပနာကောသလ္လ ၁၀-ပါး။ ၁၂၉
၇၆။ မင်္ဂလာတရားတော်လာ နည်းများ။ ၁၃၁
၇၇။ မဟာနာဝင်ကိုဆုံးပုံ။ ၁၃၆

အခန်း ၆
အရိယာ စစ်တမ်း

၇၈။ မင်္ဂကို ဗိုလ်ဖြင့် စစ်တမ်း။ ၁၃၉
၇၉။ အရိယာတို့ မင်္ဂ,ဗိုလ်,နိဗ္ဗာန်ကို ဆင်ခြင်ပုံ။ ၁၄၀
၈၀။ အရိယာမှန်ပြီဘရားတော် စစ်တမ်း ၁၄၂
၈၁။ တရားဂုဏ်တော် ၆—ပါး-စစ်တမ်း။ ၁၄၆
၈၂။ မဟာပစ္စဝေက္ခဏာ ၇-ပါး-စစ်တမ်း ၁၅၀
၈၃။ စိတ်ပေါ့ပါးခြင်း ၃-ပါး-စစ်တမ်း။ ၁၅၄
၈၄။ အရိယာ-လက္ခဏာ ၂-ပါး-စစ်တမ်း။ ၁၅၆
၈၅။ သောတာပန်ပယ်ပြီး(က)ကိလေသာ ၂-ပါး ၁၅၉
(ခ)မဿရိယ ၅-ပါး။ ၁၆၀

၈၆။ အရိယာတို့ အသိပိုင်ပုံ—
၁။ ဓမ္မစက္ကာ တရားတော်လာ။ ၁၆၂
၂။ ဘိက္ခုနိသံယုတ် ပါဠိတော်လာ- ၁၆၃
၃။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာလာ- ၁၆၄
၄။ မေတ္တာသုတ် ပါဠိတော်လာ- ၁၆၅
၅။ ဓမ္မပဒ ပါဠိတော်လာ- ၁၆၆
၆။ သမ္မောဒ အဋ္ဌကထာလာ- ၁၆၇
၈၇။ သောတာပန်အရိယာတို့၏ဂုဏ်များ။ ၁၆၉
၈၈။ သိလဖြင့် စစ်ဘမ်း။ ၁၇၁
၈၉။ အသိဉ္ဉာဏ်ဖြင့် စစ်တမ်း။ ၁၇၂
၉၀။ အရိယာသာသျှင် နိဗ္ဗာန်ကိုမြင်အပ်၏။ ၁၇၃
၉၁။ အရိယာတို့မြင်သော နိဗ္ဗာန်ဖြင့် စစ်တမ်း။ ၁၇၄
၉၂။ မဂ်,ဖိုလ် စစ်ဘမ်း မေးခွန်း ၆-ပါး။ ၁၇၉
၉၃။ ဓမ္မစက္ကာသုတ်တော်လာ စစ်တမ်း။ ၁၈၁
၉၄။ ရဟန္တာမြတ်များ သိကြပုံ။ ၁၈၆
၉၅။ အရိယာရဟန်းများ-လျှောက်ထားကြပုံ။ ၁၈၈
၉၆။ အရိယာဖြစ်ကြောင်း သိကြပုံ။ ၁၈၉
(၁) သောတာပန်သိကြာမင်းသိပုံ။ ၁၉၀
(၂) စိတ္တသုကြွယ်သိပုံ။ ၁၉၁
(၃) မဟာနာမ်ဝဏ္ဏ-ရှင်းချက်။ ၁၉၃
၉၇။ သောတာပန် အရိယာ အပါယ်မကျ။ ၁၉၄
၉၈။ သောတာပန်အသိပိုင်ပုံ-သုရမ္ဘဋ္ဌဝဏ္ဏ။ ၁၉၅
၉၉။ သောတာပန် အင်္ဂါလေးပါး။ ၁၉၆

၁၀၁။ သောတာပန်သဒ္ဓါတရားခိုင်မြဲပုံ။
သုပ္ပဗုဒ္ဓသူတောင်းစား ဝတ္ထု။ ၁၉၀
၁၀၁။ အရိယာ မုသားမပြော၊အပြစ်ကိုဝန်ခံဖျက်-
(၁) ချဉ်ဖျော်ကျ ကျွန်မ ဝတ္ထု-
(၂) သာကီဝင် အရိယာ မျှားဝတ္ထု။ ၁၉၉
၁၀၂။ အရိယာတို့၏ အဓိကမသဒ္ဓါ-
(၁) ဓနဉ္ဇာနိပုဏ္ဏားမ ဝတ္ထု။ ၂၀၀
(၂) ဆင်းရဲသား လင်မယား ဝတ္ထု-
(၃) အနာထပိဏ် ဝတ္ထု။ ၂၀၂
(၄) မဋ္ဌကုဏ္ဍလီ၏ အဘသူဌေးဝတ္ထု။ ၂၀၃
၁၀၃။ အရိယာစစ် လောဘ ခေါင်းပါး၏-
(၁) မောင်ကာလ ဝတ္ထု။ ၂၀၃
(၂) ဂဋ္ဌိဘော်ဒက စောရဝတ္ထု။ ၂၀၄
၁၀၄။ အရိယာ ပဒိအတွက်သူတော်ပါး၏ အသက်
ပထေစ ပဒိသာလျှင် အသက်အဆေသံ၏။ ၂၀၅
၁၀၅။ အရိယာ ဆေရည် မသောက်။ ၂၀၆
၁၀၆။ သောတာပန် အဂတိမဂ်ိုက်စား။ ၂၀၇
၁၀၇။ ပုထုဇဉ်နှင့် အရိယာခြားနားပုံ။ ၂၁၀
၁၀၀။ အရိယာတို့၏ သဘာဝသတ္တိ။ ၂၁၀
၁၀၉။ ရဟန္တာဟု ပန်ဆိုင်ခြင်း။ ၂၁၂
၁၁၀။ ရဟန္တာ မကြောက်တတ်-
ဝိဏ္ဍုပါဝင်ခရာင်းဆောင် ရဟန်းဝတ္ထု-
၁၁၁။ ရဟန္တာ မတုန်လှုပ်-
ဗဒ္ဓုခဘိသမင်းက စစ်ပုံ။ ၂၁၃

၁၁၂။ ရဟန္တာ သွားဧရေမကျွ-
သိဟိုဠ်ကျွန်း ဝသဘမင်းက စစ်ပုံ-
၁၁၃။ ရဟန္တာရုပ်အဆင်းကြဲညှိလင်ဖျိ-
၁။ မဟာမိတ္တဌေထရ် ဝတ္ထု။ ၂၀၄
၂။ အသဇိဌေထရ် ဝတ္ထု။ ၂၀၅
၁၁၄။ အရိယာဖြစ်ကြောင်းပြောသင့်-မပြောသင့်
၁၁၅။ လူဝတ်နှင့် ရဟန္တာဖြစ်လျှင်.... ၂၁၉
၁၁၆။ ရဟန္တာ အိပ်မက်-မမက်။ ၂၂၁
၁၁၇။ ရဟန္တာသေလျှင် အပုပ်နံ့မထွက်။ ၂၂၂
၁၁၈။ ရဟန္တာတို့၏နေခြင်း ၁၀—ပါး။ ၂၂၃
၁၁၉။ အနာဂါမိ စစ်တမ်း-
၁၂၀။ ရဟန္တာစစ်တမ်း၊ ၂၂၆
၁၂၁။ ဝိနည်းပိဋကတ်တော်လာစစ်တမ်း။ ၂၂၇
၁၂၂။ အရိယာတို့၏ သန္ဓိကရဏကိစ္စ။ ၂၂၉
၁၂၃။ အရိယာတို့၏ ပဟာနကိစ္စ။ ၂၃၀
၁၂၄။ လောကုတ္တရာ သမာပတ် ၂-ပါး။ ၂၄၁
၁၂၅။ သမာပတ် အတုအပျား။ ၂၄၂
၁၂၆။ စိတ်ညှိပညာ သတိထားကြပါ။ ၂၄၄
၁၂၇။ ဈာန်-ရတိုင်းလည်း အရိယာ မဟုတ်- ၂၄၅
၁။ မဟာနာဂဌေထရ် ဝတ္ထု။ ၂၄၆
၂။ ဂုတ္တသုမနဌေထရ် ဝတ္ထု-
၃။ မဟာဒတ္တဌေထရ် ဝတ္ထု။ ၂၄၈

အခန်း ၇

နှုဒ္ဒသောတာပန်စစ်တမ်း

၁၂၀။ နှုဒ္ဒသောတာပန်။ ၂၄၉

၁၂၉။ ကလျာဏပုထုဇ္ဇန်။ ၂၅၀

၁၃၀။ နှုဒ္ဒသောတာပန်ဖြစ်လျှင် အကျိုးများပုံ ၂၅၂

၁၃၁။ နှုဒ္ဒသောတာပန် ဝိသုဒ္ဓိ ၄-ပါးရပုံ။ ၂၅၄

၁၃၂။ တိုက်တွန်းချက်။ ၂၅၇

၁၃၃။ သတိပေးချက်။ ၂၅၈

၁၃၄။ မနုလည်ဆရာတော်ဘုရားကြီး၏စစ်တမ်း။ ၂၆၀

၁၃၅။ တောင်လေးလုံးဆရာတော်ဘုရားကြီး၏- ၂၆၁

၁၃၆။ မိုးညှင်းဆရာတော်ဘုရားကြီး၏.... ၂၆၂

၁၃၇။ လယ်တီဆရာတော်ဘုရားကြီး၏.... ၂၆၄

၁၃၈။ မြို့ဝိုကျောင်းဆရာတော်ဘုရားကြီး၏.... ၂၆၅

၁၃၉။ ဒီပရင်းဆရာတော်ဘုရားကြီး၏.... ၂၆၅

၁၄၀။ ဟောစည်ဆရာတော်ဘုရားကြီး၏.... ၂၆၆

အခန်း ၈

နိဂုံး တိုက်တွန်းချက်

၁၄၁။ မင်္ဂ, ဓိုလ်ရသူနည်းပါးလာပုံ။ ၂၆၇

၁၄၂။ အပြောမဟုပ်အလုပ်ပြကပါ။ ၂၆၉

၁၄၃။ လက်တွေ့လုပ်မှအဖြတ်ထွက်မည်—

၁၄၄။ လမ်းဆုံးလျှင် ရွာတွေ့ရမည်။ ၂၇၀

၁၄၅။ ဆုတောင်း၊ ၂၇၂

အရိယာစစ်တမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

အခန်း ၁

မဂ်,ဖိုလ်ကို စစ်တမ်းတင်သင့်ကြောင်း

၁။ ယခုအခါ၌ အရိယာ ဖြစ်နိုင်ကြောင်း

သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ်တော်တွင် မြတ်စွာဘုရားက သုဘဒ္ဒပရိဗိုဇ်အား မိန့်ကြားတော်မူသည်မှာ- "အို-သုဘဒ္ဒ သုတ်,အဘိဓမ္မာ, ဝိနည်း ဟူဆိုအပ်သော ၅၌ ငါဘုရား၏ သာသနာတော်၌သာ ကိုလေသာမှိုကင်း၍ စင်ကြယ် မွန်မြတ်သောအင်္ဂါ ၈စပါး ရှိသော မဂ်တရားကို ရအပ်၏။ အို,သုဘဒ္ဒ-ငါဘုရား၏ သာသနာတော်၌ သာလျှင် သောတာပန်ရဟန်းကို ရအပ်၏။ ၅၌ ငါဘုရား၏ သာသနာတော်၌သာလျှင် နှစ်ယောက်မြောက်သော သကဒါဂါမိ ရဟန်းကိုလည်း ရအပ်၏။ ၅၌ ငါဘုရား၏ သာသနာတော်၌ သာလျှင် သုံးယောက်

ဖြောက်သော အနာဂါမ် ရဟန်းကို ရအပ်၏။ ဤ ငါ ဘုရား၏ သာသနာတော်၌သာလျှင် လေးယောက်ဖြောက်သော ရဟန္တာ ရဟန်းကိုလည်း ရအပ်၏။ ငါ ဘုရား၏ သာသနာတော်မှတစ်ခြား တပါးကုန်သော တိတ္ထိကို၏ အယူဝါဒတို့သည် တရားကို သိမြင်ကုန်သော ရဟန်းကောင်း, ရဟန်းမြတ်တို့မှ ဆိတ်ကုန်၏။ အို, သုဘဒ္ဒ-၌ သာသနာတော်၌သာလျှင် ရဟန်းတို့သည် ကောင်းစွာ ကျင့်ကြံ အားထုတ်၍ နေကြပါကုန်မူကား လောကကြီးသည် ရဟန္တာ ပုဂ္ဂိုလ်မြတ်တို့မှ မဆိတ်မသုဉ်းသည်သာ ဖြစ်ရာ၏။"

ဂုဏ်မဟာပရိနိဗ္ဗာနသုတ်တော် နောက်ပိုင်းတွင်လည်း မြတ်စွာဘုရားက အဂ္ဂဉ်အာနန္ဒာအား မိန့်ကြားသည်မှာ- "အို, အာနန္ဒာ-ငါဘုရားသည် သင်တို့အား အကြင် သုတ်, အဘိဓမ္မာကိုလည်း ဟောကြားတော်မူအပ်၏။ အကြင် ဝိနည်းကိုလည်း ပညတ်တော်မူအပ်၏။ ထို သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်များသည် ငါဘုရား ကွယ်လွန်သွားသောအခါ၌ သင်တို့၏ ဆရာ မြတ်စွာဘုရားဖြစ်၏။"

အထက်ပါ မြတ်စွာဘုရား၌၏ နှုတ်ကပတ်တော်ထွက် လို့ရင်းအချက်မှာ မြတ်စွာဘုရား၌ ဟောကြားတော်မူခဲ့သော သုတ်, အဘိဓမ္မာ, ဝိနည်း တရားတော်အတိုင်း ကောင်းစွာ ကျင့်ကြံအားထုတ်မှသာလျှင် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ မြတ်များ ဖြစ်နိုင် ကြကြောင်းနှင့် အခြားသော တိတ္ထိနည်းတို့ဖြင့် မဖြစ်နိုင် ကြောင်း။ မြတ်စွာဘုရား မရှိသော အခါတွင်လည်း

ထိုသုတ်, အာဘိဓမ္မာ, ဝိနည်း တရားတော်များသည်သာလျှင် ဆရာဘုရားဖြစ်ကြောင်းများဖြစ်ပါသည်။သို့ဖြစ်ပါ၍ ယခု အခါ ထိုသုတ်, အာဘိဓမ္မာ, ဝိနည်း တရားတော်များသည် မပျောက် မပျက် အတိအကျ အမှန်အကန်ရှိနေပါသဖြင့် ကျွန်တော်များ ဗုဒ္ဓဘာသာဝင် အားလုံးတို့ အရိယာဖြစ်နိုင်သော အခွင့်အရေးမှာ မြတ်စွာဘုရားရှင်က မဂ်ခရီး လမ်းမှန် ကျင့်တတ်ရန်ကို မထိမ်မချန် ကျကျနန ဟော တော်မူပြီး ဖြစ်ပါသောကြောင့် အားတက်ကြပါ။ ကျင့်ကြံ ပွားများ အားထုတ်ကြပါ။ အဟုတ်တကယ် အားထုတ် ပါလျှင်မိမိတို့၏ပါရမီ အနုအရင့် အဆင့်ဆင့်သို့ လိုက်၍ပင်း ကိလေသာမြူ အထူအပါး အဆင့်ဆင့်သို့ လိုက်၍ပင်း ကျင့်ကြံအားထုတ်ရသောကာလ အရှည် အတိုအား ဖြင့် ရမည့် အမှန်မူ ဖြစ်ပါသည်။ ယုံယုံ ကြည်ကြည် အားထုတ်ကြပါကုန်။

၂။ ယခုအခါ၏ ပရိယတ္တိသာသနာ တွန်းလင်းလာပုံ

ပြည်ထောင်ရှ မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရပြီး သည့်နောက် လေးနှစ်အတွင်းမှာ ဝန်ကြီးချုပ် ဦးနုကြီး မှူးသော ပြည်ပုံအစိုးရက ဦးဆောင်၍ ရဟန်းသံဃာ တော်အရှင်မြတ်များနှင့် ဗုဒ္ဓဘာသာဝင် ပြည်သူလူထုကြီး ကပါ ဒိဋ္ဌိတို့၏ စောနာ သင်္ခါ တရား ထက်သန်စွာ ရတ နာသုံးပါးတို့ကို ဖော်ကထက် အဆပေါင်း များစွာ ပိုမို လေးစား ကိုးကွယ် ဆည်းကပ်လာကြသည့် အားလျော် စွာ ဗုဒ္ဓ မြတ်စွာဘုရားရှင်၏ သာသနာတော် မြတ်သည် လည်း မြန်မာနိုင်ငံတော်တွင် မကြုံစဖူးအောင် တိုးတက်

ထွန်းလင်း တောက်ပလာသည်ကို တွေ့ရပါသဖြင့် ဗုဒ္ဓ ဘာသာဝင်တိုင်း ဝမ်းမြောက်ဝမ်းသာ သာဓု အနုမော ဒနာပြု၍ အားမရနိုင်ပါကြောင်း။

ဝန်ကြီးချုပ် ဦးနုကြီးမှူးသော ပြည်ပိုင် အစိုးရက သာသနာသက္ကရာဇ် ၂၅၀၀ ရောက်ခါနီးတွင် ဆဋ္ဌသင်္ဂါယနာတင် ပွဲကြီးကို ငွေသိန်း ၂၀၀-ကျော် အကုန်ခံကာ ၂-နှစ်တိုင်တိုင် ဆင်ယင်ကျင်းပမည့် အချိန်တွင် ဗုဒ္ဓ ဖြတ်စွာဘုရားရှင်၏ ပရိယတ္တိသာသနာ သုတ်, အဘိဓမ္မာ, ဝိနည်း ပိဋကတ်တော်များကို ရဟန်းတော် အရှင်မြတ်တို့က သိဟိုဠ်မှ, ယိုးဒယားမှတို့နှင့်ညှိနှိုင်း သုဓ်သင်၍ အဂ္ဂမဟာပဏ္ဍိတ, မဟာဝိဇ္ဇာ ဆရာလင်း ကြီးမှူးသော ဝိဒူကတော် မြန်မာပြန် ဌာနမှလည်း မြန်မာဘာသာဖြင့် ပြန်ဆို ပြီးလျှင် အခြားသောကုလား,အင်္ဂလိပ်, စသော ဘာသာ ခြားများဖြင့်လည်း ပြန်ဆိုကာ ကမ္ဘာ အနှံ့ သာသနာပြန့်အောင် ဆောင်ရွက်ပြုလုပ်ခြင်းဖြင့် ဘုရားရှင်၏ သုတ်, အဘိဓမ္မာ, ဝိနည်း ပရိယတ္တိသာသနာတော် ကြီးသည် ထွန်းလင်းတောက်ပလာကာ ပဥ္စမသင်္ဂါယနာ တင်ပြီးသည့်နောက် နှိမ့်ဆင်းလျှောကျလာခဲ့ရာ ယခုအခါ တွင် အထွတ်အထိပ် အဖြင့်ဆုံး အဆင့်အတန်းသို့ရောက်ရ တော့မည်ဖြစ်လေသည်။ ထို ဆဋ္ဌ သင်္ဂါယနာတင်ပွဲကြီး သည့်ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ထယ်ထယ် ဝါဝါ အောင်မြင်စေကြောင်းကိုလည်း လူ, နတ်, ဗြဟ္မာ သူတော်စင် အပေါင်းတို့ ကူညီ ဆောင်ရွက်မေတ္တာပို့သ ကြမည်ကား မလွဲပင် ဖြစ်ပေသည်။

၃။ ယခုအခါ၏ အကျင့်ပဋိပတ္တိသာသနာ ဘိုးတက်လာပုံ

၅။သို့ သုတ်, အဘိဓမ္မာ, ဝိနည်း ပရိယတ္တိ သာသနာတော် ထွန်းလင်းလာသည်အားလျော်စွာ မဂ်, ဖိုလ် ရကြောင်း အလုပ် ပဋိပတ္တိသာသနာတော်ကြီးသည်လည်း ရေမြင့်လျှင် ကြာမြင့်သည့်အလား ပွင့်လင်းတိုးတက်လာပါသဖြင့် (၁) သထုံမြို့ ကျွးဇူးရှင် မှုလမင်းကွန်း ဓမ္မဝန်ဆရာတော်ဘုရားကြီးနှင့် ရန်ကုန်မြို့ မင်းကွန်းဆရာတော်စသော မင်းကွန်းဂိုဏ်းခွဲ ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ။(၂) ရန်ကုန်မြို့ကျွးဇူးရှင် မိုးညှင်း ဆရာတော်ဘုရားကြီးနှင့် အခြားမြို့များတွင်ရှိသော မိုးညှင်း ဂိုဏ်းခွဲ ကမ္မဋ္ဌာန်း နည်းပြ ဆရာတော်များ။ (၃) ရန်ကုန်မြို့ သာသနာ့ ရိပ်သာ ကျွးဇူးရှင် မဟာစည် ဆရာတော်ဘုရားနှင့် အခြားမြို့များတွင်ရှိသော သာသနာ့ ရိပ်သာဂိုဏ်းခွဲ ကမ္မဋ္ဌာန်း နည်းပြ ဆရာတော်များ။ (၄) ရန်ကုန်မြို့ ပျော်ဘွယ်ကြီးရွာ ဆရာသက်ကြီးနှင့် အခြားမြို့များတွင်ရှိသော ဆရာသက်ကြီး ဂိုဏ်းခွဲ ကမ္မဋ္ဌာန်း နည်းပြ လူဆရာ-ရဟန်းဆရာတော်များ။(၅)မော်လမြိုင် ချောင်းဆုံအရှင်ဉာဏစာဂီနှင့် အခြားမြို့များတွင်ရှိသော ဉာဏစာဂီဂိုဏ်းခွဲ ကမ္မဋ္ဌာန်း နည်းပြဆရာတော်များ။ (၆)မုံရွာမြို့ လယ်တီ ကမ္မဋ္ဌာန်း နည်းပြ ဆရာတော်ဘုရား။(၇)မြင်းခြံမြို့ စွန်းလွန်း ဆရာတော် ဘုရားနှင့် အခြားမြို့များတွင်ရှိသော စွန်းလွန်း ဂိုဏ်းခွဲ ကမ္မဋ္ဌာန်း နည်းပြ ဆရာတော်

များစသော ဂဟန်း ဆရာ-လူဆရာ များစွာတို့က မြန်မာ ပြည် တဝှမ်းလုံးတွင် ကမ္မဋ္ဌာန်း အလုပ်များကို နည်းပေး လမ်းပြ ပြုလုပ်နေကြကာ ဂဟန်းရောလူပါ ထောင်ပေါင်း များစွာတို့သည် ကမ္မဋ္ဌာန်း အလုပ်ကို စိတ်ရော ကိုယ်ပါ လိုလိုချင်ချင် အဟုတ်တကယ် ကျင့်ကြံကြိုးစားအားထုတ် နေကြပါသဖြင့် အဓိယာ ဖြစ်ကြောင်း အကျင့် ပဋိပတ္တိ သာသနာတော်ကြီးသည်လည်း မြန်မာပြည် တဝှမ်းလုံး တွင် ဝေဝေ ဆာဆာ တိုးတက် ပြန့်ပွါး နေကြောင်း ထင်ရှားလှပါ၏။

၄။ ပဋိဝေဓသာသနာ အကျိုး မဂ်,ဖိုလ်,နိဗ္ဗာန် အစစ် အမှန် ဖြစ်ကြပါ၏ခေ

လောကတွင် အကြောင်းခံတရားဂိုလျှင်အကျိုးတရား ဖြစ်ပေါ်လာရမည်ကား ဓမ္မတာတရားသဘော မလွဲနိုင်ပါ သောကြောင့်၊ အဓိယာ ဖြစ်ကြောင်း အကျင့် ပဋိပတ္တိ သာသနာ တော်ကြီး တိုးတက် ပြန့်ပွါး လာသည် ဒီးလျော်စွာ အကျိုး မဂ်,ဖိုလ်,နိဗ္ဗာန် ပဋိဝေဓ သာသနာ တော်ကြီး ပွင့်လင်း ပေါ်ထွက် လာမည်ကား အမှန်ပင် ဖြစ်ပါသည်။ သီဟိုဠ်ကျွန်းတွင် ပဋိဝေဓ သာသနာတော် ထွန်းကားခဲ့ဘူးသည်ကို သတိရကာ အားတက်မိပါတော့ ၏။ သို့သော် ယခုအခါ၌ ပေါ်ထွက်နေကြသော အဓိယာ အမျိုးမျိုး ကိုသည် မိမိတို့ ကိုယ်ကို မိမိတို့က အဓိယာ ဖြစ်ပြီဟု ထင်နေသော်ငင်း၊ မိမိတို့၏ ကမ္မဋ္ဌာန်း နည်းဖြစ် ဆရာ လုပ်သူများက အကြောင်းဘုံတရောကြောင့် တပည့်

များကို ချီးမြှောက်ကာ မင်,ဗိုလ် လက်မှတ် အမျိုးမျိုး ပေးသဖြင့် ထိုလက်မှတ်များ ရှိပြီးသော်ငင်း၊မိမိတို့သည် အရိယာစစ် မစစ်၊ မိမိတို့ရသော မင်, ဗိုလ် သည် စစ် မစစ် တို့ကို ချင့်ချိန် စစ်ဆေး တိုင်းထွာ နိုင်ကြ ပါရန် အလွန်ပင်အရေးကြီးပါသည်။မည်မျှအရေးကြီးပါသနည်း ဟူမူ-မိမိ၏ ဘဝ ကာလကို တန်ဘိုး ထားသင်လောက် အရေး ကြီးပါသည်။ စဉ်းစားကြပါ၊ ကျမ်းဂန်များ အရ ဆရာ ဖြစ်သူက စစ်ဆေး၍ "သင်-သောတာပန် စသည် ဖြစ်ပြီ" ဟူ၍ အဆင့် အတန်း ပေးနေရန် မလိုပါ။ မင်၏ သဘာဝ သဘို့ကိုက အလွန် ထင်ရှား သဖြင့် ဝိစိကိစ္ဆာ ကင်္ခါ ယုံမှားခြင်း မရှိဟု သိအပ်၏။ ထို့ကြောင့် ယခု ကာလ အခါ၌ စာရင်းပေါက် သောတာပန်နှင့် ကျမ်းဂန်ဖြင် သောတာပန် ကွာခြားလှတော့၏။

၅။ အတုအပများသော ခေတ်ကြီးပါဘကား သတိထား

ယခုခေတ် ကာလတွင် သံဃာတု, သစ်သား အတု, ကြက်ပေါင်စေး အတု, ဆေးအတု, ဆန်အတု များသာ ပေါ်ထွက်နေသည် မဟုတ်။ မင်တု, ဗိုလ်တု များလည်း ပေါ်ထွက်လာလေပြီ။ လောကဌ မင်,ဗိုလ်တရား အတု အပတို့သည် ဖြစ်ပေါ်လာသည် ဂိုသော် မင်, ဗိုလ်တရား အစစ်တို့သည် ကွယ်ပျောက် လတ္တံ့ဟု-ဖြတ်စွာ ဘုရား က နိဒါန၀ဂ္ဂ သံယုတ် ပါဠိတော်၌ ဟောပြ ထားသည် မှာ-နတာဝ ကာသပသဒ္ဓမ္မသ အန္တရဓာနံ ဟောတိ၊ယာဝ

နသဒ္ဓမ္မ ပတိရူပကံ လောကေ ဥပ္ပဇ္ဇတိ၊ ယတော စ ခေါ
ကဿပ သဒ္ဓမ္မ ပတိရူပကံ လောကေ ဥပ္ပဇ္ဇတိ၊ အသ
သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ၊ စသည် ဖြစ်ပါသည်။
အစိပ္ပါယ်ကား။ ။ချစ်သားကဿပ အကြင်မျှလောက်
ကာလပတ်လုံး သူတော်ကောင်းတို့၏ တရား အတုအပ
သည် လောကဌမဖြစ်ပေါ်သေး၊ထိုမဖြစ်သေးသည့်ကာလ
ပတ်လုံး သူတော် ကောင်းတို့၏ မဂ် တရား ဖိုလ်တရား
၏ ကွယ်ပျောက်ခြင်းသည် မဖြစ်နိုင်သေး။ ချစ်သား
ကဿပ စင်စစ်သော်ကား အကြင်အခါ၌ သူတော်ကောင်း
တို့၏ တရား အတု,အပသည် လောကဌ ဖြစ်ပေါ်၏။ ထို
ဖြစ်ပေါ်သော အခါ၌ သူတော်ကောင်း တရား၏ ကွယ်
ပျောက်ခြင်းသည် ဖြစ်၏။ ချစ်သား ကဿပ ဥပမာ
သော်ကား အကြင် မျှလောက် ကာလပတ်လုံး ရွှေတု,
ငွေတု, ရွှေရေငွတ်, ငွေရေငွတ် သည် လောကဌ မဖြစ်
ပေါ်သေး၊ထိုသို့ မဖြစ်ပေါ်သေးသမျှကာလပတ်လုံး ရွှေစစ်,
ငွေစစ်၏ကွယ်ပျောက်ခြင်းသည်မဖြစ်။ချစ်သား ကဿပ
စင်စစ်သော်ကား အကြင်အခါ၌ ရွှေတု, ငွေတုသည်
လောကဌဖြစ်ပေါ်၍လာ၏။ ထိုဖြစ်ပေါ်၍ လာသောအခါ၌
ရွှေစစ်, ငွေစစ်၏ ကွယ်ပျောက်ခြင်းသည် ဖြစ်၏။

ရွှေစစ်မှ်ပါလျက်နှင့် ရွှေအတုအပ ဖြစ်ပေါ်လာရခြင်း၏
သဘောတရားကို စဉ်းစားဆင်ခြင်ကြည့်ပါလျှင် ရွှေစစ်က
ပေါပေါမရနိုင်၊ ဈေးအလွန် ကြီးသဖြင့် အများ အပြား
သုံးစွဲနိုင်စေရန် ဈေးပေါပေါနှင့် ရောင်းချ နိုင်သော ရွှေ
အတုအပ ပြုလုပ်ရခြင်းဖြစ်ပါသည်။ ထို့အတူ မဂ်,ဖိုလ်

ကိစ္စတွင်လည်း မင်္ဂ,ဗိုလ်တရားအစစ် ရှိပါလျက်နှင့် မင်္ဂ, ဗိုလ်အတုအပများပေါ်ထွက်လာရခြင်းမှာလူအများအပြား တို့၏စိတ်တွင် မင်္ဂ,ဗိုလ် ကိုလည်း လွယ်လွယ် ကူကူ ရက်တိုတိုနှင့် ပေါပေါ ရလိုကြသဖြင့် အချို့ ကမ္မဋ္ဌာန်း နည်းပြဆရာတို့က သြဘာသ အရောင်အလင်း စသော ဝိပဿနာဉာဏ်၏ ညစ်ညူးကြောင်း ဥပက္ကိလေသတို့ကို ပင် မင်္ဂ,ဗိုလ် ဟူ၍ ပြောဆို ကြကုန်၏။ အချို့ ကမ္မဋ္ဌာန်း နည်းပြဆရာတို့က လောက အိပ်မွေ့ပညာဖြင့်ဂုဏ်း၊အချို့ ကမ္မဋ္ဌာန်း နည်းပြဆရာတို့က မှော်ပညာ, အောက်လမ်း ပညာတို့ဖြင့်ဂုဏ်း၊အာရုံအမျိုးမျိုး, နိဗိတ်အမျိုးမျိုး ထင်ဖြင် စေကုန်၍ မင်္ဂ,ဗိုလ်ဟု လွှဲပြစ်ပြောဆိုကြကုန်၏။ ဤသို့ လွှဲပြစ်တာကာ မင်္ဂတု, ဗိုလ်တု များ ပေါ်ထွက်နေသည်မှာ များပြားလှ၏ဟု ကြားရပါသည်၊ သတိပြုကြပါလေ။

အထက်ပေါ် ပြပါဖြတ်စွာ ဘုရား၏ သတိပေး ဆုံးမ ခဲ့သည်အတိုင်း ဤမှ မင်္ဂတု ဗိုလ်တုများ ဖြစ်ပေါ်လာလျှင် မင်္ဂစစ် ဗိုလ်စစ် တရားတော်များ ကွယ်ပျောက် မည်ကို စိုးရိမ်စရာ ဖြစ်နေပါသည်။ သို့ပါ၍ **ထိုမင်္ဂတု ဗိုလ်တု များကို လက်မခံကြပါနှင့်၊ တားဖြစ် ကြပါ၊ ကန့်ကွက် ဖြိုမျက်ကြပါကုန်။**

၆။ ကိုယ်တွေ့ လက်တွေ့ဆိုတိုင်း မှန်ပါ့မလား

အချို့ပုဂ္ဂိုလ်တို့က ပိမိတို့ကျင့်သော အကျင့် ပိမိတို့ သိမြင်ရရှိသော မင်္ဂ, ဗိုလ် တို့ကို သုတ်, အဘိဓမ္မာ,

ဝိနည်းဟူသော ပရိယတ္တိ မှတ်ကျောက်ပေါ်တွင် တိုက်စစ်ကြည့်၍ မကိုက်ညီကြသော်လည်း မိမိတို့၏အားကျင့်နှင့် မိမိတို့ ရသော မဂ်, ဖိုလ်သည် ကိုယ်တိုင် လုပ်သဖြင့် ကိုယ်တွေ့လက်တွေ့ပါ စာတွေ့မဟုတ်ပါဘူး ဟု ပြောဆို ကာ မိမိတို့၏ ဝါဒကို လက်မလွှတ်နိုင်ဘဲ စွဲစွဲလမ်း လမ်းဖြစ်နေတတ်ကြပါသည်။ ထိုကဲ့သို့သော ကိုယ်တွေ့ လက်တွေ့သမားများ ဆင်ခြင်စဉ်းစားရန် ဥပမာမှာ၊ ဝေ ပုလ္လတောင်တွင် အလွန် အာဘိုး ထိုက်တန်သော ပဋ္ဌာန်း ကျောက်မြတ်ရတနာရှိကြောင်းကို လူအများသိကြသော အခါ၊ ဂုဏ်းပဋ္ဌာန်းကျောက်ကိုလိုချင်ကြသော လူများသည် ကိုယ်တိုင်သွားရောက်ကာ ကိုယ်တွေ့ လက်တွေ့ရှာယူကြ လေသည်။ ထို လူများအထဲတွင် ပြည့်တန်သော ပဋ္ဌာန်း ကျောက်၏ အရည် အသွေး အရောင် အရှယ် စသည်ဖြင့် ဗဟုသုတ အသိဉာဏ်မရှိကြသော သူများတွင် အချို့က ကျောက်ပြုပြု ချောချော လှလှ ကို ကိုယ်တွေ့ လက်တွေ့ ရှာယူကြလေရာ၏။ အချို့က ကျောက်မဲမဲ ချောချော လှလှ ကို ကိုယ်တွေ့ လက်တွေ့ ရှာယူ ကြလေရာ၏။ အချို့က ကျောက်ဖြူးတို့ကို ကိုယ်တွေ့ လက်တွေ့ ရှာယူကြလေ ရာ၏။ ထို လူ သုံးဦးတို့သည် မိမိတို့ ကိုယ်တွေ့ လက်တွေ့ ရှာယူ ခဲ့ကြပါသော်လည်း ပြည့်တန်သော ပဋ္ဌာန်းကျောက်စစ် ကျောက်မြတ် ရတနာကို မရကြပါသဖြင့် မိမိတို့ အချိန်ကုန် လူပင်ပန်းခံကာ ရှာဖွေရကျိုးမနပ်ကြ ချေ။ လောကတွင် အကျိုးမခံစားရဘဲ ဆုံးရှုံးနစ်နာကြ ရလေသည်။ ပဋ္ဌာန်း ကျောက်စစ်၏ အရည်, အသွေး,

အရောင်, အရှိယ စသည်ဖြင့် ဗဟုသုတ အသိဉာဏ်ရှိသော သူမှာမူကား ကျောက်ဖြူ,ကျောက်မဲ,ကျောက်ဖြုံး တို့ကို မယူပါဘဲ ပတ္တမြားကျောက်စစ်ကိုသာ မရမနေ တွေ့အောင် တူးဆွကာ ရှာဖွေသဖြင့် ထို ပတ္တမြား ကျောက်စစ်ကို ရရှိကာ လောကတွင် အကျိုးကျေးဇူး အထူးခံစားရလေတော့၏။ ထို့အတူ ပိဋကတ်ကိုယ်တိုင် ကျင့်သဖြင့် ကိုယ်တွေ့ ဖြစ်ကြသော မဂ်,ဖိုလ်တို့သည်လည်း ကိုယ်တွေ့ လက်တွေ့ ဆိုတိုင်းမှန်ချင်မှ မှန်ပါမည်။ ပရိယတ္တိ မှတ်ကျောက်ပေါ်တွင် တိုက်စစ်ကြည့်၍ အစစ်မခံ အမှန်မဟုတ်လျှင် လက်မခံကြပါနှင့်။ အစစ်အမှန်ကို တွေ့အောင်ရှာဖွေ ကျင့်ကြိုးစား အားထုတ်ကြပါ။ ပရိယတ္တိ မှတ်ကျောက်ပေါ်တွင် အတင်ခံနိုင်သော မဂ်ဖိုလ် ဖြစ်ပါမှ မြတ်စွာဘုရားအလိုတော်ကျ မြတ်စွာဘုရား သာသနာဝင် မဂ်,ဖိုလ် အစစ်ဖြစ်ပေမည်။ ပရိယတ္တိမှတ် ကျောက်ပေါ်တွင် အတင်မခံနိုင်က၊ သို့မဟုတ် တင်၍၊ မရပါက၊ ဘုရား အလိုတော် မကျ၊ဘုရားသာသနာတော်၏ အပြင်က မဂ်ဖိုလ် အတုအပတွေသာ ဖြစ်သည်ဟု မှတ်ယူ အပ်သည်။ ပရိယတ္တိ မှတ်ကျောက်ပေါ်တွင် တိုက်စစ် ကြည့်၍ မဂ်စစ် ဖိုလ်စစ် ဟုတ်မှန်ပါလျှင် အထူးဝမ်းမြောက်ဝမ်းသာ သာဓု အနုမောဒနာ ပြုရမည့် ဖြစ်ပါကြောင်း။ ဝိပဿနာ အလုပ်တွင် ဗုဒ္ဓဝစန ဖြစ်သော ပရိယတ္တိကို ပယ်သေသည်မျှားနှင့် မပေါင်းသင်း မဆက်ဆံပါလေနှင့်၊ထိုသူမျှား၏ အနီးအနားကိုပင် မကပ်ပါလေနှင့်၊ သတိပြုကြပါလေ။

၇။ မြတ်စွာဘုရားက စစ်ဆေးခိုင်းခဲ့ပုံ

သုတ်မဟာဒါပါဠိတော် မဟာပရိနိဗ္ဗာနသုတ်လာ မဟာပဒေသတရားလေးပါး

မြတ်စွာဘုရား သည် တောဂါမ်ကြီး သာနန္ဒရစေတီကျောင်းဌာသိတင်း သုံးနေတော်မူစဉ် ရဟန်း တို့ကို ခေါ်တော်မူ၍ "အိုရဟန်းတို့ ဤသာသနာတော်၌ တပါး သောရဟန်းသည် (၁) "ငါ့ရှင်တို့ မြတ်စွာဘုရား၏ အထံတော်မှ ငါသည် ဤစကားကို၊ ကြားနာလိုက်ရ၏, ခံယူလိုက်ရ၏၊ ဤသည်ကား သုတ်, အဘိဓမ္မာ တည်း၊ ဤသည်ကား ဝိနည်းတော်တည်း၊ဤသည်ကား မြတ်စွာဘုရား၏ အဆုံးအမတော်တည်း" ဟူ၍ သော်၎င်း။ (၂) "ဤအမည်ရှိသော ကျောင်းဌာန၌ သံဃာတော်များသည် သိတင်းသုံးနေတော်မူကုန်၏။ ထိုမထေရ်ရဟန်းတို့သည် များသော အကြီးအမှူးနှင့်တကွ သံဃာတော်များသည် သိတင်းသုံးနေ၏ ကိုသံဃာတော်များ၏ အထံတော်မှ ငါသည် ဤစကားကို ကြားနာလိုက်ရ၏ ခံယူလိုက်ရ၏၊ ဤသည်ကား သုတ်, အဘိဓမ္မာ တည်း၊ ဤသည်ကား ဝိနည်းတော်တည်း၊ ဤသည်ကား မြတ်စွာဘုရား၏ အဆုံးအမတော်တည်း" ဟူ၍သော်၎င်း။(၃)"ဤအမည်ရှိသော ကျောင်းဌာန၌ကုန်သော မထေရ်ရဟန်းတော်ကြီးတို့သည် သိတင်းသုံးနေတော်မူကုန်၏။ထိုမထေရ်ရဟန်းတို့သည်များသော အကြားအမြင်ရှိတော်မူကုန်၏၊ပါဠိအာဂုံနှုတ်ထုံလေ့လာတော်မူကုန်၏၊ သုတ်, အဘိဓမ္မာကိုလည်း ဆောင်တော်မူကုန်၏၊ ဝိနည်းကိုဆောင်သော ဝိနည်းရိုရှိုလည်း ဖြစ်ကုန်၏၊မာတိကာကိုလည်း ဆောင်တော်မူကုန်၏

ထို မထေရ်ရဟန်းတော်ကြီးတို့၏ အာဏံတော်မှ ငါသည် ဤစကားကို ကြားနာလိုက်ရ၏၊ထိုမထေရ်ကြီးတို့၏ အထံတော်မှ သင်ယူလိုက်ရ၏၊ ဤကား သုတ်, အဘိဓမ္မာတည်း၊ ဤကား ဝိနည်းတော်တည်း၊ ဤကားမြတ်စွာဘုရား၏ အဆုံးအမတော်တည်း" ဟူ၍သော်၎င်း။ (၄)"ဤအမည် ရှိသော ကျောင်း၌ တပါးသောမထေရ် ရဟန်းတော်ကြီးသည် သိတင်းသုံးနေတော်မူ၏ ထိုမထေရ်ကြီးသည် များသောအကြားအမြင်ရှိးတော်မူ၏၊ ပါဠိအာဂုံနှုတ်ဝဲလေ့လာတော်မူ၏ သုတ်, အဘိဓမ္မာ ကိုလည်းဆောင်တော်မူ၏၊ ဝိနည်းကိုဆောင်သော ဝိနည်းဓိုရ်ကြီးလည်း ဖြစ်တော်မူ၏၊ ထို မထေရ်ကြီး၏ အဆုံတော်မှ ငါသည် ဤစကားကို ကြားနာလိုက်ရ၏,ထိုမထေရ်ကြီး၏ အထံတော်မှ သင်ယူလိုက်ရ၏၊ဤကား သုတ်, အဘိဓမ္မာတည်း၊ဤကား ဝိနည်းတော်တည်း၊ဤကားမြတ်စွာဘုရား၏အဆုံးအမတော်တည်း" ဟူ၍သော်၎င်း ပြောဆိုရာ၏။

"အို ရဟန်းတို့ ထိုရဟန်း၏စကားကို အလျင် မနှစ်သက်အပ်သေး၊ အလျင်လည်းမပစ်ပယ်အပ်သေး။ မနှစ်သက်သေးမူ၍ မပစ်ပယ် သေးမူ၍ ထိုရဟန်း ပြောလာသော ပုဒ် ဗျည်းတို့ကို ကောင်းစွာသင်ယူပြီးလျှင် သုတ် အဘိဓမ္မာ တရားတော်၌ သွတ်သွင်းအပ်ကုန်၏။ ဝိနည်း တရားတော်၌ ညှိနှိုင်း အပ်ကုန်၏။ ထို ပုဒ် ဗျည်း တို့ကို သုတ်,အဘိဓမ္မာ တရားတော်၌ သွတ်သွင်း အပ်ကုန်သည် ရှိသော်, ဝိနည်း တရားတော်၌ ညှိနှိုင်း အပ်ကုန်သည် ရှိသော်, သုတ်,အဘိဓမ္မာ တရားတော်၌ မသက်ဝင် ကုန်

သည် ဖြစ်ကုန်အံ့, ဝိနည်း တရားတော်နှင့် အကယ်၍ မည်ဤ ညွတ်ကုန်သည် ဖြစ်ကုန်အံ့, စင်စစ်လျှင် ဤစကားသည်- "(၁)ဘုန်းတော်ကြီးသော မြတ်စွာ ဘုရား၏ စကား တော် မဟုတ်၊ ဤရဟန်း၏ မကောင်း သဖြင့် သင်ယူ မှတ်သား ပြောဆိုခြင်းမျှသာ ဖြစ်၏ ဟူ၍သော်၎င်း။ (၂) ဘုန်းတော် ကြီးသော မြတ်စွာဘုရား၏ စကားတော် မဟုတ် ထိုသံဃာတော်များ၏ မကောင်းသဖြင့် သင်ယူ မှတ်သား ပြောဆိုခြင်းမျှသာ ဖြစ်၏ ဟူ၍သော်၎င်း။ (၃) ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏စကားတော်မဟုတ် ထိုမထေရ်ရဟန်းတော်ကြီးတို့၏ မကောင်းသဖြင့် သင်ယူ မှတ်သား ပြောဆိုခြင်းမျှသာဖြစ်၏ ဟူ၍သော်၎င်း။ (၄) ဘုန်းတော်ကြီးသောမြတ်စွာဘုရား၏ စကားတော်မဟုတ် ထိုမထေရ်ကြီး၏ မကောင်း သဖြင့် သင်ယူ မှတ်သား ပြောဆိုခြင်းမျှသာဖြစ်၏ ဟူ၍သော်၎င်း" ဆုံးဖြတ်ရာ၏။ အို-ရဟန်းတို့ ထိုသို့သော စကားမျိုးကို ပယ်စွန့်ရာ၏။ လက်မခံရာ။ ။အကယ်၍ ထိုပုဒ်ဗျည်း တို့သည် သုတ် အဘိဓမ္မာ တရားတော်နှင့်သက်ဝင်ကုန်ငြားအံ့၊ ဝိနည်းနှင့်ညီ ညွတ်ကုန်ငြားအံ့၊ စင်စစ်လျှင်ဤစကားသည်ဘုန်းတော်ကြီး သော မြတ်စွာဘုရား၏ စကားတော် တည်းဟု ဆုံးဖြတ် ရာ၏၊ နှစ်သက်ရာ၏၊ လက်ခံရာ၏။

ဤကား မြတ်စွာဘုရား ဟောပြ ဆုံးမအပ်သော မဟာပဒေသတရား လေးပါး တို့ပေတည်း။

သို့ပါ၍အဆက်ပေါ်ပြုပါ မဟာပဒေသ တရားလေးပါး ကို ကြားနာ မှတ်သုကြကာ ယခုခေတ်အခါ ကာလမှာ

ဘယ်ဘုန်းကြီး,ဘယ်ပညာရှိ,ဘယ်ဆရာက ဘုံဘဝပြောပြော သုတ်, အဘိဓမ္မာ,ဝိနည်းတရားတော်နှင့် ညီမညီ ညှိနှိုင်း ကြည့်ပြီးလျှင် မည်လျှင်ပယ်၍ ညီမှ သာလျှင် လက်ခံကြပါလေ။ ဘယ်လိုပင် ရွတ်ရွတ် ဘယ်လိုပင် ကိုယ်တွေ့ပါ ငါတွေ့ ပါ ဟု ပြောပြော လွယ်လွယ် ကူကူ မနှစ် သက်အပ်၊ လွယ်လွယ်ကူကူလည်း မပစ်ပယ်အပ်၊ စဉ်းစဉ်းစားစား ဖြတ်စွာ ဘုရား၏ အလိုတော်ကျစကား ဟုတ် မဟုတ် စစ်ဆေး ကြပါလေ။ ယခုအခါ အတုအပ အယောင် အဆောင် ဆရာတွေ များလွန်း၍ အထူး သတိပေးရခြင်း ဖြစ်ပါသည်။သတိပြုကြပါလေ။

၈။ စုံစမ်း စစ်ဆေးတတ်မှ သာလျှင် အစစ်အမှန်ကို တွေ့၍ အကျိုးကျေးဇူးရှိပါမည်

သိသက္ခန္ဓဝဂ် အမဋ္ဌ သုတ်တော်တွင် စစ်ဆေးပုံနှင့် စစ်ဆေးသဖြင့် အကျိုးခံစားရပုံကို ဖော်ပြထားသည်မှာ– မြတ်စွာဘုရားသခင်၏ ဂုဏ်တော် သတင်းသည် အလွန် ပြန့်နှံ့ ကျော်ကြားသည့် အတွက် ထိုသို့ ကျော်ကြား သလော၊ ဘုရားစစ် ဟုတ်, မဟုတ်၊ မှန်, မမှန်ကို စစ် ဆေးကြည့်ရှုရန် ပေါက္ခရသာတီ ပုဏ္ဏားကြီးသည် မိမိ၏ တပည့်ရင်းဖြစ်သော အဋ္ဌဋ္ဌသုလင်ကို စေခိုင်းသောအခါ အမဋ္ဌသုလင်က–"အို, ဆရာကြီး အရှင် ဂေါတမ၏ ဂုဏ် သတင်း ပြန့်နှံ့ကျော်ကြားသလောက် ဟုတ်,မဟုတ်၊ မှန် မမှန်ကို အဘယ်သို့လျှင် ကျွန်ုပ်သိနိုင်ပါအံ့နည်း" ဟုမေး၏။

"ချစ်သား, အမှုဋ္ဌ ငါတို့၏ဗေဒင်ကျမ်းတို့၌ (၃၂)ပါး ကုန်သော ငံယောက်ျား မြတ်တို့၏ အမှတ် လက္ခဏာ တို့သည် လာဂ္ဂိုကုန်၏။ထို (၃၂)ပါးကုန်သော ယောက်ျား မြတ်တို့၏ လက္ခဏာ တို့နှင့် ပြည့်စုံသော ယောက်ျား သည်အကယ်၍အိမ်၌စိုးအုပ်နေသည်ဖြစ်အံ့၊ရတနာ-၇-ပါး နှင့် ပြည့်စုံသော စကြမင်းကြီး ဖြစ်ရမည်။ အကယ်၍ ရဟန်းပြုသည် ဖြစ်အံ့-ကိလေသာ အားလုံးကို ပယ်ခွါ၍ အလုံးစုံသော တရားကို မဖောက်မပြန် ကိုယ်တော်တိုင် သိနိုင်သော ဘုရားစင်စစ် ဧကန်ဖြစ်ရမည်" ဟု ဆရာ ပုဏ္ဏား ကြီးက ပြောပြ၏။

အမှုဋ္ဌလုလင်သည်လည်း ဆရာ ပုဏ္ဏားကြီးပြောသည့် အတိုင်း မြတ်စွာဘုရားထံ သွား၍ ရုံစမ်း စစ်ဆေးပြီးလျှင် ဆရာထံ ပြန်၍ မြတ်စွာ ဟုရားသည် (၃၂) ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာ တို့နှင့် ပြည့်စုံကြောင်း ခရေစေ့ တွင်းကျ ပြန်၍ ပြောလေ၏။ ဆရာ ပုဏ္ဏားကြီး သည်လည်း တပည့်၏ စကားကို ကြားလျှင် ကြားခြင်းပင် အဇ္ဈေအရံမျှားနှင့် တကွ မြတ်စွာဘုရားထံ သွား၍ မြတ်စွာ ဘုရား၏ တရားတော်ကို ကြားနာရလေလျှင် ကြားနာရ ပြီးသည်၏ အဆုံးဌ သောတာပန် အရိယာ ဖြစ်လေ၏။

ဤသုတ်တွင် သိစေလိုရင်း အချက်မှာ- တစုံ တခုကို စစ်ဆေးသော အခါ စစ်ဆေးရန် မိမိမှာ အတိုင်း အထွာ အကြားအမြင် ဗဟုသုတ အသိဉာဏ် ပညာရှိမှသာလျှင် ကိုင်းထွာ စစ်ဆေးခြင်းငှါ စွမ်းနိုင် ပါသည်။ ဗဟုသုတ

အသိညာဏ် ပညာသည် လောကတွင် အရေး ကြီး၍ အကျိုးများလှပါသည်။

၉။ ဗဟုသုတ အသိဉာဏ် မရှိလျှင် အကျိုး ယုတ်လျော့ ပျက်စီးတတ်၏

မဟာဂေါပါလသုတ် မှာလပဏ္ဏာသ မဟာ ဂေါပါလ သုတ်တွင် မြတ်စွာဘုရားရှင်က ဗဟုသုတ အသိညာဏ် မရှိလျှင် အကျိုးစီးပွါး ယုတ်လျော့ ပျက်စီးတတ်ကြောင်း ကို နွားကျောင်းသား ဥပမာဖြင့် ဟောကြားဆုံးမထားပါ သည်။ အဓိပ္ပါယ်သဘောမှာ မလိမ္မာသော နွားကျောင်း သားသည် မိမိ၌ နွားဘယ်နှစ်ကောင်ရှိသည်ကို မသိလျှင် သူတပါးက "ငါ့နွား မင့်နွားအုပ်ထဲပါသွားသည်" ဆိုကာ နွားများကို ဆွဲယူသွားလျှင်လည်း ခံနေရပေမည်။ မိမိ၌ရှိ သောနွားများ အထီး အမ, အပိန် အဝ, ချိုကုတ်ချို ထောင်, အနို အနက် စသည်ဖြင့် ဘာမှ အမှတ် အသား မရှိပါ လျှင် သူတပါးက နွားအပိန်နှင့် အဝ အထီးနှင့်အမ စသည်ဖြင့်လဲယူသွားလျှင်လည်း ကြည့်နေရပေမည်။ ငိမိ၏ နွားများ ရောဂါဖြစ်လျှင်လည်း ဘာဆေးရောဂါဖြစ်သည်ကို မသိ၊ ဘယ်လို ကုစားရမည်ကိုလည်း မသိ ပါလျှင် နွားများအနာဆေးရောဂါ ကျဆေးကောက်ကာ သေကြေပျက်စီး လျှင်လည်း ကြည့်နေ ရပေမည်။ ဤသို့လျှင် မိမိ၏ နွားများ အပေါ် ၌ စောင့်ရှောက် ခြင်းငှါ၎င်း။ ကျန်းမာ ချမ်းသာ တိုးတက်ကြီးပွါး စေခြင်းငှါ၎င်း။ မစွမ်းဆောင်နိုင်သဖြင့် အကျိုးယုတ်လျော့ ပျက်စီး

တတ်ဖြစ်။ လိမ္မာသော နွားကျောင်းသားမှာမူကား ပဒိဖြစ်
နွား အပေါင်းကို စောင့်ရှောက်ခြင်းငှါလင်း၊ ကျန်းမာချမ်း
သာ တိုးတက် ကြီးပွါး အကျိုး များစေခြင်းငှါလင်း
စွမ်းဆောင်နိုင်ပါသည်။ ထို့အတူ မင်္ဂလာ, ဗုဒ္ဓရဟန်းများ
အလုပ်ကိုလုပ်ကြသော ယောဂိပုဂ္ဂိုလ်တို့မှာ ပဒိတ္ထဉ္ဈ ပရိ
ယတ္တိဗဟုသုတ အာသိဉ္စာဏ် ဂုဏ်မှသာလျှင် ထိုဉာဏ်ဖြင့်
ပဒိတို့၏ အလုပ်သည် မှန်-မမှန်၊ ပဒိတို့သိမြင်ရဂုဏ်ပြိဟ္ဠ
ထင်ရှသော မင်္ဂသည် စစ်-မစစ် ကို ဆင်ခြင်ဆုံးဖြတ်နိုင်
ပါမည်။ ပဒိတ္ထဉ္ဈ ပရိယတ္တိ ဗဟုသုတအာသိဉ္စာဏ် မရှိပါ
လျှင် သူတပါးဖြောသမျှ ယုံကြည် လက်ခံ နေရပေ
လိမ့်မည်။ ထိုသို့ လက်ခံ ယုံကြည်ရာ၌ မှန်လျှင်ကား
ဖြောစွယ်မရှိပါ။ မှားလျှင်ကား ဘဝ ကာလ ကမ္ဘာ
သံသရာမှာ နှစ်နာဆုံးရှုံးရမည်ကို အထူးသတိထားသင့်
ပါသည်။ ယခုပါဠိ၌ ယခုခေတ်အခါတွင် သမ္မာရိသုပနိဿ
ယ မရှိနိုင်ခဲလျှင် ပရိယတ္တိဗဟုသုတ အာသိဉ္စာဏ်
ထိုအပ်ပါသည်၊ မှာခဲ့ကြပါဖလေ။

ပဒေဖြင့် ဂဏန်းကြိုးဝင်နိပဲရင်းဆရာဘော်
ဒဂုန်ကြိုင်က

"လောင်းထက်လျှင် ဒါနခက်သည်။
မင်္ဂလာတန်ဖုံးက်လျှင် သီလခက်သည်။

သူ့ကောင်းကျိုးကို မငဲ့လုံ့လကျက်လျှင်ဒိဋ္ဌဓမ္မသုခ ခက်သည်"
ဟု ရေးသား ဆုံးမထားသည့် ကိုလည်း သတိပြုကြ
ပါ။

၁၀။ အမှားတွေ့လျှင် ပြင်ရန် ဝန်မလေးကြပါနှင့်

ယခုအခါ ဗုဒ္ဓဖြတ်စွာ ဘုရားရှင်နှင့် အဂ္ဂသာဝကမဟာသာဝကတို့၏ အသံတော် ကွယ်ပျောက်ခဲ့သည်မှာ အနှစ် (၂၀၀၀) ကျော်ရှိခဲ့ပြီ။ ဗုဒ္ဓဖြတ်စွာဘုရားရှင်၏ သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်များကိုလည်း မကွယ်မပျောက်စေရလေအောင် သံဃာအဆက်ဆက် မင်းအဆက်ဆက် အိန္ဒြိယပြည်မှ သီဟိုဠ်ကျွန်းသို့၊ သီဟိုဠ်ကျွန်းမှ မြန်မာပြည်သို့ အဆင့်ဆင့်ကူးလာခဲ့သည်မှာလည်း အနှစ်(၂၀၀၀) ကျော်ရှိခဲ့ပြီ။အိန္ဒြိယပြည်၌ကား ဘုရားသာသနာကွယ်ပျောက်ခဲ့ပြီ။ သီဟိုဠ်ကျွန်း၌ကား ပရိယတ္တိ ပဋိပတ္တိ သာသနာ ကျင်ကြံအားထုတ်သူနည်းပါးသောခဲ့ပြီ။ မြန်မာပြည်၌ကား သာသနာတော်တည်ရှိနေသေးသည်ဟုပင် ဆိုရသော်လည်း "ဝိနယော နာမ သာသနဿ အာယု ဝိနယေ ဋ္ဌိတေ သာသနံ ဋ္ဌိတံ" ဝိနည်းမည်သည် သာသနာတော်၏ အသက်မည်၏။ ဝိနည်းတည်သည်ရှိသော် သာသနာတော်သည်တည်၏- ဟု ပဌမသင်္ဂါယနာဘင်ပွဲတွင် ရဟန္တာအရှင်ကြီးများ ဆုံးဖြတ်ချက်အရ ဝိနည်းပညတ်တော်ကို ဓာတ်ကြီးနာ, မဆောင်ရွက်သော ရဟန်းများ ပေါများလာသော် သာသနာတော်ကြီး ဆုတ်ယုတ်မည်ကား မလွဲပေ။ ထိုသို့ဆုတ်ယုတ်နေသော ကာလ ကြီးတွင် အဟုအပ အမှားအယွင်းများ ပေါများကာ အစစ်အမှန်များ ပါးမည်ကား ခမ္မာဘာပင်ဘည်း။ ဘရားက မတရား, မတရားက

တရား ဖြစ်တတ်လှပါ၏။ထိုအမှား အမှန်နှစ်မျိုးကို စစ်ဆေး ရန် အကြံဉာဏ် ပေါ်ပေါက်သူကား ဂျားပါးလှ၏။ စစ် ဆေးရန် အကြံဉာဏ်ရှိစေကာမူ အမှန်နှင့်အမှားကို ခွဲခြား သိနိုင်သူကား အလွန်ဂျားပါးလှ၏။အမှန်အမှားကို ခွဲခြား သိနိုင်သော သူများထဲတွင်လည်း ဤကားအမှန်,ဤကား အမှားဟု ခွဲခြားပြောဆိုနိုင်သူကား အတိုင်းထက်အလွန် ဂျားပါးလှ၏။ ထိုကဲ့သို့ အမှန် အမှား ခွဲခြား ပြောဆိုနိုင် သူများအထဲတွင်လည်း အမှားကိုပယ်စွန့်၍ အမှန်အတိုင်း လိုက်နာကျင့်ကြံနိုင်သူကား တထောင် တယောက်ပေါ် ပေါက်ရန်မှာလည်း ခဲယဉ်းလှပါ၏။စဉ်းစားကြပါ။ သတိ ပြုကြပါ။ အမှားတွေ့လျှင် ပြင်ရန်ဝန်မလေးကြပါနှင့်။

ဆောင်ပုဒ်။

မှား-မှန်အဖြစ် စစ်ဘိခဲ့၏။
မှား-အမှန် ဝေဘန်သိခဲ့၏။
မှား-မှန် ဝေခွဲပြောခဲ့ဘိ၏။
အမှား လှန်-အမှန်ကျင့်ခဲ့၏။

၁၁။ ကျမ်းပြုသူ၏စေတနာ

အထက်ပေါ်ပြပါ အကြောင်း များကြောင့် . အရိယာ ဖြစ်ရန်အလုပ် အကျင့် ပဋိပတ္တိ နယ်တွင်ငင်း၊ အကျိုး မဂ်,ဖိုလ်,နိဗ္ဗာန် ပဋိဝေဓနယ်တွင်ငင်း၊ မြတ်စွာဘုရားရှင် ဟောပြ ဆုံးမခဲ့သော ဒံဆုံးအမ ပရိယတ္တိ ဗဟုသုတ အကြား,အမြင်, အသိဉာဏ် ရရှိကြပါစေရန် ရည်ရွယ် ချက် စိတ်ကောင်းစေတနာဖြင့် ဤ"အရိယာ-စစ်တမံး" စာအုပ်ကို ပါဠိတော်, အဋ္ဌကထာ,ဋီကာကျမ်း အစောင်

စောင်တို့မှ ဗဟုသုတ ရှာဖွေီးကာ ပရိယတ္တိကို လွယ်လင့်တကူ မလိုက်စားနိုင်ကြသော ပုဂ္ဂိုလ် ဓမ္မ မိတ်ဆွေများအတွက် ရေးသားထုတ်ဝေလိုက်ရပါသည်။

ဤစာအုပ်တွင် အကျဉ်-ပဋိပတ္တိနှင့် အကျိုးပဋိဝေဓ အဖြေမှန်ရကြပါစေရန်ဘုရားဟော သုတ်အဘိဓမ္မာ,ဝိနည်း ပရိယတ္တိကို အခြေခံ၍ ရေးသားထားပါသဖြင့် ပရိယတ္တိ စိတ်ထက် သန်သော ပုဂ္ဂိုလ်နှင့် ပဋိပတ္တိ စိတ်ထက်သန်သော ပုဂ္ဂိုလ်နှစ်ဦး စသုံးပင် လက်ခံနိုင် ကြပါစေသော်၊

၁၂။ မဂ်, ဖိုလ်, နိဗ္ဗာန်ကိုရနိုင်-မရနိုင်၊
မဂ်,ဖိုလ်,နိဗ္ဗာန် ရရှန် လွယ်-မလွယ်

ယခုခေတ်အခါနိကာလတွင်မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရ-မရ ဟူသော ပဌမမေးခွန်းကိုကား ယခုခေတ် အခါနှင် ကာလတွင် မဂ်,ဖိုလ်, နိဗ္ဗာန်ကို ရနိုင်သည်ဟု တထစ်ချ ဖြေဆိုရပါမည်။မဂ်,ဖိုလ်,နိဗ္ဗာန် ရရှန် လွယ်-မလွယ် ဟူသော ဒုတိယ မေးခွန်းကိုကား အဖြေ(၂)မျိုးပေးရပေလိမ့်မည်။

(၁) ပိဋကတ်ပါရမီ ရင့်ကျက်ပြီးသော ပုဂ္ဂိုလ်များ အဆို့လွယ်ကူပါ၏။ အခါနှင် ကာလ ကြာရှည် မကျင့်ရပေ။

(၂)ပိဋကတ် ပါရမီ မရင့် ကျက်သေးသော ပုဂ္ဂိုလ်များအဘို့ မှာကား-မလွယ်ကူပါ။ အခါနှင် ကာလ ကြာရှည်စွာ ကျင့်ရပါ၏။ ခက်ခက် ခဲခဲ, သဲသဲ မဲမဲ ကျင့်ရပါ၏။ ဆိုပါ၍ ပိဋကတ်၏ ပါရမီ ရင့်, မရင့်ကို ဧနောက်ဆက်တွဲ အခန်း(၂)နှင့်(၃) အရိယာ ဖြစ်နိုင်သော ပုဂ္ဂိုလ်များ၏ ဂုဏ်အင်္ဂါများနှင့် အရိယာ မဖြစ်နိုင်သော ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါများကို ဆက်လက်ဘော်ပြထားပါသည်။

အခန်းကဏ္ဍ ၂

အရိယာဖြစ်နိုင်ခြေကြောင်း

၁၃။ နိဗ္ဗာန်ဖြတ်လမ်း

နိဗ္ဗာန်သို့ သွားရာလမ်း(၅)မျိုး ခွဲပြထားရာ ထိုလမ်း(၅)မျိုးအတိုင်း နိဗ္ဗာန် စံဝင်ကြပြီး ဂုဏ်သော ပုဂ္ဂိုလ်(၅)မျိုးတို့သည် ဆုပန်ကာ ပါရဂူ ဖြည့်ကျင့်ခဲ့ကြရသော ကာလ အဝိုင်းအခြားမှာ-

၁။ သမ္မာ သမ္မာဒိ ဘုရား အဖြစ်နှင့် နိဗ္ဗာန်သို့ စံဝင်တော်မူကြသော ဘုရားရှင်တို့သည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း၊ ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း၊ တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း ကာလ ပတ်လုံး ပါရဂူအားလျော်စွာ ဖြည့်ကျင့်ကြရ ပါသည်။

၂။ ပစ္စေကဗုဒ္ဓ ဘုရားအဖြစ်နှင့် နိဗ္ဗာန်သို့စံဝင်တော်မူကြသော ဘုရားရှင်တို့သည် နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းကာလ ပတ်လုံးဖြည့်ကျင့်ကြရ ပါသည်။

၃။ အင်္ဂသာဝက အဖြစ်နှင့် နိဗ္ဗာန်သို့ စံဝင်တော်မူကြသော ရဟန္တာအရှင်မြတ်တို့သည် တသင်္ချေနှင့် ကမ္ဘာတသိန်း ကာလ ပတ်လုံး ဖြည့်ကျင့်ကြရပါသည်။

၅။ ပကတိသာဝကအဖြစ်နှင့် နိဗ္ဗာန်သို့ စံဝင်တော်မူကြသော ရဟန္တာ အရှင်မြတ်တို့သည် ကာလအပိုင်းအခြား မရှိပါ။ ဘဝ အနည်းငယ်မျှဖြင့် ဖြည့်ကျင့် စံဝင်နိုင်ကြပါသည်။

သို့ပါ၍ ပကတိ သာဝက အဖြစ်နှင့် နိဗ္ဗာန်သို့ စံဝင်ရန် လမ်းမှာ အတိုဆုံးဖြတ်လမ်းဟု ခေါ်ဆိုနိုင်ပါသည်။ မြန်မာပြည်တွင် နေ့လပမာ ထင်ပေါ်ကျော်စောခဲ့သော ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားပင်လျင် ပဓာန သုတ်နိဿျကျမ်း စာအုပ်အဆုံး ဆုတောင်းခွ် ပကတိ သာဝက ဆုကို ပန်ပါသည်။ ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရားကြီး သည်လည်း "ဤဘဝစည် တက်နည်း တရားကြီး" ကျမ်းစာအုပ်အဆုံး ဆုတောင်းခွ် ပကတိ သာဝက ဆုကိုသာ ပန်ပါသည်။ထိုနိဗ္ဗာန် ဖြတ်လမ်းကို လိုက်လိုသူများ ယခုဘဝမှာပင် အရိယာ ဖြစ်နိုင်ကြပါသည် ကျင့်ကြပါလေ။

၁၄။ ဆုလည်းပန် ကျင့်လည်းကျင့်ကြပါ

နိဗ္ဗာန်ကို ရလို ကြသော ပုဂ္ဂိုလ် တို့သည် ဒိဗ္ဗစက္ခု စိတ်ဆန္ဒက မည်သည့်ဆုမျိုးနှင့် နိဗ္ဗာန်ကို ရလိုကြသည် ကိုရှေးဦးစွာဆုံးဖြတ်ရပါမည်၊ သိရပါမည်။ သိပြီးသည့် အတိုင်းလည်းလိုရာဆုကို တောင်းရပါမည်။ဆုတပါးပါး ရှိစေရမည်။ဆုတပါးမှ မရှိလျှင်နိဗ္ဗာန်ကို ရလိုသူဟု ခေါ်

ထိုက်ပါ၊ သို့ပါ၍ ပိဒိတို့ ရလို, ယူလိုသော မင်္ဂ, ဖိုလ်, နိဗ္ဗာန်ဆုကို ပန်ကြပါ။

ဆုပန်ပြီးလျှင်လည်းပြီးပြီးပျောက်ပျောက်မဟုတ်ပါဘဲ ပိဒိတို့ ပန်သောဆုကို မြဲစေရပါမည်။ဆုပန်သည့်အတိုင်း ပိဒိတို့၏ အလိုဆန္ဒကဖြင်းဖြရမည်၊ ထက်သန်အားကြီးရမည်၊ပိဒိတို့၏ အလိုဆန္ဒ ဖြင်းဖြ,ထက်သန်, အားကြီးသလောက် ပိဒိတို့လိုသော ဆုကို မရမနေ,အရိုးအရေကြွင်းပေစေ၊အသွေး အသား ခန်းခြောက်ပေစေ၊အသက်ပင် သေပေစေ၊ အဘာဝ- ကြီးသော လုံ့လ ဝိရိယရှိပါမှလည်းပိဒိတို့ပန်သောဆုကိုရနိုင်ပါသည်။ဆုကိုသာတောင်း၍ လုံ့လဝိရိယမရှိ၊ ပျင်းရိသောစိတ်နှင့် ဘယ်တရားကိုမျှ မနာမယူ,မကျင့်မကြံ, အားမထုတ် ပါလျှင် မင်္ဂ, ဖိုလ်, နိဗ္ဗာန်ကို မရနိုင်ပါ။ မင်္ဂ,ဖိုလ်, နိဗ္ဗာန်သည် ပါးစပ်ပြောနှင့် မရပါ၊ တကယ်တန်း လုပ်မှရပါမည်။ သို့ပါ၍ဆုလည်းပန်၊မြဲလည်းမြဲစေ၊ပါရမီကိုလည်း ဖြည့်ကျင့်ပါမှ ဆုတောင်းပြည့်ကာ မင်္ဂ,ဖိုလ်, နိဗ္ဗာန်ရကြရမည်ကို သတိပြုကြပါလေ။

ဆုကိုပန်၍ သဒ္ဓါ, သီလ,သုတ,စာဂ, ပညာငါးပါးသော တရားတို့နှင့် ပြည့်စုံပါလျှင် (၇)ရက်, (၇)လ, (၇) နှစ်အတွင်း၊ဤလက်ဦးလျှင် ပါရမီခံ နည်းလျှင် ဒုတိယဘဝ,တတိယ ဘဝ များတွင် မင်္ဂ, ဖိုလ်, နိဗ္ဗာန် ရနိုင်ပေါက်နိုင်ကြပါမည်။ မင်္ဂ,ဖိုလ်, နိဗ္ဗာန်ကို အမြန်ရအောင် ဟူ၍ ကြိုအားထုတ်ကြပါ။

၁၉။ အရိယာ ဖြစ်ကြောင်း အင်္ဂါ လေးပါး

စတ္တာရောမေ ဘိက္ခဝေ ဓမ္မော ဘာဝိတော ဗဟုလီ
ကတော သောတာ ပတ္တိ ဖလ သန္တိကိရိယာယ
သံဝတ္တတိ၊ သကဒါဂါမိဖလ သန္တိ ကိရိယာယ
သံဝတ္တတိ၊ အနာဒါဂါမိဖလ သန္တိ ကိရိယာယ
သံဝတ္တတိ၊ အရဟတ္တဖလ သန္တိ ကိရိယာယ
သံဝတ္တတိ။ ကတမေ စတ္တာရော သပ္ပုရိသ သံ
သေဝေါ၊ သဒ္ဓမ္မသဝနံ၊ ယောနိသော မနသိ
ကာရော၊ ဓမ္မာနုဓမ္မပဋိပတ္တိ။

(မဟာဝဂ္ဂ သံယုတ် ပါဠိတော်)

စတ္တာရိ သောတာပတ္တိ ယင်္ဂါနိ သပ္ပုရိသ
သံသေဝေါ သဒ္ဓမ္မသဝနံ ယောနိသော မနသိ
ကာရော ဓမ္မာနု ဓမ္မ ပဋိပတ္တိ။

(သုတ်ပါဌေယျ သင်္ဂီတိသုတ်)

အထက်ဖော်ပြပါ ပါဠိတော်များအရ အောက်တွင်
ဖော်ပြမည့် အင်္ဂါ လေးပါး တို့သည် သောတာ ပတ္တိ
ဗိုလ်ကိုသာ ရရှိခြင်း၏ အကြောင်းများ မဟုတ်သေးဘဲ
သကဒါဂါမိဗိုလ်,အနာဂါမိဗိုလ်,အရဟတ္တဗိုလ် တို့ကိုပင်
ရရှိခြင်း၏ အကြောင်းများ ဖြစ်ကြောင်းကို သိရပါသည်။
ထိုအကြောင်း အင်္ဂါလေးပါးတို့ကား-

[၁] **သပ္ပုရိသသံသေဝေါ**=ဘုရားစသော သူတော်
ကောင်းတို့ကို မှီဝဲ ဆည်းကပ်ခြင်း။

[၂] **သဒ္ဓမ္မသဝဏံ**=ဘုရား စသော သူတော် ကောင်း တို့၏တရားကိုကြားနာခြင်း။

[၃] **ယောနိသော မနသိကာရော**=ဘုရား စသော သူတော်ကောင်းတို့၏ တရားကိုကြားနာပြီးလျှင် သင့် တင့် လျောက်ပတ်စွာ နှလုံးသွင်းခြင်း။

[၄] **ဓမ္မာနုဓမ္မပဋိပတ္တိ**= ဘုရား စသော သူတော် ကောင်းတို့၏ စကားကို ကြားနာပြီးလျှင် လော ကုတ္တရာ တရား ကိုးပါး အားလျော်သော မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရနိုင်, ရောက်နိုင်သောအကျင့်ကို ကျင့်ကြံပွါးများခြင်း။

၍ အရိယာဖြစ်ကြောင်း အင်္ဂါလေးပါးတို့တွင် ပဌမ အင်္ဂါဖြစ်သော သပ္ပုရိသ သံသေဝေါ- ဘုရားစသော သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ခြင်းသည် အရေး ကြီးသော အကြောင်းရင်း မူလဖြစ်၍ ထိုဘုရားစသော သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ခြင်းကို ပြုရမှသာ လျှင် ထိုဘုရားစသော သူတော်ကောင်းတို့က ပြောဟော သော တရားတို့ကို ကြားနာခြင်းတည်းဟူသော ဒုတိယ အင်္ဂါသဒ္ဓမ္မသဝဏနှင့် ပြည့်စုံနိုင်ပါမည်။

၍ ဒုတိယအင်္ဂါဖြစ်သော သဒ္ဓမ္မသဝဏ ဘုရားစသော သူတော်ကောင်းတို့၏ တရားတော်ကို ကြားနာရမှ သာလျှင် ကုသိုလ်ကောင်းမှု တို့ကို ဖြစ်စေရန် သင့်တင့်

လျော်ကပ်တစ်စွာ နှလုံးသွင်းခြင်း တည်းဟူသော တတိယ အင်္ဂါ ယောနိသော မနသိကာရနှင့် ပြည့်စုံနိုင်ပါမည်။

၍တတိယ အင်္ဂါဖြစ်သော ယောနိသော မနသိကာရ-ကုသိုလ်ကောင်းမှုတို့ကို ဖြစ်စေရန် သင့်တင့် လျောက်ပတ်စွာ, ဟုတ်မှန်စွာ နှလုံးသွင်းမှု ရှိမှသာလျှင် မင်္ဂလေးပါး, ဗိုလ်လေးပါး, နိဗ္ဗာန်တည်းဟူသော လောကုတ္တရာတရား ကိုးပါးအား လျော်သော အကျင့် ပဋိပတ်တို့ကို ကျင့်ခြင်းတည်းဟူသော စတုတ္ထအင်္ဂါဓမ္မာနုဓမ္မ ပဋိပတ္တိနှင့် ပြည့်စုံနိုင်ပါမည်။

၍ စတုတ္ထ အင်္ဂါ ဖြစ်သော ဓမ္မာနု ဓမ္မ ပဋိပတ္တိ နှင့် ပြည့်စုံမှသာလျှင် မင်္ဂလေးပါး, ဗိုလ်လေးပါး, နိဗ္ဗာန် တည်းဟူသော လောကုတ္တရာတရား ကိုးပါးကို ရနိုင်ပါမည်။ထိုမင်္ဂ,ဗိုလ်တရားတို့က မိမိတို့မျက်မှောက်ပြုအပ်သော အသန်တ နိဗ္ဗာန်တရားတော်မြတ်၏ အစွမ်းဖြင့် ကောင်းစွာ ကျင့်တတ်သော အရိယာ ပုဂ္ဂိုလ်၏ သန္တာန်၌ ကိလေသာ အာသဝေါ တရားအားလုံးတို့၏ အနုပ္ပါဒ နိရောဓ ဟူသော တဖန်ဖြစ်ပေါ်ခြင်းမရှိဘဲ အပြီးတိုင် ပြတ်စဲ ချုပ်ငြိမ်းခြင်းကို ဖြစ်စေနိုင်ပါမည်။ ၍ကဲ့သို့ ကိလေသာ အာသဝေါတို့ကို အပြီးတိုင် ပြတ်စဲ ချုပ်ငြိမ်းစေနိုင်မှသာလျှင် ၍ ခန္ဓာ,နာမ်ရုပ်,အာယတန, ဓါတ်တို့၏ အစည်းပြတ် ဖြစ်ခြင်းတည်း ဟူသော သံသရာဝဋ် ဆင်းရဲအစုသည် အနုပ္ပါဒနိရောဓ တည်းဟူသော တဖန်

အသစ် မဖြစ်ပေါ်လာဘဲ အစဉ်အမြဲ အေးမြချမ်းသာသော သန္တိသုခ နိဗ္ဗာန်ကို ရနိုင်လေတော့၏။

သို့ပါ၍ ထိုအရိယာဖြစ်ကြောင်း အင်္ဂါလေးပါးတို့ကို သိကြ,မှတ်ကြ, ကိုက်ကြ, ရှာကြ, ကျင့်ကြ အားထုတ်ပွါးများကြပါလေ။

၁၆။ ပဋိလောမနည်း

၍ အရိယာ ဖြစ်ကြောင်း အင်္ဂါလေးပါး မြတ်သော တရားကို ပဋိလောမနည်းအားဖြင့် အဆုံးမှပြန်စ၍ အနက် အဓိပ္ပါယ်ကို ဖော်ပြရလျှင်-

၁။ ကိလေသာ အာသဝေါကို ပယ်သတ် နိုင်ခြင်း၏ အကြောင်းရင်းမှလသည် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ မဂ်, ဖိုလ် တရားများ ဖြစ်ပေါ်ခြင်းကြောင့် ပင်တည်း။

၂။ ၎င်း နိဗ္ဗာန်ကို မျက်မှောက်ပြု၍ မဂ်, ဖိုလ် တရားများ ဖြစ်ပေါ်ခြင်း၏ အကြောင်းရင်း မှလသည် ၎င်း မဂ်, ဖိုလ်, နိဗ္ဗာန် အားလျော်သော အကျင့် ပဋိပတ်တရားများကို ကျင့်ခြင်းပင်တည်း။(ဝမ္မဘန္ဓ ဝမ္မပဋိ ပတ္တိ)

၃။ ၎င်း မဂ်, ဖိုလ်, နိဗ္ဗာန်အား လျော်သော အကျင့် တရား များကို ကျင့်နိုင်ခြင်း၏ အကြောင်းရင်း မှလသည် သင့် တင့် လျောက်ပတ်စွာ နှုတ်သွင်းခြင်းပင်တည်း။ (ယောနိသောမနသိကာရ)

၄။ ၎င်း သင့် တင့် လျောက်ပတ်စွာ နှုတ်သွင်းနှိုင်းခြင်း၏ အကြောင်းရင်း မူလသည် ဘုရားအစရှိသော သူတော်ကောင်းတို့ တရားကို ကြားနာရခြင်းပင်တည်း။ (သဒ္ဓမ္မသဝဏ)

၅။ ၎င်းဘုရား အစရှိသော သူတော်ကောင်း တို့၏ တရားကို ကြားနာရခြင်း၏အကြောင်းရင်း မူလသည် ဘုရား စသော သူတော်ကောင်း တို့ကို မှီဝဲဆည်းကပ်ခြင်းပင်တည်း။ (သပ္ပုရိသသံသေဝ)

အထက်ပါအတိုင်း အနုလောမနည်း, ပဋိလောမနည်း များအားဖြင့် အပြန်အလှန် ဆင်ခြင်ကြည့်ပါလျှင် သပ္ပုရိသသံသေဝ- ဘုရား စသော သူတော်ကောင်း တို့ကို မှီဝဲဆည်းကပ်ရခြင်း၏ အကျိုးကျေးဇူး များပြား, ကြီးမားလှကြောင်း ထင်ရှားပါ၏။ အခါတပါး ဖြတ်စွာဘုရားက မေးသဖြင့် ညိုတော်အာနန္ဒာက "ဤကဲ့သို့ ဘုရားစသော သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ရခြင်းသည် ရဟန်း ကိစ္စ ရဟန္တာဖြစ်ရန် တဝက်ပြီးစီး ပါသည်ဘုရား" ဟု လျှောက်ကြားရာ ဖြတ်စွာဘုရားက "တဝက် မဟုတ်ဘူး ညိုတော်အာနန္ဒာ, အလုံးစုံ ပြီးစီးသည်" ဟု ဟောဖြဘူး သည်ကို သတိရ၍ ဘုရားစသော သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ရခြင်း၏ အကျိုးကျေးဇူး များကြောင်းကို သိကြကာ ဘုရားစသော သူတော်ကောင်း တို့ကို မှီဝဲဆည်းကပ်ကြပါလေ။

သောတာပတ္တိ မဂ်ရကြောင်းဖြစ်သော အထက်ဖော်ပြပါ အင်္ဂါ လေးပါး တို့ကွင် ဓမ္မာနုဓမ္မ ပဋိပတ္တိ-လောကုတ္တရာ ကိုးပါးအား လျော်သော တရားကို ကျင့်ခြင်းဟူသော စတုတ္ထ အင်္ဂါသည် သာလျှင် သောတာပတ္တိ မဂ်၏ နီးစွာသော အကြောင်းဖြစ်၍ ကျန်သော တတိယ အင်္ဂါ၊ဒုတိယ အင်္ဂါ၊ ပဌမ အင်္ဂါ ဖြစ်သော အကြောင်း တို့သည်ကား ဝေးစွာသောအကြောင်း အခြံအရံဖြစ်သော ပရိက္ခာရ အကြောင်းများဖြစ်ကြောင်းကိုလည်း သိအပ်ပါ၏။

ထို့ကြောင့် ဓမ္မာနု ဓမ္မ ပဋိပတ္တိအမှင့်ဖြစ်သော သုတ်ပါထေယျ အဋ္ဌကထာ၌ ဖွင့်ပြသည်မှာ-

ဓမ္မာနုဓမ္မပဋိပတ္တိတိ လောကုတ္တရဓမ္မသဟ အနုဓမ္မ ဘူတာယ ပုဗ္ဗဘာဂ ပဋိပတ္တိယာ ပဋိပဇ္ဇနံ။

အဓိပ္ပါယ်မှာ။ ။ဓမ္မာနုဓမ္မပဋိပတ္တိ ဟူသည်ကား လောကုတ္တရာ တရား ကိုးပါး အား လျော်သော တရား ဖြစ်၍ သောတာပတ္တိမဂ်၏ ရှေအကြိုဖြစ်သော လောကီ မဂ်ဉာဏ် ရှစ်ပါး အကျင့်ကို ကျင့်ခြင်းတည်း။ လောကီ မဂ်ဉာဏ် ရှစ်ပါးတို့ကား-

၁။ မှန်စွာသိမြင်ခြင်း။
၂။ မှန်စွာကြံစည်ခြင်း။ } ပညာသိက္ခာ။
၃။ မှန်စွာပြောခြင်း။
၄။ မှန်စွာပြုကျင့်ခြင်း။
၅။ မှန်စွာအသက်မွေးခြင်း။ } သီလသိက္ခာ။

၆။ မှန်စွာအားထုတ်ခြင်း။
၇။ မှန်စွာသတိရှိခြင်း။ } သမာဓိသိက္ခာ။
၈။ မှန်စွာ တည်ကြည်ခြင်း။

သို့ပါ၍ ဓမ္မာနုဓမ္မ ပဋိပတ္တိ ဟူသည်ကား အထက် ဖော်ပြပါ လောကီမဂ္ဂင် ၅စ်ပါး၊သို့မဟုတ် သီလ သမာဓိ ပညာ သိက္ခာ သုံးပါး အကျင့်ကို ကျင့်ခြင်း ပင်တည်း။ မဂ်, ဖိုလ်, နိဗ္ဗာန်ကို တောင်းတ၍ ရတနာ သုံးပါးတို့ကို ကိုးကွယ် ဆည်းကပ်ခြင်း, အလှူပေးခြင်း,သီလ ဆောက် တည်ခြင်းစသော ကောင်းမှု ကုသိုလ် တရား တို့သည် လည်း နိဗ္ဗာန်ရကြောင်း,အရိယာဖြစ်ကြောင်း အထောက် အပံ့ ဖြစ်သဖြင့် သံသရာ ဝဋ်ဆင်းရဲ အပေါင်းမှ ကျွတ် လွတ်ရန် ရည်သန်၍ လေးလေးစားစား ပြုကျင့်အပ်ပါ သည်။ အရေး အကြီးဆုံး တရားကား မဂ္ဂင် ၅စ်ပါး တရားအထူးဟူ၍ ယူရမည်။

၁၇။ အရိယာဖြစ်ကြောင်း အစိတ်အင်္ဂါလေးပါး

အထက်၌ ပြဆို ခဲ့ပြီးသော အရိယာ ဖြစ်ကြောင်း အင်္ဂါလေးပါးတို့သည် အပေါင်း အင်္ဂါတို့ ဖြစ်ကပါ သည်။ ၎င်း အပေါင်း ဖြစ်သော အင်္ဂါလေးပါး အနက် စတုတ္ထအင်္ဂါဖြစ်သော ဓမ္မာနုဓမ္မ ပဋိပတ္တိ လောကုတ္တရာ တရား ကိုးပါးအား လျော်သော အကျင့်ကို ကျင့်ခြင်း တွင် ပါဝင်သော သရဏာဂုံ သုံးပါးနှင့် တကွ ငါးပါး သီလကို မကျိုး မပေါက်, မပြောက် မကျားအောင် ဆောက်တည် စောင့်ရှောက်အပ်သော အကျင့် မျှသည်

ပင်လျှင် မဂ်,ဖိုလ်,နိဗ္ဗာန်ရကြောင်း အစိတ် အဂ်ါလေးပါး တို့ ဖြစ်ကြပါသည်။

ထိုကြောင့် မြတ်စွာဘုရား ဟောတော် မူအပ်သော မဟာဝဂ္ဂ သံယုတ် ပါဠိတော် သောတာပတ္တိသံယုတ် ဒုတိယဝဂ်၌ "ကုဓ ဘိက္ခဝေ အရိယသာဝကော" အစ ရှိသော ပါဠိတော် အဓိပ္ပါယ်မှာ "ရဟန်းတို့- ဤငါ၏ သာသနာတော်တွင်း၌ ငါ ဘုရား၏ တပည့်သည်-

၁။ မြတ်စွာ ဘုရား၏ ဂုဏ်တော် ကိုးပါး၌ မတုန် မလှုပ်သော ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။

၂။ တရားတော်၏ ဂုဏ်တော်ခြောက်ပါး၌ မတုန် မလှုပ် သော ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။

၃။ သံဃာတော်၏ ဂုဏ်တော်ကိုးပါး၌ မတုန်မလှုပ် သော ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။

၄။ ငါးပါးသီလကိုမကျိုးမပေါက်, မပြောက်မကျား, ကောင်းမွန်လုံခြုံစွာကျင့်သုံး ဆောက်တည်ခြင်း နှင့် ပြည့်စုံ၏။

ရဟန်းတို့-ပွားစီးခြင်းသို့ ရောက်ကြောင်း ဖြစ်သော အာဇာနိယ အစိတ်အဂ်ါလေးပါး အကျင့်သည် စင်စစ် ငြီးငွေ့ ခြင်းငှါ၊ တဏှာ ရာဂ ကင်းခြင်းငှါ၊ ထူးသော ဉာဏ်ဖြင့် သစ္စာလေးပါးကို သိခြင်းငှါ၊ နိဗ္ဗာန်ကို မျက် မှောက် ပြုခြင်းငှါ ဖြစ်၏"။

အမှာ-သောတာပန် မဖြစ်မီ ဤအစိတ် အဂ်ါလေးပါး အကျင့်ကို ပြည့်စုံအောင် ကျင့်သဖြင့် သောတာပန်

ဖြစ်သော အခါ၌ ဤ အင်္ဂါ လေးပါး သည်ပင်လျှင် သောတာပန် အရိယာ၏ အင်္ဂါလေးပါးဖြစ်ကာ ရတနာ သုံးပါး ကြည်ညိုခြင်း ငါးပါးသီလ လုံခြုံစွာ ကျင့်သုံး ဆောက်တည်ခြင်းတို့၌ သူတပါးမျက်မရဏာဉာဏ် မြဲလေ ၏။ အသက်စည်းစိမ် အဆုံးခံ၏။ ၎င်း အင်္ဂါလေးပါး အပျက် မခံတော့ပါ။

သို့ပါ၍ အရိယာဖြစ်ကြောင်း ဒေါင်းအင်္ဂါလေးပါး တမျိုး, ဒစိတ် အင်္ဂါ လေးပါး တမျိုး အားဖြင့် နှစ်မျိုး ပြထားပါသည်။ ပါထေယျ ပါဠိတော် သင်္ဂီတိ သုတ်၌ လည်း ၎င်းအင်္ဂါလေးပါး နှစ်မျိုးကိုပင် အရိယာ ဖြစ် ကြောင်း အင်္ဂါများ ဟု ပြထားပါသည်။ ၎င်းအင်္ဂါရှစ်ပါး တို့ အကြောင်းခံရှိပါလျှင် အရိယာဖြစ်ခြင်း အာဒမဲ့ ပေး ထားပါသည်။ ၎င်းအင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံအောင်ကျင့် ကြပါလေ။

၁၈။ ပဓာနတရား (၄)ပါး

အားထုတ်ခြင်း ပဓာနတို့သည် လေးပါး အပြား ရှိကုန်၏။

(၁) သံဝရပဓာန။ ။စောင့်စည်း မှုကို အားထုတ် ခြင်း။

(၂) ပဟာနပဓာန။ ။ပယ်ခြင်းကို အားထုတ်ခြင်း။

(၃) ဘာဝနာပဓာန။ ။ပွါးများ မှုကို အားထုတ် ခြင်း။

(၄) **အနုရက္ခပစ္စာနံ။** ။အစည် စောင့်ရှောက်မှုကို အားထုတ်ခြင်း။

(ပါထေယျပါန္ဒိတော် သင်္ဘီတိသုတ်)

၁။ မျက်စိဖြင့် အဆင်းကို မြင်သောအခါ မျက်စိ ကွန်ရှိနေကို မစောင့်စည်းပါလျှင် အကောင်းမြင်တော့ လိုချင် တပ်မက်ခြင်း ဒေါသ လောဘ ဖြစ်ပေါ်၍၊ မကောင်း မြင်တော့ နှလုံးမသာ ဗျာပါဒဒေါသ ဖြစ်ပေါ်၍ အကုသိုလ် တရားများသာလျှင် ဖြစ်ရလေ၏။ ထိုသို့ အကုသိုလ် တရားများ မဖြစ်ပေါ် စေရန် မျက်စိ ကွန်ရှိနေကို စောင့်စည်းရ၏။ ထို့ အတူ နားဖြင့်အသံကို ကြားသောအခါ, နှာခေါင်း ဖြင့် အနံ့ကို နံသောအခါ, လျှာဖြင့် အရသာကို ခံစားသော အခါ, ကိုယ်ဖြင့် အတွေ့ အထိကို ခံစားရသော အခါ, စိတ်ဖြင့် အကြံ အစည် ပြုသောအခါ အကုသိုလ် တရားများ မဖြစ်ပေါ်စေ ရန် ကွန်ရှိနေကို စောင့်စည်း ရ၏။ ဤသို့ ကွန်ရှိနေ ခြောက်ပါး စောင့်စည်းမှုကို အားထုတ် ခြင်းသည် **သံဝရပစ္စာနံ** မည်၏။

၂။ လောဘ,ဒေါသ,မောဟ ညစ်ဆိုး,ယုတ်မာ ကုန်သော အကုသိုလ် တရား အားလုံးတို့ကို လက် မခံ, စွန့်၏, ပယ်ဖျောက်၏, ကုန်ဆုံး ခြင်းသို့ ရောက်အောင် ပြု၏, တပန် မဖြစ်ပေါ် ခြင်းသို့

ရောက်စေ၏။ ဤသို့ အယုတ်တရား အာဇာနိသိုလ် အားလုံးတို့ကို ပယ်ခြင်းငှါ အားထုတ် ခြင်းသည် **ပဟာန ပဓာန** မည်၏။

၃။ တဒင်္ဂ ဝိဝေက, သမုစ္ဆေဒ ဝိဝေက, ပဋိသရဏ ဝိဝေက တည်းဟူသော ကိလေသာတို့မှ ဆိတ်ခြင်း ဝိဝေက သုံးပါးကို မှီသော၊ တဒင်္ဂ ဝိရာဂ, သမုစ္ဆေဒ ဝိရာဂ, ပဋိသရဏ ဝိရာဂ တည်းဟူသော ကိလေသာတို့မှ ကင်းခြင်း၊ ဝိရာဂသုံးပါးကို မှီသော၊ တဒင်္ဂ နိရောဓ, သမုစ္ဆေဒ နိရောဓ, ပဋိသရဏ နိရောဓ တည်းဟူသော ကိလေသ တို့၏ ချုပ်ခြင်း နိရောဓ သုံးပါးကို မှီသော၊ ကိလေသာတို့ကို ပယ်ခြင်း ပရိစ္စာဂ ဝေါသဂ္ဂ၊ နိဗ္ဗာန်ကို အာရုံပြုခြင်း ပက္ခန္ဒန ဝေါသဂ္ဂသို့ ညွတ်သော၊ ဗောဇ္ဈင်(၇)ပါးတရားတို့ကို ပွားများ အားထုတ်ခြင်းသည် **ဘာဝနာ ပဓာန**မည်၏။

၄။ ဖြစ်ပေါ် လာသော ကောင်းမြတ်သော သမာဓိ နိမိတ်အာရုံကို အစဉ်စောင့်ရှောက်၏။ အရိုးရုဟု အမှတ်ပြု၍ စိုးဖြန်းသော နိမိတ်အာရုံ, ပိုးလောက် တို့ဖြင့် ပြည့်၏ဟု အမှတ်ပြု၍ စိုးဖြန်းသော နိမိတ် အာရုံ, အညှိုအဆွေး စသည်ရောသော အကောင် ပုပ်ကဲ့ အမှတ် ပြု၍ စိုးဖြန်းသော နိမိတ် အာရုံ, အလယ်နှစ်ဆင်း ပြာသောအကောင်ပုပ်ကို အမှတ် ပြု၍ စိုးဖြန်းသော နိမိတ်အာရုံ, ဖူးဖူးဆောင်သော အကောင်ပုပ်ကို အမှတ်ပြု၍ စိုးဖြန်းသော နိမိတ်

အာရုံ ထိထိ အာရုံဘို့ကို စောင့်စည်း၏။ ဤသို့ အစည် စောင့်ရှောက် မှုကို အားထုတ် ခြင်းသည် အနုရက္ခ ပစောန မည်၏။

၁၉။ ကျွတ်လွတ်ကြောင်း ဓာတ်(၆)ပါး

အနှင်သာဒိပုတ္တရာမထေရ်သည် ထွက်မြောက် ကျွတ်လွတ်ကြောင်း ဓာတ် (၆) ပါးကို အောက်ပါ အတိုင်း ဟောပြ ထားပါသည်။ အရိယာ ဖြစ်လိုသော ပုဂ္ဂိုလ်တို့သည် ထိထွက်မြောက် ကျွတ်လွတ်မှု တို့ကို ပွါးများ အပ်၏၊ အားထုတ်အပ်၏၊ အကြိမ်များစွာ အလေ့ အလာ ပြုအပ်၏၊ အဖန်တလဲလဲ ဖြစ်စေအပ်၏၊ တည်ရာကဲ့သို့ ပြုအပ်၏။

၁။ မေတ္တာနှင့်ယှဉ်သော စိတ်၏ ကိလေသာမှ ကျွတ်လွတ်မှု မေတ္တာစေတောဝိမုတ္တိ သည့် ဗျာပါဒ၏ ကုန်ဆုံးရာပေတည်း။

၂။ ကရုဏာနှင့် ယှဉ်သော စိတ်၏ ကိလေသာမှ ကျွတ်လွတ်မှု ကရုဏာစေတောဝိမုတ္တိသည် ဝိဟိံသ၏ ကုန်ဆုံးရာပေတည်း။

၃။ မုဒိတာနှင့် ယှဉ်သောစိတ်၏ ကိလေသာမှ ကျွတ်လွတ်မှု မုဒိတာစေတောဝိမုတ္တိသည် အရတိ၏ ကုန်ဆုံးရာပေဘာည်း။

၄။ ဥပေက္ခာနှင့် ယှဉ်သော စိတ်၏ ကိလေသာမှ ကျွတ်လွတ်မှု ဥပေက္ခာစေတော ဝိမုတ္တိသည် ရာဂ၏ ကုန်ဆုံးရာပေတည်း။

၅။ အနိမိတ္တစေတောဝိမုတ္တိ သည် အလုံးစုံသော နိမိတ်တို့၏ ကုန်ဆုံးရာပေတည်း။

၆။ ငါ-ဟူသော မာနကို နှုတ်ပယ်ခြင်းသည် ယုံမှားခြင်း, သို့လော သို့လော ဝေးတောခြင်း တည်း ဟူသော ငြောင့်၏ ကုန်ဆုံးရာပေတည်း။

(ပါဒဆယျပါဠိတော် သင်္ဂီတိသုတ်)

၂၀။ ပဋိသန္ဓေတည် ပုဂ္ဂိုလ် (၄) မျိုး

၁။ **ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်။** အာကာသလဝိပါက်ဥပေက္ခာသဟဂုတ် သန္တိရဏစိတ်ဖြင့် ပဋိသန္ဓေ စွဲနေရသော ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် အပါယ်လေးဘုံ သားတို့သည် ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် မည်ကုန်၏။

၂။ **သုဂတိအဟိတ်ပုဂ္ဂိုလ်။** အဟိတ် ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တိရဏစိတ်ဖြင့် ပဋိသန္ဓေ စွဲနေရသော အချို့သောလူ, အချို့သော ဘုမ္မဇိုစ်း, စတုမဟာရာဇ် နတ်တို့သည် သုဂတိ အဟိတ် ပုဂ္ဂိုလ် မည်ကုန်၏။

၃။ **ဒွိဟေတုပုဂ္ဂိုလ်။** မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် လေးခုဖြင့် ပဋိသန္ဓေ စွဲနေရကုန်သော လူ, နတ် အပေါင်းတို့သည် ဒွိဟိတ်ပုဂ္ဂိုလ် မည်ကုန်၏။

၄။ **တိဟေတုပုဂ္ဂိုလ်။** မဟာဝိပါက် ဉာဏ သမ္ပယုတ် စိတ် လေးခု, ရူပဝိပါက် ငါးခု, အရူပဝိပါက်

လေးချ၍ တဆဲ့သုံးခုသော စိတ်ဖြင့် ပဋိသန္ဓေစွဲနေရကုန်သော လူ, နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် တိဟိတ်ပုဂ္ဂိုလ် မည်ကုန်၏။

ထို ပုဂ္ဂိုလ် လေးမျိုးတို့တွင် ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ် ပုဂ္ဂိုလ် သုံးမျိုးတို့သည် ဒါန, သီလ, သမထ, ဝိပဿနာ ကုသိုလ်မျှားကို လွန်စွာအားထုတ်ကြားသော်လည်း ပဋိသန္ဓေက ပညာ မပါသောကြောင့် ယခုဘဝ၌ မဂ်, ဖိုလ် မရထိုက်ချေ။ တိဟိတ်ပုဂ္ဂိုလ်သာလျှင် အကြွင်းအဆုံ အားထုတ်ပါမှ ယခုဘဝ၌ပင် မဂ်, ဖိုလ်ကို ရထိုက်ချေသည်။ သို့သော် ယခုဘဝတွင် ဝိပဿနာအလုပ်ကို ပွါးများ အားထုတ်ကြရာ၌ ဒွိဟိတ်, တိဟိတ်တွေးတောစဉ်းစား ဆင်ခြင်ရန် မဟုတ်ပါ။ ထိုအလုပ်ကိုသာ တကယ်အဟုတ်ပွါးများအားထုတ်ကြရမည် ဖြစ်ပါသည်။ တိဟိတ်ဖြစ်လျှင် ယခုဘဝတွင်ပင် ရဖွင့်ဂ်၍ ဒွိဟိတ်ဖြစ်ပါလျှင် ယခုဘဝတွင် မရဘဲ သေရသော်လည်း အပါယ်မကျတော့ဘဲ ဒုတိယဘဝစသည်တွင် မဂ်, ဖိုလ် ရရန် အာမခံရသော စူဠသောတာပန် အစစ်ဖြစ်မည်ကို ယုံကြည်အားထားကာ ဝိပဿနာအလုပ်ကို အထူးပွါးများအားထုတ် ကြပါလေ။

၂၁။ ပါရမီ အနုအရင့် ပုဂ္ဂိုလ် (၄)မျိုး

ပုဂ္ဂလပညတ် ပါဠိတော်၌ မြတ်စွာဘုရားက ပါရမီအနုအရင့်, ကံအနုအရင့် ကိုလိုက်၍ ပုဂ္ဂိုလ် လေးမျိုးခွဲ၍ ဟောကြားပါအံ့ကြောင်း ပြထားပါသည်။

၁။ **ဥဿဒ္ဓါဒိစတ္တာပုဂ္ဂိုလ်**=ဒေသနာအကျဉ်းကို ကြား နာရသဖြင့် ဝိပဿနာ တရားကို အားထုတ်ရသော ကာလသိမ်းခြားမရှိဘဲ မဂ်, ဖိုလ် ကို ရနိုင်သော ပုဂ္ဂိုလ်များ ဖြစ်ပါသည်။ (ဂြိဘဝများတွင် သုတမယစိန္တာမယညာဏ်များနှင့်ပြည့်စုံပြီးသော ပုဂ္ဂိုလ်ဟု နေတတ်ဦးကာတွင် ဝင်္ဂဒေရပါသည်)။

၂။ **ဝိပဉ္စိတညာပုဂ္ဂိုလ်**=အကျဉ်း အကျယ် နှစ်သွယ်သော ဒေသနာတို့ကို ကြားနာရသဖြင့် ဝိပဿနာ တရားကို အားထုတ်ရသော ကာလသိမ်းခြားမရှိဘဲ မဂ်, ဖိုလ် ရနိုင်သော ပုဂ္ဂိုလ်များဖြစ်သည်။ (ဂြိုး ဘဝများတွင် သုတမယညာဏ်နှင့် ပြည့်စုံပြီးသော ပုဂ္ဂိုလ်ဟု နေတတ်ဦးကာတွင် ဝင်္ဂဒေရပါသည်)။

၃။ **နေယျပုဂ္ဂိုလ်**=အကျဉ်းအကျယ် နှစ်သွယ်သော ဒေသနာတို့ကို အကြိမ်ကြိမ် ကြားနာရခြင်း၊ ထိုသို့ အကြိမ်ကြိမ် ကြားနာရသော ဒေသနာ အရဝိပဿနာတရား အားထုတ်ခြင်း၊ ကလျာဏမိတ္တ ဆရာကောင်းကို ရှာဖွေမှီဝဲဆည်းကပ်ခြင်း၊ ဆရာ့ ထံမှ တရား နာယူခြင်း၊ စုံစမ်း မေးမြန်းခြင်း၊ ဆရာပေးပြသည့် အဝိုင်း ဝိပဿနာတရား အားထုတ်ခြင်း၊ ဆရာ့ထံမှာ တရားအစစ်ခံခြင်း၊ အထပ်ထပ် အခါခါ မရုမနေ တရား ပွါးများအားထုတ်ခြင်း ဤသို့ အလုံးစုံသော ကိစ္စ အဝဝကို ဆန္ဒ, သတိ, ဝိရိယ, ပညာဖြင့် လေ့လာ ပွါးများ

ပြုကျင့်ပါမှ မဂ် ဖိုလ် နိဗ္ဗာန်ကို ရနိုင်သော ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

၄။ ပဒပရမပုဂ္ဂိုလ်=ထို ပုဂ္ဂိုလ်တို့သည် ဒေသနာကို အခါခါ ကြား သင်လည်း, များစွာ ဆောင် သင်လည်း, အခါခါ ပွါးများ သင်လည်း, ယခုဘဝတွင် မဂ်,ဖိုလ်, နိဗ္ဗာန်ကို မရနိုင်ကြ။ ထို ပုဂ္ဂိုလ်မျိုးသည် ယခုဘဝ၌ မဂ်, ဖိုလ်, နိဗ္ဗာန်ကို မရနိုင်ကြပါသော်လည်း သိလ, သမာဓိ, ပညာ သိက္ခာသုံးပါးကို ဖြည့်ကျင့်ကြိုးကုတ် အားထုတ်ကြပါမူ နောင်ဘဝ၌ မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရနိုင်ကြပါသည်။

အင်္ဂုတ္တိရပါဠိတော်၌ ဤစကား၌။ ဒိပ ကျွန်းသူကျွန်းသားတို့သည် အရင့်အမာ တိဟိတ်ပုဂ္ဂိုလ် များပြားကြသည်ဟု ထွေရပါသဖြင့် ယခုဘဝ၌ပင် မဂ်,ဖိုလ်,နိဗ္ဗာန် ရနိုင်သော ပုဂ္ဂိုလ်ဘဲဟု အားတက်ခါ မရမနေ ကျင့်ကြံ အားထုတ် တကယ်တမ်း အလုပ် လုပ်ကြပါ။

ယခုအခါတွင် ဥဿုဂိုဒိုတည် ပုဂ္ဂိုလ်နှင့် ဝိပဿီတည် ပုဂ္ဂိုလ်များ မရှိကြတော့ဘဲ နေယျပုဂ္ဂိုလ် နှင့် ပဒပရမ ပုဂ္ဂိုလ်များသာ ဖြစ်ကြောင်းကို ကျေးဇူးရှင် လယ်တီ ဆရာတော်ကြီးက ဗောဓိပက္ခိယဒီပနီ စာမျက်နှာ(၁၇) တွင် ပေါပြထားသဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန် ရကြောင်း တရားများကို တကယ်တမ်း အားထုတ် ကြရပါမည်။ ဒီမိုကို ရှေးရှေး ဘဝများစွာက ဖြည့်ဆည်းခဲ့သောပါရမီ

အနုအရင့် အားလျော်စွာ အနှေးနှင့် အမြန် အမှန်မလွဲ ရပါမည်။ အထူးကြိုးစား အားထုတ်ကြပါလေ။

၂၂။ ပညာ အနုအရင့် ပုဂ္ဂိုလ်(၄)မျိုးတို့နှင့် ဥပက္ကိလေသ

ဝိပဿနာကို ပွါးများ အားထုတ်၍ အရိယာစစ် ဖြစ်လိုသူ ပုဂ္ဂိုလ်များကို ပညာ အနုအရင့်အားဖြင့် ပဋိသန္ဓိဒါမဂ် ပါဠိတော်၌ (၄)မျိုး ခွဲခြားပြထားပါ၏။

(၁) ပညာ နုံသော အပ္ပဿုတ မန္ဒပုဂ္ဂိုလ်။
(၂) ပညာ အလယ်အလတ်ရှိသော မဇ္ဈိမပုဂ္ဂိုလ်။
(၃) ပညာ ထက်မြက်သော တိက္ခပုဂ္ဂိုလ်။
(၄) ပညာ အလွန်ထက်မြက်သောအတိတိက္ခပုဂ္ဂိုလ်။

အပ္ပဿုတ မန္ဒပုဂ္ဂိုလ်။ ဤပညာနုံသော ပုဂ္ဂိုလ်မျိုးသည် အလင်းရောင်ဩဘာသစသော ဆယ်ပါးသော ဥပက္ကိလေသ ဝတ္ထုတို့ကို အကြောင်းပြု၍ ဝိပဿနာ ညစ်နွမ်းမှု တဏှာ မာန ဒိဋ္ဌိတို့ဖြင့် စွန်းငြိပုပန်စေလျက် ပျက်စီးသော ဝိပဿနာ ရှိနေတတ်၏။ တဏှာ မာန ဒိဋ္ဌိဖြစ်ပုံမှာ "ငါ၏ဝိပဿနာသည်မြတ်နိုးဘွယ်ကောင်း၏။ ငါသည် မြတ်နိုးဘွယ်သော ဝိပဿနာကို ရရှိ၏။ ဤဝိပဿနာသည် ငါ၏ ဝိပဿနာပင်တည်း" စသည်ဖြင့် တဏှာ မာန ဒိဋ္ဌိတွေ ဖြစ်ပေါ်လာတော့၏။ ဝိဇ္ဇာဒိဋ္ဌိ အယူသို့ ရောက်တတ်ကုန်၏။

မဇ္ဈိမ ပုဂ္ဂိုလ်။ ဤ ပညာအလယ်အလတ် ရှိသော ပုဂ္ဂိုလ်မျိုးသည် အထက်ဖော်ပြပါ ပညာနှံ့သော ပုဂ္ဂိုလ်မျိုးကဲ့သို့ ထိုထို မိန္ဒာဒိဋ္ဌိအယူသို့ တိုင်အောင် ရောက်ခြင်း မရှိသော်လည်း အရောင်အလင်း သြဘာသ စသော ဥပက္ကိလေသ ဆယ်ပါးတို့ဖြင့် ပျော်ပါးမွေ့လျော်လျက် အရိယာစစ် မဂ်, ဖိုလ် အထိ ရောက်ရန် ကြိုးစားအား ထုတ် ကျင့်ကြံခြင်းငှါ မစွမ်းနိုင်ကြပါဘုန်။ ဤ အယူ အဓိမာနရှိသော ဝေနေယျတို့ကို မဂ်, ဖိုလ် ဟူ အထင်ကြီးလျက် ဝိပဿနာလမ်းမှ မထွက်တဲ့ ပျံ့လွင့်နေဟတ်၏။ သို့သော် တဏှာ မာန ဒိဋ္ဌိတို့ကြောင့်ကား မည်စွန်မမ်း မပျက်စီး။ နောင်သော အခါ ထို အထင်ကြီးခြင်းကို ပယ်ခွါလျက် ဝိပဿနာကို အားထုတ်သဖြင့် မဆုတ်ယုတ်မှု၍ မဂ်, ဖိုလ် တိုင် ရောက်နိုင်ကြပါသည်။

အဝိတိဏ္ဏ ပုဂ္ဂိုလ်။ ဤ အလွန်ပညာ ထက်မြက်သော ပုဂ္ဂိုလ်တို့သည် ထို အရောင်အလင်း သြဘာသ စသော ဥပက္ကိလေသဆယ်ပါးတို့ကို ဇွေဖျင်မှလည်းဖွေ့ မည်။ အကယ်၍ ဇွေကြစေကာမူ ထိုဥပက္ကိလေသတို့

ကြောင့်လည်း မညစ်နွမ်း၊ အထင်ကြီးခြင်းဖြင့်လည်း မပျံလွှင့်၊ ဝိပဿနာလမ်းမှလည်း မလျောက်ပျက်၍ တည်တံ့လျက်ပင် မဂ်, ဖိုလ်တိုင် ရောက်နိုင်ကြပါ၏။

သို့ပါ၍ အရိယာဖြစ်လိုသူ ပုဂ္ဂိုလ်တို့သည် အလွန်ပညာထက်မြက်သော အတိတိက္ခပုဂ္ဂိုလ်တို့ကဲ့သို့ ဥပက္ကိလေသ ဆယ်ပါး၏ ရန်ကို အမြန်ဆုံးကျော်နင်း၍ မဂ်, ဖိုလ်, နိဗ္ဗာန် ရောက်ရန် အထူးကြိုးစား အားထုတ်ကြပါကုန်။

၂၃။ ဆ-အစ္ဆရာသယ၊ အရိယာဖြစ်လိုသူများ လွန်စွာ အလို ရှိအပ်သော အကြောင်း (၆) ပါး

သုတ္တန်ပါတ်ပါဠိတော်
စိသုဒ္ဓိမဂ်အဋ္ဌကထာ

အရိယာ ဖြစ်လိုသူများ အတွက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြစ်ပေါ်ရင့်သန် ကြီးထွား လာစေခြင်းအကျိုးငှါ အောက်ဖော်ပြပါ အကြောင်း (၆) ပါးတို့ကို လွန်မင်းစွာ အလိုရှိအပ်ပါသည်။ အလိုရှိကြပါ။ ပြည့်စုံအောင်လည်း ကျင့်ကြံ ပွါးများကြပါကုန်။

၁။ လောဘဒုစ္စရိုက် အပြစ်တွေ့ ထင်မြင်၍ ထို လောဘကင်း ခြင်းကို လွန်စွာ လိုလားရမည် ဖြစ်ပါ၏ကြောင်း။

၂။ ဒေါသဒုစ္စရိုက် အပြစ်တွေ့ထင်မြင်၍ ထိုဒေါသကင်းခြင်းကို လွန်စွာ လိုလားရမည် ဖြစ်ပါ၏ကြောင်း။

၃။ မောဟာဒ္ဒ အပြစ်တွေ့ ထင်မြင်၍ ထိုမောဟာကင်း ခြင်းကို လွန်စွာလိုလားရမည် ဖြစ်ပါကြောင်း။

၄။ အိမထောင် သားမွေး လူဖျိုဘောင်ခွဲ အပြစ်တွေ့ ထင်မြင်၍ ထိုလူဖျိုဘောင်မှ ခွါရှောင်ထွက်မြောက် ခြင်းကို လွန်စွာလိုလားရမည် ဖြစ်ပါကြောင်း။

၅။ မိတ်ဆွေ သားချင်း အပေါင်းအသင်းခွဲ အပြစ်တွေ့ ထင်မြင်၍ထိုမိတ်ဆွေ သားချင်း အပေါင်းအသင်း တို့မှ ကင်းဝေးရာ တကိုယ်ထည်း ဆိတ်ဆိတ် နေသော ကာယဝိဝေက၊ နိဝရဏနှင့် ကင်း၍ စိတ် ဆိတ်ဆိတ်နေသော စိတ္တဝိဝေက၊ ရုပ်, နာမ် ခန္ဓာ အာရုံနှင့်ကင်း၍ နိဗ္ဗာန်အာရုံဖြင့် ဆိတ်ဆိတ် နေသော ဥပဓိဝိဝေက- ၅၏ ဝိဝေက သုံးပါးကို လွန်စွာလိုလား ရမည်ဖြစ်ပါကြောင်း။

၆။ ဘုံ(၃၁)တွင် ပဋိသန္ဓေနေရခြင်းခွဲ အပြစ်တွေ့ ထင်မြင်၍ ထိုပဋိသန္ဓေ မနေရသော သံသရာဝဋ် ဒုက္ခမှ လွတ်မြောက်ခြင်းကို လွန်စွာ လိုလား ရမည် ဖြစ်ပါကြောင်း။

၂၄။ သဒ္ဓါ (၄) မျိုး

အောက်ပါ သဒ္ဓါ (၄) မျိုးအနက် သြကပ္ပန သဒ္ဓါမျိုး နှင့် ပြည့်စုံမှသာလျှင် ယခုဘဝမှာ အရိယာဖြစ်နိုင်ခွင့် ရှိပါသည်။

(၁) **ပသာဒသဒ္ဓါ**။ ။ကြည်ညိုစွယ် အာရုံဝတ္ထု၊ တရားကိုဖြင့်ရာ, ကြားရ, တွေ့ရ သောအခါ၌စည်းစား

ဆင်ခြင်ခြင်းမရှိဘဲ ဖြစ်ပေါ်လာသော ယုံကြည်မှု,ကြည်ညိုမှု,ကြည်လင်မှု သဒ္ဒါမျိုးသည် ပသာဒ သဒ္ဒါမည်၏။ ဖြစ်လွယ် ပျက်လွယ်သော သဒ္ဒါမျိုးပင်တည်း။

(၂) **သြကပ္ပနသဒ္ဒါ။** ။ကြည်ညိုဘွယ်အာရုံဝတ္ထု၊ တို့ကို မြင်ရ,ကြားရ, တွေ့ရသော အခါ၌ကြည်ညို ထိုက်သော အကြောင်းဂုဏ်တို့ကို စူးစမ်း ဆင်ခြင်၍သက်ဝင်ယုံကြည်သောသဒ္ဒါမျိုးသည် သြကပ္ပန သဒ္ဒါမည်၏။ ယသုအခါ ဖြတ်စွာဘုရား သာသနာတော်တွင်း၌ နည်းမှန် လမ်းမှန်ဖြင့် ကျင့်ကြံအားထုတ်လျှင် မင်, ဖိုလ်ကို ရနိုင်သေး သည်ဟု ယုံကြည်မှုသည်လည်း ၌ သြကပ္ပန သဒ္ဒါ၌ အကျုံးဝင်လေသည်။

(၃) **အာဂမသဒ္ဒါ။** ။နိယတ ဗျာဒိတ်ပန်းကို ဆင်ဖြန်းတော် မူကြပြီးသော အလောင်းတော်ကြီး တို့သာလျှင် ရသော သဒ္ဒါမျိုးဖြစ်ပါသည်။

(၄) **အဓိဂမသဒ္ဒါ။** ။ အရိယာ တို့သာလျှင် ရကြသော သဒ္ဒါမျိုးဖြစ်၍ ဘယ်သူမျက်မျက် မပျက်နိုင်သော သဒ္ဒါမျိုး ဖြစ်ပါသည်။ အရိယာမင်္ဂဖြင့် ပြီးသောကြောင့် ၌ သဒ္ဒါကို **အဓိဂမသဒ္ဒါ** ဟူ၍လည်း ခေါ်ပါသည်။ ၎င်း သဒ္ဒါသည် အတိဒုလ္လဘဟု ဆိုထိုက်သော သဒ္ဒါမျိုး ပေတည်း။

၂၅။ ဟိရိ သြတ္တပ္ပ အဓိယာဖြစ်ရန် အခြေခံ သောတာပန်, သကဒါဂါမိ စသော အရိယာပုဂ္ဂိုလ် အဖြစ်သို့ ရောက်ခြင်း၏ အကြောင်းရင်း အခြေခံသည် ဟိရိ,သြတ္တပ္ပ တရားပင်ဖြစ်ကြောင်းကို အဋ္ဌကထာရိပါဠိတော် (သင်္ဂဟ)၌ အောက်ပါအတိုင်း ဟောပြထားသဖြင့် ဟိရိ သြတ္တပ္ပ တရားနှင့် ပြည့်စုံကြပါစေ။

၁။ ဟိရိသြတ္တပ္ပမရှိလျှင် ထိုသူအား ကုန်ဆုံယသံဝရ မတည့်တုံ့နိုင်ပါ။

၂။ ကုန်ဆုံယသံဝရ ; မရှိသေးသူအား သီလ သိက္ခာ မတည့်တုံ့နိုင်ပါ။

၃။ သီလမရှိသေးသူအား သမာဓိသည် မတည့်တုံ့နိုင်ပါ။

၄။ သမာဓိ မရှိသေးသူအား ဂျပ်,နာမ်,ခန္ဓာတရားတို့ကို ဟုတ်မှန်စွာသိတတ်သော ယထာဘူတညာဏ် အဖြင် မရှိနိုင်ပါ။

၅။ ယထာဘူတညာဏ် အဖြင် မရှိသော သူအား ဂျပ်,နာမ်,ခန္ဓာ,သင်္ခါရ တရားတို့၌ ငြီးငွေ့သော နိဗ္ဗိဒါညာဏ် မရှိနိုင်ပါ။

၆။ နိဗ္ဗိဒါညာဏ် မရှိသေးသူအား မဂ်ညာဏ်, ဖိုလ်ညာဏ်ဟု ဆိုအပ်သော ဝိမုတ္တိညာဏ် မရှိနိုင်ပါ။

သို့ပါ၍ မဂ်ညာဏ်, ဖိုလ်ညာဏ်ဟုဆိုအပ်သောဝိမုတ္တိညာဏ်နှင့် ပြည့်စုံကြပါစေရန် အကြောင်းရင်း အခြေခံဖြစ်သော ဟိရိ သြတ္တပ္ပ တရားနှင့် ပြည့်စုံကြပါစေ။

၂၆။ မရသေးသော မဂ်ကို ရကြောင်း

ရပြီးသော မဂ်ကို ပွါးများကြောင်း တရား(၈)ပါး

အဓိယာဖြစ်လိုသော ပုဂ္ဂိုလ်တို့သည် အောက်ပေါ်ပြ ပါ တရား (၈) ပါးနှင့် ပြည့်စုံပါလျှင် အဓိယာဖြစ်နိုင် ကြောင်း အင်္ဂုတ္တိုရ် ပါဠိတော်၌ ဝင်္ဂီသရပါသောကြောင့် ထိုတရားများနှင့် ပြည့်စုံအောင် အားထုတ်ကြပါကုန်။

၁။ မြတ်စွာဘုရားကိုဖြစ်စေ, သူတော်ကောင်း တရား နှင့် ပြည့်စုံသည်ဖြစ်၍ အလေးပြုလောက်သော ပုဂ္ဂိုလ်ကိုဖြစ်စေ မှီဝဲဆည်းကပ်၍နေခြင်း။

၂။ ဂုဏ်မှီရာပုဂ္ဂိုလ်ကို ကပ်၍ သံသယ ကုန်ကြေးစွက်ကို မေးလျှောက်ခြင်း။

၃။ ဆိတ်ငြိမ်ရာ အရပ်ဆီကပ်၍ သူတော်ကောင်း တရားကို ပွါးများအားထုတ်ခြင်း။

၄။ သိလသိက္ခာကို ဂရုသေလေးစားခြင်း။

၅။ အပြစ် မရှိသော အကြောင်း အမြဲ ဖ[illegible]

များခြင်း။

၆။ သူတော်ကောင်း ကရား[illegible] ဆည်းကပ် သော ဗဟုသုတရှိခြင်း၊

၇။ သူတော်ကောင်းတရား[illegible] သော သဘောရှိခြင်း၊

၈။ ဥပါဒါနက္ခန္ဓာ [illegible] အမြဲတဲ့ အမှတ်ရှိ ရှုခြင်း။

၂၇။ အသက်အရွယ်အားဖြင့် သိရှိရန်

လူတို့၏ သက်တမ်းသည် ယခုအခါ အနှစ်(၁၀၀) ဟု ဆိုကြပါသဖြင့် ၎င်းအနှစ် (၁၀၀) ကို အောက်ပါအတိုင်း အရွယ်(၁၀)ပါး အရွယ်(၃)ပါးဟု ပိုင်းခြားထားပါသည်။

အရွယ်(၁၀)ပါး

၁။ မန္ဒဒသက=ဆယ်နှစ်တွင်း အသိအလိမ္မာ နည်းသော အရွယ်။

၂။ ဝိန္ဒုဒသက=နှစ်ဆယ်တွင်း အပျော် အပြုံး များသော အရွယ်။

၃။ ဝဏ္ဏဒသက=သုံးဆယ်တွင်း အဆင်း ကောင်းသော အရွယ်။

၄။ ဗလဒသက=လေးဆယ်တွင်း ခွန်အား ကောင်းသော အရွယ်။

၅။ ပညာဒသက=ငါးဆယ်တွင်း ပညာဉာဏ် အားသန်သော အရွယ်။

၆။ ဟာနိဒသက=ခြောက်ဆယ်တွင်း အလုံးစုံ ဆုတ်ယုတ်သော အရွယ်။

၇။ ပဗ္ဘာရ ဒသက=ခုနှစ်ဆယ်တွင်း ကိုင်းသော အရွယ်။

၈။ ဝင်္ကဒသက=ရှစ်ဆယ်တွင်း ကုန်းသောအရွယ်။

၉။ မောမှုဟ ဒဿက- ကိုးဆယ်တွင်း တွေဝေခြင်း များသော အဋ္ဌယ်။
၁၀။ သယနဒဿက-ကိုးဆယ်ကျော် အိပ်ရာ၌ လျောင်း စက်ခြင်း များသောအဋ္ဌယ်။

အဋ္ဌယ် (၃) ပါး

၁။ (၃၃) နှစ်တွင်း ပဌမ အဋ္ဌယ်။
၂။ (၆၆) နှစ်တွင်း ဒုတိယ အဋ္ဌယ်။
၃။ (၉၉) နှစ်တွင်း တတိယ အဋ္ဌယ်။

အသက်အဋ္ဌယ်အား ဖြင့် မြတ်စွာဘုရား သတိပေးဆုံး မခဲ့သော အောက်တွင်ဖော်ပြပါ အချက်ကို သတိရှိကြပါ။

မဟာဓန သူဌေးသားသည် အဋ္ဌယ်ရှိစဉ် အခါ၌ ကာမဂုဏ်အရိက် အလိုက်အစား ကြူးချိုနေ၏။ အဋ္ဌယ် ကြီးရင့်သောအခါ၌ အားနွန်နည်း၍ ကိုယ်လက်လေးလံ စိတ်မကြည်လင်ဘဲ ရှိနေ၏။ သံသရာ ဝဋ်ဆင်းရဲမှ ကျွတ် လွတ်မှုမှာ ဝေးဖွ, ဘုရား တရား သံဃာ ရတနာသုံးပါး ဆက်ဆံခွင့်ကိုပင် မရခဲ့ပေ။ ထိုအခါ မြတ်စွာဘုရားက-သူဌေးသားကို မြင်တော်မူ၍ ညီတော်အာနန္ဒာကို ဤသို့ မိန့်တော်မူ၏။ "အာနန္ဒာ- ဤ သူဌေးသားသည် ပဌမ အဋ္ဌယ် ငယ်စဉ်အခါ၌ ငါဘုရား၏ သာသနာမှာ ရဟန်း ပြုပါမူကား ရဟန္တာဖြစ်၍ ယခုဘဝပင် ပရိနိဗ္ဗာန်စံရ လတ္တံ့။ ထိုသို့မဟုတ် ဒုတိယ အဋ္ဌယ်၌ ငါဘုရား၏ သာသနာမှာ ရဟန်းပြုပါမူကားအနာဂါမ်ဖြစ်၍သေလွန်လျှင်

သဒ္ဓါဝါသ ဖြာပဋ္ဌာဘုံမှာ ပရိနိဗ္ဗာန် စံရလတ္တံ့။ သို့မဟုတ် တတိယ အရွယ် ရောက်စဒ္ဓ ငါဘုရား၏ သာသနာမှာ ရဟန်း ပြုပါမူကား သကဒါဂါမ် အဖြစ် သို့ရောက်၍ အပါယ် သံသရာမှ အစည်ထာဝရ လွတ်ငြိမ်းလေအံ့"။

အဇကပါဖြတ်စွာဘုရား၏ ဒိန္နကြားချက်အရ-ပစ္ဆိမ ဘဝိက ရဟန္တာ ဖြစ်ထိုက်သူ ထို သူဌေးသားသည် ဘုရားသာသနာနှင့် ဝေးလျက်ပင် ကိုယ်တွင်းကိလေသာ သောင်းကျန်းမှု - လွန်ကြူးမိသည့် အတွက် ကျွတ်ခွင့် ကျတ်လမ်း ကွာသွမ်းသွားရသည့် ထုံးကို နှလုံးသွင်း၍ ယခုအခါ ဘုရားသာသနာတော်တွင်းမှာ တမဂ်, တဖိုလ် ရလိုသူအပေါင်းတို့သည် ပြင်းပြသောဆန္ဒ,အားကြိုးသော် လုံ့လ ဝိရိယ တို့ဖြင့် ဆရာကောင်းကို မှီဝဲ ဆည်းကပ် ပြီးလျှင် မရမနေ-ကျင့်ကြံ အားထုတ်ကြပါကုန်။ ငယ်ရွယ်သူများ တမဂ်, တဖိုလ်တော့ လွယ်လွယ်နှင့် ရနိုင်ပါသဖြင့် အချိန်ရှိခိုက် ကြိုးစား ကျင့်ကြံကြပါ။ လူလတ် ပိုင်းကလည်း အချိန်များများ မကျန်တော့၍ ပိုရဂြိုးစား ကြရပါမည်။ လူကြီးပိုင်းကတော့ နေ့ရော ညပါ မနား မနေ အထူးကြိုးစားကြပါ။ ယခု ဘဝမှာ မရစေကာမူ နောင် ဒုတိယ ဘဝစသည်တွင် ရမည်ကား မလွဲပါ။

၂၈။ အစိမောက္ခ သဒ္ဓါ

အရိယာ ဖြစ်လိုသော ပုဂ္ဂိုလ်တို့သည် ပိပိတို့၏ သန္တာန်၌ ဘုရား, တရား, သံဃာ ရတနာ ၃-ပါးအပေါ်၌ အလွန်ထူးကဲ ထက်မြက်ယုံကြည် လေးစားသော သဒ္ဓါ

တရားအားဂိမ္ဘ ဖြစ်နိုင်ကြောင်းကို ပဥ္စကနိပါတ်အင်္ဂုတ္တိုရ်
ပါဠိတော်၌ မြတ်စွာဘုရားဂျင် မိန့်မှာထားပါသည်။

သဒ္ဓါ အား, သတိ အား, ဝိရိယ အား, သမာဓိ အား, ပညာအား ဟူ၍ အား ငါးပါးရှိရာ၊ သောတာပန် အရိယာဖြစ်လိုသော ပုဂ္ဂိုလ်တို့သည် သောတာပန် ဖြစ်ကြောင်း အင်္ဂါ ၄-ပါးတို့ကို အားတုတ်ရာ၌ သဒ္ဓါအား ကို အကြီးအမှူးထားအပ်ကြောင်း အောက်ပါ ပါဠိတော် ဖြင့် ဟောပြထားပါ၏။

ကတ္ထစ ဘိက္ခဝေ သဒ္ဓါဗလံ ဒဠ္ဟံ၊ စတ္ထသု သောတာ
ပတ္တိယင်္ဂေသု ဇဏ္ဍေ သဒ္ဓါဗလံ ဒဠ္ဟံ။

အဓိပ္ပါယ်ကား။ ။ရဟန်းတို့ အဘယ်အရာ၌ သာ
လျှင် သဒ္ဓါအားကို မှတ်သား အပ်သနည်း။ လေးပါးကုန်
သော သောတာပန် ဖြစ်ကြောင်း အင်္ဂါတို့၌ ဤအား
ငါးပါးတို့တွင် သဒ္ဓါတည်းဟူသော အားကို မှတ်အပ်၏။

ထိုင်း အဋ္ဌကထာ၌လည်း သောတာပန် ဖြစ်ကြောင်း
အင်္ဂါ ၄-ပါး အားထုတ်ရာ၌ သဒ္ဓါအားသာလျှင် အကြီး
အမှူးဖြစ်ကြောင်း ဧရာဆောင်ဖြစ်ကြောင်း၊ ကြွင်းသော
သတိ, ဝိရိယ, သမာဓိ, ပညာ အားတို့သည် ထို သဒ္ဓါ
အား၏ နောက်သို့ အစဉ် လိုက်ကြကုန်၏ ဟု ဘွင့်ပြ
ထားပါသည်။

သို့ပါ၍ ထက်မြက်ထူးကဲ ယုံကြည် လေးစားသော
သဒ္ဓါတရား ဖြစ်ပေါ်လာရန် ကြိုးစား အားထုတ်ကြပါ

လေ။ ဤနေရာတွင် သဒ္ဓါကိုပင် ရှေ့ဆောင် ထားသော်လည်း သဒ္ဓါနှင့် ပညာ အညီအညွတ် မျှတမှ သာလျှင် အရိယာ အလုပ်စခန်းတွင် ပေါက်ရောက် အောင်မြင်မည် ကို သတိ ရှိတော်မူကြပါကုန်။

၂၉။ ရင့်ကျက်သော ပါရမီ ရှိရပါမည်

ပုဗ္ဗ ဗုဒ္ဓေသု ကတာဓိကာရော - စသည် ဖြင့်ဂုဏ်။ သစေဟိ သော ပုဗ္ဗေ မဒ္ဒိတ သဒ်ါရော ဟောတိ ဘာဝိတ ဘာဝနော- စသည်ဖြင့်ဂုဏ်။ ကျမ်းဂန် ယုတ္တိ သာဓက ရှိသောကြောင့် ရှေးရှေးက ပွင့်တော်မူသော သာသနာ တော်၌ ဝိပဿနာ ကမ္မဋ္ဌာန်းကို ပွါးများ အားထုတ်ခဲ့ ဘူးသော ပါရမီဓာတ်ခံ ရင့်သံသော ဉာဏ်ပညာ ရှိသူ မှသာလျှင် ယခုဘဝ၌ မဂ်, ဖိုလ် ရနိုင်ပါသည်။ ယခု ခေတ် ဗုဒ္ဓသာသနာ ထွန်းလင်းရာ မြန်မာပြည်တွင် လူ ဖြစ်သဖြင့် ဗုဒ္ဓဘာသာကို ယုံကြည်လေးစား အားကိုး အားထားသော ပုဂ္ဂိုလ်များ၏ ပါရမီဓာတ်ခံ ရင့်သန် ကြမည်ကိုကား ယုံမှားစရာ မရှိပါ။ ဗုဒ္ဓဘာသာဝင်တိုင်း တို့သည် ပါရမီ ရင့်ကျက်သည့် အနေဖြင့် ယခုဘဝတွင် တစ်ဂဂ်, တစ်ဖိုလ်ကို မရမနေ ကြိုးစားအားထုတ် ကြရပါ မည်။ ထိုသို့ အား မထုတ်ခဲ့ကြပါလျှင် ပါရမီ နှုံသွမျှား အတွက် ပါရမီရင့်ကျက်ခွင့် မရနိုင်ပါ။ ပါရမီရင့်ကျက် သွမျှား အတိုလည်း မဟာနေ သူငြေးသားကဲ့သို့ တမဂ်, တဖိုလ်သော်မှ အရမယူနိုင်ကြသွမျှား ဖြစ်နေကြပေလိမ့် မည်။ သို့ပါ၍ အားထုတ်ကြပါ၊ ပါရမီ ရင့်ကျက်လျှင်

ယခုဘဝတွင် တမဂ်, တဖိုလ် ရွှင့်ရှိပါသည်။ ပါရမီ မရင့်ကျက်လျှင် ပါရမီ ရင့်ကျက်လာကာ ဒုတိယ ဘဝ တတိယဘဝ စသည်တွင် အာရိယာစစ် ဖြစ်ကြမည် မဟု ဇကေန ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် ဝိဘင်း အဋ္ဌကထာ များ၌ ပြထားပါသည်။ ဒီဟိတ် ပုဂ္ဂိုလ် ဖြစ်လျှင် အား ထုတ်ပါက တိဟိတ် ပုဂ္ဂိုလ်ဖြစ်ပါသည်။

အရှင်ဒဗ္ဗဆေရ အလောင်းနှင့် တကွ အခြား ရဟန်း ၆-ပါးတို့သည် ကဿပဖြတ်စွာဘုရား၏သာသနာတော် ကွယ်လွန်း အခါမှာ သံဃဂဖြစ်၍ တောင်ပေါ်သို့ လှေခါး ဖြင့် ထောင်တက်ပြီး "ရဟန္တာ မဖြစ်လျှင် မဆင်းတော့ ဘူး" ဟု လှေခါးကိုကန်ချကာ တရား အားထုတ်ကြရာ တပါးသာလျှင် ရဟန္တာဖြစ်၍ တပါးက အနာဂါမ် ဖြစ် သည်။ကျန်၄ါးပါးတို့ သေဆုံးသောအခါ ပုဂ္ဂိုလ် ရင့်ကျက် မှုနှင့် ရလာကြသဖြင့် ဂေါတမ ဖြတ်စွာဘုရား လက်ထက် ရောက်သောအခါမှာ ရဟန္တာ ဖြစ်ကြကုန်၏။ ထိုတွင် အရှင်ဒဗ္ဗမှာ ခုနစ်နှစ်သား အရွယ်တွင် အလွယ်တကူနှင့် ရဟန္တာဖြစ်လေသည်။ တဦးမှာ ဒါရုစီရိယပရိဗိုဇ်ဖြစ်၍ မြတ်စွာဘုရား ထံမှ တရားတပိုဒ် ကြားနာရရုံဖြင့် ရဟန္တာ ဖြစ်လေသည်။ ထို့ကြောင့် ဂရုး အခါက များများ အားထုတ်လျှင် ယခု ဘဝ၌ လွယ်လွယ်နှင့် အရိယာ ဖြစ်နိုင်သည်။ ဂရုးဘဝက နည်းနည်းအားထုတ် ဘူးလျှင် ယခုဘဝ များများ ကြိုးစားအားထုတ်မှ အရိယာ ဖြစ်နိုင်သည်။

ပါရဓိခံ နည်းဖြင့် ခက်ခက်ခဲခဲ တရား အားထုတ်ရပုံ

ဝိဒူကတ်သုံးပုံ နှုတ်ငုံဆောင်၍ စာချသဖြင့် တပည့်ပေါင်း သုံးသောင်း ရဟန္တာ ဖြစ်သော်လည်း ပုထုဇန် ဖြစ်လျက်နေသော မဟာသိဝထေရ်သည် "သုံးရက်နှင့် ရဟန္တာ ဖြစ်စေမည်" ဟုကြံ၍ အားထုတ်ရာ သုံးလနှင့်လည်းမဖြစ်၊ သုံးနှစ်နှင့်လည်း မဖြစ်၊ အနှစ်သုံးဆယ် ကြာအောင် မအိပ်ဘဲ ပင်ပန်း ခံကာ အားထုတ်ပါမှ ရဟန္တာ ဖြစ်ရသည်။

(သုတ်မဟာဝါ အဋ္ဌကထာ သက္ကပဉ္ဇဒသုတ်)

ဗုဿဓေထေရ်လည်း ပဝါရဏာပြုတိုင်း မျက်ရည် ကျရ၍ နှစ်ပေါင်းနှစ်ဆယ်အားထုတ်ကျင့်ကြိမ် ရဟန္တာ ဖြစ်ရသည်။

(သတ်မဋ္ဌာနသုတ် အဗှင့် အဋ္ဌကထာ)

စက္ခုပါလ မထေရ်သည့် ပိပိဇ၏ အသက်ကို မငဲ့ကွက်ဘဲ အပင်အပန်းကြီးစွာ ခံ၍ အားထုတ်ရာ နောက်ဆုံး မျက်စိကွယ်ပြီး စက္ခု နှစ်ကွင်း အသင်းမရသည့် အခါ ကျမှ ရဟန္တာ ဖြစ်ရ၏။

အဂ္ဂဒန္တရုဒ္ဓါ, အဂ္ဂကိမိလ, အဂ္ဂနန္ဒိယ တောထဲ လူဝင် ခြင်ကိုက် ဖြုတ်ကိုက် ဆင်းရဲပင်ပန်းစွာ ကျင့်ဖြီး ရဟန္တာများ ဖြစ်ကြရ၊ံကိုလည်း တွေ့ရပါသည်။

ပါရမီနှင့် ကျက်၍ တရားတော်တပုဒ် တပါဒ ကြား နာရုံမျှ ငါး တရားတည့် ကြားနာရ၍ငြင်း၊ သောဘာပန်,

သကဒါဂါမိ, အနာဂါမိ,ရဟန္တာ ဖြစ်ကြရသော ပုဂ္ဂိုလ် များလည်း မရေမတွက်နိုင်အောင် များပြားသွပါ၏။

သို့ပါ၍ ဗိမိတို့ ပါရမီခံ ရင့်ကျက်လျှင်လည်း လွယ်လင့်တကူ မပင်မပန်း အရိယာ ဖြစ်ကြရပါမည်။ အကယ်၍ ပါရမီ မရင့်ကျက်၍ ခက်ခက်ခဲခဲ ဂိုဏေပြန်လျှင် ဂေါ်းသူတော်ကောင်းများ အပင်အပန်းခံကာ ကျင့်ကြံကြပုံကို နမူနာထားကာ အားယူ၍ ကြိုးစား ကျင့်ကြံကြပါလေ။

"အသွေး,အသားခန်းခြောက်ပေစေ၊အရိုး,အကြော,အရေ ကြွင်းပေစေ၊ အသက်သေပေစေ၊ မရလျှင်မနေ" ဟူသော အလွန် ပြင်းပြသော ဆန္ဒ ဂိုကြရမည်ကိုလည်း သိကြပါလေ။

၃၀။ သမ္မတ္တိစက် (၄) ပါး

ဂေါ်းဂေါ်းသော ဘဝများက ပါရမီ ကုသိုလ်ကံပင် ဂိုကြသော်လည်း အောက်ဖော်ပြပါ သမ္မတ္တိစက် ၄-ပါး ပြည့်စုံပါမှ ထိုပါရမီ ကုသိုလ်ကံတို့ အကျိုးပေးနှင့် ရကြသည်ကို သတိပြုကြပါ။

၁။ ဂတိသမ္မတ္တိ- လူ့ဘဝ, နှံတ်ဘဝ ဟူသော ဂတိကောင်းနှင့် ပြည့်စုံခြင်း တပါး။

၂။ ကာလသမ္မတ္တိ- မင်းနှင့် တကွ လူတို့ တရား စောင့်ကြ၍ ညီညွတ်ကြသဖြင့် ကာလကောင်း နှင့် ပြည့်စုံခြင်း တပါး။

၃။ ပယောဂသမ္မတ္တိ- ကောင်းသောလုံ့လ,ကောင်း သော ဝိရိယနှင့် ပြည့်စုံခြင်း တပါး။

၄။ **ဥပစိသမ္ပဒ္ဓိ**- ရှင်ဆင်း သဏ္ဌာန် ပုံပန်း နှင့် တကွ လှပ ချောမောသော ကိုယ် လက် အင်္ဂါ နှင့် ပြည့်စုံခြင်း တပါး။

ယခုအခါမှာ သမ္ပတ္တိလေးပါး ကြုံသော လူ့ ဘဝ-ဘုရား သာသနာတော် အတွင်းမှာ နေကြရ ပါလျက် အတွင်းသမ္မာ ပဏိဓိ-ပယောဂသမ္ပတ္တိ လိုနေသောကြောင့် သာလျှင် တမဂ်, တဖိုလ် မရကြသည်ကို သတိ ပြုကြပါလေ။

အတ္တသမ္မာ ပဏိဓိ ဆိုသည်မှာ-ကောင်းမှု,မကောင်းမှုကို အမှန်သိ၍ မကောင်းမှုကို ပယ်ပြီးလျှင် ကောင်းမှုကို လိုလားသော ဆန္ဒနှင့် တကွ၊ ၎င်းကောင်းမှုကို ပြီးစီးစေနိုင်သော ဉာဏ်နှင့် ယှဉ်သော ဝိရိယပင် ဖြစ်ပါသည်။ **ပယောဂ သမ္ပတ္တိ** ဆိုသည်မှာလည်း အပေါ့, အဖျင်း, အပျင်း, အရိ ကင်း၍ မပြိုသင့်,မပြိုထိုက်သည်ကို မပြိုဘဲ၊ ပြိုသင့်, ပြိုထိုက်သော၊ အပြစ် မရှိသော အမှုကိစ္စတို့ကို ပြီးစေနိုင်သော ဉာဏ်နှင့်ယှဉ်သော ဝိရိယကိုပင် ဆိုသည်။ ရဟန္တာ ဖြစ်ထိုက်သော မဟာဓနသူဌေးသားသည် ၎င်း ပယောဂ သမ္ပတ္တိ မပြည့်စုံ၍ အောက် မဂ်, အောက် ဖိုလ်ကိုပင် မရသည်ကို သတိ ပြုကြပါလေ။

၃၁။ သံဝေဂ (၄) ပါး

အရိယာ ဖြစ်လိုသူတို့သည် ဝိပဿနာအလုပ်ကို အာဟုတ်တကယ် ကျင့်ကြံ အားထုတ်နိုင်ရန် အောက်ပေါ်ပြ

ပါ သံဃဝဂ=ထိတ်လန့်ခြင်း ဝေးမျိုးအနက် တမျိုးမျိုးကို ဘာကယ်တမ်း ဖြစ်ဘူးပါ၌လား?။ ၎င်း ဝေးမျိုးအနက် ဘမျိုးမျိုးသော သံဃဝဂ=ထိတ်လန့်ခြင်း တကယ်အဟုတ် ဖြစ်ဘူးပါမှ ဝိပဿနာတရား အားထုတ်ရန် ဆန္ဒပြင်းပြ ပါမည်။သံဃဝဂ=ထိတ်လန့်ခြင်း မဖြစ်ဘူးလျှင် ဝိပဿနာ တရားအားထုတ်ရန် တကယ်အဟုတ် မကြိုးစားလိုပါ။ မရမနေ အသက်သေစေ၊အရိုး,အရေ,အကြော ကွင်းစေ၊ ဝိပဿနာအလုပ်ကို လုပ်မည်ဟူသော ဆန္ဒ ဝိရိယ မျိုး ရှိမည်မဟုတ်ပါ။သို့ပါ၍ အရိယာဖြစ်လိုသော ပုဂ္ဂိုလ်တို့ သည် ဝိပဿနာ အလုပ်ကို အဟုတ်တကယ် ကျင့်ကြံ အားထုတ်နိုင်ရန် သံဃဝဂ= ထိတ်လန့်ခြင်း တမျိုးမျိုး ဖြစ်ရပါမည်။ သံဃဝဂ မဖြစ်ကြသေးပါလျှင် သံဃဝဂ ဖြစ်ရန် သံဃဝဂစာအုပ်များကို ကြိုးစားဘတ်ကြပါ။

သံဃဝဂ (၄) ပါး

၁။ **ဓိတ္တုကြာသသံဃဝဂ**=ကြောက်မက်ဘွယ်သော ရုပ်အဆင်းကို မြင်၍ ထိတ်လန့်ခြင်း။

၂။ **သြတ္တပ္ပသံဃဝဂ**=မကောင်းမှုကို မြင်၍ ထိတ်လန့် ခြင်း။

၃။ **ဉာဏသံဃဝဂ**=ပဋိသန္ဓေနေခြင်း ဆင်းရဲစသည့် တို့ကို သိမြင်၍ ထိတ်လန့်ခြင်း။

၄။ **စဇ္ဇသံဃဝဂ**=တရားတော် သိ၍ ထိတ်လန့်ခြင်း

၃၂။ သံဝေဂ (၈) ပါး

ကမ္မဋ္ဌာန်းတရားကို အားထုတ်လိုသော ယောဂိပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ အောက်ပါ သံဝေဂ ဝတ္ထု ရှစ်ပါးတို့ကို နှုတ်တက်ရအောင် ကျက်မှတ်ပြီးလျှင် သံဝေဂ ဖြစ်လာအောင် ဆင်ခြင်ရမည်။ ဆင်ခြင်ပုံကား-ပဋိသန္ဓေနေရခြင်း အစရှိသော သံဝေဂ တရားတို့ကို ထင်ဖြင့်၍ ကြောက်ဖွံ့ထိတ်လန့်ခြင်းရှိမှသာလျှင်ဝိပဿနာကမ္မဋ္ဌာန်းတရားကို အားထုတ်ချင်သည်။ ထို့ကြောင့် သတိကိုရှေ့ထားဆောင်၍ ဆင်ခြင်ကြပါလေ။

၁။ ပဋိသန္ဓေ နေရခြင်းသည်လည်း အလွန်ဆင်းရဲ၏။

၂။ ဘောက်ပြန် သွတ်ယွင်း အိုရခြင်း သည်လည်း အလွန်ဆင်းရဲ၏။

၃။ ဗျာဒနာရခြင်းသည်လည်း အလွန်ဆင်းရဲ၏။

၄။ သေရခြင်းသည်လည်း အလွန်ဆင်းရဲ၏။

၅။ အပါယ် လေးဘုံတို့၌ ဖြစ်ရခြင်း သည်လည်း အလွန်ဆင်းရဲ၏။

၆။ လွန်လေပြီးသော အတိတ် ကာလ၌ ဝဋ်ဆင်းရဲအကြောင်းရှိသော ဆင်းရဲသည် အလွန်ဆင်းရဲ၏။

၇။ နောင် အနာဂတ် ကာလ၌ ဝဋ်ဆင်းရဲ အကြောင်းရှိသော ဆင်းရဲသည်လည်း အလွန်ဆင်းရဲ၏။

၈။ ယခု ပစ္စုပ္ပန်ဘဝ၌ အစာ အာဟာရကို ရှာဖွေးရခြင်း အကြောင်းရှိသော ဆင်းရဲသည်လည်း အလွန် ဆင်းရဲ၏။

အိုး-ကမ္မဋ္ဌာန်းအားထုတ်လိုသူ ဓမ္မမိတ်ဆွေ အပေါင်းတို့၊ အဖြောင်လမ်းကွေ့တွင် တေးဆင်, သစ်, ကျားတို့နှင့် တွေ့ရဘိသကဲ့သို့ ကြောက်ရွံ့ ထိတ်လန့်စရာသော အရာ သံဝေဂ ဝတ္ထုတို့ကို ကြောက်ရွံ့ကြပါ၊ ထိတ်လန့်ကြပါ။ လောကကို အဟုတ်တကယ် ကြောက်ရွံ့ ထိတ်လန့်မှ သာလျှင် လောကုတ္တရာ အကျိုးစီးပွါးကို အဟုတ်တကယ် လိုချင်ပါသည်။ ဝိပဿနာတရားကို ပွါးများအားထုတ်နိုင်ရန် သံဝေဂဖြစ်ရပါမည်ဟု သုတ်မဟာဝါအဋ္ဌကထာ၌ ဆုံးမထားပါသည်။

၂၃။ နာထတရား (၁၀) ပါး

အရိယာဖြစ်လိုသူ- သူတော်ကောင်း အပေါင်းတို့ ကိုးကွယ်လည်းလျောင်း ပုန်းအောင်း မှီခိုရာ- နာထတရား ၁၀-ပါးကို အဂိုတ္တိုရ ပါဠိတော်နှင့် ပါဠိထယျ ပါဠိတော်တို့၌ အောက်ပါအတိုင်း ပြထားပါသည်။ ထို ကိုးကွယ်ရာ တရား ၁၀-ပါးတို့နှင့် ပြည့်စုံကြပါစေ။

၁။ အကျင့် သိလ သိက္ခာကို ရိုသေ လေးမြတ်ခြင်း, အဏုမြူ မျှလောက်သော အပြစ်တို့၌ ဘေး ဟု မြင်လေ့ရှိခြင်း။

၂။ အပြစ်မရှိသော အကြားအမြင် များခြင်း, မြတ်စွာဘုရား၏ တရားတော်ကို သင်ကြားခြင်း, အမြဲဆင်ခြင်ခြင်း, အယူအားဖြင့် စင်ကြယ်ခြင်း။

၃။ မိတ်ဆွေကောင်း ရှိခြင်း, မိတ်ဆွေ ကောင်းတို့၌ ညွတ်သော စိတ်ရှိခြင်း။

၄။ သူတော်ကောင်း တရားတို့ကို ဆုံးမလာလျှင် ရှိသေစွာ နာယူလေ့ ရှိခြင်း, ဆိုလွယ်ခြင်း, သည်းခံခြင်း။

၅။ သူတော်ကောင်းတို့ ပြုသင့်ပြုအပ်သော ကိစ္စတို့၌ မပျင်းမရိ ပြုစွမ်းနိုင်ခြင်း။

၆။ သူတော်ကောင်း တရားကို လိုလားခြင်း,သူဘပါး ဟောပြောလျှင် နာလိုခြင်း, မိမိကလည်း ဟော ပြောခြင်း။

၇။ ရရသမျှသော သက်နှံး, ဆွမ်း, ကျောင်း,ဆေး ပစ္စည်းလေးပါးတို့၌ ရောင့်ရဲလွယ်ခြင်း။

၈။ အကုသိုလ်တရားကိုပယ်ခြင်း, ကုသိုလ်တရားကို ပြည့်စုံ စေခြင်းဖြင့် သူတော်ကောင်း တရားကို လွန်စွာ အားထုတ်ခြင်း။

၉။ သူတော်ကောင်း တရား၌ မြဲသော သတိရှိခြင်း, ကောင်းမြတ်သော သတိပညာနှင့် ပြည့်စုံခြင်း, ရှည်စွာသော ကာလက ပြုခဲ့သည်ကိုလည်း၊ ပြောခဲ့ သည်ကိုလည်း၊ အောက်မေ့နိုင်ခြင်း, အပနှံတည်လဲ အောက်မေ့နိုင်ခြင်း။

၁၀။ မြတ်သော ပညာရှိခြင်း, အဖြစ်အပျက်ကို သိနိုင် သော ပညာနှင့် ပြည့်စုံခြင်း, ကိလေသာတို့ကို ဖျက်ဆီးခြင်းငှါ၊ ဝဋ်ဆင်းရဲအပေါင်း ကုန်ရာသို့ ရောက်ခြင်းငှါ၊ ပြုနိုင်သော ပညာနှင့် ပြည့်စုံခြင်း။

၃၄။ အဘိဏှသုတ်

မဂ်, ဖိုလ်ရကြောင်း ဝိပဿနာအလုပ်ကို ပွါးများအား ထုတ်လိုကြသောပုဂ္ဂိုလ်တို့သည်အောက်ဖော်ပြပါအချက် ငါးချက်ကို ဝိပဿနာလုပ်နေသော အချိန်မှတပါး အခြားသော အချိန်ကာလမှာ အမြဲတစေ စဉ်းစား ဆင်ခြင်ကြရပါမည်၊ အလွန် အရေးကြီးပါသည်။

၁။ ဇရာဓမ္မော– အိုခြင်း သဘောတရားသည် ရှိ၏။ ထို အိုခြင်း သဘောတရားကို ငါ မလွန်ဆန်နိုင်ပါတကား။

၂။ ဗျာဓိဓမ္မော– နာခြင်း သဘောတရားသည် ရှိ၏။ ထို နာခြင်း သဘောတရားကို ငါ မလွန်ဆန်နိုင်ပါတကား။

၃။ မရဏဓမ္မော–သေခြင်း သဘောတရားသည် ရှိ၏။ ထိုသေခြင်း သဘောတရားကို ငါမလွန်ဆန်နိုင်ပါတကား။

၄။ သဗ္ဗေဟိ ဝိယေဟိ စသည်တို့အရ– ချစ်နှစ်သက်သော သူတို့နှင့်ဝင်း၊ နှစ်သက်မြတ်နိုးသောပစ္စည်း ဥစ္စာတွေနှင့်ဝင်း၊ သေကဲ့ သို့မဟုတ် ရှင်ကွဲ ကွဲရခြင်း သဘောတရားသည် ရှိ၏။ ထို ကွဲရခြင်း သဘောတရားကို ငါ မလွန်ဆန်နိုင်ပါတကား။

၅။ ကမ္မဿကာကမ္မဒါယဒါ စသည်တို့အရ၊ ကံ-သာလျှင် မိမိပိုင်ဥစ္စာ, ကံ-သာလျှင် အမွေခံ, ကံ-ပစ်

ချရာမှာ ငါနေရမှာတာကား, ကံတရားကို ငါမလွန်ဆန်နိုင်ပါတကား။

(အင်္ဂုတ္တိုရ်၊ ပါဋိတော် အဋ္ဌကထာ)

ဝိပဿနာတရား အားထုတ်ရာတွင် အထောက်အပံ့, အကူအညီ ရစေရန် အထက်ဖော်ပြပါ သဘော ငါးချက် အနက်ကို မိမိရရ နှလုံးသွင်းကြပါလေ, ပွါးများကြပါလေ, မျှားစွာ အကူအညီ ရပါသည်၊ အဆုံးတိုက်တွန်းပါသည်။

၃၅။ သူဌေးကြီးကောင်း ဥစ္စာ (၇) ပါး

အရိယာ ဖြစ်လိုသော ပုဂ္ဂိုလ်ထံတို့သည် အောက်ပါ သူဌေးကောင်းဥစ္စာ (၇) ပါးတို့နှင့် ပြည့်စုံရပါမည်။

၁။ **သဒ္ဓါ**–တုရား, တရား, သံဃာ ၃ တန်ခာ သုံးပါး တို့၏ ဂုဏ်ကို ယုံကြည်ခြင်း၊ ကံ, ကံ၏ အကျိုး, ကို ယုံကြည်ခြင်း။

၂။ **သီလ**– ပဉ္စသီလ, အဋ္ဌင်္ဂ ဥပါသကသီလ, ဒသသီလ, စတုပါရိသုဒ္ဓိသီလ စသည်တို့နှင့် ပြည့်စုံခြင်း။

၃။ **သုတ**–အကြားအမြင် များခြင်း။

၄။ **စာဂ**–ပေးကမ်း စွန့်ကြဲခြင်း။

၅။ **ပညာ**–သဘောလေးပါးကိုသိခြင်း။

၆။ **ဟိရိ**–သူတော် ကောင်းတို့ ကဲ့ရဲ့ အံ့သည်မှာ စက်၍ မကောင်းမှုကို ကြည်ရှောင်ခြင်း။

၇။ **သြန္တာပ**- ပစ္စုပ္ပန်ဘေး, သံသရာ ဘေးတို့ကို ကြောက်လန့်၍ မကောင်းမှုကို ကြဉ်ရှောင်ခြင်း။

၅၂ သူတော်ကောင်း ဥစ္စာ ၇- ပါးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် လောကီဥစ္စာ ဇွေးငွေ မရှိ၊ ဆင်းရဲစေကာမူ စိတ်ချမ်းသာ၏၊ ကိုယ်ချမ်းသာ၏။ ထိုသူတော်ကောင်း ဥစ္စာနှင့် ပြည့်စုံပါလျှင် အပါယ်လေးဘုံသို့ မကျရောက်ဘဲ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ နိဗ္ဗာန်ချမ်းသာကိုသာ ခံစားရလေတော့၏။ **သုပ္ပဗုဒ္ဓ** အမည်ရှိသော နန်းနှာ စွဲကပ်နေသော သူတောင်းစားသည် ထိုသူတော်ကောင်းတရား ၇-ပါးနှင့် ပြည့်စုံပါသဖြင့် သိကြားမင်းက "သုပ္ပဗုဒ္ဓ သင်၏နန်းနှာ ပျောက်စေမည်။ လိုရာဥစ္စာပစ္စည်းလည်းရစေမည်။ ရတနာသုံးပါးကို ယုံကြည်ခြင်း သဒ္ဓါတရား မရှိဟု ဆိုလော့" ဟု ပြောလာလျှင်၊သုပ္ပဗုဒ္ဓက- "ငါ၌ဘုရား၏ အမွေအနှစ် ဥစ္စာနှင့် ပြည့်စုံပြီ၊ သင်၏ ဥစ္စာပစ္စည်းကို မလိုပြီ၊ ရတနာ သုံးပါးကို ယုံကြည်ခြင်း သဒ္ဓါတရားကို မပယ်လို" ဟု ဆိုကာ သိကြားမင်းကို မောင်းနှင်လွှတ်လိုက်၏။ သူတော်ကောင်းတို့၏ ဥစ္စာ ၇-ပါးကား ဤမျှလောက်သော စိတ်ချမ်းသာ, ကိုယ်ချမ်းသာ တို့နှင့် ပြည့်စုံလှပါ၏။ ထို သူတော်ကောင်း ဥစ္စာ ၇- ပါးနှင့် ပြည့်စုံအောင် ကျင့်ကြံကြပါလေ။

ဗလ (၅) ပါး

အဆက် ပေါ်ပြပါ သူတော်ကောင်းဥစ္စာ ၇-ပါးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့၌ အောက်ပေါ်ပြပါ သူတော်

ကောင်းတို့၏ ဗလ=အား ငါးပါးတို့နှင့် ပြည့်စုံကြလေ တော့သည်သာတည်း။

၁။ **သဒ္ဓါ ဗလ-** ဘုရား, တရား, သံဃာ ရတနာ သုံးပါး ဂုဏ်၌ မတုန်မလှုပ် ကြည်ညိုခြင်း, လေး စားခြင်း။

၂။ **ဝီရိယဗလ-**အကုသိုလ်တရားကို ခေါင်းပါးစေ၍ ကုသိုလ်တရားကို ပွါးများစေခြင်း။

၃။ **သတိဗလ-** ရုပ်ခေတ်, နာမ်ခေတ် နှစ်ပါးတို့၌ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး သုံးပါးဖြင့် အမြဲ နှလုံးသွင်းခြင်း။

၄။ **သမာဓိဗလ-** ဒါန, သီလ စသော ကုသိုလ် ကောင်းမှုတို့၌ မတုန် မလှုပ် တည်ကြည်စွာ ဆောင်ရွက်ခြင်း။

၅။ **ပညာဗလ-** ထိတ်လန့်ခြင်း, သံဝေဂ တရားဖြင့် ရုပ်, နာမ်, ဝမ္မတို့၏ အဖြစ်အပျက်ကို အဖန်တလဲလဲ ကြည့်ရှု ဆင်ခြင်ခြင်း။

၃၆။ **အာရိယာဖြစ်ကြောင်း အင်္ဂါ (၆) ပါး**

သီလေ ပတိဋ္ဌာယ နရော သပညော၊
စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊
သော ဣမံ ဝိဇဋယေ ဇဋံ။

(ဒေတောသိယုတ် ပါဠိတော်)

ယခု ဘဝ၌ပင် ချည်ခင် အရှုပ်နှင့် တူသော တဏှာ အရှုပ်အထွေးကို ဖြေရှင်းနိုင်သည့် အဂိယာအစစ် ဖြစ်လို ကြသော ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရားက နှတ်သား တဦးကို အကြောင်းပြု၍ ဟောပြတော် မူအပ်သော အထက်ဖော်ပြပါ ပါဠိတော် အရ အောက်ပါအင်္ဂါ ၄-ပါးတို့နှင့် ပြည့်စုံပါမှ အရိယာ ဖြစ်နိုင်ကြောင်းကို သိကြပါလေ။ ပြည့်စုံအောင်လည်း ကျင့်ကြံပွါးများ အံ့ထုတ်နိုင်ကြပါစေ။

၁။ မူလ အခြေခံသီလနှင့် ပြည့်စုံခြင်း။
၂။ ကမ္မဇ တိဟိတ် ပဋိသန္ဓေပဉ္ဉာနှင့် ပြည့်စုံခြင်း။
၃။ ကိလေသာကို ပြင်းစွာ ပူပန်စေတတ် ဖျက်ဆီး တတ်သော လုံ့လ ဝီရိယနှင့် ပြည့်စုံခြင်း။
၄။ သုတမယ, စိန္တာမယ, ဘာဝနာမယဉာဏ် အဆင့်ဆင့် ရင့်ကျက်လာသော ပဉ္ဉာနှင့် ပြည့်စုံခြင်း။
၅။ ကပ်၍ ရှုတတ်သော ခဏိက သမာဓိ စိတ်နှင့် ပြည့်စုံခြင်း။
၆။ ရုပ်, နာမ်နှစ်ပါး ဖြစ်မှု, ပျက်မှု သိသော ဝိပဿနာ ဉာဏ်ပဉ္ဉာနှင့် ပြည့်စုံခြင်း။

၃၇။ သံသရာဘေး လွှတ်ကြောင်းတရား (၄)ပါး

အရိယာ ဖြစ်လိုကြသော ပုဂ္ဂိုလ်တို့သည် အောက်ပါ လေးပါးသော ကိစ္စကာလကို တိုးတက် ပွါးစေသည့် ဂိုဏ်သေ တဖြည်းဖြည်း အာသဝေါတရား ပါးသွားပြီး ကုန်ဆုံးခြင်းသို့ ရောက်လေကုန်၏။

သုခမ္မဝတီ ၅၃၀-၅

၁။ ရုံခါ, ရုံခါ တရား ကို နာယူခြင်း။
၂။ ရုံခါ, ရုံခါ တရား ကို ဆွေးနွေးခြင်း။
၃။ ရုံခါ, ရုံခါ နာမ်,ရုပ် ကို သုံးသပ် ဆင်ခြင်ခြင်း။
၄။ ရုံခါ, ရုံခါ လက္ခဏာ ယာဉ်ဖြင့် ရှုမြင်ခြင်း။

၃၈။ နိုပက တရား (၇) ပါး

အဓိယာ ဖြစ်လိုသော ပုဂ္ဂိုလ်တို့သည် အောက်ပါ နိုပက တရား ၇- ပါးတို့၏ သဘောကို ကောင်းစွာ အောက်မေ့ ကြံစည်သည်ရှိသော် ရင့်သောသတိ, ရင့်သော ပညာနှင့် ပြည့်စုံကြ၏ ဓဂ်, ဗျိတ်, နံဇ္ဈာန်ကို ဆောလျင်စွာ မျက်မှောက် ပြုနိုင်ကြပါ၏။

၁။ အကုသိုလ် ဒုစရိုက်။
၂။ ထို အကုသိုလ် ဒုစရိုက်၏ အကြွင်းဒေါသ။
၃။ ကုသိုလ် သုစရိုက်။
၄။ ထို ကုသိုလ်သုစရိုက်၏ အကျိုးအာနိသင်။
၅။ ရုပ်, နာမ်, ခန္ဓာဝန်္ဓိ၏ ပြဿနာသဘော အနိစ္စသဘော။
၆။ ရုပ်, နာမ်, ခန္ဓာဝန်္ဓိ၏ ဆင်းရဲသော ဒုက္ခသဘော၊
၇။ ရုပ်, နာမ်, ခန္ဓာဝန်္ဓိ၏ အတ္တ မရှိ, အတ္တ မဟုတ်, အစိုးမရ, အနှစ်သာရ မရှိသော အနတ္တသဘော၊

၃၉။ စတုဓာတုဝဝတ္ထာန (၄) ပါး

မင်္ဂ,ဗျိတ် ရလိုသော ယောဂိပုဂ္ဂိုလ်ဘို့သည် ဘေးအန္တရာယ်များစွာတို့မှ ကင်းစင် လွတ်မြောက်စေခြင်းငှါလျင်၊ ဝိပဿနာဉာဏ် ၁၀-တန်နှင့် မင်္ဂဉာဏ်, ဗျိတ်ဉာဏ်

လျင်မြန်စွာ ရစေခြင်းငှါငင်း ဝိပဿနာ အလုပ်ကို အား မထုတ်မီ ရှေးဦးစွာ သမထကမ္မဋ္ဌာန်း ၄၀- တို့တွင် လူတိုင်းတို့နှင့် သင့်လျော်၍ "သဗ္ဗတ္ထက" အမည်ရသော "စတုဓာတုဝတ္ထာ" ဟူ၍လည်း ခေါ်ရသော အောက် ဖော်ပြပါ သမထ ဘာဝနာ ၄-ပါးကို ပွါးများ ကြရပါမည်။

၁။ မြတ်စွာဘုရား၏ ဂုဏ်တော်ကို စူးစိုက် ပွါးများခြင်း။

၂။ အလုံးစုံသော သတ္တဝါတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေဟု မေတ္တာကို ပွါးများခြင်း။

၃။ အသုဘ ၁၀-ပါးတို့ စက်ဆုပ်ဘွယ်ရာ အစစ်, အမှန်ဟု ပွါးများခြင်း။

၄။ အလုံးစုံသော သတ္တဝါတို့ သေခြင်း သဘော တရား မြဲ၏၊ ထို့ အတူသာလျှင် ငါလည်း အမှန် သေရမည်ဟု မရဏာသတိ တရားကို ပွါးများခြင်း။

၄၀။ တည်ရာ တရား (၅) ပါးနှင့် ပွါးများရာ တရား (၄) ပါး

ပဉ္စသု ဓမ္မေသု ပတိဋ္ဌာယ စတ္တာရော ဓမ္မာ ဘာဝေတဗ္ဗာ။

(အင်္ဂုတ္တိုရ် နဝနိပါတ်)

အရိယာ ဖြစ်လိုသူ သူတော်စင် အားပါင်းတို့သည် အောက်တွင် ဖော်ပြပါ ငါးပါးသော တရားတို့၌ တည်၍ လေးပါးသော တရားတို့ကို ပွါးများရပါမည်။

တည်ရာ ဘရား (၅) ပါး

၁။ ကလျာဏ မိတ်စစ်နှင့် ပြည့်စုံစေရမည်။

၂။ ထိုကလျာဏ မိတ်စစ်ကို အမှီပြု၍ သိလကိုလည်း ပြည့်စုံစေရမည်။

၃။ အဝိဇ္ဇာတာ အစရှိသော ကထာဝတ္ထု၊ ၁၀-ပါး တို့နှင့် ပြည့်စုံစေရမည်။

၄။ ပါပဓမ္မ အကုသလ ကုန်ခန်းကြောင်း ကောင်း မြတ်သော အာရုဒ္ဓဝိရိယနှင့်လည်း ပြည့်စုံစေရမည်။

၅။ ယထာဘူတ ညာဏ်ဖြင့် ဟုတ်မှန် သည့်အတိုင်း ပညတ်, ပရမတ်တို့ကို ပိုင်းပိုင်းခြားခြား သိမြင် ခြင်းငှါ စွမ်းနိုင်သော ပညာနှင့်လည်း ပြည့်စုံစေ ရမည်။

၅၏ တည်ရာတရား ငါးပါးတို့တွင် ပဌမတရား ကလျာ ဏ မိတ်စစ်နှင့် ပြည့်စုံပါမှ ၎င်းမိတ်စစ်ကို အမှီသဟဲ ပြု၍ ကျန်တရားများ ဖြစ်သော သိလ, ကထာဝတ္ထု၊ ၁၀-ပါး, အာရုဒ္ဓ ဝိရိယ, ပညာတို့နှင့် ပြည့်စုံနိုင်ပါမည်။ သို့ပါ၍ ကလျာဏ မိတ်စစ်ကို တွေ့အောင်ရှာပွေ ရှေးချယ်၍ ပေါင်းသင်းဖွဲ့ ဆည်းကပ်ရန် အရေး **အကြီးဆုံး** အချက် ဖြစ်ပါသည်။ (တတိယအပိုင်းတွင်ကလျာဏမိတ် စစ် အကြောင်းကို ကြည့်ပါလေ)။

ပွါးများရောတရား (၄) ပါး

အထက်ဖော်ပြပါ ငါးပါးသော တရားတို့၌ တည်၍ အောက်ပါ တရားလေးပါးတို့ကို ပွါးများကြပါလေ။

၁။ ရာဂ တဏှာ လောဘကို ပျောက်စေခြင်းငှါ အသုဘသညာကို ပွါးများရမည်။

၂။ ဗျာပါဒ ဒေါသကို ပျောက်စေခြင်းငှါ မေတ္တာ တရားကို ပွါးများရမည်။

၃။ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက် အစရှိသော ပါပဝိတက်များ ပပျောက်စေခြင်းငှါ အာနာပါနဿတိ ထွက်သက်ဝင်သက်ကို မပြတ် အောက်မေ့သော သတိကို ပွါးများရမည်။

၄။ "ငါ" ဟူ၍မှာ ဇကန္ဓာမရှိ၊ မရဏကောင်းဘဲနှင့် "ငါ" ဟု ထောင်လွှားတက်ကြွသော မာနကို ချိုးဖဲ့ ဖျက်ဆီးခြင်းငှါ အနိစ္စသညာကို အမြဲ ပွါးများရမည်။

၄၁။ မဂ်, ဖိုလ် ရကြောင်း ယောဂီ အင်္ဂါ (၃) ပါး

(၁) မည်သို့ဝယ်၍ မည်သို့ရောင်းလျှင် မည်မျှ ဖြာစွန်းမည်ဟု သိမြင်ထားရခြင်း။ (၂) ရောင်းဝယ်ဖွယ်၌ ပါးနပ်လိမ္မာစွာ ပြုလုပ်ထားခြင်း။ (၃) ပဋိဂ္ဂဟဝတ္ထုအားထားစရာ ဝန အင်အား ရှိသူများ ရှိထားနှင့်ခြင်း။ ထို အင်္ဂါသုံးပါးနှင့် ပြည့်စုံသောစျေးသည်သာလျှင် မြန်စွာ ကြီးပွါး

လေသံကဲ့သို့ အောက်ပါ အင်္ဂါ ၃-ပါးနှင့် ပြဉ်စုံသော ယောဂီမှ သာလျှင် မဂ်, ဖိုလ်ကို မြန်စွာရနိုင်ပါသည်။

၁။ သစ္စာဘရား လေးပါးကို ရှုမြင်ခြင်း။
၂။ ကြီးမားသော ဝီရိယဖြင့် အားထုတ်ခြင်း။
၃။ သမထ ဝိပဿနာ ကမ္မဋ္ဌာန်းဆိုင်ရာ စာပေ ဗဟုသုတ ရှိသူမျှားကို မှီခို ဆည်းကပ်ခြင်း။

(တိက အင်္ဂုတ္တိရ် ပါဠိတော်)

၄၂။ သညာ (၆) ပါး

ပါထေယျ ပါဠိတော် သင်္ဂီတိ သုတ်တော်၌ အရှင် သာရိပုတ္တရာမထေရ် ဟောကြားတော်မူသော နိဒ္ဒာန်သို့ ရောက်စေတတ်သော အောက်ဖော်ပြပါ သညာ ၆-ပါး တို့ကို အမြဲတစေ အမှတ် ပြုကြပါလော။

၁။ ခပ်သိမ်းသော သင်္ခါရ တရားတို့သည် မမြဲ ဟု အမှတ်ပြုသော အနိစ္စသညာ။
၂။ မမြဲသော အရာတို့၌ ဆင်းရဲ၏ဟု အမှတ်ပြုသော အနိစ္စေ ဒုက္ခ သညာ။
၃။ ဆင်းရဲသည့်၌ အစိုးမရဟု အမှတ်ပြုသော ဒုက္ခေ အနတ္တ သညာ။
၄။ ပယ်အပ်၏ဟု အမှတ်ပြုသော ပဟာန သညာ။
၅။ ရာဂကင်း၏ဟု အမှတ်ပြုသော ဝိရာဂ သညာ။
၆။ ရာဂချုပ်၏ဟု အမှတ်ပြုသော နိရောဓ သညာ။

၄၃။ မဂ်, ဖိုလ် ရရှိနိုင် ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် ဖြစ်ကြောင်း အာဂ်ါ (၄) ပါး

အောက်ပါ အာဂ်ါလေးပါးတို့နှင့် ညီညွတ်မှသာလျှင် ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် အစစ် ဖြစ်ပေါ် လာနိုင်ပါသည်။ သို့ဖြစ်၍ မဂ်, ဖိုလ် ရလိုသူ ပုဂ္ဂိုလ်အပေါင်းတို့သည် ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် အစစ် ဖြစ်ပေါ်လာရန် ထို အာဂ်ါ လေးပါးနှင့် အညီ ဒန္ဓားထုတ်ကြပါလေ။

၁။ ဝိဝေကနိဿိတ-သမ္မာဒိဋ္ဌိ ဖြစ်သောအခါ ကိလေသာတို့ ဆိတ်ခြင်းကို မှီတွယ်၍ဖြစ်ခြင်း။

၂။ ဝိရာဂနိဿိတ-သမ္မာဒိဋ္ဌိ ဖြစ်သောအခါ ကိလေသာတို့မှ ကင်းခြင်းကို မှီတွယ်၍ ဖြစ်ခြင်း။

၃။ နိရောဓနိဿိတ-သမ္မာဒိဋ္ဌိ ဖြစ်သောအခါ ကိလေသာတို့ ဖြစ်မှုမရှိခြင်းကို မှီတွယ်၍ ဖြစ်ခြင်း။

၄။ ဝေါသဂ္ဂပရိဏာမိ- ထို အာရုံတို့ကို ရှေးရှုသော အားဖြင့် ညွတ်တိုင်း ညွတ်တိုင်း ကိလေသာတို့ကို ဖွန့်ခြင်း။

အခန်း ၃

အရိယာ မဂ္ဂင်္ဂဗေဒကြောင်း

၄၄။ ဝိပတ္တိစက် (၄)ပါး

၅၏ စက်လေးပါးတို့သည် အကုသိုလ်တရားများ ဖြစ်ပွားရာ အကြောင်းရင်း အခြေခံသဘောများ ဖြစ်သဖြင့် မဂ်, ဖိုလ် ရလိုကြသော ပုဂ္ဂိုလ်တို့သည် ၎င်းစက် လေးပါးတို့မှ ကင်းလွတ်ကြပါစေကုန်သတည်း။

၁။ သူတော်ကောင်း တရား ရှားပါး ခြောက်ကပ် မဖေလျောက်ပတ်သော အရပ်၌ နေရခြင်း။

၂။ သူတော်မဟုတ် သူယုတ် မိစ္ဆာတို့ကို မှီရာ မှီကြောင်း အပေါင်းအသင်းပြုလုပ်၍ နေရခြင်း။

၃။ ပြုဘူးသော ကုသိုလ်ကောင်းမှုကံ အခံ သေးနုပ်ခြင်း။

၄။ စိတ်သဘောထား ယွင်းမှားတိမ်းစောင်း မကောင်းသော အလေ့အကျင့် ရှိခြင်း။

၄၅။ ဝိပတ္တိဘရား (၄) ပါး

မဂ်, ဖိုလ် ရလိုကြသော ပုဂ္ဂိုလ်တို့သည် အောက် ပေါ်ပြပါ ဝိပတ္တိတရား လေးပါးတို့မှ လွတ်ကင်းရပါမည် လွတ်ကင်းကြပါစေ။

၁။ အပါယ်လေးဘုံ၌ ဖြစ်ရခြင်း (ဂတိဝိပတ္တိ)။

၂။ ယုတ်ညံ့သော အတ္တဘော ကိုယ်လက် အင်္ဂါတို့ ရခြင်း (ဥပဓိ ဝိပတ္တိ)။

၃။ မကောင်းသော မင်းဆိုး မင်းယုတ်တို့၏ လက်ထက်ဟု ဆိုအပ်သော ကာလ (ကာလဝိပတ္တိ)။
၄။ မကောင်းသော လုံ့လပယောဂမှိခြင်း (ပယောဂဝိပတ္တိ)။

ဤ ဝိပတ္တိ လေးပါးတို့တွင် ပဌမတို့၏ လုံ့လဖြင့် ရှောင်ကွင်းရန် လိုသောစကမှာ အမှတ် ၄-ပယောဂ ဝိပတ္တိပင် ဖြစ်သည်။ သို့ဖြစ်၍ ၎င်းပယောဂဝိပတ္တိမှ ကင်းလွတ်စေရန် သတိပြုရာ၏။

၄၆။ ရဝပြစ် (၈) ပါး

ဘုရားပွင့်လျက် ဘုရားသာသနာ ထွန်းလင်းနေစဉ်-

၁။ ငရဲ၌ ကျရောက်နေရခြင်း။
၂။ တိရစ္ဆာန် အမျိုး၌ ဖြစ်နေရခြင်း။
၃။ ပြိတ္တာအမျိုး၌ ဖြစ်နေရခြင်း။
၄။ အသညသတ်ဘုံ အရူပဘုံတို့၌ ဖြစ်နေရခြင်း။
၅။ ဘုရားသာသနာ မရှိသော အရပ် ပစ္စန္တရာဇ်၌ လူဖြစ်နေရခြင်း။
၆။ ဘုရားသာသနာ တည်ရှိသော အရပ်၌ ဖြစ်ရသော်လည်း မှားယွင်းသော မိစ္ဆာအယူကို ယူနေခြင်း။
၇။ အမှားအမှန် ခွဲခြားနိုင်လောက်အောင် အသိညာဏ် မရှိသောသူ ဖြစ်နေခြင်း။
၈။ အမှားအမှန် ခွဲခြားနိုင်လောက်အောင် အသိညာဏ် ရှိသော်လည်း ဘုရားသာသနာ နှင့် ဓမ္မကြိုက်တဲ့ လူဖြစ်လာရခြင်း။

အထက်ပါ ၈-မျိုး တို့၌ ဖြစ်ရသောအခါ ကာလမျှားသည် အရိယာမဂ် အကျင့်ကို ကျင့်ရန် အခွင့်အခါမဟုတ်သောကြောင့် လုပ်ဖြစ်ရခြားသော်လည်းလျှင် ဖြစ်ကျိုးမနပ် နှိုင်သည်ကို ရည်ရွယ်၍ အဋ္ဌအကွေထာ-ဟု အဂိုဠ္ဘရာနိကာယ် အဋ္ဌနိပါတ်၌ ဟောတော်မူသည်။ ၎င်းကိုပင် အပြစ်ရှိသော အရပ်ရှစ်ပါး ဟူ၍ဖြင်း၊ ရပ်ပြစ်ရှစ်ပါး ဟူ၍ဖြင်း မြန်မာတို့က ခေါ်ကြသည်။ ယခုလို ဘုရား သာသနာတော် ထွန်းလင်းနေသော အခါသည်ကား အရိယာမဂ် အကျင့်ကို ကျင့်ရန် အခွင့်အခါ ဖြစ်၍ ၎င်း အဋ္ဌအကွေထရှစ်မျိုးကို ကျော်လွန်နေသောကြောင့် ဗုဒ္ဓဟိုဒနဝမ ခဏမည်၏။ ဤ ခဏကို တကယ်ရ၍ မဂ္ဂင်ဖြစ်စရိယကို ပြည့်စုံအောင် ကျင့်နိုင်ပါမှ လူဖြစ်ကျိုးနပ်ကြောင်းကို အမှန်စဉ်းစားကြမိကာ လောကုတ္တရာတရားကိုးပါးကို မရမနေ အရယူပါရန် လေးလေးနက်နက် တိုက်တွန်းအပ်ပါသည်။

အာဠာရ, ဥဒက ရဿေတို့သည် ဖြတ်စွာဘုရား၏ တရားကို နာရလျှင် ချက်ခြင်းပင် တရားရမည့် ဘဗ္ဗပုဂ္ဂိုလ်များပင် ဖြစ်ကြ၏။ သို့သော်, ၎င်းကဲ့သို့သည့် ဘုရားက တရားမဟောဖိကလေးတွင် လူ့ဘဝမှ ရုတ်၍ အရှုပ်တဲ့သို့ ချောက်သွားကြသောကြောင့် တရားနာခွင့်, တရားကျင့်ခွင့်, ကျွတ်လွတ်ခွင့် မရှိခဲ့သော ဖြစ်သွားရာကြလေ၏။ ထို့အတူပင် ယခုကာလ၌ ဘုရားသာသနာနှင့် ဝေးကွာနေကြသော သူတို့သည်လည်း အရိယာမဂ်တရားတို့ ရအောင် မကျင့်မိဘဲ သေလွန်သွားလျှင် ထို အာဠာရ,

ဥဒက ရေသေ့ကြီးတို့ကဲ့သို့ပင် ကျွတ်လွတ်ခွင့် မရှိသေးဘဲ ဘုရားသာသနာတော်တွေ့နှင့် လွဲသွားနိုင်သည်ကို သတိပြုကြရာ၏။

၄၇။ ယခုဘဝတွင် အဓိဋ္ဌာန်မပြစ်နိုင်သော အင်္ဂါ (၅) ပါး

အောက်ဖော်ပြပါ အင်္ဂါငါးပါးတို့တွင် တပါးပါးနှင့် ပြီလျှင် ယခုဘဝတွင် အဓိဋ္ဌာန်မပြစ်နိုင်ပါ။ သို့ပါ၍ ပါရမီတရား အစားစားကို အားထားကာ ပေါ့လျော့မနေကြဘဲ ယခုဘဝမှာပင် အဓိဋ္ဌာန်ဖြစ်ရန် အားထိုက်လိုက်ကြပါလေ။ ရှေးက ပါရမီပါလျှင် ယခုဘဝမှာပင် အဓိဋ္ဌာန်ဖြစ်ပါလိမ့်မည်။ မပါလျှင်လည်း ပါရမီ ပြည့်သွားမည်မှာ ကေနမလွဲနိုင်တော့ပါ, အားထိုက်ကြပါလေ။

၁။ ကျွတ်ထိုက်သော ပါရမီရှိပါသော်လည်း ကာမဂုဏ်တရားကို ထိုက်သည့်အားလျော်စွာ မစွန့်နိုင်ခဲ့လျှင် သော်၎င်း၊ အားအင်ပြေ့ကာ အားမထုတ်နိုင်လောက်အောင် အိုမင်းမစွမ်း ရှိလာခဲ့လျှင်သော်၎င်း မဂ်, ဖိုလ်ကို မရနိုင်ပါ။ ဤအရာ၌ မဟာဓန သူဌေးသား လင်မယားတို့ကို ကြည့်ပါလေ။

၂။ ကာမဂုဏ်မျှားကို စွန့်ခွာ၍ ကြိုးကြိုးကုတ်ကုတ် တရား အားထုတ်ပါသော်လည်း ဘုရား တည်းဟူသော ဆရာ ဥပနိဿယကောင်းကို မမှီဝဲရလျှင် မဂ်, ဖိုလ် ကို မရနိုင်ပါ၊ ဤအရာ၌ အာဠာဝရ ဥဒက ရေသေ့တို့ကို ကြည့်ကြပါလေ။

(အမှာ - ဘုရား၏ တရား နည်းလမ်းမှန်ကို ဟောပြခြင်းသော ဘုရား၏ တပည့်ကို ဖြဲခဲခြင်းသည်လည်း ဘုရားကို ဖြဲခဲခြင်း၌ ပါဝင်သည်ဟု မှတ်ပါလေ)။

၃။ ဆရာကောင်းကို ဖွေ့ရပါသော်လည်း ဝိရိယကို လုံလောက်စွာ အားထုတ်ခြင်းမရှိလျှင် မဂ်, ဖိုလ်ကို မရနိုင်ပါ။ ဤအရာ၌ အနှောင့်အယှက်ကို ကြည့်ကြပါလေ။

၄။ အားထုတ်ပါသော်လည်း ငယ်လွယ်နှင့် မကျွန်းမာသေဝင်း, အန္တရယ်ကြီးရင့် အိုမင်းမစွမ်းဖြစ်လာသော်ငင်း တွင်ကျယ်စွာ အားမထုတ်နိုင်လျှင် မဂ်, ဖိုလ်ကို မရနိုင်ပါ။ ဤ အရာ၌ ပါရမီ ရင့်ကျက်ပြီး ဖြစ်ပါလျက် နိယတ ဗျာဒိတ်ကို မရခဲ့ပါသဖြင့် ခွက်ခွက်လံအောင် ဘုရား အဆူဆူ လွှဲနေကြသော နေယျ ပုဂ္ဂိုလ်တို့ကို ကြည့်ကြပါလေ။

၅။ မဂ်, ဖိုလ်ကို ရတို့ပါရမီ ရှိပါသော်လည်း ကံ-ကြီးငါးပါး ဖြစ်မှားမိခြင်းကြောင့်လည်း မဂ်,ဖိုလ်ကို မရနိုင်ကြပါ။ ဤအရာ၌ အဇာတသတ် မင်းသားကို ကြည့်ကြပါလေ။

၆။ **မဂ်,ဖိုလ် မရနိုင်သော အန္တရာယ် (၅)ပါး**

ဂုဏ် အနှစ်ရာယ်ငါးပါး မိမိ၌ ကပ်ငြိနေပါလျှင် ယခု ဘဝတွင် မဂ်, ဖိုလ်ကို မရနိုင်ပါ။

၁။ **ကမ္မန္တရာယ်။** အမိကိုသတ်ခြင်း, အဘကိုသတ်ခြင်း, လူဇာတ်ရှိသော ရဟန္တာကို သတ်ခြင်း,

မြတ်စွာဘုရားဌာ သွေးခဲအောင် ဒဏ်ရာရစေခြင်း, သံဃာများကို ကွဲပြားစေခြင်း။ ဤ ကံငါးပါးသည် သေသည်၏ အခြားမဲ့ဌာ ငရဲသို့ ဇကနရောက်စေ တတ်သောကြောင့် အာနန္တရိယ ကံ မည်၏။ ၎င်း အာနန္တရိယကံငါးပါးသည် သင်္ဃန္တရာယ်, မဂ္ဂန္တရာယ် ၂-ပါးလုံး ဖြစ်၏။ သိလရှိသော ရဟန်း မိန်းမကို မေထုန် မှီဝဲခြင်းဟူသော ဘိက္ခုနီ ဒုသက ကံသည်လည်း မဂ္ဂန္တရာယ်ဖြစ်၏။ ဤ ကံ ၄-ပါးသည် **ကမ္မန္တရာယ်** မည်၏။

၂။ **ကိလေသန္တရာယ်**။ ကောင်းမှု မကောင်းမှုမည်သည် မရှိ။ပြုလုပ်သော်လည်း ကောင်းမှုမကောင်းမှု မဖြစ်၊ကောင်းကျိုး ဆိုးကျိုးကို မပေးနိုင်ဟုမြဲမြံစွာယူဆသော "အကိရိယဒိဋ္ဌိ" သတ္တဝါသည်သေလျှင် ပြတ်၏, ဆုံး၏,ဘဝတပါးဌဌ မဖြစ်ပြီ။ကောင်းမှု မကောင်းမှုတို့၏ ကောင်းကျိုး ဆိုးကျိုး မည်သည် မရှိပြီဟု မြဲမြံစွာယူဆသော "နတ္ထိကဒိဋ္ဌိ"။ ကောင်းကျိုးဆိုးကျိုး ဖြစ်ရန် ကောင်းမှုမကောင်းမှု ဟူသောကံ- အကြောင်းမရှိ။ အကြောင်းမရှိတဲ့ အလိုလိုပင် ချမ်းသာသည်၊ အလိုလိုပင် ဆင်းရဲသည်ဟု မြဲမြံစွာ ယူဆသော "အ-ဟေတုကဒိဋ္ဌိ"။ ဤဒိဋ္ဌိကြီး သုံးမျိုးသည် မစွန့်လွှတ်နိုင်အောင်မြဲမြံစွာ ဖြစ်လျှင် သေသည်၏ အခြားမဲ့ဌာ အပါယ် ငရဲသို့ ဇကန ရောက်စေ တတ်သောကြောင့် "နိယတ မိစ္ဆာ ဒိဋ္ဌိ" မည်၏။ ၎င်း နိယတ မိစ္ဆာ

ဒိဋ္ဌိသည် သဂ္ဂိနိုရယ် မဂ္ဂိနိုရယ် နှစ်ပါးလုံး ဖြစ်၏။ **ကိလေသနိုရယ်** လည်း မည်၏။

၃။ **ဝိပါကနိုရယ်**။ အဟိတ်, ဒွိဟိတ် ပဋိသန္ဓေသည် ဝိပါကနိုရယ် မည်၏။ မဂ္ဂိနိုရယ်သာ ဖြစ်၏, သဂ္ဂိနိုရယ်ကား မဖြစ်၊ ဤ ပဋိသန္ဓေ ဂိုဏ်သောသူသည် ပဋိသန္ဓေ ဉာဏ် ကင်းသည့် အတွက် မဂ်, ဖိုလ်ကိုသာ မရနိုင်သည်။ လူ,နတ် သုဂတိသို့ကား ရောက်နိုင်ပါ၏။ ယခု ဘဝတွင် မဂ်, ဖိုလ် မရောက်နိုင်သော်လည်း ယခုဘဝတွင် ပြုကျင့်သော ကောင်းမှု ကုသိုလ်မျိုး၏ အကျိုးပေးခွင့် ရကာ နောင်ဘဝမျိုးတွင် တိဟိတ် ပဋိသန္ဓေကို ရရှိလျက် မဂ်, ဖိုလ်ကို ရနိုင်ပါ၏။

၄။ **အရိယူပဓိဒုနိုရယ်**။ အရိယာဟု သိလျက်ဖြစ်စေ, မသိဘဲဖြစ်စေ, အရိယာပုဂ္ဂိုလ်ကို ဂုဏ်ပျက်အောင် ဖြစ်စေ, သိလျက်အောင် ဖြစ်စေ ကဲ့ရဲ့စွပ်စွဲပြုကျင့်ခြင်းသည်အရိယူပဓိဒုနိုရယ်မည်၏၊ **သဂ္ဂိနိုရယ်, မဂ္ဂိနိုရယ်** နှစ်ပါးလုံးဖြစ်၏။သို့သော် ကနဦးတော့ တောင်းပန်ပြီးသော အခါ ၎င်းအနိုရယ်မှ လွတ်ကင်းလေ၏။ ၎င်းအနိုရယ်မျိုးမှာ မဖြစ်သင့်ပါဘဲလျက် အမှတ်တမဲ့ သတိမထားပါက ပုထုဇဉ်တို့၌ ဖြစ်ဘတ်လှပါသဖြင့် အထူး သတိပြုကြပါလေ။ ဤ အနိုရယ်ကား ဖြစ်လွယ်၏။ ၎င်းဘေးကား အလွန်ကြီးလှပါ၏၊ ကြောက်ကြပါ သတိ အထူးထားကြပါလေ။

၅။ အာဏာဒီတိုင်ကွံ့မနှစ်ရာယ်။ သိလျက် လွန်ကျူးသော ရဟန်း၏ အာပတ် ၇-ပါးသည် အာဏာဒိတိုက္ကမနှစ်ရာယ် မည်၏။ သင်္ဃနှစ်ရာယ် မဂ္ဂနှစ်ရာယ် နှစ်ပါးလုံးဖြစ်၏။ သို့သော် ဝိနည်းနှင့်အညီ ကုစားသောအခါ ၎င်း အနှစ်ရာယ်မှ လွတ်ကင်းလေ၏။

ယခုဘဝတွင် အရိယာဖြစ်လိုကြသော ပုဂ္ဂိုလ်တို့သည် ၎င်း အနှစ်ရာယ်ငါးပါးတို့ကို မကျူးလွန်မိအောင် အထူးရှောင်ကြပါလေ။ ၎င်း အနှစ်ရာယ် တပါးပါးကျူးလွန်မိ၍ မဂ် မရဖြောင်းကို **သီလကွန်** ပါဠိတော် သာဓကညွှန်ပြ **သုတ်**တော် အဆုံးဒွ ဖြတ်ပွဲဘုရားက "အိုရိ-ချစ်သား ရဟန်းတို့ ဤ အဓာတသတ္တုမင်းကို အဘယ်မိသော မကောင်းမှု ဝိတုဃာတကံသည် ဖျက်ဆီးအပ်၏။ အိုရိ-ချစ်သားရဟန်းတို့ ဤအဓာတသတ္တုမင်းကို အဘယ်မိသော မကောင်းမှု ဝိတုဃာတကံသည် လွှင်းဆဲအပ်၏။ အိုရိ-ချစ်သာ ရဟန်းတို့ အကယ်၍ အဓာတသတ္တုမင်းသည်ဘရားစောင့်သော တရားသဖြင့် မင်းပြုသော ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို ဇီဝိတိန္ဒြေမှ မချသည်ဖြစ်အံ့။ ဤသို့ မချသည်ရှိသော် ဤ နေရာ၌ပင်လျှင် ကိလေသာတည်းဟူသော မြွက်ကင်းသော ကိလေသာတည်းဟူသော အညစ်အကြေးကင်းသော တရားမျက်စိ သောတာပတ္တိမဂ်ဉာဏ်သည် ဖြစ်ရာပြီ" ဟု ဤ သို့ ဟောပြတော်မူခဲ့ပေသည်။

၄၉။ ဝိပဿနုပက္ကိလေသ (၁၀) ပါး

မဂ်, ဖိုလ်ကို ရလိုသော ပုဂ္ဂိုလ်တို့သည် မဂ်, ဖိုလ်ရရန် ဝိပဿနာ အလုပ်ကို အားထုတ် ကျင့်ကြံကြရာ၌-အောက်ပါ အန္တရာယ် ၁၀-ပါးကို အထူး သတိ ပြုသင့်လှပါသည်။ မဂ်မှား, ဖိုလ်မှား ဆိုးဝါးလှသော အန္တရာယ်မျိုးဖြစ်ပါလျက်၊ ၎င်းအန္တရာယ်ကို ကိုပင် အန္တရာယ်ဟု မယူဆဘဲ မဂ်စစ်, ဖိုလ်စစ် ဟု ယူဆ ထင်မှားတတ်ကြပါသဖြင့် မြတ်စွာဘုရားရှိစဉ်ကပင် ဤ အမှားမျိုးအများ အပြား တွေ့ကြရသောကြောင့် မြတ်စွာဘုရားကိုယ်တော်တိုင် အခါခါ သတိ ပေးခဲ့ရပါသည်။ ယခုအခါ အထူး သတိပြုတော်မူကြ ပါကုန်။

ဝိပဿနုပက္ကိလေသ (၁၀) ပါး တို့သည်ကား-

၁။ **ဩဘာသ။** စိတ်ဓာတ်၏ ကြည်လင် မှုကြောင့် ကုယ်မှ အရောင်အဝါ တို့သည် ထွက်ပြီးလျှင် စိတ်အစွမ်းအား လျော်စွာ မိုဃ်၏ ထက်ဝန်းကျင် အနီးအနားဝှင်ဝင်း၊ မိုဃ်၏ အခန်းတွင်း အပြည့်ဝင်း၊ တကျောင်းလုံး တလောကလုံးဝင်း ထွန်းလင်း တောက်ပ နေတော့၏။

၂။ **ဒိဋ္ဌိ။** ဝိပဿနာဉာဏ်နှင့်ယှဉ်သော ဒိဋ္ဌိစေတသိက်၏ အစွမ်းကြောင့် ဝိပဿနာ အားထုတ် ကျင့်ကြံနေသော ပုဂ္ဂိုလ်သည် အလွန် နှစ်သက် နှစ်လိုနေတတ်၏။

၃။ **ပဿဒ္ဓိ။** ကိုယ်၏ငြိမ်သက်မှု စိတ်၏ ငြိမ်သက်မှု ကိုသည် ထူးထူးခြားခြား ဖြစ်ပေါ်လာတတ်၏။

၄။ **အဓိမောက္ခ။** ကမ္မဋ္ဌာန်းအာရုံ၌ ရှူးရှူးစိုက်စိုက် သက်ဝင်ယုံကြည်သော သဒ္ဓါတရား ဖြစ်ပေါ်လာတတ်၏။

၅။ **ပဋ္ဌဟာ။** ဝိပဿနာ စိတ်ဓာတ်ကို မပေါ့ မလျော့ နောက် မဆုတ်နိုင်အောင် အားပေး ချီးမြှောက်တတ်သော ဝိရိယလည်း ဖြစ်ပေါ်လာတတ်၏။

၆။ **သုခ။** ဝိပဿနာ၏အစွမ်းကြောင့် မွန်မြတ်သော စိတ္တဇရုပ်တို့ဖြင့် တကိုယ်လုံး ထုံမွှမ်း၍ ချမ်းမြေ့စေသော သုခဝေဒနာလည်း ဖြစ်ပေါ်လာတတ်၏။

၇။ **ဉာဏ။** သွက်လက် လျင်မြန် အမြင် သန်သော ဝိပဿနာ ဉာဏ်သည်ဖြစ်ပေါ်လာ၍ သင်္ခါရတို့၌ ရှုလိုက်တိုင်း ရှုလိုက်တိုင်း အဖြစ်အပျက်ကို ကွက်ကွက် ကွင်းကွင်း ရှင်းလင်းစွာ ဖြစ်ပေါ်လေ၏။

၈။ **ဥပဋ္ဌာန။** ကမ္မဋ္ဌာန်းအာရုံ၌ စွဲမြဲစွာ တည်သော သတိတရားလည်း ဖြစ်ပေါ်လာတတ်၏။

၉။ **ဥပေက္ခာ။** (၁) ဖြစ်ပျက်မှု ဥဒယဗ္ဗယသဘော တွေ့ အလွန်ဆင်နေလေရကား- ထင်အောင်ရှုရန် ဗျာပါရ မများတော့ဘဲ အသင့်အားဖြင့် ရှုစားတတ်သော တကြွ မဇ္ဈတ္တတာ စေတသိက် ကို "တကြွမဇ္ဈတ္တုပေက္ခာ" ဟုခေါ်ပါသည်။ (၂) ဖြစ်ပျက်မှုကို ဆင်ခြင်သည့်အခါ အလွန် လျင်မြန်စွာ

ဆင်ခြင်နိုင်သော အာဝဇ္ဇန်းနှင့် ရှင်သောစေတနာကို "အာဝဇ္ဇနုပေက္ခာ" ဟု ခေါ်ပါသည်။ (ဒိဋ္ဌမှစ၍ ဤ ဥပေက္ခာ တိုင်အောင်သော တရားတို့ကား ဝိပဿနာဉာဏ်၏ ယှဉ်တက် စေတသိက်များတည်း)။

၁၀။ **နိကန္တိ**။ ထို ဩဘာသ စသည်များဖြင့် တန်းဆာဆင်အပ်သော ဝိပဿနာဉာဏ်ကို နှစ်သက်နေမှု တဏှာသည်လည်း ဖြစ်ပေါ်သောကြ၏။ ထို တဏှာသည် အလွန် သိမ်မွေ့ရကား တဏှာမှန်းပင်မသိရ ချေ၊ ဝိပဿနာရတိ ဝိပဿနာဌ် မွေ့လျော်မှုဟု သာ ယောဂိပုဂ္ဂိုလ်က ထင်မှတ်နေတတ်ပါသည်။

အထက် ပေါ်ပြပါ ၁၀-ဘို့ကို ဝိပဿနာ ဉာဏ်၏ ညစ်နွမ်းကြောင်း ဖြစ်သော ဘေးရန်အန္တရာယ်များဟု ဆိုသော်လည်း ပဌမ ၉-ပါးတို့မှာ အကုသိုလ် မဖြစ်၍ ဘေးရန် အန္တရာယ် အစစ်မဟုတ်၊ နိကန္တိတပါးသာ ဘေးရန် အန္တရာယ် အစစ် ဖြစ်ပါသည်။ သို့သော် ဩဘာသ စသော အန္တရာယ်များ ပေါ်သောသည့် အခါ ပရိယတ်၌ မကျွမ်းကျင်သော အဆို ယောဂိပုဂ္ဂိုလ်တို့၌ "ငါ့မှာ ဉာဏ်အခါက ဤ ကိုယ်ရောင် ကိုယ်ဝါမျိုး မထွက်ဘူးချေ။ ဤ အရောင် အဝါတို့ကို ထွက်ပေါ် လာစေနိုင်သောစိတ်သည် မဂ်စိတ်, ဖိုလ်စိတ်ပင် ဖြစ်၏။ ငါသည် မဂ်, ဖိုလ်ကို ရပြီ" ဟူ၍ဂုဏ်း။ "ငါ့မှာ ဉာဏ်အခါက ဤ ကဲ့သို့သော ဒိဋ္ဌိ, ပဿဒ္ဓိ စသည်တို့ မဖြစ်ဘူးချေ....

ငါသည် မဂ်, ဖိုလ်ကို ရပြီ''ဟူ၍ဂုဏ်။ ဤသို့ အထင်ကြီးသော အထင်မှားသော ဝိပဿနာ လမ်းလွဲ၍ သာယာမှုတဏှာ၊ အထင်ကြီးမှု-မာန၊ ငါဟု စွဲလမ်းမှု-ဒိဋ္ဌိ တို့ဖြစ်ပေါ်လာ လေ့ကျန်၏။ ထို တဏှာ, မာန, ဒိဋ္ဌိ တို့သာ ဝိပဿနာကို ညစ်နွမ်းစေတတ်သော ဘေးရန်အန္တရာယ်အစစ်ဘည်း၊ ထို တဏှာ, မာန, ဒိဋ္ဌိ တို့သည် အရောင်အဝါ စသည်တို့ကို စွဲ၍ ဖြစ်ပေါ်လေသောကြောင့် ''လူမိုက်အားပေး'' ဆိုသလို အရောင်အဝါ စသည်တို့ကို ဖလှူပစာ, ဌာနုပစာ အားဖြင့် ဝိပဿနာ၏ ညစ်နွမ်းကြောင်း ဘေးရန်အန္တရာယ်ဟု ဆိုရပေသည်။

ပရိယတ်၌ ကျမ်းကျင်သော ယောဂိပုဂ္ဂိုလ် တို့သည် ကား ထို အရောင်အဝါ စသည်တို့ကို ဘေးရန်အန္တရာယ် ဟုဂုဏ်း၊ ရှေးသို့ တိုးတက် ဆက်လက် အားထုတ်မှုသည်သာ မဂ်, ဖိုလ် အစစ်ရကြောင်း လမ်းကောင်းလမ်းမှန်ဟူ၍ဂုဏ်း မဂ်မှား, မဂ်မှန်ကို ပိုင်းခြား၍ သိတတ်ကြပါ၏။ ဤသို့ သိ၍ ဝိပဿနာ အလုပ်ကို ရှေ့သို့ တိုးတက် ဆက်လက် အားထုတ်ကြပါမှ မဂ်စစ်, ဖိုလ်စစ်ကိုရကြပါမည်။ ဤ ကဲ့သို့ အမှား,အမှန်ကို ခွဲခြားဝေဘန်နိုင်သော ဉာဏ်ကို ''မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိ'' ဉာဏ် ဟူ၍လည်း ခေါ်ပါသည်။

ဉာဏ် ပညာ ရင့်သန်သော ယောဂိပုဂ္ဂိုလ်တို့မှာ ဝိပဿနာ ညစ်နွမ်းကြောင်း ဘေးရန်အန္တရာယ် ၁၀-ပါး တို့ကိုမတွေ့ မကြုံတတ် ဟူ၍လည်း ဆိုပါသည်။

၅၀။ (က) မက်, ဖိုလ် မရနိုင်သော ပုဂ္ဂိုလ် (၆) ဦး

အဂိုတ္တိရပါဠိတော်ဦး မြတ်စွာဘုရားက "ချစ်သားတို့ အောက်ပါ ၆-ပါးသော တရားတို့နှင့် ပြည့်စုံသော ရဟန်း ရှင်လူအပေါင်းတို့သည် သူတော်ကောင်းတို့၏ တရားကို နာကြား ကျင့်ကြံအားထုတ် ကြပါသော်လည်း မင်္ဂလာ သက်ဝင်ခြင်းငှါ မထိုက်ကြ၏" ဟု မိန့်ကြားတော်မူ တော့ရပါသဖြင့် ထို ပုဂ္ဂိုလ် ၆-ဦးတို့ကို ယခုဘဝတွင် မက်, ဖိုလ် မရနိုင်သော အာဇာဉ် ပုဂ္ဂိုလ် ၆-ဦးဟု ခေါ်ပါသည်။

၁။ ကမ္မာဝရဏပုဂ္ဂိုလ်= ပဉ္စာနန္တရိယကံ ကျူးလွန်သောသူ။

၂။ ကိလေသာဝရဏပုဂ္ဂိုလ်=နိယတမိစ္ဆာ ဒိဋ္ဌိအယူကို စွဲယူသောသူ။

၃။ ဝိပါကာဝရဏပုဂ္ဂိုလ်=အဟိတ်, ဒွိဟိတ်ပဋိသန္ဓေနေသောသူ။

၄။ အသဒ္ဓပုဂ္ဂိုလ်=ရတနာသုံးပါးဌာ သဒ္ဓါ ယုံကြည်ခြင်း မရှိသောသူ။

၅။ အဆန္ဒိကပုဂ္ဂိုလ်=ကုသိုလ်တရား ပွါးများရန် အလိုဆန္ဒ မရှိသောသူ။

၆။ ဒုပ္ပညပုဂ္ဂိုလ်=ပဋိသန္ဓေ ပညာ မရှိသောသူ။

ပုဂ္ဂလပညတ် အဋ္ဌကထာ နည်းအားဖြင့်ကား မင်္ဂ, ဖိုလ်တို့၏ ဥပနိဿယမရှိသော ပုဂ္ဂိုလ်များကိုပါ ထည့်၍

ယခု ဘဝတွင် မင်္ဂလာ မရှိနိုင်သော ပုဂ္ဂိုလ် ၇-မျိုး ပြားဂါ။

(ခ) မင်္ဂလာ မရှိနိုင်သော ပုဂ္ဂိုလ် ၁၆-ဦး

အောက်တွင် ဖော်ပြပါ ၁၆-ဦးသော ပုဂ္ဂိုလ်တို့သည် ကောင်းသော အကျင့်နှင့် ပြည့်စုံသော်လည်း မင်္ဂလာ မရှိနိုင်ပါ။

၁။ တိရစ္ဆာန် အမျိုးဒွဲ ဖြစ်သောသူ။
၂။ ပြိတ္တာ ဖြစ်သောသူ။
၃။ မိစ္ဆာဒိဋ္ဌိ ဖြစ်သောသူ။
၄။ အုံတွယ်သရဲသောအမှုကို ပြုသောကုဟကဝတ္ထုဂိုလ်။
၅။ အဓိကို သတ်သောသူ။
၆။ အဘကို သတ်သောသူ။
၇။ ရဟန္တာကို သတ်သောသူ။
၈။ သံဃာကို သင်းခွဲသောသူ။
၉။ ဘုရားကို သွေးစိမ်းတည်အောင် ပြုကျင့်သောသူ။
၁၀။ ထေယျသံဝါသက ပုဂ္ဂိုလ်။
၁၁။ တိတ္ထိဘောင်သို့ ပြေးဝင်သောပုဂ္ဂိုလ်။
၁၂။ ဘိက္ခုနီမကို ဖျက်ဆီးသောသူ။
၁၃။ (၁၃) ပါးသော သံဃာဒိသိသ်အာပတ်တို့တွင်တပါးပါးသို့ရောက်၍ အာပတ်မှ မထသေးသောသူ။
၁၄။ ပဏ္ဍုတ်ကဲ့ ပုဂ္ဂိုလ်။
၁၅။ ဥဘတောဗျည်း ပုဂ္ဂိုလ်။
၁၆။ အသက် ၇-နှစ်အောက် ငယ်ရွယ်သော ပုဂ္ဂိုလ်။

(ဗိသိန္ဒပဉ္ဉာ)

၅၁။ ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်နှင့် ပါဝိဆို

၁။ အလိုရမက် နည်းပါးသူ။
၂။ ရောင့်ရဲ တင်းတိမ်လွယ်သူ။
၃။ ဆိတ်ငြိမ်းခြင်းကို အလိုရှိသူ။
၄။ ကမ္မဋ္ဌာန်း အားထုတ်နေသူ။
၅။ ကမ္မဋ္ဌာန်းအာရုံ၌ သတိကောင်းသူ။
၆။ သမာဓိ ရှိသူ။
၇။ ပညာ ရှိသူ။
၈။ သံသရာ ငြီးငွေ့သူ။ ဟု ဝိဝိဂို သူတပါးက အ
ထင်ကြီးစေလိုလျှင် ပါဝိဆို ဖြစ်၏။ သူတပါးက အ
မကြီးစေလိုလျှင် အဝိဆို ဖြစ်၏ ဟု ဟောတော် မူသဖြင့်
မည်သည့် အရာမဆို သူတော်ကောင်းတရားနှင့် ပျော်ဝင်မှု
လိုလျှင် သူတပါးကို အသင်မကြီးစေသင့်။ သူတပါးကို
အထင်ကြီးစေလိုလျှင် ကမ္မဋ္ဌာန်း အားထုတ်သူ ယောဂီ
ပုဂ္ဂိုလ်ဟု မဆိုနိုင်ပါသဖြင့် ဓဂ်,ဖိုလ် ကိုလည်း ရမည်မ
ဟုတ်ပါ။ သို့ပါ၍ အရိယာ ဖြစ်ရန် ဝိပဿနာ အလုပ်ကို
ကျင့်ကြံ ငွါးများ ကြသော ယောဂီ ပုဂ္ဂိုလ်အပေါင်းတို့
သည် ပါဝိဆို မဖြစ်အောင် သတိ အထူးပြု ရာသည်။

(အဋ္ဌဂီတိ၏ ပါဠိတော်)

၅၂။ အရိယာ ဖြစ်နိုင်ရန် တားဆီး တတ်သော ဓာတ်နှစ်၏ အပြားများ

၁။ အမျိုးမျိုးသော ကာမဂုဏ် အာရုံ နှစ်မိတ်ကို ဖြင့်
ပိတ်ပင် တားဆီး၍ ထားသော "ကာမ" တည်။

၂။ ဘာဝနာ ကုသိုလ်တရားတို့ကို ပွါးများစေရန် စိတ်မသန်စွဲဘဲ ပျင်းရိလျက် ကာရံပိတ်ပင်၍ထား သော "အရတိ" တပ်။

၃။ သီလရုတင် ကျင့်ပြုနှလျင်လည်း ကြီးမားသော ဆာလောင် မွတ်သိပ်ခြင်းဖြင့် ကာဆီး၍ထားသော "ခုဠုပါသ" တပ်။

၄။ ဆာလောင်မွတ်သိပ်၍ စိတ်မချင်ပျ အာဟာရကို တောင့်တ တပ်မက်၍ လာသော "တဏှာ" တပ်။

၅။ စားသောက်ပြီးကာ စိတ်မသာရွှင်ဘဲ အိပ်ချင်စိုက် မျည်းသော "ထိနမိဒ္ဓ" တပ်။

၆။ ဆိတ် ငြိမ် ချာသို့ ကပ်လျက် တောရပ်သစ်ပင် ဝင်ကာ မပြတ် အား ထုတ်လတ်သော်လည်း အသိုးသိုးသော ခြိုပုတ်နှင့် သစ်ငုတ် စသည်ကို ပင်ဆင်, ကျား, သူရဲ အထင်လွဲ၍ ကြောက်တတ် သော "ဘီရု" တပ်။

၇။ ကြောက်ရွံ့ထိတ်လန့်ခြင်းကို ပယ်ရှားလျက် အား ထုတ်ပြန်ရာ ဘယ်အခါ မဂ်ဉာဏ် ရနိုင်ရန်ကို အမှန်မသိ ကျင့်စဉ်ကိုလည်း မှန်၏, မမှန်၏၊ ဇကေနမုချ မသိရသဖြင့် ဒိဟာမကင်း ဖြစ်လာသော "ဝိစိကိစ္ဆာ" တပ်။

၈။ ဝိစိကိစ္ဆာကို ပယ်ခွါရှောင်၍ ကြိုးစား အားထုတ် ပြန်ရာ အထူး ဝိသေသဖြစ်လာလျှင် အာဇင်ကြီး မား၍ သူတပါးတို့၏ သီလ စသော ဂုဏ်ကို ချေဖျက် ပြောဆိုသော မက္ခဘရားနှင့် သီလ,

သိက္ခာသဘင်, ဝါ ကြီးရင့်တို့အား ညွှတ်ဝွေးမပြု သော မောက်မာမှု ထင်္ဂ ဟူသော "မက္ခထင်္ဂ" တပ်။

၉။ ထို မက္ခ ထင်္ဂ တရားတို့ကို ရန်သူအလား အထင် ရောက်၍ ပယ်ဖျောက်ပြီးခါ အားထုတ်ရာ၌ ရလာ သော လာဘ်နှင့် အာဒပ်ရပ် ကျော်ကြား သက္ကာရ အများတို့၌စိတ်ထားသာယာသော "လာဘသက္ကာ ရ သိလောက" တပ်။

၁၀။ ထို လာဘ် ပူဇော်သက္ကာရ အခြိုးအရံ အကျော် အကြားတို့ဖြင့် တွေဝေခြင်း များပြားလျက်, တရား ရောင် တရားတ တို့ကို ပြလျက် မိမိ၏ ကံယ်ကို ချီးပ ဖြောက်ပင့်၍ သူတပါးတို့၏ အရေးအနှင့်ကို ရှုတ်ချ ပြောဆို တတ်သော "သာမုက္ကံသ, ပရ ဝမ္ဘန" တပ်။

၅၃။ အဓိဋ္ဌာန မဖြစ်ရန် လှည့်ပတ်တတ်သော တရား ၂၈-ပါး

အရိယာစစ် ဖြစ်လိုသော ဂုဏ်, လိုလိုသည်အသင့်အတင့် ပညာဉာဏ် ဂိုဏ်စေကာမူ ပါရမီ နည်းပါးလျှင် နေထိုင် အခွင့်ကထာခွင့်လာသော အောက်ဖော်ပြပါဝဋ္ဋနတရားတို့၏ သွယ်ပတ်ခြင်းကို လွတ်ကင်းအောင် မရှောင်ရှား နိုင်ကြ သည်ကို သတိကြီးစွာ ထားသင့်ကြပါသည်။

၁။ အပ္ပဋိကူလတာ မုခေန ကာမဆ္ဆန္ဒော ဝဋ္ဋတိ....
ဆုံရှာဘွယ် မရှိ ပကတိသော ဓမ္မ သဘာဝဟာ

နှလုံး ထားရသောအဖြစ်ကို အကြီးအမှူးပြုသဖြင့် ကာမဆွဲနှဲသည် လှည့်ဆောင်၍သွားတတ်၏။ (ထို အခါ အသုဘ ဘာဝနာကိုလည်း ပွါးများရမည်)။

၂။ ပဋိကူလသညာ ပတိရူပဘာဃ ဗျာပါဒေါဝဋ္ဌေတိ၊ စက်ဆုတ် နုံ့ရွာဘွယ် သညာ ဂိုယောင် အတု ဆောင်သဖြင့် တရားစစ်မဟုတ်သော စိတ်မချမ်း သာ နှလုံးနာခြင်းသည် လှည့်ပတ်၍နေတတ်၏။

၃။ သမာဓိမုခေနထိနမိဒ္ဓံဝဋ္ဌေတိ....သမာဓိကို အကြိုး အမှူးထားသဖြင့် ထိန, မိဒ္ဓ တရားသည် လှည့် ပတ်၍ နေတတ်၏။

၄။ ဝိရိယာရဗ္ဘော မုခေန ဥဒ္ဓစ္စံ ဝဋ္ဌေတိ....အားထုတ် လွန်းသော ဝိရိယကို အကြိုးအမှူး ထားသဖြင့် စိတ်၏ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စတရားသည် လှည့်ပတ်၍ နေတတ်၏။

၅။ သိက္ခာကာမတာ မုခေန ကုက္ကုစ္စံ ဝဋ္ဌေတိ....သုံး ပါးသော သိက္ခာကို အလို ရှိသည်၏ အဖြစ်ကို အရင်းမူသဖြင့် နေ့ထိုင်နွင့်မရ ကျင်းကြပ်လှသော ကုက္ကုစ္စတရားသည် လှည့်စား၍ လူထွက်တတ်၏။

၆။ ဥဘယပက္ခ သန္တိရဏ မုခေန ဝိစိကိစ္ဆာ ဝဋ္ဌေတိ....နှစ်ဘက် နှစ်လမ်း စုံစမ်း သိမြင်ရန် ရည်သန် ကြိုးမှူးသဖြင့် ထူးခြားစွာ မသိဘဲ ဝိစိ ကိစ္ဆာ လှည့်ပတ်၍ နေတတ်၏။

၇။ ဣဒ္ဓာ နိဒ္ဒ သမုပေက္ခနမုခေန သမ္မေးဟော ဝဉ္ဆေတိ၊ အလိုရှိအပ် အလိုမရှိအပ်၊ ချစ်မြတ်နိုးဘွယ်, မုန်းဘွယ် အာရုံနှစ်ပါးကို၌ အညီ အမျှထား၍ ရှုခြင်းကို အရင်းမူသဖြင့် ပြင်းစွာ တွေဝေ သော မောဟသည် လွှဲပယ်၍ နေတတ်၏။

၈။ ဝိရတ္တာတာ ပတိ ရူပကေန သတ္တော်သည် အဒယာပန္နတာ ဝဉ္ဆေတိ....တပ်မက်ခြင်း ကင်းသော အဖြစ်ယောင် အတုယောင် ဆောင်သဖြင့် သတ္တဝါတို့၌ ချစ်ခင် ကြင်နာခြင်းကင်းသော အဖြစ်သည် လွှဲပယ်၍နေတတ်၏။

၉။ အနုညာတာ ပဋိသေဝနာ ပတိရူပတာယ ကာမ သုခလ္လိကာနုယောဂေါ ဝဉ္ဆေတိ....မြတ်စွာဘုရား ခွင့်ပြုသော ပစ္စည်းလေးပါးကို မှီဝဲသည့် အတူ အယောင်အားဖြင့် ကာမဂုဏ်ချမ်းသာနှင့် ယှဉ်သော အကျင့်သည် လွှဲပယ်၍ နေတတ်၏။

၁၀။ သံဝိဘာဂသီလတာ ပတိရူပတာယ မိစ္ဆာဇီဝေါ ဝဉ္ဆေတိ....ဝေဘန် ပေးကမ်းသော အလေ့ရှိ ယောင် အတုဆောင်သဖြင့် ကုလဒူသနအားဖြင့် လူ ဒါယကာ ဒါယိကာမ တို့အား သစ်သီး ပေး ခြင်း စသော မိစ္ဆာဇီဝတရားသည် လွှဲပယ်၍ နေတတ်၏။

၁၁။ အသံသဂ္ဂဝိဟာရိတာ ပတိရူပတာယ အသင်္ဂဟ တာ ဝဉ္ဆေတိ....ရောနှော ဆက်ဆံခြင်း ကင်း၍

နေချင်ယောင် အတု ဆောင်သဖြင့် ချီးမြှောက် ထောက်ပံ့ထိုက်သူကိုပင် မချီးမြှောက် ချင်သော အဖြစ်သည် လှည့်ပတ်၍ နေတတ်၏။

၁၂။ သင်္ဂဟသိလတာ ပတိရူပဘာယ အနုနုလောဝိက သံသဂ္ဂေါ ဝဠွေတိ....ချီးမြှောက် ထောက်ပံ့လွဲ ရှိယောင် အတု ဆောင်လျက် ရပဟန်း တို့အား မသင့် လျော်သော ရောနှော ဆက်ဆံခြင်းသည် လှည့်ပတ်၍ နေတတ်၏။

၁၃။ သစ္စဝါဒိတာ ပတိရူပတာယ ပိသုဏာ ဝါစာ ဝဠွေတိ....အမှန်အကန် ပြောတတ်ယောင် အတု ဆောင်လျက် သူ့နှစ်ဦးတို့၏ အကြား ကုံးချော စကားကို ပြောတတ် ခြင်းသည် လှည့်ပတ်၍ နေတတ်၏။

၁၄။ အပိသုဏာ ဝါဒိတာ ပတိရူပတာယ အနုဇ္ဇ ကာမတာ ဝဠွေတိ.... ချောပစ် ကုံး တိုက်ခြင်း ကင်းလေယောင် အတုဆောင်လျက် ပြန်၍မပြော လျှင် အကျိုးမဲ့ စိုးပွါး ပျက်ပြားသွားမည့် အဖြစ် ကို အလိုရှိခြင်းသည် လှည့်ပတ်၍ နေတတ်၏။

၁၅။ ဖိယဝါဒိတာ ပတိရူပတာယ စာဋုကမျတာ ဝဠွေတိ....ချစ်ခင်ဘွယ်စကားကိုပြော ကြားတတ် ယောင် အတုဆောင်လျက် ဒါယကာတို့ နှစ်သက် ဘွယ်စကား မိမိကိုယ်ကို အောက် ထားလျက် ခင်ဗျား စသည်ဖြင့် ပြောကြား ခြင်းသည် လှည့် ပတ်၍ နေတတ်၏။

၁၆။ မိတ ဘာကိတာ ပတိရူပတာယ အာသမ္ဘောဒန သိလတာ ဝတ္ထေတိ....နှိုင်းချိန် စဉ်းစား၍ ပြော ကြားတတ်ယောင် အတူဆောင်လျက် နှစ်သက် ဝမ်းမြောက်ဘွယ်ရာ ဒါယကာတို့အား ဝမ်းသာ ဟောကြားလေ့ မရှိခြင်းသည် လွှဲပြစ်၍ နေတတ်၏။

၁၇။ သမ္မေးဒန သိလတာ ပတိရူပတာယ မာယာ သာဒ္ဒေယျဠ္ဍ ဝတ္ထေတိ.... ဝမ်းမြောက် ဝမ်းသာ ဟောကြားလေ့ ရှိယောင် အတူ ဆောင်သဖြင့် စဉ်းလဲကောက်ကျစ် အပြစ်ဖုံးလွှမ်းသော စကား သည် လွှဲပြစ်၍ နေတတ်၏။

၁၈။ နိဂ္ဂယှဝါဒိတာ ပတိရူပတာယ ပရိသဝါစာ ဝတ္ထေတိ....မကောင်းမှုကို တွေ့မြင်လျှင် မေတ္တာ စိတ်ဖြင့်နှိမ်၍ ပြောဆိုချင်သော အတူ အယောင် ဆောင်လျက် ဒေါသထွက်၍ ပြောဆိုခြင်း စကား ကြမ်းသည် လွှဲပြစ်၍ နေတတ်၏။

၁၉။ ပါပဂရဟိတာ ပတိရူပတာယ ပရဝဏ္ဏာနုပဿိ တာဝတ္ထေဘိ....မကောင်းမှုကို ကဲ့ရဲ့ယောင် အတူ ဆောင်သဖြင့် သူတပါး၏ အပြစ်ကို ရှာလေ့ရှိ ခြင်းသည် လွှဲပြစ်၍ နေတတ်၏။

၂၀။ ဝမ္မဒေသနာ ဘိရတိ မုခေန ဘဿာရာမတာ ဝတ္ထေတိ...တရားဟောခြင်းဌာန အလွန်မွေ့လျော်ခြင်း ဝတ္ထု အရင်းမှသဖြင့် စကားပြောခြင်းဌာန မွေ့လျော် သော အပြစ်သည် လွှဲပြစ်၍ နေတတ်၏။

၂၁။ ပုညကာမတာ ပတိရူပတာယ ကမ္မာရာမတာ ဝတ္ထေတိ....ကောင်းမှုကို အလိုရှိသော အယောင် အတုဆောင်လျက် အမှုကိစ္စ၌ နှစ်သက် မွေ့လျော် သော အဖြစ်သည် လွှဲပတ်၍ နောင်တ်၏။

၂၂။ သံဝေဂ ပတိရူပကေန စိတ္တာသန္နဝပေါ ဝတ္ထေတိ... သံဝေဂ ဉာဏ်ရောင် အတုဆောင်လျက် ပူလောင် ညစ်နွမ်းသော စိတ်သည် လွှဲပတ်၍ နေတတ်၏။

၂၃။ သဒ္ဓါလုတာ ပတိရူပဘာယ ပရိကပ္ပတာ ဝတ္ထေတိ.... သဒ္ဓါတရား များပြားသော အဖြစ်ယောင် အတု ဆောင်လျက် စူးစမ်းချက် ပညာ ကင်း ဝေးကွာ နေခြင်းသည် လွှဲပတ်၍ နေတတ်၏။

၂၄။ ဝိမံသာ ပတိရူပကေန အဿဒ္ဓိယံ ဝတ္ထေတိ.... စူးစမ်း စိစစ်သော ပညာယောင် အတုဆောင် လျက် သဒ္ဓါတရား ပျက်ကွက်ခြင်းသည် လွှဲ ပတ်၍ နေတတ်၏။

၂၅။ မေတ္တာယနာမုခေန ရာဂေါ ဝတ္ထေတိ....မေတ္တာစိတ် ဖြစ်ပေါ်စေခြင်းကို အရင်းမူသဖြင့် တပ်မက်ခြင်း ဟူသော ရာဂသည် လွှဲပတ်၍ နေတတ်၏။

၂၆။ ကရုဏာယနာ ပတိရူပကေန ဒေါသော ဝတ္ထေတိ၊ ကရုဏာ ဖြစ်သော စိတ်ယောင် အတု ဆောင် သဖြင့် ပူလောင်စိုးရိမ်ခြင်း သောကသည် လွှဲ ပတ်၍ နေတတ်၏။

၂၇။ အတ္တာဓိပတေယျ ပတိရူပကေန ဂရုနံ အနုသာ သနိယာ အပ္ပ ဒက္ခိဏာဂါဟိတာ ဝတ္ထေတိ....

အတ္တာဟိ အတ္တနော နာထော စသည်ဖြင့် ဟော တော်မူရာ ဒေသနာအရ မိမိကိုယ်ကို မိမိသာလျှင် ဆုံးမရာ၏ ဟူသော အတုအယောင်ဖြင့် အလေး ပြုအပ်သော ဆရာသမား တို့၏ အဆုံးအမစကားခွ အမြတ်အနားဖြင့် မနာယူသော အဖြစ်သည် လွန်စွ ပတ်၍ နေတတ်၏။

၂၀။ ဥပေက္ခာ ဝိဟာရ၌ ပတိရူပကေန ကုသလသု ဖမ်းသူ နိုက်ဒိတ္တ ဆန္ဒတာ ဝဠဥ်းတိ....လျစ်လျူ။ ရှုလျက် နေထိုင် အတု ဆောင်သဖြင့် အခွင့် အားလျော်စွာ ပြုထိုက်သော ကုသိုလ်တရားတို့ခွ ချထားသော ဆန္ဒရှိသော အဖြစ်သည် (၀၇)အား မထုတ်လိုခြင်းသည် လွန်စွပ်၍ နေတတ်၏။

၅၄။ အရိယာဖြစ်ရန် အားထုတ်ခွင့် မရသော အကြောင်း (၅) ပါး

အရိယာဖြစ်ရန် အားထုတ်ခွင့် မရသော အကြောင်း ငါးမျိုးတို့မှာ-

၁။ အိုခြင်းသို့ ရောက်ရသောအခါ။
၂။ ကိုက်ခဲ ကျင်နာ ရောဂါ ရှိသောအခါ။
၃။ အစာ ရေစာ ခေါင်းပါးသော အခါ
၄။ သံဃာ မညီမညွတ်သောအခါ။
၅။ တိုင်းပြည် မငြိမ်မသက် ကာလ ပျက်သော အခါ ဤဖြစ်ပါသည်။

သို့ပါ၍ ထို ငါးပါးတို့မှ လွတ်ခိုက်တွင် ဝိပဿနာ အလုပ်ကို ကျင့်ကြိုးပမ်းများ အားထုတ်ကြပါလေ။

တနည်း-

၁။ အမှုကြီးငယ်၌ မွေ့လျော်ခြင်း။
၂။ လောကီစကား ပြောရာ၌ မွေ့လျော်ခြင်း။
၃။ အိပ်ခြင်း၌ မွေ့လျော်ခြင်း။
၄။ အပေါင်းအဖော်၌ မွေ့လျော်ခြင်း။
၅။ တရားရအောင် အားမထုတ်ခြင်းတို့ ဖြစ်ပါသည်။

ထို ငါးပါးတို့ ပိပိတို့၏ သန္တာန်၌ မဖြစ်ပေါ်အောင် ကြိုးစားကြရပါမည်။ကြိုးစားကြပါလေ။

(ပဋ္ဌာန်းတို့၏ ပါဠိတော်)

၅၅။ ဝိပဿနာဝိမုတ်
ဝိပဿနာမှ လွတ်သော စိတ်ငါးမျိုး

၁။ သဒ္ဓါ ။ခဏမစဲ ဖြစ်,ပျက်နေသော ရုပ်, နာမ်, ခန္ဓာ၊အာနိစ္စ,ဒုက္ခ,အနတ္တ သဘောမျှသာရှိသည်ဟု ယုံကြည်ကာမျှကို "အညတြ သဒ္ဓါယ" ပုဒ်ဖြင့် ပယ်အပ်သည်။ ထိုသို့သော ယုံကြည် မှုဖြင့် ဝိပဿနာ မဖြစ်ဟု ဆိုလိုသည်။

၂။ ရုစိ ။ခဏမစဲ ဖြစ်, ပျက်နေသော ရုပ်, နာမ်, ခန္ဓာ၊အနိစ္စ,ဒုက္ခ, အနတ္တ သဘောမျှသာရှိသည်ဟု နှစ်သက်,သဘောကျကာမျှကို "အညတြရုစိယ" ပုဒ်ဖြင့် ပယ်အပ်သည်။ ထိုသို့နှစ်သက် သဘော

ကျွမ်းကျင်လည်း ဝိပဿနာ မဖြစ် ဟု ဆိုလိုသည်။

၃။ **အနုဿတေ**။ ခဏမစဲ ဖြစ်, ပျက်နေသော ရုပ်, နာမ်, ခန္ဓာ၊ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတရား တို့ကို သင်အံ့ဆော်လှုံ့ကျွမ်း နှုတ်တက်ရွတ်ရွတ် ကြားရ နာရ မှတ်သား ရသော သုတမယ ဉာဏ်ကို "အညတြအနုဿတေါ" ပုဒ်ဖြင့် ပယ်အပ်သည်။ ထိုသို့သော သုတမယဉာဏ်ဖြင့်လည်း ဝိပဿနာ မဖြစ်ဟု ဆိုလိုသည်။

၄။ **အာကာရပရိဝိတက္ကေ**။ ခဏမစဲ ဖြစ်, ပျက် နေသော ရုပ်, နာမ်, ခန္ဓာ တို့၏ အခြင်း အရာဖြင့် ဆင်ခြင်ရုံမျှကိုလည်း "အညတြ အာကာရ ပရိဝိတက္ကေ" ပုဒ်ဖြင့် ပယ်အပ်သည်။ ထိုသို့ အခြင်း အရာ ဆင်ခြင်ရုံမျှဖြင့်လည်း ဝိပဿနာ မဖြစ်ဟု ဆိုလိုသည်။

၅။ **ဒိဋ္ဌိနိဗ္ဗာနက္ခန္တိယာ**။ ခဏမစဲ ဖြစ်, ပျက်နေသော ရုပ်, နာမ်, ခန္ဓာ တို့ကို စဉ်းစား ဆင်ခြင်ကာ ယထာ ဘူတ စိန္တာမယ ဉာဏ် အဖြင့်ကို "အညတြ ဒိဋ္ဌိနိဗ္ဗာနက္ခန္တိယာ" ပုဒ်ဖြင့် ပယ်အပ်ပါသည်။ ထိုသို့ စဉ်းစား ဆင်ခြင် စိန္တာမယ ဉာဏ် အဖြင့် သည်လည်း ဝိပဿနာ မဖြစ်ဟု ဆိုလိုပါသည်။

(ဝိသုဒ္ဓိမဂ် ခန္ဓနိဒ္ဒေသ)

၅၆။ မင်္ဂလိရကြောင်း ဘရားအားမထုတ်နိုင်ခြင်း အကြောင်း(၆)ပါး

အောက်ပေါ်ပြပါ အကြောင်း(၆)ပါး ရှိနေကြသော သူတို့သည် မင်္ဂလိ ရကြောင်း ဖြစ်သော ကာယာနုပဿနာ သတိ ပဋ္ဌာန် စသည့် ဘာဝနာ တရားများကျင့်ကြံ ပွါးများ၍ နေခြင်းငှါ မဖြစ်နိုင်ဟု ဟောပြထားတော်မူသောကြောင့် မင်္ဂလိ ရလိုသူ ပုဂ္ဂိုလ်များသည် ၎င်း (၆) ပါးတို့ကို သတိပြု၍ ရှောင်ကျဉ် ကြပါလေ။

၁။ လောကီအလုပ်ကိစ္စ၌ ဖွဲ့လျော်ခြင်း။
၂။ လောကီစကားပြောခြင်း၌ ဖွဲ့လျော်ခြင်း။
၃။ အိပ်ပျော်ခြင်း၌ ဖွဲ့လျော်ခြင်း။
၄။ အပေါင်းအဖော်၌ ဖွဲ့လျော်ခြင်း။
၅။ ကိုယ်ခြံ မစောင့်စည်းခြင်း။
၆။ ဘောဇဉ်တို့၌ အတိုင်းအရှည်ကို မသိခြင်း။

(အင်္ဂုတ္တိုရ်-ဆဋ္ဌ)

၅၇။ မင်္ဂလိ မရနိုင်ခြင်း အကြောင်း(၂)ပါး

ယခုဘဝတွင် မင်္ဂလိ ဖို့လိုအပ် ရန္ဓင့်ရှိပါလျက် အောက်ပါအကြောင်း ၂-ပါးကြောင့် မင်္ဂလိကို မရကြတုန်း။

၁။ **ပါပမိတ္တာတာ**။ ယုတ်ညံ့သော မိတ်ဆွေကို မှီခိုခြင်း ပေါင်းသင်းခြင်း ဟူသော အကြောင်းကြောင့် မင်္ဂလိကို မရသောဝတ္ထုမှာ ယုတ်ညံ့သော မိတ်ဆွေ အရှင်ဒေဝဒတ်၏ စကားကို နာခံ၍ ပြုမိသော ဝိတုဃာတက ကမ္မန္တရာယ်ကြောင့် အဇာတသတ် မင်းသည် မင်္ဂ,

ဖိုလ်ကို မရဟူလို။ အန္တရာယ် ရှိသောသူအား မင်္ဂ,ဖိုလ် သာမဟုတ်သေး၊ ဥဒယဗ္ဗယ စသော ဝိပဿနာဉာဏ် များလည်း မဖြစ်ပေါ်တော့သည်သာတည်း။

၂။ **ကိလေသာ ပရိယာဒါန်။** ကျင့်မှု ဟောမှု လိုခြင်း ကြောင့် မင်္ဂ,ဖိုလ် မရကြသော ဝဏ္ဏုသာဓကများမှာ-(ကျင့်မှုလိုခြင်း)။

မဏ္ဍိမပဿာသဒ္ဓိလာဘသော **ပေးမည်သော** သူသည် အတ္တနော ပစသော ပုဂ္ဂိုလ်လေးမျိုးတို့ကို အကျယ်ဝေဘန်၍ ဟောပြောသော တရားကို အဆုံးတိုင်အောင် ကြားနာကာ နှလုံးသွင်း အားထုတ်မှ ရှိခဲ့ပါလျှင် သောဘာပန် ဖြစ်ထိုက်ပါလျက် နှလုံးသွင်း အားထုတ်မှုလိုသဖြင့် တရား မဆုံးမီ ထသွားသောကြောင့် မင်္ဂ,ဖိုလ်မှ ဆုံးဝေးရပေသည်။ ယခုကာလ၌ မင်္ဂ,ဖိုလ်ကို ရထိုက်သော သူတို့တွင် နည်းလမ်းမှန်ကို ရပါလျက် အလျှင်း အား မထုတ်၍ဖြစ်စေ၊ တပိုင်းတစမျှသော အားထုတ်၍ဖြစ်စေ၊ အပြည့်အဝ အားမထုတ်၍ ဖြစ်စေ မင်္ဂ,ဖိုလ်ကို မရဘဲ တဘဝ ဆုံးဝေးသွားရမည့် သူများမှာ ၎င်းပေယမည်သော သူကဲ့သို့ပင် နှလုံးသွင်း အားထုတ်မှုလိုခြင်းကြောင့် လောကုတ္တရာ အကျိုးစီးပွါး မင်္ဂ,ဖိုလ်မှ ဆုံးဝေးရလေသည်။ နှလုံးသွင်း အားထုတ်မှု ပြည့်စုံကြပါစေ။

၅၈။ ဟောပြောမှုလိုခြင်းကြောင့်သည်း မင်္ဂ,ဖိုလ် မရနိုင်

ဓနဥ္ဇာန် ပုဏ္ဏား ကြီးသည် သေခါနီးသော အခါ၌ အမှင်သာရိပုတ္တရာ ဟောပြောသော သမထ ၊တရားကို

ကြားနာ ရသဖြင့် သမထဈာန်ကို ပွါး၍ သေလေလျှင် ဖြဟ္မာ့ပြည်သို့ရောက်လေ၏။ အကယ်၍ ဝိပဿနာ တရား ကို ကြားနာ ရခဲ့ပါလျှင် ပုဏ္ဏား ကြီးသည် လူ့ဘဝ၌ ပင်လျှင် မဂ်, ဖိုလ်ကို ရလေရာ၏။ သို့ဖြစ်ပါ၍ ဓနဥ္ဇာန်၏ လူ့ဘဝ၌ မဂ်, ဖိုလ်ကို မရခြင်းမှာ တရား ဟောပြောမှု လိုခြင်းကြောင့် ပင်တည်း။ ထို့ကြောင့် မြတ်စွာဘုရားက ဤသာဂရိပုတ္တရာအား အပြစ်တင်ဆိုပြီးလျှင် ဖြဟ္မာ့ပြည်သို့ လိုက်၍ ထို (ဓနဥ္ဇာနိ) ဖြဟ္မာကြီးအား ဝိပဿနာ တရား ဟောပြောရန် မိန့်တော်မူလေ၏။ အဤသာဂရိပုတ္တရာ လည်း ချက်ခြင်း ထသွား၍ ဖြဟ္မာ့ ပြည်မှာ တရား ဝိပဿနာ ဟောပြော ရပြန်လေသည်။ ထိုအခါမှ စ၍ ဤသာဂရိ ပုတ္တရာသည် တရား ဟောပြောလျှင် သစ္စာ လေးပါးနှင့် မကင်းမူ၍သာ ဟောတော်မူသတတ်။

ယခုကာလ၌ မဂ်, ဖိုလ်ကို ရထိုက်သူ ဖြစ်ပါလျက် ဝိပဿနာ နည်းမှန်ကို မကြားနာ မကျင့်ကြံ ရသော ကြောင့် မဂ်, ဖိုလ် မမှီး အချည်းနှီး ဘဝ ဆုံးရှုံးကြရသော သူများမှာ ဤဓနဥ္ဇာနိ ကဲ့သို့ပင် ဟောပြောမှု လိုခြင်းကြောင့် လောကုတ္တရာ မဂ်, ဖိုလ် အကျိုး ဒိုးပွါးမှ ဆုံးရှုံးကြရာလေသည်။ တရားမှန်ကို တွေ့အောင် ရှာနိုင်ကြပါစေ။ ရှာ၍တွေ့လျှင်လည်း ပြဿနာအောင် ကျင့်ကြံနိုင်ကြပါစေ။

အခန်း ၄

သပ္ပုရိသ ကထောကာစ်ကြွး

ဥဒ္ဒေသ ဘူမိနိဒ်ေကပါဒိန်းကြိုက်ခြင်း မှာဒေါသော အကြိုး ပြစ်ဒေသော ပုဒ်နှင့် (၃)ပါး

ဗေဒနာနုပဿနာ

ဖြတ်စွာ ဘုရားက အာဘတ်တွင် ဖော်ပြပါ ပုဂ္ဂိုလ်-၃-ပါး တို့သည် လောကဌိမှားစွာသော လူ,နတ် အာပါင်းတို့၏ အစီး အပွါး အလိုဂ္ဂါ မျှားစွာသော လူ,နတ် အာပါင်း တို့၏ ချမ်းသာခြင်းအလို့ဂ္ဂါ မျှားစွာသောလူ, နတ် အာပါင်း တို့ကို သနားကယ်မခြင်း အလို့ဂ္ဂါ ဖြစ်ဘော် မူကြောင်း ဟောတော်မူခဲ့လေသည်။

၁။ သိသက္ခဒ္ဒ စသည်ကျေးဇူးဂုဏ်အထူးကိုဂ္ဂာဒီးလို့ ဂိုသော သင်္ဃာဌြတ်စွာ ဘုရားသည် ပဌမ ပုဂ္ဂိုလ်။

၂။ ထိုသင်္ဃာဌြတ်စွာတုရားကို စွဲ၍ ဖြစ်သော ထိုသင်္ဃာ ဌြတ်စွာသုရား၏ တပည့်ဖြစ်သော ကိစ္စကုန်ငြီး သော ရဟန်းဂုဏ်ရှိသည် ဒုတိယ ပုဂ္ဂိုလ်။

၃။ ထိုသင်္ဃာဌြတ်စွာ ဘုရား၏ တပည့် ဖြစ်သော မျှားသော အကြားအမြင် ဂိုသော သိလအကျင့် ဂုတင်အကျင့်နှင့် ပြည့်စုံသော တရား တော်ကို အားထုတ် ပြုကျင့်ဆဲ ဖြစ်သော သေက္ခ ပုဂ္ဂိုလ် သည် တတိယ ပုဂ္ဂိုလ်။

ဤပုဂ္ဂိုလ်-၃-ပါး တို့သည် လူနှတ် ဗြဟ္မာ သတ္တဝါ အပေါင်း တို့ထက် မြင့်မြတ် ကုန်၏။ မြတ်စွာ ဘုရား၏ တရားကို ဟောကြားလျက် လောကီ လောကုတ္တရာ ပညာအရောင်အလင်းကို ထွန်းလင်းတောက်ပစေကုန်၏။ မင်, ဖိုလ်, နိဗ္ဗာန် ရောက်ရာ ဝင်ရာ တံခါး ပေါက်ကို ကျယ်ကျယ် ဝင့်ဝင့် ကောင်းစွာ ပွင့်၍ လူ, နတ်, ဗြဟ္မာ သတ္တဝါ အပေါင်း တို့ကို အိုဘေးဆိုး, နာဘေးဆိုး သေဘေးဆိုး, အပါယ်ဘေးဆိုး ကြီးတို့မှ ကင်းလွတ် စေကုန်၏။သို့ပါ၍ အရိယာ ဖြစ်လိုကြသော ပုဂ္ဂိုလ် အပေါင်းတို့သည် ဤပုဂ္ဂိုလ်-၃-ပါးတို့ ဟောကြားပြသ ဆုံးမသော တရားကို မမေ့မလျော့ အားထုတ် ကျင့်ကြံ ကြပါလျှင် ဤဘဝတွင်ပင် တမဂ်,တဖိုလ် သောတာပန် အရိယာ ဖြစ်ရုံမက လေးမဂ်, လေးဖိုလ်ရကာ နိဗ္ဗာန်သို့ စံဝင်ကြရပါမည်။

၆၀။ ကမ္မဋ္ဌာန်း ပေးနိုင်သော ဆရာ (၆)ပါး

အရိယာဖြစ်လိုကြသော ပုဂ္ဂိုလ်တို့သည် ကမ္မဋ္ဌာန်း ပေးစွမ်းနိုင်သော ပုဂ္ဂိုလ်ကို ရှာမှေကြရာ၌ ယခု အခါ တွင် ရှေးဦးစွာ မြတ်စွာ ဘုရားကို မရ ဂိုနိုင်သောကြောင့် အောက်ပါ အဆင့် အတန်း အစဉ် အတိုင်း ရှာကြံ ဆည်းကပ်ကြပါလေ၊

၁။ ရဟန္တာ။
၂။ အနာဂါမိ။
၃။ သကဒါဂါမိ။

၄။ သောတာပန်။

၅။ ကမ္မဋ္ဌာန်းဖြင့် ဈာန်ရသော ပုဂ္ဂိုလ်။

၆။ တိပိဋကရ ဒွိပိဋက ရ ဧကပိဋကရ ဧက သကိတိအဋ္ဌကထာရ. ကမ္မဋ္ဌာနပဂုဏ လဒ္ဓိ ပေသလ ဖြစ်သော ဗဟုသုတ ပုဂ္ဂိုလ်။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌လာသော-"သစေဒိဏာသဝံ လဘတိ အနာဂါဒိ သကဒါဂါဒိသောတပန္နာ....အယဉ္စ လဒ္ဓိဟောတိ တသသန္တိကေ ဂဟေတဗ္ဗံ" ဆုံးမစကား အရ ကမ္မဋ္ဌာန်းဆရာကို ရှာကြပါလေ။

အာဇက်ပါ အဋ္ဌကထာရှင် ဆုံးမသည့် အတိုင်း အရိယာ စစ်. အရိယာမှန်ကို မတွေ့ နိုင်လျှင် ပိဋက တော်ဆောင် ကြသော လဒ္ဓိပုဂ္ဂိုလ် တို့ထံ၌ သာလျှင် ကမ္မဋ္ဌာန်းကို ယူအပ်ကြောင်း သိကြပါလေ။ သတိရှိကြစေ။

၆ခ။ အရိယာဖြစ်လိုလျှင်ကလျာဏမိတ္တ ဆရာကောင်း ဆရာဖြတ်ကို တွေ့အောင်ရှာပါ

ယထာဘူတ ညာဏာယ သဏ္ဌာပရိယေသိတဗ္ဗော။ အဓိပ္ပါယ်ကား မတော်မပြန် ဟုတ်မှန် တိုင်းသော ရုပ်,နာမ် နှစ်ပါးတို့၏ ခဏမစဲ အဘန်တလဲလဲ ဖြစ်, ပျက်၍နေမှုကို ဝိပဿနာညာဏ်, မဂ်ညာဏ်, ဖိုလ်ညာဏ် ဖြင့် အမှန်ထိုးထွင်း၍ ထင်လင်းစွာ သိမြင်လာစေခြင်းငှါ ဝိပဿနာ လုပ်ငန်းကို ဟုတ်မှန်စွာ နည်းလမ်း ပြတတ်သော ကလျာဏမိတ္တ ဆရာကောင်း ဆရာဖြတ်ကို အထက် အောက်အရပ်မှ စ၍ မြေအောက်, မိုးပေါ် မတွေ့ တွေ့

အောင် လှည့်ပတ်ရုံစမ်းကာ အစဉ်အမြဲ မပြတ်မလပ် အထပ်ထပ်အခါခါ ရှာမှီးရာ၏။ ရှာကြံပါ အရိယာဖြစ်လိုသူ သူတော်ကောင်းအပေါင်းတို့။

၆၂။ ကလျာဏ မိတ္တ အင်္ဂါ(၇)ပါး

၁။ **သီလ**....အကျင့်သိလနှင့် ပြည့်စုံခြင်း၊ ကာယကံ, ဝစီကံ စင်ကြယ်သည် မစင်ကြယ်သည်ကို ကြည့်၍ သိရ၏။

၂။ **သမာဓိ**....အကျင့်သိလနှင့် ပြည့်စုံ ခြင်းကြောင့် စိတ်ဖြူစင် တည်ကြည်ခြင်း၊ ကိုယ်နှုတ် အမှုအရာ ငြိမ်သက်တည်ကြည်မှု မတည်ကြည်မှုကို ကြည့်၍ သိရာ၏။

၃။ **ပညာ**....သိလ, သမာဓိနှင့် ပြည့်စုံ ခြင်းကြောင့် ရုပ်,နာမ်,ခန္ဓာ, အာယတန, ဓာတ်,သစ္စာ, ပဋိစ္စသမုပ္ပါဒ်တရားတို့ကိုသိခြင်း။ (ဆွေးနွေး မေးမြန်းသဖြင့် သိရာ၏။)

၄။ **ဓမ္မဒါန**....မှန်သော သစ္စာ လေးပါး တရား စသည်တို့ကို ဟောပြော ဆုံးမခြင်း။

၅။ **ပေယျဝါစာ**....သူတပါး၏ နားဦ ခံသာအောင် ချစ်ဘွယ်သော စကားကို ပြောဆိုခြင်း။

၆။ **အတ္ထစရိယာ**....သူတပါးတို့အား သင့်ငါ တရား နှင့် ပြည့်စုံ စေခြင်း၊ သိလ အကျင့် တရားနှင့် ပြည့်စုံစေခြင်း၊ စာဂ စွန့်ကြဲပေးကမ်း လှူဒါန်း

ခြင်းနှင့် ပြည့်စုံ စေခြင်း၊ ပညာ-အသိ တရားနှင့် ပြည့်စုံစေခြင်း။

၇။ **သမာနတ္တတာ**....သူတပါး တို့အား မိမိ နှင့် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ အဖြစ် တည်းဟူသော တူမျှသော အကျိုးကို ဖြစ်စေခြင်း။

ဤ အင်္ဂါ ၇-ပါးနှင့် ပြည့်စုံပါမှ ကလျာဏမိတ်စဲ့ ဆရာကောင်း ဆရာမြတ် ဖြစ်ပါသည်။ ဤကဲ့သို့သော မိတ်စဲ့ ဆရာကောင်း ဆရာမြတ်ကို ရှာဖွေရာ၌ မိတ်စဲ့ ဆရာကောင်း ဆရာမြတ်ကို မတွေ့ပါဘဲ မိတ်တူ - အလွဲ အမှားကို သွန်သင်ပြသ ဆုံးမသော ဆရာယောင်, ဆရာ တုများကို တွေ့နေပါက မိမိသာလျှင် အကျိုးယုတ်တတ် ပါသည်၊ ဘဝဆုံးရှုံးတတ်ပါသည်။ သတိပြုပါလေ။ ဤ ကဲ့သို့သော အင်္ဂါ ၇-ပါးနှင့် ပြည့်စုံသော ကလျာဏ မိတ်စဲ့ ဆရာကောင်း, ဆရာမြတ်မှ သာလျှင် အောက် ပါ ၇ဏ် ၇-ပါးတို့နှင့် ပြည့်စုံကြောင်း သိကြပါလေ။ မှတ်ကြစေ၊

၆၃။ ကလျာဏ မိတ်စဲ့ ဆရာကောင်း, ဆရာမြတ်တို့၏ ၇ဏ် (၇) ပါး

၁။ **နိယကုဏ်**။ သင်ဟ စသော တရား ၇- ပါးနှင့် ပြည့်စုံခြင်းကြောင့် ထို ပုဂ္ဂိုလ်ကို အထူး ချစ်ခင် အပ်ခြင်း။

၂။ **ဂရုဂုဏ်ကြီး။** ထို ၇-ပါးသော တရားတို့နှင့် ပြည့်စုံ၍ အရိုအသေ အလေးအမြတ် အထူး ဂရုပြုအပ်ခြင်း။

၃။ **ဘာဝနီယဂုဏ်ကြီး။** ထို ၇-ပါးသော တရားတို့နှင့် ပြည့်စုံ၍ အထူး ချီးမွမ်းအပ်ခြင်း။

၄။ **ဝတ္တာဂုဏ်ကြီး။** ထို ၇-ပါးသော တရားတို့နှင့် ပြည့်စုံခြင်းကြောင့် သူတပါးတို့အားမကောင်းမြစ်တား ကောင်းရာ ညွှန်ကြား ဆုံးမခြင်း။

၅။ **ဝစနက္ခမဂုဏ်ကြီး။** မိမိ၏ ချွတ်ယွင်းချက်ကို ကြား သိရလျှင် ပြုပြင်ရန် အသင့်ရှိသဖြင့် သူတပါးတို့က ဆုံးမပြောဆိုခြင်းဌာ ခံခြင်း။

၆။ **ဂမ္ဘီရကထံကတ္တာဂုဏ်ကြီး။** ရုပ်, နာမ်, ခန္ဓာနှင့် စပ်သော နက်နဲ ခက်ခဲသော တရားစကားတို့ကို ပေါပြည့်နှံကြားတတ်ခြင်း။

၇။ **နောစဋ္ဌာနနိယောဇကဂုဏ်ကြီး။** အကျိုးမဲ့ မလျောက် ပတ်သော အရာဌာနတို့၌ မတိုက်တွန်းခြင်း။

ဤကဲ့သို့ ဂုဏ် ၇-ပါးနှင့် ပြည့်စုံမှသာလျှင် ကလျာဏ မိတ်စစ် ဆရာကောင်း, ဆရာမြတ်ဖြစ်ပါ၍ ထို ဂုဏ် ၇-ပါးနှင့် ပြည့်စုံသော ဆရာကို ရှာ၍ မှီဝဲ ဆည်းကပ်ပါလေ။ ထိုကဲ့သို့သော ကလျာဏ မိတ်စစ် ဆရာကောင်း, ဆရာမြတ်တို့နှင့် ပေါင်းမျှော်ရခြင်း၏ အကျိုးကျေးဇူး ကြီးမားကြောင်းကို မြတ်စွာဘုရားက အောက်ပါအတိုင်း ဟော ပြ၏။

အခါတပါး မြက်စွာဘုရားက အမေးရှိသဖြင့် ညီတော် အာနန္ဒာက ဤကဲ့သို့သော ကလျာဏမိတ်စစ် ဆရာကောင်း ဆရာမြတ်နှင့် ပေါင်းဖော်ရခြင်း သည်ပင်လျှင် ရဟန်းကိစ္စ နိဋ္ဌာန်ရခြင်း, ရောက်ခြင်း၏ အကြောင်းသည် တဝက် ပြီးစီးပြီဟု လျောက်ထားရာ မြတ်စွာဘုရားက တဝက် ပြီးစီးပြီဟု မပြောနှင့်၊ အလုံးစုံ ပြီးစီးပြီဟု မှတ်ရမည်ဟု ညီတော်အာနန္ဒာအား ဆုံးမဘူးပါသည်။ သို့ပါ၍ ကလျာ ဏမိတ်စစ် ဆရာကောင်း, ဆရာမြတ်နှင့် တွေ့ရခြင်းပင် လျှင် အထူးကျေးဇူးမျှားကြောင်းကို သိရှိကာ ထိုကလျာ ဏ မိတ်စစ်ကို မတွေ့-မနေ တွေ့အောင်ရှာကြပါ။ တွေ့ လျှင် အရိယာအစစ် အမှန်ဖြစ်ရမည်ကို ယုံကြည် စိတ်ချ ကြပါ။ မြတ်စွာဘုရား ကိုယ်တော်တိုင်က အာမခံ ပေးခဲ့ ပါသည်။

အဆက်ပေါ်ပြပါ ကလျာဏမိတ်စစ် အင်္ဂါ ၃-ပါး နှင့် ပြည့်စုံ၍ ကလျာဏ မိတ်စစ်၏ ဂုဏ် ၃-ပါးရှိသော ဆရာကောင်း, ဆရာမြတ်ကို တွေ့ရပြီဟု မှန်စွာဆုံးဖြတ်ပြီး ခဲ့ပါလျှင် အခြားဘပါးသော ပုဂ္ဂိုလ်တို့က မကောင်း စကား ပြောဆိုခြင်း၌ ဖျက်သေဲလည်း မပျက်ပါစေနှင့်၊ လုံးဆုံးကြည်ညိုသည် စိတ်ချလက်ချ ပေါင်းသင်း မှီဝဲဆည်း ကပ်ပါလေ၊ ခြားက မိတ်တု မိတ်ယောင်တို့၏ စကား ကို မယုံကြည်ရာ။ မိတ်တု မိတ်ယောင်တို့၏ စကားကို လိုက်နာမိလျှင် မိမိသာလျှင် ပျက်စီးဆုံးရှုံးမည်ကို သတိ ပြုပါလေ။

ုင်း အာဂ်ါ ၇-ပါးနှင့် ပြည့်စုံ၍ ဂုဏ် ၇-ပါးရှိသော ကလျာဏမိတ်စစ်က စေခိုင်းပါလျှင်လည်း ခိုင်းသမျှကို မငြိုမငြင် စိတ်ရွှင်စွာနှင့် အားထုတ် ဆောင်ရွက်လုပ်ကိုင် ပါလေ၊ ဝိဒူက သုံးပုံဆောင်သော မဟာပေါဠိလ မထေရ် ကြီးကိုစဉ်လျက် ဆရာသာမဏေငယ်က ခိုင်းစေရာ မငြို မငြင်လုပ်ခဲ့သောကြောင့် ရဟန်း ကိစ္စပြီးစီးသည့်ထုံးကို ကြပ်ကြပ် နှလုံးသွင်းကာ ကလျာဏ မိတ်စစ်စကားကို နားထောင် ဆောင်ရွက် လုပ်ကိုင်ပါလေ။

၆၄။ ကလျာဏ မိတ်စစ်တို့၏ဗလ (၄)ပါး

ကလျာဏ မိတ်စစ် ဆရာကောင်း, ဆရာမြတ်တို့သည် အောက်ပါ ဗလ လေးပါးနှင့် ပြည့်စုံကြပါသည်။

၁။ ပညာ-ဗလ။ အသိ,ပညာအား ဉာဏ်အား။

၂။ ဝီရိယ-ဗလ။ ဇွဲသတ္တိ လုံ့လအား။

၃။ အနဝဇ္ဇ-ဗလ။ အကျင့် သိလအား။

၄။ သင်္ဂဟ-ဗလ။ သင်္ဂဟလေးပါးနှင့် ပြည့်စုံခြင်း။

၆၅။ ကလျာဏမိတ္တတို့ဘေး(၅)ပါးမှလွတ်ကင်းပုံ

အထက်ဖော်ပြပါ ဗလ လေးပါးနှင့် ပြည့်စုံသော ဆရာကောင်း, ဆရာမြတ်တို့သည် အောက် ဖော်ပြပါ ဘေးငါးမျိုးတို့မှလည်း ကင်းဝေးလေတော့သည်။

၁။ အသက်မွေးမှု ဟူသော အာဇီဝဘေး။

၂။ အကျော် အစော မဲ့မည်ကို စိုးရိမ်ခြင်း ဟူသော အသိလောကဘေး။

၃။ ပရိသတ် အလယ်၌ ကြောက်ရွံ့ခြင်း ဟူသော ပရိသဿဂရဟီဘေး။
၄။ သေခြင်း ဟူသော မရဏဘေး။
၅။ ပဋိသန္ဓေ နေရခြင်းဘေး။

ဤကဲ့သို့ ဘေးငါးမျိုးတို့မှ ကင်းလွတ်သော ပုဂ္ဂိုလ်တို့ကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ သို့ပါ၍ ဗလ လေးပါးနှင့် ပြည့်စုံသဖြင့် ဘေးငါးပါးတို့မှ ကင်းလွတ်သော ကလျာဏမိတ်စစ် ဆရာကောင်း ဆရာမြတ်တို့ကို တွေ့အောင် ရှာ၍ ဆည်းကပ်ကိုးကွယ်ကြကာ ထို ဆရာတို့ ဆို ဆုံးမသည့် အတိုင်း လုပ်ကိုင် ဆောင်ရွက် ကျင့်ကြံအားထုတ်ကြပါ အရိယာ ဖြစ်လိုသော သူတော် ကောင်း အပေါင်းတို့။

ကထာဝတ္ထု (၁၀) ပါး

အောက်တွင်ဖော်ပြထားသော ကထာဝတ္ထု(၁၀)ပါး ဟူနှင့် ပြည့်စုံသော ဆရာကောင်း, ဆရာမြတ်ကို တွေ့မမြင်သာလျှင် အရိယာ အစစ် အမှန် ဖြစ်နိုင် ကြမည်ကို ယုံကြည် စိတ်ချကာ ဆရာကောင်း ဆရာမြတ် တို့ကို မတွေ့မမနေ - တွေ့အောင် ရှာကြပါ အရိယာ ဖြစ်လိုသူ-ပုဂ္ဂိုလ်အပေါင်းတို့။

၁။ ဒိဋ္ဌိ အလို လောဘ နည်းသော စကားကို ပြောခြင်း၊ သူဘပါး ကိုလည်း ပြောဟောခြင်း တပါး။

၂။ ဒိဗ္ဗိန္ဒ္ပ ပစ္စည်းလေးပါးတို့၌ ရောင့်ရဲခြင်း၊ သုတပါး ကိုလည်း ပြောဟောခြင်း တပါး။

၃။ ဒိဗ္ဗိန္ဒ္ပ ကိုယ်ဖြင့် ဆိပ်ငြိမခြင်း စိတ်ဖြင့် ဆိပ်ငြိမခြင်းတို့ကို ပြုကျင့်ရခြင်း၊ သုတပါး ကိုလည်း ပြောဟောခြင်း တပါး။

၄။ ဒိဗ္ဗိန္ဒ္ပ ကာမဂုဏ်ငါးပါးတို့နှင့် မရောယှက်သော စကားကို ပြောခြင်း၊ သုတပါး ကိုလည်း ပြောဟောခြင်းတပါး။

၅။ ဒိဗ္ဗိန္ဒ္ပ ကမ္မဋ္ဌာန်း တရားကို အားထုတ် ရခြင်း သုတပါးကိုလည်း ပြောဟောခြင်းတပါး။

၆။ ဒိဗ္ဗိန္ဒ္ပ အဓိသီလနှင့် ပြည့်စုံအောင် အားထုတ် ရခြင်း သုတပါးကိုလည်း ပြောဟောခြင်းတပါး။

၇၊ ဒိဗ္ဗိန္ဒ္ပ အဓိစိတ္တ သမာဓိနှင့် ပြည့်စုံအောင် အားထုတ်ရခြင်း၊ သုတပါးကိုလည်း ပြောဟောခြင်း တပါး။

၈၊ ဒိဗ္ဗိန္ဒ္ပ အဓိပညာ ဝိပဿနာ ဘာဝနာ ပညာကို ထိုးထွင်း၍ သိမြင်အောင်ပြုကျင့်ရခြင်း၊ သုတပါး ကိုလည်း ပြောဟောခြင်းတပါး၊

၉။ ဒိဗ္ဗိန္ဒ္ပ ကိလေသာမှလွတ်သော မဂ်ဉာဏ်, ဖိုလ် ဉာဏ်ကို ရအောင် ပြုကျင့် ရခြင်း၊ သုတပါး ကိုလည်း ဟောပြောခြင်းတပါး။

၁၀၊ ဒိဗ္ဗိန္ဒ္ပ အရိယဓမ္မ ပြည့်စုံပြီး၍ မဂ်,ဖိုလ် နိဗ္ဗာန် စသည်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဉာဏ်နှင့် ပြည့်စုံခြင်း၊ သုတပါးတို့ အားလည်း ထိုသို့သော

ပမ္ပဝေက္ခဏာ ညာဏ်နှင့် ဖြည့်စုံစေရန် ပေးဘေ ပြောခြင်း။

ဤကထာဝတ္ထု(၁၀)နှင့် ပြည့်စုံသော ဆရာကောင်း ဆရာမြတ်ကို ဝေးအောင် ရှာကြပါ ဝေးလျှင် အရိယာ ဖြစ်ရန်မှာ ယခုဘဝတွင် ပါရမီမရှိ၍ မဖြစ်စေကာမူ ဒုတိယ ဘဝတွင် ဖြစ်ရမည်အမှန်ပင်။

၆၇။ ကလျာဏမိတ္တရာဇာ

ကလျာဏ မိတ္တ အင်္ဂါလက္ခဏာ မျှားနှင့် စီစစ်၍ ရှာဖွေရပါမည်။ ထိုအင်္ဂါ လက္ခဏာ မှတ်ကျောက် ပေါ်မှာ ငုတ်တိုက်ကြည့်သောအခါ မှတ်စားသောပညာ ရှင်ဖြစ်ရမည်။

ထိုသို့ အင်္ဂါလက္ခဏာ မျှားနှင့် စီစစ်၍ ရှာဖွေ လေ ငြားသော်လည်း နွားပျောက်, ကျွဲပျောက်မျှားကို ရှာဖွေ သကဲ့သို့ ရုတ်တရက်ရှောင်တခင် တရံတခါ ဝေ့ဝဲမှုနှင့် ဤပုဂ္ဂိုလ်ကား ကလျာဏ သပ္ပုရိသဟု မုချ မသိမမြင် မထင်နိုင်ခဲ့ ပေရာ။ ထိုပုဂ္ဂိုလ်ထံ နီးယံ ကပ်ခြင်း ပေါင်း သင်းရပါမူ နေရာကျ သိနိုင် ရာသည်။ နေ့ညမစဲ အမြဲ မပြတ် ဆည်းကပ်၍ မိမိကိုယ်က ပုဂ္ဂိုလ်၏ အမူအကျင့် သဘောသဘာဝကို ထောက်ချင့်စာနာ သိတတ်မြင်တတ်သော ဇာတိ တိက္ခပဉ်ကိုယ်ညာဏ် ထက်သန် လှပါမူ နေရာကျ သိနိုင်လေရာသည်။ ဇာတိတိက္ခ ပဉ် ကိုယ်ညာဏ် မထက် မသန် မရှုးမရှလေက နေရာ ကျကျ မသိမမြင် မထင်

နိုင်ကြလေကုန်။ဥပမာ ဝတ္ထုမှာကား- စိတ္တလ တောင်၌ သိတင်း သုံးသော ရဟန္တာ မထေရ် တပါး၏ ထံ၌ ဆည်းကပ်နေလေ့ရှိသော တောထွက် ရဟန်းကြီးက အရိယာ၏ အဆင်း သဏ္ဌာန် ကြန်အင် လက္ခဏာကို မေးလျှောက်ရာ ဆရာဖြစ်သော ရဟန္တာမထေရ်ကြီးက "ယခုလောက၌ အချို့သော ရဟန်းအိုကြီးသည် အရိယာပုဂ္ဂိုလ် နောက်က သပိတ်, သင်္ကန်း ယူလွယ်း ထမ်း ဆောင်၍ တကောက်ကောက် လိုက်နေ ရသော်လည်း ၌ပုဂ္ဂိုလ်သည် အရိယာဘဲဟူ၍ မသိနိုင်။သည့်ကလောက်ပင် ခဲယဉ်းချေသည်"ဟူ၍ ပရိယာယ်ဝေဝစ်ဖြင့်"ငါသည်ပင် အရိယာဘဲ" ဟူ၍ မပြောပြသည်သာ တမည်ဖြင့် ဖြေဆို တော်မူပါသော်လည်း ထိုတောထွက် ရဟန်းကြီးက တစိတ်ကမှမရိတ်မိပါလေ၊ ၌မှာလောက် ပြောပြ၍မှ မရိတ်မိသော ပညာနုံ့သော ပုဂ္ဂိုလ်တို့သည် အဘယ်မှာလျှင် ရဟန္တာ ပုဂ္ဂိုလ်၊ ရဟန္တာ ပုဂ္ဂိုလ်၏ ဂုဏ် ကျေးဇူးတရား၊ ကလျာဏ မိတ္တ ပုဂ္ဂိုလ်၊ ကလျာဏ မိတ္တ ပုဂ္ဂိုလ်၏ အင်္ဂါလက္ခဏာဟူသော ဂုဏ်ကျေးဇူး တရားမျှားကို ချေချေ ငံ့ငံ့သိနိုင်ပါအံ့နည်း၊ ကိုယ်ခံပညာ ရှိမှ အလွဲလွဲ အမှားမှား မဖြစ်ဘဲ အမှန်အတိုင်း သိနိုင်သည်ဟူ၍ မှတ်ကြပါလေ။

(ခ) ကလျာဏ မိတ္တ ရှာမှ ရှားသည်

"ဘုရားသခင်မှတပါး ရဟန္တာ အင်္ဂသာဝက မဟာသာဝက ပကတိသာဝက ဟူသော ကလျာဏ မိတ္တ

အနာဂါမိ သကဒါဂါမိ သောတာပန် ဈာနလာဘီ ပုထုဇ္ဇန် တို့ကိုလည်း၊ တိပိဋကဓရ ဒွိပိဋကဓရ ဧက ပိဋကဓရ ဧကသင်္ဃတိဓရ ပုဂ္ဂိုလ်များကိုလည်း၊ ယခုအခါ ဗော့ရဂြိုဟ်ရခြင်းဌာ ခဲယဉ်းသောကြောင့် ကလျာဏ မိတ္တ ကိုလူယ်ကျစွာနှင့် မရမမှ နိုင်ကြ၍။ တိသင်္ဃဟာရဇ္ဇ ပါဠိတော် ဝမ္မကို အဋ္ဌ ကထာနှင့် တကွ သိမြင် တတ် မြောက် ကမ်းတဘက်သို့ ရောက်တော် မူကြသည့် မုံသောက်မာတင် ဓာနိဝင်ဖြစ်တော် မူကြ ကုန်သဖြင့် ပရိယတ္တိဆေက ပရိယတ္တိကောဝိဒ ဗဟုဿုတဓရသုတ ဗုဒ္ဓ ဂန္ထံပါဂရဂူ ဗုဒ္ဓမ တည်သူ အဋ္ဌကထာ စရိယ မတ္တညူ ညာဏ်တံခွန်ထူနိုင်သော ပုဂ္ဂိုလ်ဘို့သည်ကား တတော တဖ, တမြှောက်, တန္ဓာ, တရပ်, တကျေး စသည်တို့၌ ဂိုကြ သော်လည်း ကလျာဏ မိတ္တ အင်္ဂါ လက္ခဏာနှင့် ပြည့်စုံ ပါမှသာ ကလျာဏ မိတ္တ ဟူ၍ ဘုရား အစ ဂိုသော သူတော်ကောင်းတို့ မိန့်ဆိုတော် မူကြကုန်၏" ဟု မြန်မာပြည်တွင် ပရိယတ္တိ ပဋိပတ္တိ အရာ၌ ထင်ရှား ကျော်ကြားခဲ့သော သီးလုံး ဆရာတော် ဘုရားကြီး၏ ဆေရုပ်တို့ စာအုပ် စာမျက်နှာ (၁၂၅) ၌ ဗော့ရပါ သည်။ သို့သော် အားမငယ် ကြလေနှင့်၊ မြတ်စွာ ဘုရား တရားတော် မွေကွန်းနာ ရှစ်သောင်းလေးထောင် တို့သည် ထင်ရှားရှိသည်ဖြစ်သောကြောင့် ကိုးစားရာ အားထားရာ ကလျာဏ မိတ္တ ရှစ်သောင်း လေးထောင်ကို ရဆဲပင် ဖြစ်ပါသည်၊ အားတက်ကြပါ၊ ပရိယတ္တိ ပဋိပတ်တော်ကို အားကိုးကြပါ၊

ပရိယတ္တိယာသတိ ပဋိဝေဓအတ္ထိ။ ။ပရိယတ္တိဝိဒူကတ်တော် သုံးပုံ ဘုရားစကားဟော် ရှိခဲ့ပါမူ မဂ်, ဖိုလ် ရကာ အရိယာအစစ်ဖြစ်နိုင်ဖို့။

၆။ တပည့်၌ ကျင့် အပ်သော ဆရာ့ ဂုဏ် (၂၅) ပါး

တပည့်များအပေါ်၌ ကောင်းစွာ ကျင့်လိုသော ဆရာသည် အောက်ပေါ် ပြပါ ၂၅-ပါးသော ဂုဏ်ကျေးဇူးတို့ဖြင့် ကျင့်အပ်ကျောင်းကို ဝိလိန္ဒပဉ္ဟာတွင် တွေ့ရပါသည်။

၁။ ဆရာသည် တပည့်၌ အမြဲလျှင် အခါ ခပ်သိမ်း စောင့်ရှောက်ခြင်းကို ဖြစ်စေအပ်၏။

၂။ မှိုင်းအပ်သည် မမှိုင်းအပ်သည်ကို သိအပ်၏၊

၃။ မေ့လျော့သည် မမေ့လျော့သည်ကို သိအပ်၏။

၄။ အိပ်ရာ နေရာကို သိအပ်၏။

၅။ အနာရှိသည်ကို သိအပ်၏။

၆။ ဘောဇဉ်ရသည် မရသည်ကို သိအပ်၏။

၇။ အထူးရှိသည်ကို သိအပ်၏။

၈။ သင်္ဃိတ်နွက်ခြင်းရှိသော အစာကို ကောင်းစွာဝေဘန် အပ်၏။

၉။ "သင် မကြောက်ဂရုံလင့် သင့်အား အကျိုးဖြစ်ပွားသည် ရှေ့သို့တိုးရမည်" ဟု သက်သာရာကိုရစေ အပ်၏။

သုဓမ္မဝတီ ၅၃၀-၈

၁၀။ "ဤ မည်သော ပုဂ္ဂိုလ်သည် အလုပ် အကျွေး ကောင်း၏" ဟု အလုပ် အကျွေး ကိုလည်း သိအပ်၏။

၁၁။ ဆွမ်းခံရာ၌ အလုပ်အကျွေးကိုလည်း သိအပ်၏။

၁၂။ ကျောင်း၌ အလုပ်အကျွေးကိုလည်း သိအပ်၏။

၁၃။ ဆရာသည် တပည့်နှင့် ရယ်မှ မြူးတူးမှုကို မပြုအပ်။

၁၄။ တပည့်နှင့် အကျွမ်းတဝင် မပြုအပ်။

၁၅။ တပည့်၏အပြစ်ကို မြင်သော်လည်း သည်းခံအပ်၏။

၁၆။ တပည့်ကို အရိုအသေပြုသည် မဖြစ်ရာ။

၁၇။ အတတ်ကို လျှို့ဝှက်သဖြင့် ဖြစ်ရာ၏။

၁၈။ အတတ်ကို အကြွင်းမဲ့သဖြင့် ဖြစ်ရာ၏။

၁၉။ "ငါ၏အတတ်ကို၌ သိစေအံ့" ဟု သိစေခြင်းသော စိတ်ကို ဖြစ်စေအပ်၏။

၂၀။ "အဘယ်သို့လျှင် ဤတပည့်သည် အတတ်ပညာမှ မလျော့သည် ဖြစ်အံ့နည်း" ဟု ပွါးသော စိတ်ကို ဖြစ်စေအပ်၏။

၂၁။ "ဤတပည့်ကို သင်ကြားအပ်သော အစွမ်းသတ္တိ ဖြင့် အားကြိုးသည်ကို ပြုအံ့" ဟု စိတ်ကို ဖြစ်စေ အပ်၏။

၂၂။ မေတ္တာစိတ်ကို ဖြစ်စေအပ်၏။

၂၃။ ဘေးရန်ဂိုသော ကာလ၌၌ မစွန့်အပ်။

၂၄။ အမှုကိစ္စ ပြုဘွယ်၌ မမေ့ မလျော့အပ်။

၂၅။ တပည့်သည် မေ့လျော့ မှားယွင်းသော် တရား နှင့် လျော်သဖြင့် ချီးမြှောက်အပ်၏။

၆၉။ အရိယဝံသ တရား (၄) ပါး

အခွင့် သာရိပုတ္တရာမထေရ်သည် အရိယာ သူတော်ကောင်းတို့၏ အနွယ်အဆက် အရိယဝံသတရား လေးပါး ဘို့ကို ပါထေယျ၊ ပါဠိတော် သင်္ကီတိသုတ်တွင် အောက်ပါအတိုင်း ဟောပြထားပါသည်။

၁။ "အိုရိ ငါ့ရှင်တို့-ဤ သာသနာတော်၌ ရဟန်းသည် ရရသမျှသော သင်္ကန်းဖြင့် ရောင့်ရဲ လွယ်သည် ဖြစ်၏။ ရရသမျှသော သင်္ကန်းဖြင့် ရောင့်ရဲခြင်း၏။ ဂုဏ် ကျေးဇူးကိုလည်း ပြောဆိုလေ့ရှိ၏။ သင်္ကန်း ဟူသော အကြောင်းကြောင့် မအပ်သော, မလျော်ကဲ့ပတ်သော ရာဇမြီးခြင်းသို့ မရောက်၊ မရဲသေးသော သင်္ကန်းကိုလည်း မတောင့်တ၊ ရပြီးသော သင်္ကန်း ကိုလည်း မတတ်မက်မှု၌, မတွေဝေမှု၌, တဏှာဖြင့် မလွှမ်းမိုးမှု၌ အပြစ်ကိုရှုဖြင့် လျက် ထွက်မြောက် ကျွတ်လွတ်လိုသောပညာဖြင့် ဆင်ခြင်၍ သုံးဆောင်၏။ ထိုထို ရရသမျှသော သင်္ကန်းဖြင့် ရောင့်ရဲ လွယ်ခြင်းဖြင့် မိမိ ကိုယ်ကို မချီးမွှောက်၊ သူတပါးကိုမရှုတ်ချ။ အကြင်ပုဂ္ဂိုလ်သည် ထိုသင်္ကန်းကို သုံးဆောင်ရာ၌ လိမ္မာကျွမ်းကျင်သည်ဖြစ်၏။ ပျင်းရိပေါ့တန်ခြင်းမရှိ၊ ပညာအဆင်အခြင် သတိတရားနှင့် ပြည့်စုံ၏။ အိုရိငါ့ရှင်တို့ - ဤ ရဟန်းကို ရှေးဦး ဖြစ်သော ဖြတ်လွှားသော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ သူတော်ကောင်းတို့၏ အနွယ်အဆက်၌ တည်၏ ဟူ၍ ဆိုအပ်၏

၂။ အိုဂါဂ်ိတ်ဦး-ဘုရားသည် ရဂရသမျှသော ဆွမ်းဖြင့် ရောင့်ရဲလွယ်သည်ဖြစ်၏။ရဂရသမျှသော ဆွမ်းဖြင့် ရောင့်ရဲလွယ်ခြင်း၏ ဂုဏ် ကျေးဇူးကိုလည်း ပြောဆိုလေ့ ရှိ၏၊ ဆွမ်း ဟူသော အဝတ်ကြောင့် မအပ်သော, မလျောက်ပတ်သော ဂုဏ်မြိုးခြင်းသို့ မရောက်၊ မရှေးသေးသော ဆွမ်းကိုလည်း မတောင့်တ၊ ရပြီးသော ဆွမ်းကိုလည်း မတတ်မက်မှု၍, မတွေဝေမှု၍, တည်ကြာဖြင့် မလှမ်းမိုးမှု၍ အပြစ်ကို ရှုမြင်လျက် ထွက်မြောက် ကျွတ်လွတ် လိုသော ပညာဖြင့် ဆင်ခြင်၍ သုံးဆောင်၏။ ထို ဂရသမျှသော ဆွမ်းဖြင့်ရောင့်ရဲလွယ်ခြင်းဖြင့် ဒိဒိကိုယ်ကို မချိုးမြှောက်၊ သူတပါးကို မရှုတ်ချ။ အကြင် ပုဂ္ဂိုလ်သည် ထို ဆွမ်းကို သုံးဆောင်ရာ၌ လိမ္မာကျွမ်းကြင်သည် ဖြစ်၏၊ ပျင်းရိပေါ့တန်ခြင်း မရှိ၊ ပညာအဆင်ခြင် သတိတရားနှင့် ပြည့်စုံ၏။ အိုဂါဂ်ိတ်ဦး- ဤဂုဏ်ကို ဂုဏ်းဦးဖြစ်သော, မြတ်လှစွာသော ဘုရားပရမ်းက ဟုဒ္ဓါ အာရိယာ သူတော်ကောင်းတို့၏အနွယ် အဆက်ဦးတည်း၏ ဟူ၍ ဆိုအပ်၏။

၃။ အုဂါဂ်ိတ်ဦး-ဂုဏ်သည် ဂရသမျှသော ကျောင်းဖြင့် ရောင့်ရဲလွယ်သည်ဖြစ်၏။ဂရသမျှသော ကျောင်းဖြင့် ရောင့်ရဲလွယ်ခြင်း၏ ဂုဏ် ကျေးဇူးကိုလည်း ပြောဆိုလေ့ရှိ၏။ ကျောင်းဟူသော အဝတ်ကြောင့် မအပ်သော, မလျောက်ပတ်သော ဂုဏ်မြိုးခြင်းသို့ မရောက်၊ မရှေးသေးသော ကျောင်းကိုလည်း မတောင့်တ၊ ရပြီးသော ကျောင်းကိုလည်း မတပ်မက်မှု၍, မတွေဝေမှု၍, တည်ကြာ

ဖြင့် မလွမ်းမိုးမှု၍ အပြစ်ကို ရှုဖြင် လျှက် ထွက်ဖြောက် ကျွတ်လွတ်လိုသော ပညာဖြင့် ဆင်ခြင်၍ သုံးဆောင်၏။ ထိုရဂ္ဂ သမျှသော ကျောင်းဖြင့် ရောင့်ရဲ လွယ်ခြင်းဖြင့် ပိဏ်ကိုယ်ကို မချိုးဖြောက်၊ သူတပါးကို မရှုတ်ချ။ အကြင် ပုဂ္ဂိုလ်သည် ထိုကျောင်းကို သုံးဆောင်ရာ၌ လိမ်မာ ကျွမ်းကျင်သည် ဖြစ်၏၊ ပျင်းရိပေါ့တန်ခြင်း မရှိ၊ ပညာအာ ဆင်ခြင် သတိတရားနှင့် ပြည့်စုံ၏။ အိုဂါ့ရှင်တို့- ဤရဟန်း ကို ရှေးဦးဖြစ်သော, မြတ်စွာဘုရား ပစ္ဆေက ဗုဒ္ဓါ အရိယာ သူတော်ကောင်းတို့၏ အနွယ်အာဆက်၌ တည်၏ ဟု ဆိုအပ်၏။

၄။ အိုဂါ့ရှင်တို့-ရဟန်းသည် အကုသိုလ်တရားတို့ကို ပယ်ခြင်း၌ ဇွန်လျော်သည်။ ပယ်ခြင်း၌ နှစ်သက်သည် ဖြစ်၏။ ကုသိုလ်တရား ပွါးများခြင်း၌ ဇွန်လျော်သည် ပွါးများခြင်း၌ နှစ်သက်သည်ဖြစ်၏။ထိုပယ်ခြင်း၌ဇွန်လျော် မှု, ပယ်ခြင်း၌ နှစ်သက်မှု၊ ပွါးများခြင်း၌ ဇွန်လျော်မှု, ပွါးများခြင်း၌ နှစ်သက်မှုဖြင့် ပိဏ်ကိုယ်ကို မချိုးဖြောက် သူတပါးကို မရှုတ်ချ။ အကြင် ရဟန်းသည် ထိုပယ်မှု ပွါးမှု၌ လိမ်မာ ကျွမ်းကျင်၏၊ ပျင်းရိ ပေါ့တန်ခြင်းမရှိ၊ ပညာအဆင်ခြင် သတိတရားနှင့် ပြည့်စုံ၏။ အိုဂါ့ရှင်တို့ ဤရဟန်းကို ရှေးဦးဖြစ်သော, မြတ်သွ, စွာသော ဘုရား ပစ္ဆေက ဗုဒ္ဓါ အရိယာ သူတော်ကောင်းတို့၏ အနွယ်အာ ဆက်၌ တည်၏ ဟု ဆိုအပ်၏။

မှတ်ချက်။ ထိုအရိယ ဝံသ တရားလေးပါးတို့သည် လူအရိယာ တို့နှင့်လည်း သက်ဆိုင်ပါသဖြင့် ပိဏ်တို့ကိုယ်

ကို လူအရိယာဖြစ်ပြီ ဟု ထင်မှတ်နေကြသော လူပုဂ္ဂိုလ်တို့သည် မိမိတို့အဝတ် ဝတ်ရာတွင်၎င်း၊ အစား စားရာတွင်း၎င်း၊ နေရာတိုက်အိမ်တို့တွင်၎င်း၊အကျင့် အကုသိုလ် ပယ်ရာ ကုသိုလ်ပွါးများရာတွင်၎င်း စစ်ဆေး ကြည့်ရှုကြပါလေ။ မပြည့်စုံသေးလျှင် ပြည့်စုံ နိုင်သမျှ ပြည့်စုံအောင် အားထုတ် ကျင့်ကြံပွါးများကြပါကုန်။

၇၀။ ဥပနန် မထေရ်ကို ဆုံးမပုံ

အခါတပါး ဖြတ်စွာဘုရား သခင်သည် ဥပနန်မထေရ်အား ဤသို့ဆုံးမတော်မူ၏။

အတ္တာနဲ့ မေဝ ပဒ္မံ၊ ပတိရူပေ နိဝေသယေ။
အထညာမနုသာသေယျ၊ နကိလိသေယျ ပဏ္ဍိတော၊

၁။ ဝိဏ္ဏာပါက သင်္ခန်းသ။ ဆွမ်းပစ္စည်း၌ ရောင့်ရဲခြင်း။

၂။ စိဝရသင်္ခန်းသ။ သင်္ကန်းပစ္စည်း၌ ရောင့်ရဲခြင်း။

၃။ သေနာသနသင်္ခန်းသ။ ကျောင်းပစ္စည်း၌ ရောင့်ရဲခြင်း။

၄။ ဘာဝနာရုံမ။ သမထ ဘာဝနာ ဝိပဿနာ ဘာဝနာတို့၌ ပျော်ဝင်ခြင်း၊

ဤသေးပါးသော အရိယ ဝံသ ပဋိပဒါ တရားတို့ကို ဤသူယုတ်တို့က ပြည့်စုံအောင် မကျင့်နိုင်သေးဘဲနှင့် ကျင့်နိုင်ကြ သကဲ့သို့ သူတပါးအား ချီးမြှောက် ကျင့်ကြံ အားထုတ်ခြင်းဟူ၍ ပြောဖော်ပြီးလျှင် သူတပါးဘို့၏ သဝိတ်

သက်နိုး ဝတ္ထုပစ္စည်းတို့ကို သိမ်းကြုံး၍ ယူသောကြောင့် မြတ်စွာဘုရားက ဥပနန် မထေရ်အား ဆုံးမခြင်း ဖြစ်ပါသည်။

ထိုကြောင့် ယခုအခါ ဟောပြော ပြသ သွန်သင် ဆုံးမ၍ နေကြ ကုန်သော ဆရာတို့သည် မိမိတို့ ဟော ပြော ပြသသော တရားကို မိမိ၌ ပြည့်စုံ လုံလောက် အောင် ဖွေးဦးစွာ ကျင့်ကြံ အားထုတ်ပြီးမှ သူတပါး ကိုအား ဟောပြော ပြသ သွန်သင် ဆုံးမမှ သာလျှင် မြတ်စွာဘုရား ချီးမွမ်းတော်မူသည်ကို သတိပြုကြပါလေ၊ မြတ်စွာ ဘုရား ချီးမွမ်းတော် မူသော ဆရာကောင်း ဆရာမြတ်တို့ကို ဝေ့အောင်ဖွာကြ၍ ထိုဆရာတို့ ဆုံးမ သည်အတိုင်း လိုက်နာ ကျင့်ကြံ ကြပါလေ။

အဓိပ္ပာ- လွန်ခဲ့သော အနှစ်ငါးဆယ် လောက်ကပင် ကျေးဇူးဖွင် လယ်တီ ဆရာတော် ဘုရားကြီးက ၎င်း အရိယဝံသတရားများ ယခုလောက်၌ တိမ်ကြွယ်၍ နေ၏ဟု ဗောဓိပက္ခိယ ဒီပနီ စာမျက်နှာ (၆၇) တွင် ရေးသား ဘူးပါ၍ အထူးသတိပြုကြပါလေ။

အခန်း ၅

အရိယာ ဖြစ်လိုကြသော ယောဂီ ပုဂ္ဂိုလ်များ အတွက်

၇၁။ ဓမ္မာနု ဓမ္မပဋိပတ်

၁။ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရလိုခြင်း။

၂။ အာသဝေါ ကိလေသာ ကုန်လိုခြင်း။

၃။ ဝဋ်ဆင်းရဲမှ ထွက်မြောက်လိုခြင်း။

ဤ လိုလားချက်များနှင့် ပြည့်စုံစေခြင်းငှါ ဒါန, သီလ, သမထ, ဝိပဿနာကို ဖြစ်စေခြင်းသည် ဓမ္မာနု ဓမ္မပဋိပတ်ကို ဖြည့်ကျင့်သည်မည်၏။ ဤသို့ ဓမ္မာနု ဓမ္မပဋိပတ်ကို မပြတ်မလပ် ဖြည့်ကျင့်သောသူသည် တနေ့ထက် တနေ့ မဂ်, ဖိုလ်နှင့် နီးကပ်နေသည်ဟု ယုံကြည်စိတ်ချရ၏။

အမှာ- ၁။ ဒါန, သီလ, သမထ ဘာဝနာတို့ထက် ဝိပဿနာ ဘာဝနာ အနှစ်သာလျှင် အားထားရာ အစစ် မဂ်, ဖိုလ် ရကြောင်း အနည်းကပ်ဆုံး တရားဖြစ်ပါသဖြင့်၊ ဇလဆဘဝ,ဃရကာလ မသေဖို့အခါ အချိန်ကလေး မှာ ဗဟိရကိစ္စများ၌ စိတ်အလို မလိုက်ကြဘဲ ဝိပဿနာ ကမ္မဋ္ဌာန်းကို လေ့လာ၍ ဝိပဿနာ ကမ္မဋ္ဌာန်းနှင့်သာ ပျော်မွေ့ကာ မဂ်,ဖိုလ်ရရန် ကျင့်ကြိုးများနိုင်ကြပါစေ။

၂။ ခန္ဓာငါးပါး အပေါင်းမျှသာဖြစ်၍ အနိစ္စ, ဒုက္ခ, အနတ္တသာ ဖြစ်သော ရုပ်, နာမ် တရား နှစ်ပါးကို

ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, သူ, ငါ စွဲမှတ်ခြင်းကြောင့် တဏှာ, ရာဂ, သမုဒယ သစ္စာပွါးမြဲ သံသရာဝဋ်ဆင်းရဲ၌ နစ်မွန်းကြရလေသည်၊ ထို့ကြောင့် "ခန္ဓာ ငါးပါး၌ များစွာ ငြိးငွေ့၍ နေခြင်းသည် မင်္ဂလာကို အလို ရှိသော အမျိုးသား အားလျော်သော အကျင့် ဖြစ်သည်" ဟု မြတ်စွာဘုရားက ဟောတော် မူပေသည်။ ရှပ်, နာမ်, ခန္ဓာငါးပါး၌ ငြိငွေ့၍ နေနိုင်ကြပါစေ။

၇၂။ (က) ပဓာနိယင်္ဂတရား ငါးပါး

၁။ သဒ္ဓေါ ဟောတိ သဒ္ဓဟတိ တထာဂတသ ဗောဓိံ။

ထက်သန်သော သဒ္ဓါတရားနှင့် ပြည့်စုံရမည်။ မြတ်စွာဘုရား၏ အဟုတ်အမှန် ထိုးထွင်းသိသော ဉာဏ်တော်ကို ယုံကြည်ရမည်။

၂။ အပ္ပဗ္ဘာဓော ဟောတိ၊ အပ္ပါတင်္ကော သမဝေါ ပါကိနိယော ဂဟဏိယော သမန္နာဂတော နာတိ သီတာယ နစ္စုဏ္ဟာယ မက္ခိကာယ မဟာနက္ခမာယ။ အနာဂေါ ကင်းရမည်၊ မအေးလွန်း မပူလွန်း, အလတ်စားဖြစ်၍ တရားအားထုတ်ရန် ခွံသော, အစာအာဟာရကို အညီအမျှ ကျက်စေနိုင်သော ပါစက ဝမ်းဗိုက်နှင့် ပြည့်စုံရမည်။

၃။ အသဋ္ဌော ဟောတိ အမာယာဝီ ယထာဘူတံ အတ္တာနံ အာဝိကတ္တာ သတ္ထရိဝါ ဝိညူသဗ္ဗဝါ သဗြဟ္မစာရီသု။

မစည်းလဲရ၊ မလှည့်ပတ်ရ၊ ဘုရားထံ, ဆရာ့ထံ၌ သော်၎င်း၊ တတ်သိ နားလည်သော သိတင်း သုံးဘော် ပညာရှိတို့ ထံ၌ သော်၎င်း၊ မိမိ၏ အဖြစ်ကို အမှန် အတိုင်းပြောရမည်။

မိမိ၏ စိတ်သန္တာန်၌ ရှိသော မကောင်းသော အမှု အရာ, အကြံအစည်, ဝါသနာ, စရိုက်တို့ကို မထိမ်မချန်, ဖြောင့်မှန်စွာ လင်းရမည်။ မသိဘဲနှင့် အသိလုပ်ချင်မှ, ညာဏ် မရှိဘဲနှင့် ညာဏ်အရှိ လုပ်ချင်မှ ဤကဲ့သို့သော ကောက်ကျစ်မှုမျိုး အနည်းငယ်မျှ မရှိစေရ၊ ဖြောင့်စင်း ပြုစင်သော စိတ်ရှိစေရမည်ဟု ဆိုလိုပါသည်။

၎။ အာရဒ္ဓ ဝိရိယော ဝိဟရတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပ သမ္ပဒါယ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တ ဓုရော ကုသလေသု ဓမ္မေသု။

ယုတ်မာသော အကုသိုလ်တရားတို့ကို ပယ်ဖျောက် ခြင်းငှါ, စင်ကြယ် ကောင်းမြတ်သော ကုသိုလ် တရား တို့ကို ပြည့်စုံစေခြင်းငှါ အမြဲမပြတ် အားထုတ်အပ်သော ဝိရိယရှိရမည်။ထက်သန်သော လုံ့လအားဝင်မိုး ရှိရမည်။ မြဲမြံခိုင်ခံ့သော လုံ့လရှိရမည်။ ကုသိုလ်လေးပါး မြတ် တရားတို့၌ အခါခပ်သိမ်း မချသောပန် ရှိရမည်။

အကုသိုလ် စိတ်မျိုး ဝင်ရောက် မလာနိုင်စေရန် မနေ့လျှော့သော လုံ့လ ဝိရိယဖြင့် ကုသိုလ် တရား တို့ကို အခါ ခပ်သိမ်း ပွါးများအားထုတ် နေရမည်။

၅။ ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယ ဂါမိနိယာ။

ဥဒယဗ္ဗယဉာဏ် ပညာနှင့် ပြည့်စုံရမည်။ ခန္ဓာ ငါးပါး ရုပ်,နာမ် တရားတို့၏ ခဏမစဲ တသဲသဲ ဖြစ် ပေါ်နေမှု ချုပ်ပျောက် နေမှုတို့ကို ဖြစ်ဘိုင်း ပျက်ဘိုင်း အမှီလိုက်၍ သိမြင်နိုင်သော မဂေါက်ထွင်းဘူးသေးသော လောဘတုံး၊ ဒေါသတုံး၊ စသည့်တို့ကို ဖေါက်ထွင်း နိုင်သော တဒင်္ဂပဟာန် အလို အားဖြင့် ကိလေသာ ဆင်းရဲ ဝဋ်ဆင်းရဲတို့၏ ကုန်ခန်း ခြင်းသို့ ဆိုက်ရောက် သော စင်ကြယ်သော ဥဒယဗ္ဗယဉာဏ် ပညာနှင့် ပြည့်စုံ ရမည်။

(မဟာမ ပဏ္ဏာသ ပါဠိတော်)

ဂုဏ်းတရား ငါးပါးနှင့် ပြည့်စုံသော သူတို့အား ကမ္မဋ္ဌာန်း အလုပ်ကို ပြည့်စုံစေနိုင်သောကြောင့် အရိယာ ဖြစ်လိုသော သူတို့သည် အရိုး,အရေ,အကြော,ကြွင်းစေ အသွေး အသား ခန်းခြောက်စေ၊ အရိယာ မဖြစ်လျှင် မနေ-ဟု၊ တကယ်အဟုတ် ကျင့်ကြံပွါးများ ကြိုးစား အားထုတ်နိုင်ကြပါစေခုန် ဂုဏ်းတရား ငါးပါးတို့နှင့် အခါ ခပ်သိမ်း အမြဲနေ့ည ပြည့်စုံကြပါစေ။

(ခ) အပရိဟာနိယ တရား (၇)ပါး

အပရိဟာနိယ တရား ဟူသည်ကား-ယောဂီ ပုဂ္ဂိုလ်တို့ အားထုတ်နေဆဲဖြစ်သော ဝိပဿနာ တရား၏ မဆုတ်

မယုတ် မပျက် မစိုးနိုင်ဘဲ၊ ခိုင်မြဲ ကြီးပွါး စေတတ်သော အကောက်ပါတရား(၇)ပါးကို ဆိုဖူး။

၁။ ဗုဇ္ဈဂါရဝတာ-မြတ်စွာဘုရားဌဲ့ ရိုသေခြင်း။

၂။ ဓမ္မဂါရဝတာ-တရားတော်မြတ်ဌဲ့ရိုသေခြင်း။

၃။ သံဃဂါရဝတာ-ရဟန်းသံဃာများဌဲ့ ရိုသေခြင်း။

၄။ သိက္ခာဂါရဝတာ-အကျင့် သိလ သိက္ခာဌဲ့ ရိုသေခြင်း။

၅။ သမာဓိ ဂါရဝတာ-စိတ်မပြန့်လွင့် တည်ကြည် ငြိမ်သက်ခြင်းဌဲ့ ရိုသေခြင်း။

၆။ ကလျာဏမိတ္တတာ-ပရမတ္ထ သဘာဝကို ကျန အောင် ခွဲခြမ်း၍ ဝိပဿနာဉာဏ်းလမ်းကို မှန်ကန် စွာ ဟောပြော ညွှန်ပြ နိုင်သော ဆရာကောင်း အပေါင်း အဖော်ရှိခြင်း။

(အမှာ-အခက်း ၄ တွင် ကလျာဏ မိတ္တအကြောင်း အကျယ်ပြထား ပါသည်။)

၇။ သေဝဓမ္မသတာ-ဆရာ ကောင်းတို့ ဟောပြော ညွှန်ပြ ဆုံးမရန် လွယ်ကူခြင်း။ ဆရာ၏ ဆုံးမ စကားကို မြေဝယ် မကျ ခန့်ညား ရှိသော်မှာ စိတ် ကို ထား၍မှတ်သားလိုက်နာကျင့်ကြံ အားထုတ် ခြင်း။ ဆရာ၏ စကားကို လွယ်ကူစွာ ဂဲဂဲဝံ့ဝံ့ အသက် စွန့်၍ လိုက်နာ ဆောင်ရွက်ခြင်း။

ကလျာဏမိတ္တ-သေဝဓမ္မသတာ-အင်္ဂါ နှစ်ပါးလုံး နှင့် ပြည့်စုံသော ဆရာ အကျော်-ပေါဋ္ဌိလ မထေရ်ကြီး ဝတ္ထုကို နည်းယူလိုက်နာ ကျင့်ကြံအားထုတ်ကြပါလေ။

၇၃။ ပလိဗောဓကြီး (၁၀) ပါး မရှိရ

ဝိပဿနာ ကမ္မဋ္ဌာန်း အလုပ်ကို တကယ်တန်း အား ထုတ် ပွါးမျှားလိုသော ပုဂ္ဂိုလ်တို့သည် အောက်တွင် ဖော်ပြသော ၁၀-ပါးသော ပလိဗောဓကြီးတို့ကို ဖြတ်ရ မည်။ မရှိစေရပါ။

၁။ အာဝါသော်စ- ကျောင်းအာဝါသ ပလိဗောဓ။

၂။ ကုလ်စ-ဒါယကာ ပလိဗောဓ။

၃။ လာဘော်စ-လာဘ်သပ္ပကာ ပလိဗောဓ။

၄။ ဂဏော်စ-ဂိုဏ်းဂဏ ပလိဗောဓ။

၅။ ကမ္မ်စ- အမှုကြီးငယ် ပလိဗောဓ။

၆။ အဒ္ဓါနစ်-အဝေးခရီးသွားခြင်း ပလိဗောဓ။

၇။ ဉာတိစ အမျိုးဉာတိ ပလိဗောဓ။

၈။ အာဗာဓော်စ-အနာရောဂါ ပလိဗောဓ။

၉။ ဂန်ထော်စ ကျမ်းဂန်သင်ခြင်း ပို့ချခြင်း ပလိဗောဓ။

၁၀။ ဣဒ္ဓိ-တန်ခိုးဗန်ဆင်းခြင်း ပလိဗောဓ။

အထက်ဖော်ပြပါ ပလိဗောဓ ကိုးပါး ၁၀-ပါး တို့ကို ဖြတ်တောက် ပယ်စွန့်ပြီးမှသာလျှင် ကမ္မဋ္ဌာန်း အလုပ်နှင့် သို့ ဝင်ရောက်ကာ ကမ္မဋ္ဌာန်းဆရာ ညွှန်ကြားအပ်သော အစီအရင် အတိုင်း မယုတ် မလွဲဘဲ ပွါးမျှားအပ် ကြောင်းကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာရှင်က မှာခဲ့သည်ကို လည်း သတိရကြပါစေ၊ လိုက်နာကြလေ။

(ခ)ပလိဗောဓငယ် (၅) ပါးကိုလည်း ပြုအစ်၏

အထက်ပါ ပလိဗောဓကြီ ၁၀-ပါးတို့နှင့် ကင်းရှင်း ရုန်သာ လိုသည်မက အောက်ပါ ကြောင့်ကြဘွယ် ပလိဗောဓငယ် (၅)ပါးကိုလည်း ပြုပြင်၍ ထားအပ်၏။

၁။ ရှည်သောဆံပင်, မုတ်ဆိတ်, လက်သည်း, ခြေသည်း တို့ကို ပယ်အပ်၏။

၂။ ဆွေးမြေ့ စုတ်ပြတ်သော သင်္ကန်းအဝတ်စသည့် များကို ခိုင်မြဲအောင် ပါထေးစပ်ချုပ်ခြင်းကို ပြု အပ်၏။

၃။ ဟောင်းနွမ်း ညစ်ပေသော သင်္ကန်းအဝတ် စသည်များကို ဖွတ်လျော် ထပ်ဆိုး လိပ်နယ်ခြင်း ကို ပြုအပ်၏။

၄။ အညစ် အကြေးတင်သော သပိတ်များရှိလျှင် စင် ကြယ်အောင် ဒိုးဖတ်ခြင်း စသည်တို့ကို ပြုလုပ် အပ်၏။

၅။ အိပ်ရာ, ခုတင်, အင်းပျဉ်, ညောင်စောင်း စသည် တို့ကို ပြုပြင်အပ်၏။

(ဒိသုဒ္ဓိမဂ်)

(၈) အသပ္ပါယနှင့် သပ္ပါယ

အသပ္ပါယဟူသည့် ကမ္မဋ္ဌာန်း အားထုတ်သောသူ၏ စရိုက်နှင့် မတိုက်ဆိုင်၍ ရောင့်ရဲ တင်းတိမ်ခြင်း မဖြစ်သ ဖြင့် မသင့် မတင့် မလျောက်ပတ်သောကြောင့် ဝိပဿနာ

အာရုံနှင့် ဆန့်ကျင်ဘက်ဖြစ်သောင် စိတ်ဝိတက် ပြန့်ပွါး စေတတ်သည်ကို ဆိုလိုသည်။

၁။ အကြီးအငယ်၊ အနိမ့်အမြင့်၊ မြို့ရွာ ပရိသတ်နှင့် အနီးအဝေး၊အုင်တိုက်,သစ် ,ဝါး၊ သွတ်မိုး သက် ငယ်ဓနိမိုး စသည်ဖြင့် အဆောက်အဦ တို့တွင် သဘောမကျခြင်း။

၂။ ဆွမ်းခံရာ လမ်းခရီး မြို့ရွာ ရပ်ကွက် တို့တွင် ဝိပဿနာ၏ အန္တရာယ်များခြင်း။

၃။ ဝိပဿနာ အလိုရှိသောသူအား သမထနှင့် စပ် သည်ကို ပြောဆိုရခြင်းစသော မလျောက် ပတ် သော စကားကို ပြောဆိုနေခြင်း။

၄။ စရိုက်နှလုံးသွင်း သဘောဆန္ဒခြင်း မတူမျှသော သူတို့နှင့် အတူတကွ နိုးကပ်ဆက်ဆံ၍ ပေါင်း သင်း နေထိုင်းရခြင်း။

၅။ အချိုအချဉ်၊အစပ်အငံန်၊ အပန်အခါး စသော အ ဟာရမျိုးတွင် အလိုမရှိသော အစာအာဟာရကို စားသောက် နေရခြင်း

၆။ အပူအဇ ရာသီဥတု မညီမညွတ် မမျှတသော အရပ်ဒေသမျိုးဌ နေထိုင်ရခြင်း။

၇။ လျော်ငး, ထိုင်, ရပ်, သွား လေးပါးသော ဣရိ ယာပုထ်တို့တွင် စိတ်ကြည်လင်စွာ ကာလရှည် ကြာ မနေနိုင်သော ဣရိယာပုထ်ဌ နေရခြင်း။

အထက်ပါ "အသပ္ပါယ"–ကမ္မဋ္ဌာန်း အားထုတ်သူ၏ စရိုက်နှင့် မသင့် မတင့် မလျော်ကပ်သည့်ကို ရှောင်ရှား၍ "သပ္ပါယ" သင့်တင့် လျောက်ပတ်သည်များကို အားထားမှီဝဲရလေသည်။

၇၄။ သမဏာစရိတဗ္ဗ ဘရား (၁၆) ပါး

အရိယာဖြစ်လိုသော, ဆင်းရဲ ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်လိုကြသော သူတော်ကောင်းတို့ လိုက်နာပြုကျင့်အပ်သော တရားကို သုတ္တ နိပါတ်တော်၌ ဒေဝတ်ပါအတိုင်း ပြထားပါ၏။

၁။ သဇ္ဈာယစ။ ပိဝိအသက်၌ ငဲ့ကွက်ခြင်းမရှိ သစ္စာလေးပါးကို သိခြင်းဌာ ကျင့်စွမ်းနိုင်ခြင်း။

၂။ ဥဒ္ဓုစ။ ဖြောင့်မတ်သော ကိုယ်, နှုတ်ရှိခြင်း။

၃။ သုဟဒ္ဓုစ။ ဖြောင့်မတ်သော စိတ်နှလုံးရှိခြင်း။

၄။ သုဝစဘာစ။ ဆိုဆုံးမ လွယ်ခြင်း။

၅။ မဒုစ။ နူးညံ့သော စိတ်နှလုံးရှိခြင်း။

၆။ အနုဒ္ဓတိမာနိစ။ ထောင်လွှားသော မာန်မာန မရှိခြင်း။

၇။ သန္တုဿကာဝစ။ ပိဝိဒ္ဒရှိသောပစ္စည်းလေးပါး ဖြင့်သာလျှင် ရောင့်ရဲ လွယ်ခြင်း။

၈။ သုဘရဘာစ။ အစား, အဝတ်, အနေ, အထိုင်တို့၌ အဆာမငြောင်မှု၍ မွေးမြူလွယ်ခြင်း။

၉။ အပ္ပကိစ္စဘာစ။ နည်းသော အမှုကိစ္စ ရှိခြင်း။

၁၀။ သန္တုဋ္ဌကဝုတ္တိစ။ ပေါ့ပါးသောအသက်မွေးခြင်း။

၁၁။ **သန္တိဋ္ဌိယောဒစ။** ငြိမ်သက်သော ဣန္ဒြိုင်ခြင်း။
၁၂။ **နိပကောဒစ။** ဂရုံသောသတိ, ပညာနှင့်ပြည့်စုံခြင်း။
၁၃။ **အပ္ပဂဗ္ဘောဒစ။** မကြမ်းကြုတ်သော ကိုယ်, နှုတ်, နှလုံးဂိုခြင်း။
၁၄။ **ကုလေသု- နနုဂိဒ္ဓေါစ။** ငါ့၏ ဆွမ်း ဒါယကာ၊ ဒါယိကာမ စသည်ဖြင့် တပ်မက်, တွယ်တာ, စွဲလမ်းခြင်း မရှိခြင်း။
၁၅။ **နစ ဒုဋ္ဌ မာစရေ ကိဉ္စိ ယေန ဝိညူပရေ ဥပ ဝဒေယျုံ။** ဘုရားအစရှိသော သူတော်ကောင်း တို့ ကဲ့ရဲ့သော အမှုတို့ကို မကျင့်ခြင်း။
၁၆။ **သုခိနော ဝါ, ခေမိနော ဝါ, ဟောန္တု သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။** အလုံးစုံသော သတ္တဝါ အပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကျန်းမာ၍ ဘေးကင်း, ရန် ကွာစေကြောင်း မေတ္တာပို့ခြင်း။

၇၅။ အပ္ပနာ ကောသလ္လ (၁၀) ပါး

အရိယာဖြစ်လိုသော ပုဂ္ဂိုလ်တို့သည် ကမ္မဋ္ဌာန်းတရား ကို ပွါးများအားထုတ်ကြရာ၌ သတိပြု၍ ဆင်ခြင်ရာသော အချက်များ ဖြစ်သော အောက်ပါ အပ္ပနာကောသလ္လ ၁၀-ပါးတို့ကို သတိပြု၍ ဆင်ခြင်ကြပါလေ။

၁။ ရှည်သော ခြေသည်း, လက်သည်း, ဆံ, မုတ်ဆိတ် တို့ကို ပယ်ခြင်း၊ ရေချိုးခြင်း၊ အဝတ် သင်္ကန်းလျော် ခြင်း၊ ကျောင်းအိပ်ရာ နေရာ အမှိုက်လှဲခြင်း စသော ကိုယ်အကွင်း, အပဝတ္ထု နှစ်ပါး စင်ကြယ်စေရ၏။

၂။ သဒ္ဓါနှင့်ပညာ မျှစေရ၏။ သဒ္ဓါလွန်လျှင် ပညာနံ့တတ်သည်။ သမာဓိနှင့် ဝိရိယ မျှစေရာ၏။ သမာဓိ လွန်လျှင် ထိန, မိဒ္ဓ နှိပ်စက် တတ်သည်။ ဝိရိယလွန်လျှင် ဥဒ္ဓစ္စ နှိပ်စက်တတ်သည်။

၃။ ထင်ဖြင်သော နိမိတ်တို့ကို ပိုင်းခြားဝေဘန်၍ သိတတ်စေရ၏။

၄။ ကမ္မဋ္ဌာန်းတရားများကို အားထုတ်၍ လွန်သော ဝိရိယကြောင့်ပျံ့လွင့်သောစိတ်ရှိခဲ့ပါလျှင် ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာ ဤ ဗောဇ္ဈင် သုံးပါးတို့ကို ပွါးများစေသဖြင့် ပျံ့လွင့်သော ဥဒ္ဓစ္စစိတ်ကိုဘိန့်ပ ထားရသည်။

၅။ ဝိရိယယုတ်လျော့သဖြင့်စိတ်တွန့်၍နေခဲ့လျှင် သတိ, ဓမ္မဝိစယ, ဒိတိ ဤဗောဇ္ဈင် သုံးပါးတို့ကို ပွါးများစေလျက် စိတ်ကို ချီးမြှောက်ပေးရသည်။

၆။ လုံ့လဝိရိယ နည်းပါး၍ ချမ်းသာ သုခကို မသိသဖြင့် မေ့လျော့သော စိတ် ရှိခဲ့လျှင် "နင်ကား, ကမ္မဋ္ဌာန်း, တရားကို အားမထုတ်၍ မင်, ဖိုလ်, နိဗ္ဗာန်ကို မရလိုက်သည် ရှိသော် အပြန်တလဲလဲ ပဋိသန္ဓေ, အိုရို, နာ, သေရေး, အပါယ်ဘေး ဒုက္ခတို့ကို ကြီးစွာ ခံရမည်ဟု ရှစ်ပါးသော သံဝေဂဝတ္ထု တို့ကို ကြောက်ထိတ်လန့်အောင် ဆင်ခြင်ပြီးလျှင် ရတနာ သုံးပါးတို့၏ ဂုဏ်ကျေးဇူးကို ဆင်ခြင်အောက်မေ့သည် ဖြစ်၍ စိတ်ကို နှိုးဆော်လမ်းစေရ၏။

၇။ ကမ္မဋ္ဌာန်းတရားကို အားထုတ်သော ယောဂီပုဂ္ဂိုလ်၏ စိတ်သည် မတွန့် မဆုတ် မပျံ့လွင့်စေ၍ အာရုံကိုကောင်းစွာဖြစ်စေသဖြင့် သမထဝိပဿနာလမ်းတို့ကို ကောင်းစွာ ချီးမြှောက်နိုင်၍ လုံ့လပြုသော ဗျာပါဒမှ ကင်းသည်ဖြစ်၍ လျစ်လျူရှုခြင်းကိုသာ ဒုဂိစေ၏။

၈။ မင်္ဂ, ဗိုလ်ကိုရသော အကျင့်ကိုမကျင့်ဘဲ များစွာသော ပြဿနယ်ကိစ္စ တို့ဒွိဿစိတ်ပျံ့လွင့်၍ နေသော ပုဂ္ဂိုလ်တို့ကို ဝေးစွာကြဉ်ရှောင်ရ၏။

၉။ မင်္ဂ, ဗိုလ်ကိုရသော အကျင့်တို့ကို လမ်းမှန်ကန်စွာ သွားတတ်သော ပုဂ္ဂိုလ်တို့ကို မှီဝဲ ဆည်းကပ်ရ၏။

၁၀။ ဈာန်, မင်္ဂ, ဗိုလ်, သမာဓိတို့ကို အလေးဂရုပြု၍ ညွတ်ကိုင်း, ရှိုင်းပြမ်းသော စိတ်တို့ကို ဖြစ်စေရ၏။

၇ပြဋ္ဌာန်း။ မင်္ဂလာတရားတော်အရ ကျင့်ကြံနည်းများ

၁။ **ပဋ္ဌာနဋ္ဌသေဝနာ။** သူတော်ကောင်း တို့ကို ပေါင်းသင်းခြင်း။

ပတိရူပဒေသဝါသော စ။ ကောင်းကျိုး ချမ်းသာရစေတတ်သော အရပ်၌ နေရခြင်း။

ကာလေနဓမ္မသဝနံ။ သင့်တင့်သောအခါ အဆုံးအမ ဩဝါဒတံထွေးကို နာရခြင်း။

အကြောင်း ဝတ္ထု ဘုရား ကျောင်း ဒါယကာကြီး အနာထ ပိဏ်သူဌေးဌ္ဌ ကာလ မည်သော သားတယောက်ရှိ၏။ ဘုရားကို မကြည်ညို တရားနာဘို့မှာ ဝေးလေ၏။ သူဌေးကြီးလည်း သား၏ စိတ်ဓာတ်ကို မကျေနပ်၍ "ချစ်သား ဥပုသ် စောင့်ပြီး တရားနာပါချေ နက်ဖြန်တော့ ငွေငါးရာ ပေးမည်" ဟု ပြော၏။ မောင်ကာလသည် ငွေကိုလိုချင်၍ ဥပုသ်စောင့် သွား၏။ တရားကိုကား မနာ။ တော်ရာနေရာတွင် ညအိပ်၍ စောစောပြန်လာ၏။ နံနက်အိမ်ပြန်လာ၍ ယာဂုကျွေး သော်လည်း ငွေမရ၍ မစား လက်တွင် ငွေရမှ စား၏။ အဘသူဌေးကြီးကလည်း "ချစ်သား ဘုရားထံ တရား တပုဒ်လောက် မှတ်မိအောင် နာယူခဲ့ပါ ငွေ တဆောင် ပေးပါမည်" ဟု ပြော၍ လွှတ်ပြန်၏။ မောင်ကာလသည် ဘုရားထံရောက်၍ "ဟောပြောဆုံးမသည်ကို တပုဒ်ရလျှင် ပြီးမည်" ဟု အကြိုဖြင့် နာယူလေရာ နားစိုက်ရင်း နား စိုက်ရင်း သဘောကျ၍ သောတာပန် အရိယာဖြစ် လေ၏။

မှတ်ချက်။ ။မောင်ကာလ သူဌေးသားသည် ပဏ္ဍိတ အစစ်ဖြစ်သောဘခင်သူဌေးကြီးနှင့်ပေါင်းရခြင်း။ ဘုရားရှိသော ပတိရူပဒေသ၌ နေရခြင်း။ ကာလေန ဝမ္မ သဝန သင့်တော်သော အခါ အဆုံး အမ သြဝါဒ တရား ကြားနာရခြင်း မင်္ဂလာ သုံးပါး ရရှိသဖြင့် သောတာပန် အရိယာ ဖြစ်ရကြောင်း ထင်ရှားပါ၏။

၂။ ဂါရဝေါစ။ ။ရိုသေလေးစားခြင်း၊
နိဝါတောစ။ ။မမောက်မကြွား နှိမ့်ချထားသော
စိတ်ရှိခြင်း။
သောဝစသတာ။ ။ဆုံးမ၍ လွယ်ကူခြင်း။
အကြောင်းငါးပါး ဝိဒူကတ်သုံးပုံ နှုတ်တက်ဆောင်သော
အခွင့်ပေါင်းလမငယ်ရဲကို မြတ်စွာဘုရားက တုန့်ပေါင်း
လ, အချည်းနှီးပေါင်းလ, အလကားပေါင်းလ ဟု ခေါ်ဝေါ်
ပြောဆိုသောအခါ အခွင့်ပေါင်းမှာ သံဃဝရလေ၏။
ထိုသို့ သံဃဝရပြီးလျှင် တရားအားထုတ်ရန် ယူဇနာ
၁၂၀-ဝေးသောအရပ်၌ ရဟန္တာဖြစ်ပြီးသော ရဟန်း
၃၀-တို့၏ နေရာတောကျောင်းသို့ သွားပြီးလျှင် အကြီး
ဆုံး မထေရ်ထံ၌ ကမ္မဋ္ဌာန်းတောင်းသောအခါ သံဃာ
မထေရ်ကြီးက ပရိယတ်မာန်ခုခံနေမည်ကိုမြင်သောကြောင့်
ကိုယ်တိုင် ကမ္မဋ္ဌာန်း မပေးဘဲ ဒုတိယ မထေရ်ထံသို့
သွဲ့လိုက်၏။ ထို မထေရ်ကလည်းတတိယမထေရ်ထံသို့ သွဲ့
လိုက်ရာ နောက်ဆုံး၌(၇)နှစ်အကျပြည့် ရဟန္တာသာမထော
ငယ်ထံသို့ ရောက်သွားလေ၏။ သာမထောငယ်က "ဆုံးမ
သည့်အတိုင်း လိုက်နာလျှင် ကမ္မဋ္ဌာန်းပေးပါမည်။" ဟု
ပြောသောအခါ အခွင့်ပေါင်းလ မထေရ်က "လိုက်နာပါ
မည်။ ဒီးထဲသို့ဆင်းရမည် ဆိုလျှင်လည်း ဆင်းပါမည်"
ဟု ဝန်ခံလေ၏။ သာမထောငယ်က ရုံစမ်းလို၍ "သို့ဖြစ်
လျှင် ဟိုရေအိုင် ထဲသို့ ဆင်းလိုက်ပါ" ဟု အနှိုးရှိ
ရေအိုင်သို့ ဆင်စေ၏။ မထေရ်ကြီးသည် အဘိုးတန်သော
သင်္ကန်းမျှားကို ဝတ်ရုံမြဲ အတိုင်းပင် တန္ဆင်းတည်းသော

စကားဖြင့် ဆင်းသွားလေ၏။ သက်နိုးစွန်းဌ အနည်းငယ် ရေစိုသောအခါ "ပြန်ကြွခဲ့ပါ"ဟု ဆိုလေလျှင် တစွန်းသော စကားဖြင့်ပင် ပြန်တက်၍လာလေ၏။ ထိုအခါ သာမဏေက "တောင်ပိုင်ဝင်နေသော ဗွတ်ကို ဖမ်းလိုလျှင် အပေါက် ငါးခုကိုပိတ်၍ ကျန်သောအပေါက်တခုမှ စောင့်၍ ဖမ်းမှ ရပါသည်"ဟု ဥပမာပြ၍ ဒွါရငါးခုကို ပိတ်ခါ မနောဒွါရ တခုတည်းဌသာ အလုပ်ကိုလုပ်ပါလေဟု ဆုံးမသဖြင့် အားထုတ်လေလျှင် ရဟန္တာဖြစ်လေ၏။

မှတ်ချက်။ ။ဤသို့နှိမ့်ချကာ ဆရာ့စကားကို လွယ်လွယ်ကူကူ နာယူကျင့်ကြံပွါးများ အားထုတ်ပါသဖြင့် ဂါရဝေါစ နိဝါတောစ သောဝစသတာ မင်္ဂလာများနှင့် ပြည့်စုံသော အင်္ဂါပေါဋ္ဌိလ မထေရ်မှာ ရဟန္တာဖြစ်ရလေ၏။

၃။ သမဏော နဠိဒဿနံ။ ရဟန်းသံဃာ ဖူးမြင်ခြင်း။

ကာလေန ဓမ္မသာကစ္ဆာ။ သင့်တင့်သော အခါတရား ဆွေးနွေးခြင်း။

အကြောင်းဝတ္ထု။ "ရဟန်းတော် (၆၀) တို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းကို သင်ယူခဲ့၍ **မာတိကာ မာတာ ဒါယိကာမကြီး** ဆောက်လုပ် လှူဒါန်းသော ကျောင်းတွင် သိတင်းသုံးကာ ကမ္မဋ္ဌာန်း အားထုတ်နေကြ၏။ တနေ့သော အခါ မာတိကာ မာတာသည် ညနေချမ်း အချိန်၌ ထေရပတ်တင်လဲစသော လှူဘွယ်ဝတ္ထုကိုယူ၍ ကျောင်းသို့လာလျှင် ရဟန်းတပါးမှ မတွေ့၍ ကျောက်စည်ကို

ထိုးလေသော် "ကိုစွထူးသလော" ဟု တပါးစီ သင့်လျော်ရာမှာ ကမ္မဋ္ဌာန်း အားထုတ် နေကြသော ရဟန်းများသည် ကြွလာတော် မူကြကာ-"ကိုစွ ထူးသလော" ဟု-မေးတော်မူ၏။ "အဂ္ဂဉ်ဘုရားတို့အဆင်းချင်းခိုက်ရန်ဖြစ်ပွါးစကား များကြပါသလား" ဟု-မေးရာ "ခိုက်ရန် မဖြစ်ကြောင်း ရဟန်းတရား အားထုတ်နေကြကြောင်း" ပြောသဖြင့် "အဂ္ဂဉ်ဘုရား ရဟန်းတရား ဆိုတာ အဘယ်တရားပါနည်း၊ တပည့်တော်တို့ ကျင့်ကောင်းပါရဲလား၊ ကျင့်ကောင်းပါလျှင် သင်ကြား ပေးပါရန် တောင်းပန်ပါသည်" ဟု လျှောက်ထားလေ၏။ ထိုနောက် မာတိကာ မာတာသည်လည်း ရဟန်းတို့ဆုံးမသွန်သင်သည့်အတိုင်း ကောသာ, လောမာ စသော နိုင်ငံ သ ကမ္မဋ္ဌာန်းကို စီးဖြန်းခြင်း, ပိမိကိုယ်၌ ဖြစ်တတ်ပျက်တတ်သော သဘောတရား တို့ကို စီးဖြန်းခြင်း ကြိုးစား အားထုတ် ပြုလုပ်သဖြင့် ပဋိသန္ဓိဒါလေးပါး အဘိညာဏ် မျာနှင့် ပြည့်စုံသော အနာဂါမ် အရိယာ ဖြစ်၍ နိဗ္ဗုစကွေးဖြင့် ရဟန်းတော်တို့၏ ညွှာ အနုအရင့်ကို ဆင်ခြင်သော် ပုထုဇဉ်သာ ဖြစ်ကြ သေးသည်ကို သိလေ၏။ နောက် မကြာမီပင် ရဟန်း များလည်း ရဟန္တာဖြစ်ကြ လေကုန်၏။

မှတ်ချက်။ ။မာတိကာ မာတာကို အားကျကာ အရိယာ ဖြစ်လိုကြသူ ပုဂ္ဂိုလ်တို့သည် ရဟန်းသံဃာကို ဖူးတွေ့ကာ တရား ဆွေးနွေး နာယူ ကျင့်ကြံ ပွါးများ အားထုတ်ကြပါလေ။

၇၇။ မဟာဝဋ္ဌသံယုတ် သရဏာ ဏီသုတ်

မဟာနာမိအား မြတ်စွာဘုရားက လယ်မြေ မျိုးစေ့ ဥပမာပြု၍ ဆုံးမခြင်း။

"အိုရိ, မဟာနာမ်-ဥပမာမှာ မသုတ်သင်, မရှင်းလင်း, မကောင်းသော မြက်ဝတ်များနှင့် မကောင်းသော မြေဖြစ်သော လယ်မြေကွက်၌ မျိုးစေ့ ကြဲချသည် ဂိုသော် ထိုမျိုးစေ့တို့သည် ကျိုးကုန်၏, ပုပ်ကုန်၏, လေပူ နေပူတို့ဖြင့် ခြောက်သွေ့ကုန်၏။ အနှစ်မရှိကုန်, မှိုရာမလွယ်ကုန်။ ထိုသို့ရေ ကောင်းကောင်းမရလျှင် ကြီးပွါးခြင်း, စည်ပင်ခြင်း, ပြန့်ပြောခြင်းသို့ မရောက်ကုန်။ ဤလောက၌ တရားနည်းလမ်းများသည် မှားယွင်းစွာ ဟောပြော အပ်သော တရားဖြစ်လျှင်, မှားယွင်းစွာ သိစေအပ်သော တရားဖြစ်လျှင်, သံသရာဝဋ်ဆင်းရဲမှ မထွက်မြောက်စေသော တရားဖြစ်လျှင်, ကိလေသာတို့ကို မကုန်ခန်း စေသော တရားဖြစ်လျှင် ဘုရားဟောသော တရား မဟုတ်လျှင် ထိုကဲ့သို့သော မဟုတ် မမှန်သော တရား နည်းလမ်းများကို ငါဘုရားသည် မကောင်းသော လယ်မြေဟု ဟောဏ်။ ထိုဘုရားဟောမဟုတ်သော တရားနည်းလမ်း၌ တပည့်သည် ကျင့်လျှင်, အဓိအဓေသ ကျင့်လျှင်, ဆရာဖြောသော အဝိုင်းအကျင့်ကို လေ့လာနေလျှင် ထိုကဲ့သို့ ကျင့်သောသူကို မကောင်းသော မျိုးစေ့ဟု ငါဘုရားသည် ဟောဏ်။

အိုရိ, မဟာနာမ်— ဥပမာအားဖြင့် ကောင်းစွာ သုတ်သင်, ရှင်းလင်း, မြက်ဝတ်ကင်း၍ မြေသြဇာ ကောင်း

သော လယ်မြေ၌ မျိုးစေ့ကြဲချသည့် ဂိုဏ်းသင် ထိုမျိုးစေ့တို့သည် မကျိုးကွဲနှံ,မပုပ်ကျနံ,မသွေခြောက်ကွဲနှံ, အနှစ်ဂိုဏ်, ဒီရာလွယ်ဏ်။ မိုးယံးရေရသဖြင့် ကြီးပွါးခြင်း,စည်ပင်ခြင်း, ပြန့်ပြောခြင်းသို့ရောက်ဏ်။ဤအတူသာလျှင် ငါဘုရား, ဏ်၏ သာသနာတော်၌ ငါ၏ တရားတော်ကို ကောင်းစွာ ဟောပြောလျှင်,ကောင်းစွာသိစေလျှင်,သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်စေလျှင်, ကိလေသာတို့ကို ကုန်ခန်း စေလျှင်, ဘုရား ဟောသော တရားဟုတ်မှန်လျှင် ထိုကဲ့သို့သော ဟုတ်မှန်သော တရားသဘောကို ငါဘုရားသည် ကောင်းသော လယ်မြေဟု ဟောဏ်။ ထိုဘုရားဟောသော တရားတို့၌ တပည့်သည် တရားတော် အတိုင်း ကျင့်လျှင်,အရိုအသေကျင့်လျှင်,ဘုရားဟောတော် မူသည့် အတိုင်း အကျင့်ကိုလေ့လာနေလျှင် ဤကဲ့သို့ ကျင့်သောသူကို ငါဘုရားသည် ကောင်းသော မျိုးစေ့ဟု ဟောဏ်။"

အထက်ပါ မဟာ နာမအား မြတ်စွာဘုရား ဆုံးမသော ဥပမာမျှားကို မမေ့ မလျော့ မှတ်သားထားကာ မကောင်းသော လယ်မြေနှင့် တူသော မြတ်စွာဘုရား၏ တရားစစ် မဟုတ်သော တရားမျှားကို မနာကြား မှု၍ မကောင်းသော မျိုးစေ့နှင့် တူသော မြတ်စွာ ဘုရား၏ အလိုတော်ကျ မဟုတ်သော အကျင့်မျှားကို မကျင့်ကြပါဘဲ မြေသြဇာ ကောင်းသော လယ်မြေနှင့် တူသော မြတ်စွာဘုရား၏ တရားစစ်ကို ကြားနာဘတ်ရကြပြီးလျှင် ကောင်းသော မျိုးစေ့နှင့်တူသော မြတ်စွာဘုရား၏ အလိုတော်ကျဖြစ်သော ကောင်းမြတ်သော အကျင့် တို့ကို

ကျွင့်ကြမ္မသာလျှင် မကောင်းဆိုးညစ်သော ကိလေသာ တရားချွေး နည်းပါး ကင်းပျောက် ပြီးလျှင် သံသရာဝဋ်ဆင်းရဲမှလည်း ထွက်မြောက်နိုင်ကြပါမည်။ သို့ပါ၍ ယခု အခါ အရိယာ ဖြစ်လိုသော သူတော်ကောင်း အပေါင်း တို့သည် မြတ်စွာဘုရား၏ တရားစစ်, တရားမှန်ကို အတိတကျ ဟောပြောဆုံးမ သွန်သင်ပြသနိုင်သော ကလျာဏမိတ်စစ် ဆရာကောင်း ဆရာမြတ်ကို တွေ့အောင် ရှာ၍ တွေ့ပါလျှင်လည်း ၎င်းဆရာကောင်း ဆရာမြတ်၏ အဆုံးအမကို နာခံ, မှတ်သားကာ အရိယာမဖြစ်, မနေ ကြိုးစား အားထုတ် ကျွင့်ကြံကြပါလေ။

အခန်း ၆

အဓိဋ္ဌာန်တရား

၇၈။ မင်္ဂလာဖိုလ်ဖြင့် စစ်တမ်း

ပုထုဇဉ်နှိုး တို့သည် ဖိုလ်တရားကို မရဘူး သေးသော ကြောင့် ဖိုလ်မဝင်စားနိုင်ပါ။ အရိယာတို့သာလျှင် မင်္ဂ၏ အကျိုး ဖိုလ်ကို ဂျပြီး ဖြစ်လေသောကြောင့် မိမိရသော ဖိုလ်ကိုသာ အခါခါ ဝင်စားနိုင်ပါသည်။ မရသေးသော အထက်ဖိုလ်များကို မဝင်စားနိုင်ပါ။သို့ပါ၍ သောတာပန် သည် သောတာပတ္တိဖိုလ်ကိုသာ ဝင်စားနိုင်ပါ၏။ သက ဒါဂါမိသည် သကဒါဂါမိဖိုလ်ကိုသာ ဝင်စား နိုင်ပါ၏။ အနာဂါမိသည် အနာဂါမိဖိုလ်ကိုသာ ဝင်စား နိုင်ပါ၏။ ရဟန္တာသည် အရဟတ္တ ဖိုလ်ကို ဝင်စား နိုင်ပါ၏။

မင်္ဂကိုသိမ်းဖိုလ်နှင့်ဖေး

ဝိပဿနာသည် မင်္ဂအလို၌ သဒ္ဓါရုကို သိမ်းဆည်း သော ဝိပဿနာ, ဖိုလ်ဝင်စားခြင်း၌ ရှသောဝိပဿနာ, နိဗ္ဗာန သမာပတ် အလို၌ ရှသော ဝိပဿနာဟူ၍ သုံးမျိုးရှိရာ ဖိုလ်ကိုဝင်စားနိုင်ရန် သမာဓိဇ္ဈာန်စသည်တို့ အပြည့်အစုံ ထက်သန်အောင် ဝိပဿနာ ကိုသာလျှင် အဖန်ဖန် အခါခါ လေ့လာ ပွါးများ၍ ထက်သန်ပြည့်စုံ သော အခါမှ ဖိုလ်သို့ရောက်၏။မင်္ဂ,ဖိုလ်ရပြီးခါစ ပုဂ္ဂိုလ် မှာ "ဤမျှသော ကာလ အတွင်း၌ ဖိုလ်စိတ်ကိုသာ ဖြစ်စေ လျက် နေမည်"ဟု ရှေးအဋ္ဌကထာ၌ ကာလကို ပိုင်းခြား

မိဠာန၍ အလို ရှိတိုင်းသော ခဏ ကာလ၌ ဗိုလ်ကို ဝင်စားခြင်း, ဗိုလ်၌ကြာမြင့်စွာ တည့်ခြင်းတို့ဖြင့် အခါခါ ဝင်စားပြီးသောအခါ"ငါရသော မဂ်သည် အစစ်, အမှန် ပေတည်း"ဟု မှန်ကန် စိတ်ချစွာ ဆုံးဖြတ် နိုင်ပါသည်။ သို့ပါ၍ ပိပိတို့ ရပြီးသော မဂ်၏ဗိုလ်ကို အကြိမ်ကြိမ် အခါခါ အလိုရှိသလို ဝင်စားခြင်းဖြင့် မဂ်ကို စစ်ကြည့်ကြပါလေ။ဝသီဘော် နိုင်လောက်လျက်နှင့် ဗိုလ်မဝင်စားနိုင်လျှင်, နိဗ္ဗာန်ကို မမြင်ရလျှင် ရပြီးသော မဂ်သည် မဂ်စစ် မဟုတ် မဂ်တုသာ ဖြစ်ရပါမည်။

ဗိုလ်ဝင်စားသော အခါ ကာလ၌ သဒ္ဓါရ နိမိတ် အလုံးစုံကို အာရုံမပြုပါဘဲ အလုံးစုံ သင်္ခါရ ချုပ်ငြိမ်း ကြောင်းဖြစ်သော ငြိမ်သက်အေးမြ ချမ်းသာ သဘော နိဗ္ဗာန်ကိုသာလျှင် အာရုံပြုပါသည်။ ဗိုလ်ချမ်းသာသည် လောကီချမ်းသာ, စျာန်ချမ်းသာမျှားနှင့် မတူ ထူးထူးကဲကဲ ချမ်းသာလှပါသည်။ထင်ထင်ရှားရှား သိရပါသည် မှေသလို, ဝိုက်သလို, အိပ်သလို သတိလစ်တာမျိုးမဟုတ်ပါ။ အထူးသတိပြုကြပါလေ။

၇၃။ အရိယာတို့ မဂ်, ဗိုလ်, နိဗ္ဗာန်ကို ဆင်ခြင်ကြံပုံ

ဝိပဿနာ ယောဂိတို့သည် သောတာပတ္တိမဂ် ဝိထိ ကျပြီး နောက်လည်း ပိပိတို့ရသည့် မဂ်,ဗိုလ်,နိဗ္ဗာန်တို့ကို ဇောနှုတ်ချ,ပစ္စဝေက္ခဏာညာဏ်ဖြင့် နှလုံးသွင်းကြကြောင်းကို သင်္ကြိုဟ်ကျမ်းဌီ အောက်ပါအတိုင်း ဖွင့်ရပါသည်။

မဂ္ဂ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟိနေကိလေသေ သေသေစ၊ ပစ္စဝေက္ခတိဝါနဝါ။

အဓိပ္ပါယ်ကား။ ။သောတာပန် ဖြစ်ပြီးသော အရိယာပညာရှိသည်၊ မိမိရသော မဂ်ကိုလည်း၊ မိမိရသောဖိုလ်ကိုလည်း၊ မိမိရောက်ရှိသော နိဗ္ဗာန်ကိုလည်း၊ ဇကနမုချ၊ ပြန်၍ဆင်ခြင်၏။ ပယ်ပြီးသော ကိလေသာတို့ကိုလည်း၊ ကြွင်းသော ကိလေသာ တို့ကိုလည်း၊ ဆင်ခြင်သည်လည်း ရှိ၏, မဆင်ခြင်သည်လည်း ရှိ၏။

သေက္ခာ မဂ္ဂါ ဝ ဋ္ဌ ဟိ တွာ၊
မဂ္ဂံ ပစ္စဝေက္ခန္တိ။

(ပဋ္ဌာန်း ပါဠိတော် ပဉ္စာဝါရ)

အဓိပ္ပါယ်ကား။ ။သောတာပန်, သကဒါဂါမ်, အနာဂါမ်, သေက္ခ ပုဂ္ဂိုလ် တို့သည် မဂ်မှ ထပြီးသည့်နောက်၌ ထိုမဂ်ကို ဆင်ခြင်ကြကုန်၏။ "ငါမဂ်ရပြီ" ဟု သိကြကုန်၏။

ထို့ပါ၍ အရိယာတို့သည် မိမိတို့ရသည့် မဂ်, ဖိုလ်, နိဗ္ဗာန်တို့၏ အလွန် ထူးကဲမွန်မြတ်သော ချမ်းသာသုခတို့ကို သူတပါး တို့အား သိအောင်, နားလည်အောင် မပြောတတ်, မပြတတ်ရှိစေကာမူ မိမိတို့ ကိုယ်တိုင်မူကား သိရှိခံစားနေကြ

ရပါသည်။ ပြည်တန်သော ကျောက်မြတ် ပတ္တမြား ရတနာကို လက်ဝါးပေါ်၌ တင်၍ကြည့်သောအခါ ထင်ထင်ရှားရှားကြီး မြင်ရဘိသကဲ့သို့ အရိယာတို့မှာလည်း ပိပိသိသိရသည့် မင်္ဂ, ဗိုလ်, နိဗ္ဗာန်တို့ကို ထင်ထင်ရှားရှား အမှတ်တရ ထင်မြင်ကြမြဲဖြစ်ပါသည်။ မွေ့ကနဲ,မိုက်ကနဲ, သဘိလစ်သလို ဖြစ်သွားတာမျိုး မဟုတ်ကြောင်း ကြပ်ကြပ်းသတိချပ်၍ မှတ်ယူကြပါလေ။

၈၀။ အရိယာမှန်ပြီ တရားတော်

မြတ်စွာဘုရား၏ သောတာပန် စစ်တမ်း

သုတ်မဟာဝါဟိန်္ဒတော်
မဟာ ပရိနိဗ္ဗာနသုတ်

မြတ်စွာဘုရားသည် နာတိက ဂျာ အဂ္ဂဉ်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ်ညီတော်အာနန္ဒာ အား ဓိန့်တော်မူသည်မှာ "အို အာနန္ဒာ-အကြင်သို့သော အဝကြောင်းကြောင့် လူတို့သည် သေလွန်ရှုတိရာ၏။ ထို လူသေသည်ရှိသော် ကျန်နေသော သူတို့သည် မြတ်စွာ ဘုရားထံသို့ချဉ်းကပ်၍ ထိုအကြောင်းကို မေးမြန်းကြကုန် လတ္တံ့။ ထိုသို့ မေးမြန်းခြင်းသည် အံ့သြ ထိုက်သည် မဟုတ်။ အို အာနန္ဒာ-စင်စစ်မူကား ထိုသို့ မေးမြန်းခြင်း သည် မြတ်စွာဘုရားအား ပင်ပန်းရုံသာ ဖြစ်၏။

အို အာနန္ဒာ-ထို့ကြောင့်ငါဘုရားသည် ကြေးမုံတရား အရိယာ မှန်ပြတရားကို ဟောကြားတော်မူအံ့။ အကြင် ကြေးမုံတရား, အရိယာ မှန်ပြ တရားနှင့် ပြည့်စုံသော

တပည့်မြတ်သည် "ငါသည်ကား ကုန်ခန်းသော ငရဲဘေး ရှိ၏။ ကုန်ခန်းသော တိရစ္ဆာန်ဘေးရှိ၏။ ကုန်ခန်းသော ပြိတ္တာဘေးရှိ၏။ကုန်ခန်းသော အပါယ်ဘေး,ဒုဂ္ဂတိဘေး, ဝိနိပါတဘေး ရှိ၏။ငါသည် သောတာပန်ဖြစ်၏။ ဖရိုဖရဲ ကျတတ်သော သဘော မရှိ။ သုဂတိ တည်း ဟူသော မြဲသောလားရာ ဂတိရှိ၏။ အထက် မဂ် သုံးပါးသာလျှင် လားရာဂတိရှိ၏" ဟူ၍ ပြောဆိုလိုသည်ရှိသော် မိမိကိုယ် ကို မိမိသည်ပင်လျှင် ပြောကြားရာ၏။ ထို ကြေးမုံတရား, အဓိဋ္ဌာန်ပြုတရား ပရိယာယ် ဟူသည် အဘယ်နည်း ဟူမူကား-

(၁) အိုခြင်း အားနည်း- ဤ သာသနာတော်၌ မြတ်သော တပည့်သည် မြတ်စွာဘုရား၌ သက်ဝင်ယုံကြည်၍ ခိုင်မြဲစွာ ကြည်ညိုယုံကြည်ခြင်းနှင့် ပြည့်စုံ၏။ထိုမြတ်စွာဘုရားသည်-

၁။ ပုဂ္ဂိုလ် အထူးကို ခံတော်မူ ထိုက်သော ကြောင့် လည်း အရဟ-မည်တော်မူ၏။

၂။ မဖေါက်မပြန် ကိုယ်တော်တိုင် ထိုးထွင်း၍ သစ္စာ တရားကို သိတော် မူတတ်သော ကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ-မည်တော်မူ၏။

၃။ ဉာဏ်ပညာ အကျင့်သိလနှင့် ပြည့်စုံတော်မူသော ကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္နေ-မည်တော်မူ၏။

၄။ ကောင်းသော စကားကို ဆိုတော် မူတတ်သော ကြောင့်လည်း သုဂတ-မည်တော်မူ၏။

၅။ လောကသုံးပါးကို ပိုင်းခြား၍ သိတော် မူသော ကြောင့်လည်း လောကဝိဒူ- မည်တော်မူ၏။

၆။ ဆုံးမထိုက်သော သတ္တဝါတို့ကို အတုမရှိ ယဉ် ကျေးအောင် ဆုံးမတော် မူတတ်သော ကြောင့် လည်း အနုတ္တရ ပုရိသ ဒမ္မသာရထိ- မည်တော် မူ၏။

၇။ နတ် လူတို့၏ဆရာ ဖြစ်တော်မူသောကြောင့်လည်း သတ္ထာဒေဝမနုဿာနံ- မည်တော်မူ၏။

၈။ သစ္စာလေးပါးကိုကိုယ်တိုင်လည်းသိ-သူတပါးတို့ ကိုလည်း သိစေတော် မူတတ်သောကြောင့်လည်း ဗုဒ္ဓ-မည်တော်မူ၏။

၉။ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော် မူသော ကြောင့်လည်း ဘဂဝါ- မည်တော်မူ၏— ဟူ၍ မြတ်စွာဘုရားဒွ သက်ဝင် ယုံးမှိုက်၍ ဒိဋ္ဌမြစွာ ကြည်ညိုယုံကြည်ခြင်းနှင့် ပြည့်စုံ၏။

(၂) တရားတော်ဒွ သက်ဝင်ယုံးမှိုက်၍ ဒိဋ္ဌမြစွာကြည် ညိုယုံကြည်ခြင်းနှင့် ပြည့်စုံ၏။ ဘုန်းတော်ကြီးသော မြတ် စွာဘုရားသည်-

၁။ တရားတော်မြတ်ကို ကောင်းစွာဟောကြားတော် မူအပ်၏။ မြတ်စွာဘုရား ကောင်းစွာ ဟောကြား တော် မူအပ်သော တရားတော်သည်။

၂။ မျက်မှောက်ထင်ထင်အကျိုးပေးခြင်းရှိ၏။(တနည်း)
ကိုယ်တိုင်ဒိဋ္ဌ သိမြင်အပ်သော သဘောဖြစ်၏။
၃။ အခါမလင့် အကျိုးကိုပေးတတ်၏။
၄။ လာလှည့်၊ ရှုလှည့်ဟု ဆိုခြင်းငှါ ထိုက်၏။
၅။ စိတ်ထဲ၌ စွဲကပ်၌ ရှုထိုက်၏။
၆။ အရိယာပညာရှိတို့သည် သူတပါးကို မေးမနေရ
ဘဲ အသိုးအသိုး သိသင့်, သိထိုက်, သိရသော
တရားဖြစ်၏ ဟူ၍ တရားတော်၌ သက်ဝင်ရူးစိုက်
၍ ခိုင်မြဲစွာ သက်ဝင် ယုံကြည်၏။

(၃) သံဃာတော်မြတ်၌ သက်ဝင်ရူးစိုက်၍ ခိုင်မြဲစွာ ကြည်ညိုု ယုံကြည်၏။ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည်-

၁။ ကောင်းစွာ ကျင့်တော်မူ၏။
၂။ ဖြောင့်မတ်စွာ ကျင့်တော်မူ၏။
၃။ သိအပ်သော နိဗ္ဗာန်အကျိုးငှါ ကျင့်တော်မူ၏။
၄။ ရိုသေလေးမြတ်စွာ ကျင့်တော်မူ၏။
အဆုံအားဖြင့် လေးပါး ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး
သော သံဃာတော်သည်-
၅။ အဝေးမှ ဆောင်ယူအပ်သော အလှူကို ခံခြင်းငှါ
ထိုက်တော်မူ၏။
၆။ ဧည့်သည်အလို့ငှါ ရည်ညွှန်းထားသော အလှူ
ဝတ္ထုကို ခံယူခြင်းငှါ ထိုက်တော်မူ၏။

သုခမ္မဝတီ ၁၃၀-၁၀

၇။ တမလွန်ဘဝကို ယုံကြည်၍ လှူအပ်သော မြတ်သောအလှူကို ခံတော်မူထိုက်၏။
၈။ လက်အုပ်ချီခြင်းငှါ ထိုက်၏။
၉။ တလောကလုံး၏ ကောင်းမှုကို စိုက်ပျိုးရာ အတုမရှိသော လယ်ယာမြေကောင်းကြီး ဖြစ်တော်မူ၏ ဟူ၍ သံဃာတော်မြတ်၌ သက်ဝင်စိုးစိုက်၍ ခိုင်မြဲစွာ ကြည်ညိုဖို့ ယုံကြည်ဖို့။

(၄) အရိယာသူမြတ်တို့သည်နှစ်သက်အပ်ကုန်သော, မကျိုးမပေါက် ကုန်သော,မပြောက်မကျား ကုန်သော, တဏှာသခင်လက်မှ လွတ်၍ တော်လှန်မင်း စစ်ဖြစ်ကုန်သော, ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော, တဏှာ ဒိဋ္ဌိတို့သည် မစွဲလမ်းအပ်ကုန်သော တည်ကြည်ခြင်း သမာဓိကို ဖြစ်စေတတ်ကုန်သော သီလ တို့နှင့် ပြည့်စုံသည် ဖြစ်၏။

သို့ပါ၍ အရိယာ ဖြစ်-မဖြစ် စစ်လိုကြပါလျှင် မြတ်စွာဘုရား ဟောပြ ဆုံးမခဲ့သော ကြေးမုံတရား, အရိယာမှန်ပြတရား ၄-ပါးနှင့် ပိမိကိုယ်ကို ပိမိကိုယ်ကိုင် ပြည့်စုံသည်, မပြည့်စုံသည်ကို စစ်ကြည့်ကြပါလေ။ ပြည့်စုံပါလျှင် သောတာပန် အရိယာစစ် ဖြစ်၍ အပါယ်လေးပါး မကျရောက်တော့ဘဲ အဆက်မဂ် သုံးပါးသာလျှင် လားရာဂတိ ရှိလေတော့၏။

၈၁။ တရားတော်ဂုဏ် ခြောက်ပါး စစ်တမ်း

၁။ မြတ်စွာ ဘုရား သခင်သည် မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ် အမြတ် ဆယ်တော်

တရားကို အစ, အလယ်, အဆုံး သုံးပါး အစုံ ကောင်းခြင်း ဂုဏ်နှင့် ပြည့်စုံ စင်ကြယ်အောင် ကောင်းမွန်စွာ ဟောတော် မူအပ်၏။

၂။ မြတ်စွာ ဘုရားသခင် ဟောတော် မူအပ်သော မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာ တရားကို အရိယာ ပုဂ္ဂိုလ်တို့သည် တဆင့် သူတပါး ပြောကြား မှုကို မလို ကိုယ်တိုင် ဒိဋ္ဌ သိမြင်အပ်၏။

၃။ မြတ်စွာ ဘုရား သခင် ဟောတော် မူအပ်သော အရိယာ မဂ်လေးပါး တရားသည် ကာလမခြား သက်ဆိုင်ရာ ဖိုလ်လေးပါး တည်း ဟူသော အကျိုးကို တဆက်တည်း ပေးစွမ်း နိုင်သည့် တရားဖြစ်၏။ ။(တနည်း) မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာ တရားသည် သိမြင်နိုင်ရန် ဘဝ, ကာလ, ဆိုင်းငံ့ခြင်းမရှိဘဲ တကယ် အားထုတ်ပါက ယခုဘဝ၌ ပင် သိမြင်ရသော တရားဖြစ်၏။

၄။ မြတ်စွာ ဘုရား သခင် ဟောကြားတော် မူအပ်သော မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ကိုးတန်သော လောကုတ္တရာ တရားသည် လာလည့်ရှုလည့်ဟု ခေါ်ဝင်ပြသထိုက်အောင် အလွန်တရာမှ သင့်ရား စင်ကြယ် အံ့သြဘွယ် တရားဖြစ်၏။

၅။ မြတ်စွာ ဘုရား သခင် ဟောတော် မူအပ်သော မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ကိုးတန်သော

လောကုတ္တရာ တရားတွင် စိတ်ဒုစရိုက် ၅ သော ဝင်ရောက် ဖြစ်ပေါ်ရသော မဂ်လေးတန်, ဖိုလ်လေးတန် ရှစ်တန်သော တရားမှာ စိတ်ထဲ ၅ ပင် ဝင်ရောက်ဖြစ်ပေါ်လာအောင် ကပ်၍ ဆောင်အပ်သော တရား ဖြစ်၏။ နိဗ္ဗာန် မှာကား စိတ်ဖြင့် သွားရောက် မျက်မှောတ်ပြုကာ ကပ်၍ ဆောင်အပ်သော တရားဖြစ်၏။

၆။ မြတ်စွာ ဘုရား သခင် ဟောတော် မူအပ်သော မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာ တရားသည် အရိယာ ပညာရှိ ပုဂ္ဂိုလ်တို့ "ငါ့မှာ မဂ်တရားကို ပွါးစေ အပ်ပြီ, ဖိုလ်တရားကို ရအပ်ပြီ, နိဗ္ဗာန်တရားကို ငါ့မျက်မှောက် ပြုအပ်ပြီ" ဟု အသိုးသိုးသိအပ်သည့်တရား ဖြစ်၏။ ဤကဲ့သို့ မြတ်စွာ ဘုရား ဟောတော် မူသော တရားတော်၌ မတုန်မလှုပ် အဟုတ် သက်ဝင် ယုံကြည်ရမည်။

သို့ပါ၍ အရိယာတို့ သိအပ်, ရအပ်, ခံစား အပ်သော မဂ်, ဖိုလ်, နိဗ္ဗာန် တရားတော် မြတ်သည် ဒိဋ္ဌမွေ ကိုယ်ငွေ့ ထင်ထင်ရှားရှား သိရ, မြင်ရ, ခံစားရသော တရားများဖြစ်ပါသည်။ ရိုးတိုး, ရားတား, ရောင်ဝါးဝါးနှင့် သတိလစ်သလို, မှေ့သလို, ဦးက်သလိုဟာမျိုးမဟုတ်ပါ။ စဉ်းစား ကြည့်စရာမှာ အရိယာ ဖြစ်လိုက်ရသော ပုဂ္ဂိုလ် တို့သည် ဝိပဿနာ တရား အားထုတ် ကျင့်ကြံကြရ၌ ရုပ်, နာမ်

ဓမ္မတို့၏ လက္ခဏာရေး-၃-ပါးကို ရှုကြည့် သဖြင့် ဝိပဿနာ ဉာဏ်စဉ် အတိုင်း မုဒ္ဓိတ္ထ ကမ္မတာဉာဏ် ဖြစ်ပေါ်လာလျှင်ပင် ဘုံသုံးပါးတွင် အိုခြင်း, နာခြင်း, သေခြင်း ဆိုးဘို့ဖြင့် မကင်းသော ရုပ်, နာမ် တို့ဖြင့် ကျဉ်လည်နေခြင်းသည်-

၁။ ပိုက်ကွန် မိသော ငါး။
၂။ ဂဠုန်လက်တွင်းက နဂါး။
၃။ ခြေခံတွင်းထဲက ဖါး။
၄။ လှောင်အိုင်ထဲက တောကြက်။
၅။ ကျောက်ကွင်းထဲက တောဝက်။
၆။ ကြောင်ခံတွင်းက ကြွက်။
၇။ အလမ္ဗာယ်ပခြုံပ်ထဲက ခြေ။
၈။ စွန့်လက်သည်းကြားက စာသူငယ်။
၉။ ညှပ်အိုင်နှစ်တဲ့ ဆင်။
၁၀။ မီးလောင်နေသော အိမ်ထဲက လူ-နှင့် တူလှသဖြင့် ယခုချက်ခြင်း လွတ်ရလျှင် ကောင်းလေစွဟု-ပြင်းပြသော လွတ်မြောက်လိုသည့် ဆန္ဒကြောင့် ခြံရံဆက်လက်၍ ကျင့်ကြံ, ပွါးများ, အားထုတ်သော အခါ ဉာဏ်စဉ်အတိုင်း အနုလောမဉာဏ်မှ တက်ကာ ဂေါတြဘူ ဉာဏ်ဖြင့် ပုထုဇ္ဇန် အနွယ်ဖြတ်၍ နိဗ္ဗာန်ကို အာရုံပြုကာ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရလာသောအခါ "ငါအရိယာ ဖြစ်လေပြီ၊ အပါယ်လေးပါးမှ လွတ်ရလေပြီ" ဟု-

လွတ်ကြောင်း သိခြင်းသည် ထင်ရှား လှပါ၏။ ရိုးတိုး, ရှားတား, ရောင်ဝါးဝါးနှင့် သတိ လစ်သလို, မေ့သလို, ဝိုက်သလို မဟုတ်ပါ။ ကမ္မဋ္ဌာန်း ဆရာများက မင်္ဂလာ ဘွဲ့ထူးပေးမှ သိရတာမျိုးလည်း မဟုတ်ပါ။ ကိုယ်ကျင့်, ကိုယ်တွေ့, ကိုယ်သိ ထင်ထင် ရှားရှား ကိုယ်ပိုင် ဉာဏ်ဖြင့် ကိုယ်တိုင် သိရသော အသိမျိုး ဖြစ်ပါသည်။ တသက်လုံး, တသံသရာလုံး မှာ မကြုံဘူး, မတွေ့ဘူး အလွန် ထူးကဲ မွန်မြတ်လှသော သန္တိသုခ မြတ်သော နိဗ္ဗာန်ကို သည်ဘဝကထဲကိုပဲဖြင့် ရှုမြင် ရခြင်းကို အထင်အရှား သိရပါမည်။ ထိုအသိမျိုး ကိုလည်း မေ့နိုင်ဘူယ်ရာ အကြောင်းမရှိပါ သတိ အထုံးပြုကြပါလေ။

၈၂။ မဟာပဋ္ဌာနဇောဇ္ဈင်္ဂ(၇)ပါး ဓမ္မာဓိဋ္ဌာန်း

မှလပဏ္ဏာသ ကောသမ္ဗိက သုတ်တော်၌ ဘွဲ့ရသော အောက်ပါ သောတာပန် ပုဂ္ဂိုလ်၏ မဟာပဋ္ဌာန ဝေဇ္ဈင်္ဂ(၇)ပါးဖြင့်လည်း ဗိဒိတ္တိကိုယ်ကို စစ်ကြည့်ကြပါလေ။

၁။ **အရိယာ ဆင်ခြင်ပုံ**။ ။"အကြင် ပရိ ယဒ္ဓာန် ကိလေသာက စိတ်ကိုထကြွပိတ်ပင်သောကြောင့် ဂါဒသည် ဟုတ်တိုင်းဒုန်စွာမသိ မဖြင့်နှိုင်ရာ ထိုသို့သော ကိလေသာသည် ငါ၏ကိုယ်ဝန်းဒွါ မပယ်ရသေးဘဲမျှား ရှိနေပါသေးသလား"။

အနိယာဒဿီပုံ။ ။“ထိုသို့ မသိ မမြင် နှိုင်အောင် တားမြစ် ဝိတ်ပင်တတ်သော ပရိယုဋ္ဌာန် ကိလေသာသည် ငါ၏ကိုယ်တွင်းဒွါ မပယ် ရသေးတာ မရှိတော့ပြီ။ သစ္စာသေးပါး အမှန် တရားတို့ကို သိမြင်ရန် ငါ၏ စိတ်သည် ကောင်းစွာ ထားအပ်ပေပြီ”ဟု သိ၏။

၂။ **အနိယာ ဆင်ခြင်ပုံ။** ။“ဤအသိ အမြင်ကို ခိုဝဲလျက်, ဖြစ်ပွါးစေလျက် အကြွိမ်များစွာ လေ့လာသော ငါသည် ဒိဗ္ဗစက္ခုဉာဏ်၏ စိတ်ဒွါ ငြိမသက်ဘည်ကြည်ခြင်း, ခြင်း, နိဝရဏငြိမ်းခြင်းကို ရပါ၏လော။ ဒိဗ္ဗစက္ခုဉာဏ်၏ စိတ်ဒွါ ကိလေသာ ငြိမ်းခြင်း ရှိပါ၏လော။ အာရုံဝင်ရှုခဲ့သော ကိလေသာ မဖြစ်ခြင်းကို ရပါ၏လော”။

အနိယာ သိပုံ။ ။“ဤအသိ အမြင်ကို ခိုဝဲလျက်, ဖြစ်ပွါးစေလျက် အကြွိမ်များစွာလေ့လာနေသော ငါသည် ဒိဗ္ဗစက္ခုဉာဏ်၏ စိတ်ဒွါ ငြိမသက် ဘည်ကြည်လင်ခြင်း, နိဝရဏ ငြိမ်းခြင်းကို အမှန်ပင်ရပါ၏လော။ ဒိဗ္ဗစက္ခုဉာဏ်၏ စိတ်ဒွါ အနုသယကိလေသာ ငြိမ်းခြင်းကို အမှန်ပင် ရပါ၏လော”ဟုသိ၏။

၃။ **အနိယာ ဆင်ခြင်ပုံ။** ။“ငါသည် ဒုစရိုက် သုံးပါး သော မဂ်ညွှတ်အမြင်နှင့် ကြုံ[illegible]ပါ၏။ ဤသာသနာမှ အကြင်ပုဒ္ဂိုလ် အခြားတစ်ပါးသော ရဟန်းပုဂ္ဂိုလ်ဖြစ်စေ, လူပုဂ္ဂိုလ်ဖြစ်စေ ထိုသို့သော မဂ်ညွှတ် အမြင်နှင့် ကြုံ[illegible]ဆုံသူ ရှိလေသလော”။

အရိယာ သိပုံ။ ။"ဤ သာသနာမှ အပြင် ပဋိ
အခြားတပါး ရဟန်း ပုဂ္ဂိုလ် ဖြစ်စေ, လူပုဂ္ဂိုလ်
ဖြစ်စေ ငါမှာ ဖြစ်ပေါ်သော မဂ်ဉာဏ် အဖြင်
မျိုးနှင့် ပြည့်စုံသူ မရှိတော့ဖြို"ဟု သိလေ၏။

၎။ **အရိယာ ဆင်ခြင်ပုံ။** ။"မဂ် အသိ အဖြင် နှင့်
ပြည့်စုံသော သူအား ပြည့်စုံမြဲဖြစ်သော ရဟန်း
တို့မှာ ကုစား နိုင်ကောင်းသော အာပတ်အဖြစ်သို့
တခါတရံ ရောက်ငြားသော်လည်း ထိုအာပတ်ကို
မဖုံးကွယ်ဘဲ "ပညာရှိ သိတင်း သုံးဘော် ထံမှာ
လျင်စွာ သာလျှင် ပြောကြား ဖော်ပြခြင်း။ ထိုသို့
ပြောကြား ဖော်ပြပြီးလျှင် နောက်ကာလ၌ မဖြစ်
အောင် စောင့်ရှောက်ခြင်း ပင်ကိုယ် သဘောနှင့်
ပြည့်စုံ၏။ ထိုသို့သော ပင်ကိုသဘောနှင့် ငါလည်း
ပြည့်စုံပါ၏လော"။

အရိယာ သိပုံ။ ။"မဂ် အသိ အဖြင်နှင့် ပြည့်စုံ
သော သူအား ပြည့်စုံမြဲ ဖြစ်သော အပြစ်ကို
မဖုံကွယ်လိုခြင်း, နောက်ကာလ၌ မဖြစ်အောင်
စောင့်ရှောက် လိုခြင်း ပင်ကိုယ် သဘောနှင့်
ငါလည်း ပြည့်စုံပါပေသည်" ဟုသိ၏။

၅။ **အရိယာ ဆင်ခြင်ပုံ။** ။"မဂ်အသိ အဖြင်နှင့် ပြည့်
စုံသောသူအား ပြည့်စုံမြဲဖြစ်သော ရဟန်းတို့မှာ
မလွဲသာ၍ သက်နိုး ချုပ်ခြင်း, ဆိုးခြင်း, ဘုရား
၌ တံဖြက်လွဲခြင်း၊ ဆရာ မထေရ်ကြီး များအား
ပြုစုပေးခြင်း, ကိစ္စ ကြီးပေါ်တို့ကို ပြုလုပ်ပါ သော်

လည်း သိလ,သမာဓိ,ပညာ အာကျင့်ကို ကျင့်ရန် ထက်သန်စွာသော စိတ်ဝဲကွက်ခြင်း,လိုလားခြင်း ပင်ကိုယ် သဘောနှင့် ပြည့်စုံ၏။ ထိုသို့သော ပင်ကိုယ်သဘောနှင့် ငါလည်းပြည့်စုံပါ၏လော''။

အဓိယာဒသိပုံ။ ။''မင်္ဂအသိအမြင်ရှိသော ပုဂ္ဂိုလ်၏ ပြည့်စုံမြဲဖြစ်သော သိက္ခာသုံးပါးကို ကျင့်သုံးဆောက်တည်ရန် ထက်သန်စွာ လိုလားခြင်း ပင် ကိုယ်သဘောနှင့် ငါလည်း ပြည့်စုံ ပါပေသည်''ဟု သိ၏။

၆။ **အဓိယာ-ဆင်ခြင်ပုံ။** ။''အဓိယာမှာ ပြည့်စုံမြဲဖြစ်သော မြတ်စွာဘုရား၏ တရားတော်ကို ဟောပြောနေလျှင် အဓိယာပုဂ္ဂိုလ်သည် စိုးပွါး ညစ္စာသဘွယ် လိုလားလျက်, နားစွင့်သည်ဖြစ်၍ တရားနာလျက်, နှလုံးသွင်းလျက်,အဖန်ဖန် ဆင်ခြင်လျက် လို လို ချင်ချင် စူးစူးစိုက်စိုက် နာခြင်း အဓိယာ ဥနံအား ဗလနှင့် ငါလည်း ပြည့်စုံပါ၏လော''။

အဓိယာဒသိပုံ။ ။''အဓိယာမှာ ပြည့်စုံမြဲဖြစ်သော တရားကို ရိုသေလေးစားစွာ နာခြင်း တည်းဟူသော ဥနံအားဗလနှင့် ငါလည်း ပြည့်စုံပါပေသည်''ဟု သိ၏။

၇။ **အဓိယာ-ဆင်ခြင်ပုံ။** ။''မြတ်စွာဘုရား၏ တရားတော် ဟောပြော်ချက်ကို နာကြားသော အဓိယာသည် တရား၏ အနက် အဓိပ္ပါယ်ကိုလည်း နှစ်နှစ် ဖြိုက်ဖြိုက် သဘောကျ၏။ ဒေသနာအစဉ်ကို

လည်း နှစ်နှစ်ဖြိုက်ဖြိုက် သဘောကျ၏။ တရားနှင့် စပ်ဆိုင်သော နှစ်သိမ့်အားရခြင်းကိုလည်း ရ၏။ ထိုသို့သော အဓိဋ္ဌာန ခွန်အားဗလနှင့် ငါလည်း ပြည့်စုံပါ၏ လော''။

အဓိဋ္ဌာန-သီမံ။ ။''တရားတော်ကိုနာစဉ်၌အနက် အဓိပ္ပါယ် ဒေသနာ စဉ်ကို နှစ်နှစ် ဖြိုက်ဖြိုက် သဘောကျခြင်း, နှစ်သိမ့် အားရခြင်း, ကျင်လမ်း ဝမ်းမြောက်ခြင်း ဟူသော အဓိဋ္ဌာန၏ ခွန်အား ဗလနှင့် ငါလည်း ပြည့်စုံပါပေသည်'' ဟု သိ၏။ သို့ပါ၍ အဆက်ပေါ်ပြပါ မဟာ ပစ္စဝေက္ခဏာ ဉာဏ် ၇-ပါး တည်းဟူသော အင်္ဂါ ၇-ပါးနှင့် ပြည့်စုံသော အရိယာသည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုပြီးသော ဉာဏ်ဖြင့် အရိယာတို့၏ ဓမ္မတာ သဘောကို ကောင်းစွာအပြည့်အစုံ အစဉ်လိုက်၍ ရှာဖွေအပ်ပြီး ဖြစ်လေ၏။ ဤ အဓိဋ္ဌာန စစ်တမ်းသည်လည်း အလွန်ပေါ်လွင်ထင်ရှားသော စစ်တမ်းကြီး တခုပေတည်း။

၈၃။ သောတာပန် အရိယာတို့၏ နိဂ်ံးပေါ်ပါးခြင်း (၃) ပါး စစ်တမ်း

နိဗ္ဗာန်ကို အာရုံပြုပြီး သောတာပန် အရိယာ ပုဂ္ဂိုလ်သည် သည်္ဘာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ ဟူဆိုအပ်သော အရောဂျာနတို့မှကင်းသဖြင့် အလွန်ပေါ်ပါး၏, အလွန်လျှင်၏။ အထက်မဂ်တို့၏ အရောဂျာနတို့၌ လေးဖင့်၏။ အဘယ်ကဲ့သို့နည်း ဟူမူ ချနစ်ရသော အဆစ်, အမျက်, အ

ခက်တို့ဖြင့်မြွေးရက်သော ဝါးရုံ၌ သုံးရသော အဆစ်·အ
မျက် အခက်တို့ကို ဒါးငယ်ဖြင့် သုတ်သင်လျက် ဆွဲငင်အပ်
သည် ဂိုဏ်သင် သုံးဆစ်သော အရာဌာနတို့၌ အလွန်ပေါ်၏,
အလွန်လွယ်၏။ အထက် အဆစ် အမျက်အခက်တို့၌ သာ
လျှင် လေးဖင့်သက်ဆိုက် တည်း။အဘယ်ကြောင့်နည်း ဟူမူ
သောဘာပန် ပုဂ္ဂိုလ်တို့အား ပုထုဇ္ဇန် ပုဂ္ဂိုလ်တို့ကဲ့သို့ မ
ဟုတ် ပွါးအပ်ပြီးသောကိုယ်၊ ပွါးအပ်ပြီးသော သီလ၊
ပွါးအပ်ပြီးသော သမာဓိ၊ ပွါးအပ်ပြီးသော ဝိပဿနာ
ဉာဏ် ဂိုက်ကြံကုန်၏။ထို့ကြောင့် စက္ခု,သောတ, ဃာန,
ဇိဝှါ,အစောပနကာယ, ကာယဝိညတ်, ဝစီဝိညတ်,မနောဒွါရ ဟူသော သံဝရတရားတို့၌ဖြင်း၊ဗဟိဒ္ဓဖြစ်သော ဂူဖြွ
ယဗဒ္ဓ အနိန္ဒြိယဗဒ္ဓ တို့၌ဖြင်း အကြင်အခါ အာရုံ အာရမ္မ
ဏိကသို့ သက်၏။ထိုအခါ ရုပ်ချင်း ထိခိုက်၍ နာမ်ကမြင်
သည်။ထို ရုပ်,နာမ် နှစ်ပါးတို့သည်အဝိဇ္ဇာ စသော အ
ကြောင်းတရားတို့ကြောင့် ဖြစ်ကုန်၏။ ဤသို့မြင်ခြင်းကား
ပရမတ္ထ ဓမ္မတို့၏ ဓမ္မတာ တည်း၊ဟုစကွေးခဲ့ ဒိဋ္ဌ,ဝိဓိကိစ္ဆာ,
သီလဗ္ဗတပရာမာသ သုံးဌာနတို့ဦး လွန်စွာပေါ့၏။

ကြဲ ားရာ၌ ရုပ်ချင်းချင်း ထိခိုက်၍ နာမ်က ကြား
သည် ဒိဋ္ဌ ပေါ့ပုံ၊ ထို ရုပ်နာမ်တို့၏ ဖြစ်ကြောင်းကား။
အဝိဇ္ဇာစသော အကြောင်း ငါးပါးပင်တည်း ဝိဓိကိစ္ဆာ
ပေါ့ပုံ၊ ထိုသို့ ကြားခြင်းသည် မရမတ္ထဓမ္မကို ဓမ္မတာ
တည်းဟု- သီလဗ္ဗတပေါ့ပုံတို့ကို ကောက်၍ ဃာန, ဇိဝှါ,
ကာယ, ကာယဝိညတ်, ဝစီဝိညတ်, မနောဒွါရ စသည်
တို့ဦးလည်း ပေါ့ခြင်း,လျှင်ခြင်း သုံးပါးတို့ကို သိကြပါလေ။

ထိုသို့ ပေါ့ခြင်း,လျှင်ခြင်းသုံးပါးနှင့် ပြည့်စုံကြပါလျှင် သောတာပန် အဓိယာဟု သိကြပါလေ။ (ဤကား မိလိန္ဒပဉ္ဉာ၌ ပြေ့ရသော စစ်တမ်း တခုပေတည်း)။

သောတာပတ္တိမဂ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုရခြင်းကြောင့် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ သုံးပါးတို့ ကုန်ဆုံးကြောင်းကို **ခုန္ဒကပါဌ သုတ္တန်ပါတ် ပါဠိတော်**၌ အောက်ပါအတိုင်း ပြေ့ရပါ၏။

သဟ်ာဝသ ဒဿန သမ္ပဒါယ၊
တယဿုဓမ္မာ ဓဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံဝါပိ ယဒတ္ထိ ကိဉ္စိ။

အဓိပ္ပါယ်ကား။ ။ဝိဝိဂိုယ်၏ ဟူသော အယူဂုဏ်းဂုစ်ပါးသော ယုံမှားခြင်းဂုဏ်း၊ နွားဖြူ၏ သိတင်းအကျင့်, ခွေးဖြူ၏ သိတင်းအကျင့် စသည် သံသရာမှ ထွက်မြောက်ဖြစ်ဟူသော အယူဂုဏ်း သုံးပါးကုန်သော သဘောတရားတို့ကို သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်၏ ပြည့်စုံခြင်းနှင့် တကွ ဖွန့်အပ်ကုန်၏။ အကြင်မှားသော အယူဂိုဏ်၏ ထိုမှားသော အယူကိုလည်း ဖွန့်အပ်၏။

၈၄။ သောတာပန် အဓိယာတို့သည်

(၁) အပြစ်ကိုမဖုံးလွှမ်းခြင်း
(၂) လောကဏ္ဍ၏ ခေါ်ဝေါ်ခြင်းကိုလည်းလက်မခံ

သောတာပန် အဓိယာတို့သည် (၁) အပဉ္စင်္ဆဒန လက္ခဏာ-အပြစ်ကို မဖုံးလွှမ်းခြင်း။ (၂) အသမ္ပဇဉ္ဉ

လက္ခဏာ- လောက၏ ခေါ်ဝေါ်ခြင်းကိုလည်း လက်မခံခြင်း ဟူသော လက္ခဏာ ၂—ပါးတို့နှင့် ပြည့်စုံကြ၏။ ထိုတွင် အကြင်သောတာပန်သည် မေ့လျော့ခြင်းကိုစွဲ၍ မြတ်စွာဘုရား ပညတ်တော်မူအပ်သော လောကဝဇ္ဇသိက္ခာပုဒ်ကို လွန်ကျူးလိုသောစိတ်ဖြင့် မလွန်ကျူး။ လူ, နတ်, အရိယာတို့မှာ ငါးပါးသိလ။ ရဟန်းသာမဏော အရိယာတို့မှာ လောကဝဇ္ဇသိက္ခာပုဒ် ဟူသမျှတို့ကို အသက်ကိုပင် သတ်မည်ဆိုသော်လည်း စေတနာနှင့်တကွ မလွန်ကျူးကြဟု သုတ္တန်ပါတ် အဋ္ဌကထာ၌ ဖေါ်ပြထားပါသည်။

ထိုလောကဝဇ္ဇ သိက္ခာပုဒ် အပေါင်းကို ချန်ထား၍ဂုဏ်းသောတာပန် အရိယာသည် တပါးသော ၁—ကုဋိကာဒု။ ၂—သဟသေယျ။ ၃—ဒိဝါသေယျ အစရှိသော မြတ်စွာဘုရား စက်ဆုပ်တော်မူသော ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်တို့ကိုကား ကာယကံဖြင့် ကျူးလွန်မိသေး၏။ ၁—ပဒသောဓမ္မ။ ၂—ဥတ္တရိဆပဉ္စဝါစာ။ ၃—ဖရုသဝါစာ။ ၄—သမ္မုခလာပ အစရှိသော ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်။ ၁—ဓာတရူပဒိ သာဒိယန။ ၂—စိဝရာဒိ ပရိဘောဂေသု အပစ္စဝေက္ခဏ စသော ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်တို့ကိုကား ဝစီကံဖြင့်ဂုဏ်း, မနောကံဖြင့်ဂုဏ်း ကျူးလွန်မိသေး၏ ထို့သို့ ကျူးလွန်မိသည် ရှိသော်“ ဤမအပ်သော အမှုကို ငါသည် မပြုအပ်”ဟု သိ၍ တခဏမျှမမုံးလွှမ်း။ ထိုခဏမျှ၌ပင် ဆရာဘုရားထံ၌ဂုဏ်း၊ သို့ကြား, လိမ်မာ၌နေသော သိတင်းသုံးဘော်တို့၏ အထံ၌ဂုဏ်း၊ ထင်းစွာပြု၍ ကံ

တော့ခြင်း,လျှောက်ထားခြင်း, ပြောကြားခြင်းဖြင့် မိုးခဲကို နှင်းမိသောသူသည် လျှင်စွာကြွတိသကဲ့သို့ လျှင်မြန်စွာ ကုသ၍ အပြစ်ကို မဖုံးလွှမ်းခြင်းသည် အပဋိဇ္ဈာဒန လက္ခဏာ မည်၏။

(သုတ္တ နိပါတ် အဋ္ဌကထာ)

လောကဒွီ လူ,နတ်,ဗြဟ္မာ, သတ္တဝါ အပေါင်းတို့အား ငါဖြင်သည်, မိန်းမဖြင်သည်, ယောကျ်ား ဖြင်သည်, လူဖြင်သည်, နတ်ဖြင်သည်, ဗြဟ္မာ ဖြင်သည်ဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်သော စကားသည် မှန်ပေသည်-ဟုမှတ်ယူစွဲလမ်းခြင်း ဂိုဏ်နှိမ်၏။ သောတာပန် အရိယာတို့အား ၌ လူ,နတ်,ဗြဟ္မာတို့ ခေါ်ဝေါ်အပ်သော စကားသည် အမှားချည်းသာတည်း။ စင်စစ်မှာမူ ရုပ်, နာမ်ချည်းသာတည်း။ရုပ်ချင်းချင်း ထိခိုက်၍ ဖြင်သိ နာမ် ဖြစ်ပေါ်ရပေသည်၊ပ၌မထွတရားတို့၏ ဓမ္မဘာအားဖြင့် မမြဲသော သဘော နှိပ်စက်အပ်သော သဘော ပေတည်းဟု ယထာဘူတအတိုင်းဖြင်ပေရကား သူတို့ ခေါ်ဝေါ်သမုတ်ခြင်းကို မဘောက် မပြုန် ကောင်းသော ဝိပဿနာ ညာဏ် မဂ်ညာဏ်ဖြင့် အထင် အရှား ကောင်းစွာ ဖြင်ခဲ့ရလေသောကြောင့် ဝနံမခံခြင်းသည် အသမ္ဘဒိဿန လက္ခဏာ မည်၏။

သို့ပါ၍ ယခု ခေတ်ပေါ် အရိယာ တို့သည် မိမိတို့၌ ထိုအထက်ဖော်ပြပါ လက္ခဏာ (၂)ပါးနှင့် ပြည့်စုံသည်, မပြည့်စုံသည်ကို စစ်ကြည့် ကြပါလေ။ ပြည့်စုံကြပါက

ဝမ်းဗြောက်ကြပါလေ။ မပြည့်စုံ သေးပါလျှင် ပြည့်စုံ အောင် ရှေ့သို့တိုး၍ ကြိုးစားအားထုတ် ကျင့်ကြံ နှိုင်ကြ ပါစေ ဓမ္မဓိတ်ဆွေအပေါင်းတို့—။

၈၅။ (က) သောတာပန်အရိယာပယ်ဖြိုး ကိလေသ (၂) ပါး

သောတာပန် အရိယာသည် ပုထုဇဉ်ဘဝ ပုထုဇဉ်ဖြစ်စဉ်က ခန္ဓာအစဉ်မှာ အမြဲကိန်းဝပ် ဖြစ်ပွါးကာနေသော ကိလေသာတို့မှ သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာဒုစ်ပါး မရှိတော့ဘဲ အကြွင်းမဲ့ ပပျောက် ကင်းရှင်းခြင်းသို့ ရောက်၏။

သက္ကာယဒိဋ္ဌိ

သက္ကာယ ဒိဋ္ဌိပုဒ်ဌ သက္ကာယ ပုဒ်- ဒိဋ္ဌိ-ပုဒ် ဖြစ်၍ ပဓာန် မျက်မြင်အားဖြင့် ထင်ရှားမြင်နေသော ရုပ်နှင့် နာမ်တရား ၂—ပါးသည် သက္ကာယမည်၏။ ပဓာန်၏ ရုပ်, နာမ် ၂-ပါး ကို ဘဝမျှားစွာ သံသရာက စ၍ ယခုလို ရုပ်နာမ်ဆုံ တိုင်အောင် "ငါကိုယ်—ငါကိုယ်" ဟု အမြဲနေမှုသည် ဒိဋ္ဌိ မည်၏။

သက္ကာယဒိဋ္ဌိသည် အကုသိုလ်၏ အခြေခံ မူလ ဖြစ်ခြင်း

သက္ကာယ ဒိဋ္ဌိ မကင်းသေးသမျှ ပုထုဇဉ်နှင့် ဓနိသမျှတို့၌ ဝဓိ၏ ရုပ်, နာမ်, ခန္ဓာတို့ "ငါ" "ငါ့ကိုယ်" ဟု အမြဲ စွဲလမ်းနှစ်သက်ခြင်း မေတ္တာသဘော မျက်မှောက်ပြု၍ ကပ်ငြိနေ

မဲချင်တိုင်းမဲခွင့် ရလေ၏။ သံသရာ ရေကြောင်း မျောချင်တိုင်းမျောနေရ၏၊ တဖက်ကမ်းသို့ မတက်ရောက်နိုင်တော့ပေ။ နိဗ္ဗာန်နှင့် ဝေးသည်ထက် ဝေးလေတော့၏။

ထိုကဲ့သို့ သံသရာရေကြောင်း မျောချင်တိုင်း မျောနေသော ပုထုဇဉ်နှင့်လည်သည့် ဘုရား, ရဟန္တာ, အဓိဋ္ဌာန ပုဂ္ဂိုလ်တို့၏ တရားတော်ကိုနာရ, နှလုံးသွင်းရ, အားထုတ်ရသော အခါမှသာ ထို သက္ကာယ ဒိဋ္ဌိ တရားဆိုးကြီး ပျောက်ခွင့် ရပေတော့သည်။

ဒိဋ္ဌိကထာ

ဘုရား, တရား, သံဃာ-ရတနာသုံးပါးတို့ ဘုရားစစ်, တရားစစ်, သံဃာစစ် မှ ဟုတ်ပါ၏လော- ဟု ယုံမှားခြင်း။ ကံ, ကံ၏ အကျိုးစသည်တို့ ယုံမှားခြင်း၊ ၈-ပါးသော ယုံမှားခြင်း၊ ၁၆-ပါးသော ယုံမှားခြင်းတို့သည် ဒိဋ္ဌိကထာမည်၏။

(ခ) သောတာပန် အဓိဋ္ဌာယပယ်ပြီး မဏ္ဍုဓိယင်ပါး

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဉာဏဒဿန ဝိသုဒ္ဓိ နိဒ္ဒေသ အခန်းတို့ ပြဆိုထားသော မဏ္ဍုဓိယာနိ ပဌမ ဉာဏ ဝတ္ထုဒေဝ ဟူသော စကားကို အထောက် သာဓက ပြုလျက် ပဌမဉာဏ်ဟု ခေါ်သော သောတာပန် ပုဂ္ဂိုလ်များသည် အောက်ပါ မဏ္ဍုဓိယင်ပါးကို ပယ်ထားပြီး ဖြစ်၍ မရှိတော့ကြောင်း ထင်ရှားလှပေသည်။

၁။ **အာဝါဟမဏ္ဍုဓိယ**။ ။မိမိ နေထိုင်သော အိမ်, ကျောင်း စသည်တို့၌ သူတပါး လာရောက်

နေထိုင် မည်ကဲ့သို့ စိုးရိမ်ခြင်း, သည်းမခံ နိုင်ခြင်း, မလိုလားခြင်း, အတူ နေသူများကို အခြားနေရာ သို့ ပြောင်းရွှေ့ စေလိုခြင်း စသော နေထိုင်ရေးဒုက္ခ ဝန်တိုခြင်းကို အာဝါသမဏ္ဍိုရိယ ဟုခေါ်ပါသည်။

၂။ **ကုလမဏ္ဍိုရိယ။** ။အလုပ်အကျွေး ဒကာ ဒကာမ ဆွေမျိုးညာတိ မိတ်သင်္ဂဟစသော ပိမိနှင့် ရင်းနှီးသော သူများတို့သည့် အခြားတပါးသောသူများနှင့် ခင်မင်ရင်းနှီးသည်ကို မနာလိုခြင်း, သည်းမခံ နိုင်ခြင်း, ဝန်တိုခြင်း, ကို ကုလမဏ္ဍိုရိယ ဟုခေါ်ပါသည်။

၃။ **ဝဏ္ဏမဏ္ဍိုရိယ။** ။သူတပါးရုပ်အဆင်းလှပခြင်း, အကျင့်သိက္ခာ ကောင်းမွန်ခြင်း, ကောင်းသော အဝတ်အဆင်သည်ဝတ်ခြင်း, ဆင်ယင်ခြင်းကို မမြင်လို, မကြားလိုခြင်းကိုဂုဏ်း၊ပိမိမှာ ရှိသော ဂုဏ်များ သူတပါးမှာ မရှိစေလို ခြင်းကိုဂုဏ် ဝဏ္ဏမဏ္ဍိုရိယ ဟုခေါ်ပါသည်။

၄။ **လာဘမဏ္ဍိုရိယ။** ။ပစ္စည်း ဥစ္စာ များကို ပိမိသာလျှင်ရလိုခြင်း သူတပါးအား မရ စေလိုခြင်း, ရမည်ကို စိုးရိမ်ခြင်းကို လာဘမဏ္ဍိုရိယ ဟုခေါ်ပါသည်။ပိမိ၌ရှိပြီးဖြစ်သော ဥစ္စာတို့ကို ပေးလှူသင့်သော အလှူခံပုဂ္ဂိုလ်တို့အား မပေးလှူခြင်းသည် လာဘမဏ္ဍိုရိယဖြစ်သည်။

၅။ **ဓမ္မမဏ္ဍိုရိယ။** ။ပိမိ တတ်သိ ကျွမ်းကျင်သော ကျွမ်းဂန်စာပေကို သူတပါး တတ်သိသွားမည်ကို

စိုးရိမ်ခြင်း, မတော်သိစေလိုခြင်းကို ဝမ္မမဏ္ဍရိယ ဟုခေါ်ပါသည်။

သောတာပန် ပုဂ္ဂိုလ်အစစ်တို့သည် ထိုတရားငါးပါး ကိုလုပ်လည်း မလုပ်တော့ပြီ၊ လုပ်လည်းမလုပ်ချင်တော့ပြီ၊ သိလွယ်သော စစ်တမ်းတခုပင်ဖြစ်ပါသည်။ စစ်ကြည့်ကြပါလေ။

၈၆။ အရိယာတို့ အသိဉာဏ်

၁။ ဓမ္မစကြာ တရားတော်လာ

ပဉ္စဝဂ္ဂီ ရဟန်း ငါးပါး တို့နှင့် ဥရုဝေလ ကဿပ စသော ရဲသွေ့ အပေါင်း တို့သည် မြတ်စွာဘုရား ဦးစွာ ဟောကြားတော်မူအပ်သော ဓမ္မစကြာ စသော တရားတော်ကို နာကြရသောအခါ တရားဟော်အဆုံးဌ—

ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ-ဟု မဂ်စိတ် ဖြစ်ပေါ်လာ၍ သက္ကာယဒိဋ္ဌိ အဖြစ်မှလွတ် ကင်းပြတ်သဖြင့် အရိယာ အဖြစ်သို့ ရောက်လေ တော့၏။ အဂ္ဂင် သာရိ ပုတ္တရာ အလောင်း ဘော်သည်လည်း အဂ္ဂင် အသဇိ၏ တရားတော်ကို နာရသောအခါ၌လည်း—

ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ-ဟု မဂ် စိတ် ဖြစ်ပေါ်လာ၍ သက္ကာယဒိဋ္ဌိ အဖြစ်ပြတ်ကာ သောတာပန် အရိယာအဖြစ်သို့ ရောက်လေ၏။ ထို့ကြောင့် အရိယာစစ် ဖြစ်သူတိုင်း ၅၂ အတိုင်း ညွှတ်ပေါ်လာလေသည်။

အစိပ္ပါယ်ရှင်းချက်

ယိုက်ဒို-အလုံးစုံသော သစ်တ တရား မှန်သမျှသည်၊ သမုဒယဓမ္မံ- ဖြစ်ခြင်း သဘောရှိ၏၊ တံ သဗ္ဗံ- ထိုအလုံးစုံသော ဖြစ်သမျှ သစ်တတရား မှန်သမျှသည်၊ နိရောဓမ္မံ- ချုပ်ခြင်းသဘောရှိသည် သာတည်း။

သတ္တဝါတို့၏ ကိုယ်၌ စိတ်ဖြစ်ပေါ်ခြင်း အကြောင်းဒွါရသည် (၁)မျက်စိဒွါရ (၂)နားဒွါရ (၃)နှာခေါင်းဒွါရ (၄)လျှာဒွါရ (၅)ကိုယ်ဒွါရ (၆)မနောဒွါရ—ဟု ခြောက်ဒွါရ၊ ရှိ၏။ ထိုခြောက်ဒွါရမှတပါး အခြားမရှိတော့ပေ။ ထို ခြောက်ဒွါရတို့၌ ထင်ပေါ်ဖြစ်လာသမျှသော မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျက်သိစိတ်၊ ထိ(တွေ့)သိစိတ်၊ ကြံသိစိတ် ဟူသော နာမ်သစ်တ တရား မှန်သမျှသည် ဘုရားအမြဲတည်နေသည်မရှိ၊ ဖြစ်ပြီးသည်နှင့် တပြိုင်နက် ချုပ်ဆုံးပျောက်ပျက်သွားသောသဘောရှိသည်သာတည်း ဟု ပဋ္ဌဝဂ္ဂိအရှင် ဘဒ္ဒဝဂ္ဂိအရှင်တို့သည် ရှင်းရှင်း လင်း လင်း ထင်နေပေ၏။ တကယ်တန်း အမှန်အတိုင်း သိမြင် နေ၏။ ထိုသို့ငါစွဲ သက္ကာယဒိဋ္ဌိ မရှိတော့တဲ့ ရှင်းရှင်း လင်းလင်း အမှန်အတိုင်း သိနေခြင်းသည် အရိယာတို့၏ အသိဖြစ်၏။

၂။ ဘိက္ခုနိ သံယုတ် ပါဠိတော် လာ

ကိုံနုသဇ္ဇောတိ ပဒဿသိ
မာရဒိဋ္ဌိဂတံ နု ဇတော။

ဗုဒ္ဓသခီါရ ပုဇ္ဇောယံ၊
နု ယိဓ သတ္တာ။ပလဇ္ဇာတိ။
(သဂါထာဝဂ် ဘိက္ခုနီ သံယုတ် ပါဠိတော်)

၃။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ လာ

ကမ္မဿ ကာရကော နတ္ထိ၊
ဝိပါကဿ စ ဝေဒကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊
ဧဝံ တံ ဉာဏဒဿနံ။
(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

ထိုပါဠိတော် အဋ္ဌကထာ များအရ အထက်ကဖော်ပြခဲ့သော ခြောက်ပါးသော အသိ- စိတ်, နာမ်, သဒ်တရားနှင့် ထို စိတ်, နာမ်၏ မိုရာအကြည်ခာတ် ပသာဒရုပ် စသော ရုပ်သဒ်တ တရားများသည် ထို စိတ်,နာမ်ကို ဖြစ်စေသော အကြောင်းတရား၊ ထို ရုပ်ကိုဖြစ်စေသော အကြောင်းတရားများ ကြောင့်သာ သူတို့သဘော အတိုင်း တဖွါးဖွါးဖြစ်ပေါ်ကာ ချုပ်ငြိမ်းကာ နေကြ၏။ ဖြစ်လိုက်, ချုပ်လိုက် သူ့သဘောအတိုင်း ဖေါက်ပြန်၍ နေ၏ ဟု သိ၏။

စိတ်, နာမ် မှနဲသမျှတို့၏ ဖြစ်ပေါ်လာခြင်းဒုအကြောင်း ရင်းကား ဆိုင်ရာ အာရုံခြောက်ပါးတို့သာတည်း။ မည်သည့် နတ်, ဗြဟ္မာကမှ ဖန်ဆင်း၍ ဖြစ်ပေါ်လာသည် မဟုတ် ဟု အာဘတ်သိ၏၊ တကယ်သိ၏၊ ယုံမှားမရှိသိ၏၊ အမြဲထင်ရှား၏။ ဤသို့ စိတ်, နာမ် ဖြစ်ရာ ချုပ်ရာဒွါလည်း

ငါစွဲမရှိ၊ သင်္ကာယဒိဋ္ဌိမရှိ သူ့အကြောင်း တရားကြောင့် သူ့အကျိုးတရားများ အလိုလိုဖြစ်ခါ ချုပ်ခါ နေ၏ ဟု ရှင်းရှင်းလင်းလင်းကြီး သိ၏။

ရုပ်တရား မှန်သမျှတို့၏ ဖြစ်ပေါ်လာရခြင်း အကြောင်း ရင်းကား-ကံတရား, စိတ်တရား, ဥတုတရား, အာဟာရ တရား လေးပါးသော အကြောင်းတရားဟူကို ရှုရပေ လိမ့်မည်။ မည်သည့် နတ်, ဗြဟ္မာကမှ ဖန်ဆင်း၍ ဖြစ် ပေါ်လာသည်မဟုတ် ဟု အာဘတ်သိ၏၊ တကယ်သိ၏၊ သံမှားမရှိသိ၏၊ ထင်ရှားစွာသိ၏။ ဤသို့ရုပ်ဖြစ်ရာ ချုပ် ရာဌာနလည်း ငါစွဲမရှိ၊ သင်္ကာယဒိဋ္ဌိ မရှိ၊ သူ့အကြောင်း တရားကြောင့် သူ့အကျိုး တရားများ အလိုလိုဖြစ်ခါ ချုပ်ခါနေ၏ ဟု ရှင်းရှင်းလင်းလင်းကြီး သိ၏။

၄။ မေတ္တာသုတ် ပါဠိတော် လာ

ဒိဋ္ဌဉ္စ အနုပဂ္ဂမ္မ သီလဝါ၊
ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယျဂေဒံ၊
နဟိ ဇာတု ဂဗ္ဘသေယျ ပုနရေတိ။

(မေတ္တာသုတ် ပါဠိတော်)

အနွယ်ပုဂ္ဂိုလ်ကား။ ။မိမိ ကိုယ်ခန္ဓာရုပ်၊ သူတပါး၏ ကိုယ်ခန္ဓာရုပ်၊ ငါစွဲမရှိဝေဘဝ်တဲ့ ရုပ်တရား, နာမ်တရား, ပရမတ်တရား များသာ ရှိ၏။ ယောကျ်ားမရှိ။ မိန်းမ မရှိသော် မည်သည့် အမည်ပညတ် ခေါ်ဝေါ် အပ်ရှိမှာသာတည်း။ မိန်းမ မရှိ၊ မိန်းမ ဟူသည်ဖွာလည်း အမည် ပညတ်

ခေါ်ဝေါ်ရုံမျှသာတည်း။ စင်စစ်မှာ ရုပ်, နာမ် တရား ၂-ပါးသာရှိ၏။ ထို ရုပ်, နာမ် ၂-ပါး တို့သည်လည်း သူ့အကြောင်းကြောင့် သူ့အကျိုး၊ သူ့သဘောအတိုင်းသာ ဖြစ်၍ ချုပ်နေကြ၏ ဟု အမှန်အတိုင်းသိ၏၊ တကယ်တန်းသိ၏၊ ရှင်းမှင်းလင်းလင်း သိ၏။ ဤသို့ သက္ကာယဒိဋ္ဌိကင်းပျောက်သော သူသည် "ငါ" စွဲ မရှိ၍ "ငါ" အတွက် အကုသိုလ်ဒုစရိုက် မှန်သမျှကိုလည်း အလွယ်ပင် ပိတ်ပင်တားမြစ်နိုင်၏။ ထိုမျှမက ကာမဂုဏ်တရား ကိလေသာတရားတို့ကိုလည်း တားမြစ်ရန် လွယ်ကူ၏။ အထက်အထက်က လွှလာခဲ့ဘူးသော ဖြစ်ခဲ့ဘူးသော ပစ္စုပ္ပန်ရှိရှုဟာညာဏ် ရင့်သန်လာ၍ ဝိပဿနာ ညာဏ် အစဉ်ရင့်သန်ပြီးလျှင် သဒ္ဓါရတရား မှန်သမျှ၌ ဥပေက္ခာ ပြုနိုင်သော ဘဝ၊ လျစ်လျူရှုနိုင်သော အခြေသို့ ရောက်ကာကိုလေသာကိုအလွယ် တကူ ပယ်ဖျောက်နိုင်ပေတော့သည်။

၅။ ဓမ္မပဒ ပါဠိတော် လာ
ရဟန္တာ သိမှ

သင့်သော နာမရုပသို့၊
ယသ နှင့် မမာယိတံ။
အသတာ စ နှ သောစတိ၊
သဝေ ဘိက္ခု တိ ဝုစ္စတိ။
(ဓမ္မပဒ ပါဠိတော်)

အဓိပ္ပါယ်ကား။ ။အထက်၌ ဖော်ပြ အပ်သည့် အတိုင်း ထင်ရှင်လာပြီးသော ရဟန္တာ အရိယာသည်

ပိဍိသန္တာန် သူတပါးသန္တာန်၌, ဂိုဏ်သာ ရုပ်တရား,နာမ်တရားမျိုးကို "အတ္တ"ဟု မရှု, မထင်, မမြင်တော့ဘဲ ပ ရ-သူတပါးဟုသာ ထင်မြင်နေ၏။ သူ့သဘောအတိုင်း သူဖြစ်၍ နေသော ပြင်ပ ဝတ္ထု သစ်ပင် တိုက်ကဲ့သို့ ဟု ထင်မြင်နေ၏။ ထိုမျှမကသေး ဤ ရုပ်တရား, နာမ်တရားများသည် ဘယ်သောအခါမျှ မမြဲပါတကား၊ အမြဲမရှိပါတကား၊ အမြဲချုပ်ပျက်၍ နေသဖြင့် တမိနစ်မျှ ချမ်းသာမှုလည်းမရှိ၊ ဒုက္ခဆင်းရဲ အစုကြီးပါတကား၊"ငါ"မဟိုး, မပိုင်၊ သူ့သဘောအတိုင်း သူ ဖြစ်နေသော ရုပ်, နာမ်တရား စွတ်ပါတကား ဟု အမြဲ ထင်မြင်နေ၏။ အနိစ္စ, ဒုက္ခ, အနတ္တ အစစ ဟုံ အမှန်အတိုင်း ထင်နေ, မြင်နေ, သိနေတော့၏။ ဘဝများစွာကစ၍ ယခုဘဝတိုင်အောင် အလွန် ချစ်ခင် ရုံမက် နှစ်သက်ခဲ့သော ပိဍိ၏ ခန္ဓာကိုယ်, သူတပါး၏ ခန္ဓာကိုယ်တို့၌ တွယ်တာ နှစ်သက်မှု မရှိတော့ပေ။ အနိစ္စအဖြစ်, ဒုက္ခအဖြစ်, အနတ္တအဖြစ်ကိုသာ ထင်နေတော့၏၊ မြင်နေတော့၏၊ သိနေတော့၏။

၆။ သဗ္ဗော အဒ္ဓုကဏာ လာ
အဓိယာပုဂ္ဂိုလ်တို့သည် အမှန်သိပုံ
သဗ္ဗော အဒ္ဓုကဏာဂုဏ် ဒီပဉ်ချက်

(၁) ရှေးသောအခါ လယ်သမားတို့သည် သစ်ဝါးအလို၌ သစ်တော, ဝါးတောသို့ သွားကြရာ တောသို့ မိုးချုပ်မှ ရောက်သဖြင့် ထမင်းချက်ဖျန်မရ ဆာလောင်လှသဖြင့် လှည်းဝိုင်းအိုးရှိသော တောသူ တောင်သား

လူရိုင်းမျိုးထံသို့ သွား၏ ထမင်းဟင်း အကျန်များကို တောင်းယူ စားသောက်သောအခါ အလွန် မြိန်ရှက်သ သဖြင့် အလွန်မြတ်နိုး ခင်မင်သောကြောင့် ထိုဟင်းကျန် များကို ညှ့်မောင်နေသဖြင့် ဘာဟင်းဟု -မသိရဘဲ အုပ် ဆိုင်းထားပြီးလျှင် နံနက်မိုးလင်းမှ ထုတ်ယူကြည့်ရှုရာ အရသာ ကောင်းသမျှ ဖါးကောင်, တိကောင်ဟင်း ဖြစ် နေကြောင်း သိရ၍ အလွန်တရာ စက်ဆုပ်လှသဖြင့် စား သမျှဟင်းတို့ကို ထွေးအနုပစ်ကြကုန်၏။ ၍ ဥပမာအတူ ပင် ပုထုဇ္ဇနဘဝ မင် မရဖီအခါက အကောင်းဟု ထင် မှတ်သမျှ ဖိဖိခန္ဓာကိုယ် ရုပ်, နာမ်တရားတို့ကို မင် ရဖြီး သောပုဂ္ဂိုလ်တို့က ဖိဖိ ကြည့်ရှုဆင်ခြင်သောအခါ အလွန် စက်ဆုပ်အပ်သော အနိစ္စ, ဒုက္ခ,အနတ္တ သဘောအမှန်ကို သာတည်း ဟု ဟုတ်မှန်သော အတိုင်း သိရှိကြကုန်၏၊ အမြင်မှန်, အသိမှန် ရကြကုန်၏။

(၂) လုလင်ပျိုတယောက်သည် ပွဲနေ ပွဲထိုင်သို့ သွား သောအခါ လှပတင့်တယ်စွာ ဝတ်ဆင်ရန် အတိုးတန် ရာကျ ပုဆိုးကောင်းကြီးကို ဝယ်ယူ၍ သတ္တာ၌ လုံခြုံ စွာ ထိန်းသိမ်းထားရာ ပွဲနေ ပွဲထိုင် ရက်ရောက်သောအခါ ထိုအလွန်နှစ်သက်လှသော ပုဆိုးကြီးကို ဝတ်လိုက်မဟဲ့ မော်လိုက်မဟဲ့ ဟု အစွဲကြီးနှင့် ထုတ်ယူကြည့်လိုက်သော အခါ ကြွက်ကိုက်ရာ, ချကိုက်ရာ အပေါက်တွေကို တွေ့ ဖြင်ရသောအခါ ယခင်က နှစ်သက်မြတ်နိုးသမျှ, စွဲလန်း သမျှသည် တခဏတည်း ကင်းပျောက် သွားသကဲ့သို့ သူ သူ, ငါငါ, သတ္တဝါ အနန္တတို့သည် ဖိဖိခန္ဓာ, သူတပါး

ခန္ဓာတို့၌ အလွန် နှစ်သက်စရာ ကောင်းပါတကား, ချစ်ခင်စုံမက်ဘွယ် ကောင်းပါ တကား ဟု နှစ်သက် စုံမက် မှုကား သက္ကာယဒိဋ္ဌိ အစွဲကြောင့်သာ နှစ်သက် စုံမက်နေရပါသဖြင့် အကြင်အခါ သက္ကာယဒိဋ္ဌိ"ငါ"စွဲမရှိ ကင်းပျောက်၍ ခန္ဓာကိုယ်, ရုပ်, နာမ် တရားတို့သည် အနိစ္စ, ဒုက္ခ, အနတ္တ ပါတကား ဟု ထင်ဖြင်လာပါမူ မ နှစ်သက်,မစုံမက်နိုင်တော့ဘဲ စက်ဆုပ်ဘွယ်, ရွံရှာဘွယ် ဟုသာ ထင်ဖြင်လာတော့၏။ ထို့ကြောင့် အရိယာတို့ သက္ကာယ ဒိဋ္ဌိ ကင်းပျောက်သဖြင့် အနိစ္စ ရုပ်,နာမ်၊ ဒုက္ခ ရုပ်, နာမ်၊ အနတ္တ ရုပ်, နာမ် ဟုသာ နှလုံးသွင်းသော အခါတိုင်းမှာ ထင်ဖြင် နေတော့၏၊ သိနေတော့၏။

ဤတွင် အရိယာတို့သည် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကင်းပျောက်သဖြင့် ရုပ်,နာမ် တရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တကို အသိ, အမြင် ပိုင်ပုံ၊ အသိအမြင် ရှင်းလင်းပုံ၊ နှလုံးသွင်းတိုင်း သိမြင်လွယ်ပုံ၊ယုံမှားခြင်း ဂ-ပါး, ယုံမှား ခြင်း ၁၆—ပါးတို့ မရှိပုံကို ပိပိတို့ရရှိထားသော အသိ ညာဏ်နှင့် နှိုင်းယှဉ်ကာ စစ်တမ်းထုတ်ကြပါလေ။အသိ, အမြင် ပိုင်ကြပါစေ။ယုံမှားခြင်း ကင်းကြပါစေ။

၈၇။ သောတာပန် အရိယာတို့၏ ဂုဏ်များ

သုတ်သီလကွန် ပါဠိတော် ကုဒဉ်နှင့်သုတ် တော်၌ သောတာပန်အရိယာတို့၏ ဂုဏ်ကို အောက်ပါ အတိုင်း ဖော်ပြထားပါသည်။

၁။ ဖြင့်အပ်ပြီးသော ပမာဏထူးဂိုခြင်း။

၂။ ကိုယ်တိုင် ဆိုက်ရောက် အပ်ပြီးသော တရားထူး ဂိုခြင်း။

၃။ ကိုယ်တိုင် သိအပ်ပြီးသော တရားထူးဂိုခြင်း။

၄။ ကြည်ဖြင့် သက်ဝင် အပ်ပြီးသော တရားထူးဂိုခြင်း။

၅။ ဝိစိကိစ္ဆာကို လွန်မြောက်ခြင်း၊

၆။ ကွေးကောယုံမှားခြင်း ကင်းပျောက်ခြင်း။

၇။ မြတ်စွာဘုရား၏ သာသနာတော်၌ ဓရရင့်ခြင်းသို့ ရောက်ခြင်း။

၈။ မြတ်စွာဘုရား၏ သာသနာတော်၌ သူတပါးကို အားကိုး၍ ယုံကြည်ခြင်း မရှိခြင်း။ ကိုယ်တိုင်ပင် သိသည်ဟုဆိုလို၏။

မြတ်စွာဘုရားရှင် လက်ထက်တော်မှာ သောတာပန် အရိယာဟူသည်ထိုအထက်ဖော်ပြပါဂုဏ်များ အားလုံးနှင့် ပြည့်စုံကြကြောင်း ဝတ္ထုသက်သေ သာဓကများစွာရှိကြ ပါ၏။ယခုအခါ အရိယာ ဖြစ်ပြီဟု ထင်မှတ် နေကြသော လောဂီ အပေါင်းတို့သည် ပိဋကတ်၌ ထိုဂုဏ်များ ရှိ,မရှိ စစ်ကြည့် ကြပါလေ။ ရှိကြလျှင်ကား ဝမ်းမြောက် ကြပါလေ။မရှိကြသေးလျှင်လည်း ရှိကြပါစေရန် ရှေးက ထက် ပိုမိုကြိုးစား အားထုတ် ကျင့်ကြံ ပွါးများ ကြပါလော။

၈၈။ သီလဖြင့်လည်း စစ်ကြည့်ပါလေ

သောဏဒဏ္ဍသုတ်တော်တွင်ဖြတ်စွာဘုရားက "ပညာသည် သီလကြောင့် ဖြစ်၏။ သီလသည် ပညာကြောင့် ဖြစ်၏" ဟု ဟောပြဲတော်မူပြီးလျှင် လက်ဖြတ်ရိုက်ဆေးကြောကြရာ၌ လက်တဘက်ဖြင့် အခြားလက်တဘက်ကို ပွတ်တိုက်ဆေးရကြောင်း။ ခြေတဘက်ဖြင့် အခြားခြေတဘက်ကို ပွတ်တိုက်ဆေးရကြောင်း ဥပမာတင်ပြထားပါသည်။ ထိုဖြတ်စွာဘုရား သခင်၏ အဆုံးအမ အရ—

ပညာရှိလျှင်—သီလရှိရမည်။
သီလရှိလျှင်—ပညာရှိရမည်။

ဟု အဓိပ္ပါယ် ထင်ရှားပါသဖြင့် ယခုခေတ်အခါ ပိဋကတ်ရိုက်ယဉ်ကို အရိယာဟု ထင်နေကြသော်ငှင်း၊ ကမ္မဋ္ဌာန်းနည်းပြဆရာများက အရိယာ ဘွဲ့ထူးများ ပေး၍ ရှိနေကြသော်ငှင်း၊ မိမိတို့၌ သီလ ရှိ--မရှိ စစ်ကြည့်ကြပါလေ။ သီလမရှိလျှင် အရိယာမဟုတ်ဟု မှတ်ကြပါလေ။ သီလယဉ်သော စစ်တမ်းတခု ဖြစ်ပါသည်။

အမှာ—သောတာပတ္တိ အင်္ဂါလေးချက်နှင့် ပြည့်စုံသော သောတာပန် အရိယာသည်—

၁။ ပါဏာတိပါတာ။
၂။ အဒိန္နာဒါနာ။
၃။ ကာမေသုမိစ္ဆာစာရာ။
၄။ မုသာဝါဒာ။
၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ။

ဤ ကံငါးပါးတို့မှကင်းဝေးပြီးဖြစ်၍ ထိုငါးပါးကြောင့် ဖြစ်ပွါးတတ်သည့် ပစ္စုပ္ပန် တမလွန် မကောင်းကျိုး ငါးပါးဟူသော ဘေးရန် ငါးပါးမှ ကင်းဝေးကြောင်း နဝင်္ကဏ်ဖြင့်ရှင်ပါ ဦးတော် ဌဿ ဟွေ့ရပါသည်။

၈၉။ ဖိဖိတို့ရှင်သော အသဉ္ဉာဏ် ဖြင့်လည်း စစ်ကြပါလေ

သစ္စာလေးပါး သိဖြင့်ရန် ခက်ခဲ နက်နဲကြောင်း

၁။ တထ ဟွေ သစ္စာနိ၊ဒုဒ္ဒသတ္တာ ဂမ္ဘီရာနိ၊
ဟွေ ဂမ္ဘီရတ္တာ ဒုဒ္ဒသာနိ။ ။

(စိသုဒ္ဓိမဂ်အဋ္ဌကထာ)

လောကီ သမုဒယ, ဒုက္ခသစ္စာတို့သည် မြင်နိုင်ခဲသည်ဖြစ်၍ နက်နဲ၏။
လောကုတ္တရာ နိရောဓ, မဂ္ဂသစ္စာ တို့သည် နက်နဲသည် ဖြစ်၍ မြင်နိုင်ခဲ၏။

၂။ **ဗြဟ္မဇာလသုတ်ဟောင်း**၌ ပဏ္ဍိတဝေဒနိယ ဂန္ထိရ ဂုဏ်များကို အောက်ပါအတိုင်းဟောပြ ထားပါ၏။

၁။ ဂန္ထိရ-နက်နဲ၏။
၂။ ဒုဒ္ဒသ-မြင်နိုင်ခဲ၏။
၃။ ဒုရနုဗောဓ—သိနိုင်ခဲ၏။
၄။ သန္တ—ခပ်သိမ်းသော ပုပန်ခြင်းမှ ငြိမ်းအေး၏။
၅။ ပဏီတ—ဖြတ်သဖြင့် တောင့်တအပ်၏။
၆။ အတက္ကာဝစရ-ကြံဆ၍ သိခြင်း ဌာ မတတ်ကုန်။

၇။ နိပုဏ-သိမ်မွေ့သော သဘောရှိ၏။

၈။ ပဏ္ဍိတဝေဒနိယ—ပညာရှိတို့ သာလျှင် သိအပ်ကုန်၏။

ထိုသို့ခက်ခဲ,နက်နဲလှသော ·သစ္စာလေးပါး မဂ်,ဖိုလ်, နိဗ္ဗာန်တရားမြတ်တို့ကို သိမြင်ပြီးသော အရိယာ ပုဂ္ဂိုလ်သည် မိမိတို့ သိမြင်ပြီးကြောင်းကို သူတပါးက ပြောပြရန် မလိုပါ၊ မိမိတို့ကိုယ်တိုင်က မျက်ဝါး ထင်ထင် သိမြင်ကြပါသဖြင့် ဤပဏ္ဍိတ ဝေဒနိယ ဂန္ဓိရဂုဏ် ရှိမရှိ စစ်တမ်းသည် သိမြင် လွယ်သော စစ်တမ်း တခု ဖြစ်ပါသည်။

၉၀။ အရိယာစစ်မျှားမှ သာလျှင် နိဗ္ဗာန်ကို မြင်အပ်ကြောင်း

နိဗ္ဗာန်ကို လူသာမန်တို့ ဉာဏ် ပညာ မျက်စိကဲ့ဖြင့် ကြည့်ရှု ထင်မြင်ခြင်းငှါ မထိုက်၊ လေးကျွန်း သေဉ်နင်း မန္ဒာတ်မင်းပင် ဖြစ်သော်ငှင်း၊ တသောင်းသောလောက ဓာတ်ကို တလျှပ်လျှပ် တဝင်းဝင်း ကိုယ်ရောင်ဖြင့် ထွန်လင်းနိုင်သော ဗြဟ္မာမင်းကြီးပင် ဖြစ်သော်ငှင်း၊ မိမိ၏ အလို ပင်ကိုယ်မျက်စိဖြင့် ကြည့်ရှုထင်မြင်ခြင်းငှါ မထိုက်။ သုံးတိုက်လုံးမှနိုက္ခ သယမ္ဘူ။ထွဋ်ထား ရှင်တော်ဘုရား၏ သားရင်းအစစ် ဖြစ်တော်မူကြပေသော ရှစ်ယောက်သော အရိယာတို့အား သာလျှင် မြတ်လှသော မဂ်နှင့်ယှဉ်သော ပညာစက္ခုဖြင့် သာလျှင် လက်ပေါ်တင်ထားသော ပဘွာမြား

ကို ရှာသကဲ့သို့အသစ်တဓာတ် မြတ်သောနိဗ္ဗာန် အာရုံကို ပစ္စက္ခအားဖြင့် မြင်ထိုက် မြင်အပ်လှပေ၏။ ထိုသို့အဓိယာ အစစ် အဖြစ်သို့မရောက်သေးသော ကလျာဏပုထုဇ္ဇန် တို့အား ရေ၁ရမ်းမှန်းဆ၍ ဤနိဗ္ဗာန်သည် အဘယ်သို့ ရှိမည်နည်း။ ဤသို့ရှိမည်-ထိုသို့ရှိမည် စသည်ဖြင့် အာရုံ ပြုလျက် အနုမာန ဉာဏ် အားဖြင့် ချိန်ဆခြင်း ဌါသ ထိုက်၏။ ပစ္စက္ခအားဖြင့် မြင်ခြင်းဌါ မထိုက်ချေ။

သို့ပါ၍ ပစ္စက္ခအားဖြင့် ထင်ထင်ရှားရှား မြင်ကြရမှ သာလျှင် အဓိယာစစ် ဖြစ်ဖို့ ဟု ဆုံးဖြတ် ကြပါလေ။ သိကြပါလေ။

ဥဒ္ဒေသ နိဗ္ဗာန်ပြဋ္ဌာန် စစ်တမ်း

သင်္ခြိုင်းကျမ်းမှပုဒ် ၃-ပုဒ်အနက်အစိပ္ပါယ်

၁။ **လောကုတ္တရသင်္ခါတံ**—လောကုတ္တရာဟူ၍ ဟော တော်မူအပ်ထသော။

၂။ **စတုမဂ္ဂဉာဏေနာ သင်္ခိတ်ကာတုံ**—လေးပါးသော မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်ထသော။

၃။ **မဂ္ဂဖလာနံ မဒေလမ္ဗဏာဘူတံ**—မဂ်, ဖိုလ်တို့၏။ ဒုဿ ရာတွယ်ရာ အာရုံဖြစ်၍ ဖြစ်ထသော။

နိဗ္ဗာန်ပန်-နိဗ္ဗာန်ကိုကား၊ ဝါနသင်္ခါတာယ-ဝါန ဟုဆို အပ်သော၊ တဏှာယ-တဏှာသုံးပါး၏ နယ်မှ၊ နိက္ခန္တိတွာ-ထွက်မြောက် ကျွတ်လွတ်သည်၏ အဖြစ်ကြောင့်၊ နိဗ္ဗာနံတိ-နိဗ္ဗာန်ဟူ၍၊ ဝဒွတိ- ဆိုအပ်၏။ ဤဒွ—

၁။ "လောကုတ္တရသဒ္ဒါတံ" ဟူသော ဂါဠာဖြင့် နိဒ္ဒေသန သည် ပညတ်မဟုတ် ပရမတ် အစစ် အမှန်ဖြစ်ကြောင်း ကို ပြဆိုတော်မူပေသည်။

ပြဿနာ။ ။လောကုတ္တရံ- လောကကို လွန်သော နိဒ္ဒေသန ဆိုလိုသည်။ ပညတ်မည်သည် လူတို့၏ ခေါ်ဝေါ် သမုတ်မှုနှင့် ဖြစ်ရသောကြောင့် လောကကို လွန်ခြင်း ၌ မထိုက်လေ။ ထို့ကြောင့် လောကုတ္တရာ ဆိုလျှင် ပညတ်မဟုတ် ပရမတ်သာ ဖြစ်သည်ဟု သိအပ်ပေသတည်း။ ။ပရမတ်အစစ်အမှန် ဖြစ်ပုံကား နောက်၌ ထင်ရှားလတ္တံ့။'

၂။ "စတုမဂ္ဂညဏေန သန္တိကာတဗ္ဗံ" ဟူသော ဂါဠာဖြင့် နိဒ္ဒေသနသည် ဓမ္မညာဏ်နှင့်ကွာဝေးသ့ဖသော ဗာလ ပုထုဇ္ဇန သတ္တဝါတို့၏ အရာပင် မဟုတ်။ မဂ်ဉာဏ်ကိုရ သော ပုဂ္ဂိုလ်တို့၏ အရာသာဖြစ်ကြောင်းကို ပြဆိုတော် မူပေသည်။ ။ဗာလပုထုဇ္ဇန သတ္တဝါတို့၏ အရာမဟုတ်ပုံ ကား- လောကဒ္ဒေန, လ, နက္ခတ်, ဘာရာတို့၏ ဂို မဂ္ဂိုကို ပြောဆိုရာ၊ ထိုစကားသည် သူကန်းတို့၏ အရာမဟုတ်။ သူကန်းတို့မမြင်သည့်အတွက်နှင့် ဒေန, လ, နက္ခတ်, ဘာရာ တို့ကို မဂ္ဂိုဟူ၍ မယူအပ်ကုန်။ ။ဒေန၏ သဏ္ဌာန်ကား ဤသို့တည်း၊လ ၏ သဏ္ဌာန်ကား ဤသို့တည်း၊ ဒေဝါအ ရောင်အဝါကား ဤသို့တည်း၊ လ၏ အရောင် အဝါကား ဤသို့တည်းဟု သူကန်းတို့က ပြောဆို ကြဲသော်လည်း ထိုစကားသည် ရယ်စရာသာ ဖြစ်၏။ ထို့အတူ ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စ သမုပ္ပါဒ ဟို၍ ဉာဏ် အမြင်

မရှိသော ပုထုဇဉ်နှင့်သည် ဗာလ ပုထုဇဉ်မည်၏။ နိဂ္ဂဝန်သည် ဗာလ ပုထုဇဉ်တို့၏ အရာမဟုတ်။ ။အထက်ဥပမာ အတိုင်း အကျယ်ဆိုလေ။

ဤကား နိဂ္ဂဝန်သည် ဗာလ ပုထုဇဉ်နံ တို့၏ အရာမဟုတ်ံတည်း။(ထိုသို့ အရာ မဟုတ် သည်ကို "စတုမဂ္ဂ ညဇောန" ဟူသော ပါဠိဖြင့် ပြဆိုတော် မူပေသည်။)

"သန္တိကာတဇ်" ဟူသော ပါဠိဖြင့် ကလျာဏ ပုထုဇဉ်တို့အား အနုမာနအားဖြင့် နိဂ္ဂဝန်တရား ထင်ရှားကြောင်းကို ပြတော်မူသည်။

ပြဳံကား။ ။ဤသို့သော တရားသည် ကေန်ဂ္ဂိ၏ ဟူ ရှေးအတိုင်း အနုမာနအားဖြင့် သိရမှသာလျှင် ထို တရားကို မျက်မှောက်ပြုခြင်းငှါ အားထုတ်ကြကုန်သည်။ ထို့ကြောင့် အရိယာ အဖြစ်သို့ရောက်၍ မျက်မှောက်ပြုမှုရှိသည် ဆိုသဖြင့် အရိယာမဖြစ်မီ ရှေးအတိုင်း နိဂ္ဂဝန်၏ အခြင်းအရောင်ကို အနုမာန အားဖြင့် သိခြင်းအမှု မှားပြီဟု သိအပ်လေသတည်း။ ရှေးအတိုင်း အနုမာန မှားသော်မှ မသိရသည်ရှိသော် မျက်မှောက်ပြုခြင်းငှါ အဘယ် သူသည် အားထုတ် ချမ်းမည်နည်း။အားမထုတ်ခဲ့လျှင် မျက်မှောက်ပြုဟူ၍ အဘယ်မှာ ရှိမှုမ်းမည်နည်း။ မျက်မှောက် ပြုမှုရှိခဲ့လျှင် ရှေးအတိုင်း အနုမာနအားဖြင့် ထိုတရားကို သိမှုငှာန် ရှိတော့သည်သာတည်း ဟူလိုသည်။

၃။ "မဉ္ဇဟလာန မာလမ္ဗကာဘုတံ" ဟူသော ပါဠိဖြင့် နိဂ္ဂဝန်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိကာမှ မဟုတ်

သေး အတုမရှိသော တန်ခိုး အာနုဘော် ရှိကြောင်းကို ပြဘော်မူပေသည်။

ပြဗုံကာဒီး။ ။အလွန်တန်ခိုး အာနုဘော် ကြီးလှသော နိဗ္ဗာန်ကို အာဇဉ်ပြု၍ မှီတွယ်ရသော ကြောင့်သာ မဂ်ဘိုးသည် မဂ်ကိစ္စကို ပြီးစေ နိုင်ကုန်သည်။ ဖိုလ်ဘိုးသည် ဖိုလ်ကိစ္စကို ပြီးစေနိုင်ကုန်သည်။

ဥပမာကာဒီး။ ။ဘုရားသော ရှာဒ္ဓါ ရှာသူကြီးသည် ရှိ၏။ ခိုးမှုးကြီးတယောက်လည်းရှိ၏။ ထိုခိုးမှုးကြီးသည် ခိုးသားအများနှင့်တကွ ထိုရှာဒေနေ လူတို့ကို အနှိုင်အဆက် လုယက်ဖျက်ဆီး၏။ရှာသူကြီးလည်း မိမိ၏အသက်ကိုပင် ကြောင့်ကြလျက်နေရ၏။ တစံရောအခါ ရှာသူကြီးသည် ပြည့်ရှင်မင်းကြီးအား ခစားလေ၏။ မကြာမီမှိုဝန် အရာကို ရလေ၏။ခိုးသားအများနှင့် ခိုးမှုး ကြီးကို အဆုံးစီရင်လေ၏။

ရှာသည် တယောက်သောသူ၏ ခဋ္ဌာကိုယ်နှင့် တူ၏။ ရှာသူကြီးသည် ပညာစေတသိက်နှင့်တူ၏။ ခိုးမှုးကြီးသည် အဝိဇ္ဇာမောဟနှင့် တူ၏။ ခိုးသား အများသည် တဏှောင့် ငါးပွေ ကိလေသာစုနှင့်တူ၏။ ပြည့်ရှင်မင်းကြီးသည် အသင်္ခတဓာတ် နိဗ္ဗာန်နှင့် တူ၏။ ပြည့်ရှင်မင်းကြီးထံ မရောက်သေးသော ရှာသူကြီးသည်ပုထုဇဉ်သန္တာန်မှာ ရှိသော ပညာစေတသိက်နှင့် တူ၏။ ပြည့်ရှင်မင်းကြီးထံသို့ ရောက်၍ ခစား၍ မြှောက်စားခြင်းကို ရသော ရှာသူ

ကြီးသည် လောကုတ္တရာ မဂ်ပညာနှင့် တူ၏။ ဦးသား အများနှင့် တကွ ဦးမှားကြီးကို ဒေးဆုံးတိုင် သတ်ခြင်းသည် မဂ်ညဏ်ဖြင့် အဝိဇ္ဇာနှင့် တကွသော ကိလေသာတို့ကို ပယ်ရှားခြင်းနှင့် တူ၏။

(လယ်တီဆရာတော် ဘုရားကြီး၏ နိဒ္ဒာနဒီပနီ)

အထက်ပါ ပါဠိ သုံးပုဒ်၏ အနက်, အဓိပ္ပါယ်ကို ဘတ်ရှုခြင်းအားဖြင့် ပရမတ်အစစ်, အလွန်တန်ဖိုး အာနုဘော်ကြီးလှသော လောကုတ္တရာဓာတ်အနှစ်ကို အာရုံပြုလိုက်ရသဖြင့် မဂ်ညဏ်, ဖိုလ်ညဏ်ကို ရကြသော အရိယာသူတော်ကောင်းတို့မှာ အဘယ်မှာလျှင် ထိုသို့အာရုံပြုလိုက်ရသော နိဗ္ဗာနနှင့် ရင်ဝိုလိုက်သော မဂ်, ဖိုလ် တို့ကို မသိလိုက်ရဘဲ နေနိုင်ပါအုံးနည်း။ ပစ္စဝေက္ခဏာညဏ်ဖြင့် မှတ်မှတ် ရရ သိလိုက်ကြမည်ကား မလွဲပေ။ ကာမဂုဏ်ချမ်းသာ, ဈာနချမ်းသာ တို့ထက် ရာ, ဆောင်မကသာလွန်သော မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာနချမ်းသာတို့ကို တကယ် အဟုတ် ခံစား ရပါလျှင် ခံစားရကြောင်းကို သိကြရမည်ကား မလွဲပေ။ မေ့ နိုင်စရာ အကြောင်းလည်း မရှိပါ။ မိမိရရှိသော သောတာပတ္တိ မဂ်, ဖိုလ်ကို မြတ်စွာဘုရားအား သိကြားမင်းက လျှောက်ထားပုံကို သိကြားမင်းဝတ္ထု တွင် ကြည့်ပါ။ အလွန်ထင်ရှားလှပါ၏။

(သိကြားမင်းဝတ္ထု နောက်ဆုံး ပါ ပါသည်)

၉၂။ မင်, ဗိုလ်စစ်တမ်း မေးခွန်း (၆)ခွန်း

ဘုရားရှင် လက်ထက်တော်က မင်, ဗိုလ်ရဖြိုးသော ပုဂ္ဂိုလ်တို့ကို အောက်ပါအတိုင်း မေးခွန်း ၆-ခွန်းတို့ဖြင့် စီစစ် မေးမြန်း ကြပါသည်။

၁။ **ကိုဇွန်အစိုးတံ။** ။သင်သည် အဘယ်ဈာန်, အဘယ်မင်, အဘယ်ဗိုလ်ကိုရပါသနည်း။ ။မိမိတို့ ရသော ဈာန်, မင်, ဗိုလ် တရားသည် အလွန်ထင်ရှားလှသည်။ ဤမေးခွန်းကို အတိုအကျ ဖြေဆိုနိုင်ရပါမည်။

၂။ **ကိုဇွန်အခိုးတံ။** ။သင်သည် ဘယ်လို ဘယ်နှ ရပါသနည်း။ ။သမာဓိတည်၍ ရသလော။ ဝိပဿနာ ပွါး၍ ရသလော။ အနိစ္စကို မြင်၍ ရသလော။ ဒုက္ခကိုမြင်၍ ရသလော။ အနတ္တကို မြင်၍ ရသလော။ အတွင်းဒွဲမြင်၍ ရသလော။ အပြင်ဒွဲ မြင်၍ ရသလော စသည်ဖြင့် အဘယ် တရားကို နှလုံးသွင်း၍ ရသနည်း။ မင်, ဗုဒ္ဓဲရ ကြောင်း နှလုံးသွင်းသော တရားသည် မင်, ဗိုလ် ရလျှင် အလွန် ထင်ရှားသ၏။ မဖေမ့ မဖျောက် နိုင်ပါ။

၃။ **ကဒါဘေအစိုးတံ။** ။ဘယ်အရှုံနှ, ဘယ်အခါက သင်သည် ထိုးရားကိုရပါသနည်း။ ။ဘယ် နှစ်, ဘယ်လ, ဘယ်ရက်မှာ ရပါသနည်း။ ။ဒုံ

အချိန်၌ ရသလော။ နံနက်အချိန်၌ ရသလော။ ည အချိန်၌ ရသလော။ အလွန် မွန်မြတ်လှသော တရားထူးကိုရသော အချိန်ကာလကို ဘယ်အခါမှ မမေ့နိုင်ပါ။အလွန်ထင်ရှားလှပါ၏။

၄။ **ကဋ္ဌဆေအဓိဂတံ။** ။ဘယ် နေရာ၌ ရပါသနည်း။ အိမ်၌ရသလော။ ကျောင်း၌ ရသလော။ ဂူတွင်း၌ ရသလော။ ဓရုပ်၌ ရသလော။ တန်ဆောင်းတွင်း၌ ရသလော။ သစ်ပင် အောက်၌ ရသလော။ ထို မဂ်, ဖိုလ် တရားထူးကိုရသော နေရာသည် အလွန်ထင်ရှားလှ၏။ မမေ့နိုင်ပါ။

၅။ **ကတမေတေကိလေသာပဟီနာ။** ။သင်သည် အဘယ် ကိလေသာတို့ကို ပယ်ပြီးသနည်း။ ။ ဗဟုသုတနှင့် ပြည့်စုံပါလျှင် မိမိတို့ရသော မဂ်, ဖြင့် ပယ်ပြီးသော ကိလေသာတို့ကို ထင်ရှားစွာ သိကြရပါသည်။

၆။ **ကတမေသံ တွံ ဓမ္မာနံ လာဘီ။** ။သင်သည် အဘယ်တရားများ ရပါသနည်း၊ သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ် စသည်ဖြင့် မိမိရသော မဂ်ကို ထင်ရှားစွာ သိရပါ၏။

(ပါရာဒိကဏ် ပါဠိတော် စတုတ္ထပါရာဒိက)

အဓိဗာ။ ။ဗဟုသုတနှင့် ပြည့်စုံသော ကျမ်းဂန်တတ်ပုဂ္ဂိုလ်သည် ထို ၆—ပါးသော မေးခွန်းတို့ကို သွက်သွက်

လက်လက် ဖြေဆို နိုင်တတ်ကြပါသည်။ ထိုအခါ ရဟံ ရဒုညီးနှင့် တကွ အကြောင်း အကျိုးကိုကို ဆက်လက် မေးမြန်းရပါမည်၊ ဤကမ္မဋ္ဌာန်း အာရုံကြောင့် ဤအပ္ပနာ အကျိုးမျာသာ ပေါ် နိုင်သည်။ ဤတရားပွါးရုံးနှင့် ဤ မဂ်တို့ကို မရနိုင် စသည်ဖြင့် ပါဠိတော်အတိုင်း စိစစ် ရာ၏။ အခြို့ သမထ သက်သက်သာ အားထုတ်ပြီးလျှင် ဝိပဿနာကို မပွါးများရသေး သော်လည်း မိမိကိုယ်၌ ကိလေသာ၏ တက်ခြမ်တခါမှ မဖြစ်ပေါ်ကွးခြင်းကို အစွဲ ပြုပြီး ငါရဟန္တာဖြစ်ပြီဟု အထင်မှားတတ်ကြ၏။ အထင် ကြီးနေတတ်ကြ၏။ ထိုသို့ အထင်မှား အသင်ကြီးကြ သော ရဟန်းများသည် မြတ်စွာဘုရား လက်ထက်တွင် ၎င်း။ သိဟိုဠ်ကျွန်း သာသနာတွင်၎င်း။ မြန်မာပြည် မင်းတုန်းမင်းတရားကြီး လက်ထက်တွင်၎င်း ပေါ်ကွးကြ ပါသည်။ အထူး သတိပြုတော် မူကြပါ။

၉၃။ ဓမ္မစက္ကာ သုတ်တော်သာ အရိယာ စစ်တမ်း-သောတာပန်အရိယာ၏ ဂုဏ်တော်များ

ဓမ္မစက္ကာ သုတ် ပါဠိတော်အဆုံးတွင် "အထဇေါ အာယသ္မာ အညာသိ ကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တ ဓမ္မော ဝိဒိတဓမ္မော ပရိယော ဂါဠှဓမ္မော တိဏ္ဏဝိစ် ကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပ ရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ပေါဒေဝါစ" စသည်ဖြင့် ဗုဒ္ဓရပါသောကြောင့် သောတာပန် ဖြစ်ပြီး

သော အခွင့် အညာသိကောဏ္ဍညသည် ဒိဋ္ဌမင်္ဂလ, ပတ္တ မင်္ဂလ စသော ဂုဏ်ခွစ်ပါးနှင့် ပြည့်စုံလာကြောင်းထင်ရှား ပါ၏။ ထိုဂုဏ်ခွစ်ပါးတို့၏အကျယ်မှာ—

၁။ **ဒိဋ္ဌမင်္ဂလာဂုဏ်။** ။သစ္စာလေးပါး တရားအစဉ်ဒွဲ သုံးပါးသော ညွှတ်ဖြင့် လေးတန်သော အနက် တို့ကို ဒိဒိကိုပင်တိုင် မျက်မှောက်ထင်ထင် သိမြင် သော ဂုဏ်။

[ချဲ့ဦးခံ] ပဌမဦးစွာ သစ္စာ လေးပါးကို မျက်ဝါး ထင်ထင် သိမြင်တော်မူသော ဗုဒ္ဓမြတ်စွာ ဘုရား ၏ထံမှ တဆင့်ခံ ပရိယတ္တိဝမ္မ အသိညွှတ်ဖြင့် ကြားသိရသော ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့သည် ထိုသစ္စာ လေးပါးဒွဲ (၁) နိဗ္ဗာန် ဟူသည်ကား ဤ သို့ဖြစ် တန်ရာ၏။ (၂) နိဗ္ဗာန်ကို အာရုံပြုသော ဓင်စိတ်, ဇဝ်လစိတ်တို့ကား ဤသို့ သာတည်း စသည်ဖြင့် အနုမာန မျက်မှန်းဆ၍ သုတမယ ညွှတ်ဖြင့်သော သိရပါသောကြောင့် ထို သစ္စာလေးပါး၏ အခြင်း အရာ လက္ခဏာသဘောကို ဟောနည်းပြောနည်း အတိုင်း ပုံဥဒါးတိတိ သိမှိရပြီဟု မဆိုနိုင်။ထို့သို့ အနုမာန တဆင့်ခံဖြစ်သော ပုထုဇ္ဇန်၏ ပရိယတ္တိ အသိညွှတ်ဝိုလည်းနိဝရဏတရားတို့ဖြင့်ဖုံးလွှမ်း လျက် ရှိရကား စင်ကြယ်သော အသိညွှတ်ဟု အမှန်ခေါ် မပြောနိုင်ကြ။အခွင့်အညာသိကောဏ္ဍည ဖွားမှကား သစ္စာလေးပါးကို သိမြင်တော်မူရာ၌

အနုမာန အားဖြင့် မှန်းဆ ရုံမျှသာ မဟုတ်၊ မိမိ ကိုယ်တိုင် ဒိဋ္ဌ ကိုယ်ပိုင်ဉာဏ်ဖြင့် (၁) နိဗ္ဗာန် သန္တိသုခ-အေးမြချမ်းသာ ပုံကိုရင်း။ (၂) မဂ္ဂင်ရှစ်ပါး တရားများ၏ မိမိတို့ဆိုင်ရာ ကိစ္စလက္ခဏာကို ဆောင်ရွက် ကြပုံကိုရင်း။ (၃) ဒုက္ခသစ္စာ-ခန္ဓာငါးပါး၏ ဆင်းရဲဇကန် စင်စစ် မှန်ပုံကိုရင်း။ (၄) သမုဒယသစ္စာ-လောဘ၏ ဆင်းရဲကြောင်း ဇကန်စင်စစ် အမှန် ဖြစ်ပုံကိုရင်း သုံးပါးသော ဉာဏ်ဖြင့် လေးတန်သော အနက်ကို့ကို မိမိကိုယ် တိုင် မျက်မှောက်ထင်ထင် သိမြင်တော် မူသော ဂုဏ် ဖြစ်ပါသည်။

၂။ **ပစ္စုပ္ပန်ဖွော ဂုဏ်။** ။အရှင်အညာသိကောဏ္ဍည် သည် သစ္စာလေးပါးတရားကို သိမြင်မှုဒဿန သုံးပါး သော ဉာဏ်ဖြင့် လေးတန်သော အနက်တို့ကို ကောင်းစွာ ထုတ်ဖော်ခြောက်ကိုယ်တိုင်ပေါက်ရောက် အပ်သော ဂုဏ်။

၃။ **ဒိဋ္ဌိတဖွော်ဂုဏ်။** ။အရှင်အညာသိကောဏ္ဍည် သည် သစ္စာလေးပါးတရားကို သိမြင်မှုဒဿန သုံးပါး သော ဉာဏ်ဖြင့် လေးတန်သော အနက်တို့ကို ကောင်းစွာ ထင်ထင် ရှားရှား ပိုင်းခြားတတ် ကိုယ်တိုင် ထိုးထွင်း သိမြင်အပ်သော ဂုဏ်။

၄။ **ပရိယောဂါဠှ ဖွော ဂုဏ်။** ။အရှင်အညာသိ ကောဏ္ဍည်သည် သစ္စာလေးပါး တရားကို သိမြင်

မှုဒ္ဒ သုံးပါးသော ညာဏ်ဖြင့် လေးတန်သော အနက်တို့ကို ထင်ထင်ရှားရှား ညာဏ်ဖြင့် သက်ဝင်၍ ကိုယ်တိုင်သိမြင်အပ်သော ဂုဏ်။

၅။ **တိဏ္ဏ ဒိစိ ကိဉ္စော** ဂုဏ်။ ။အရှင် အညာသိကောဏ္ဍညသည် သစ္စာလေးပါးတရားကို သိမြင် မှုဒ္ဒ သုံးပါးသော ညာဏ်ဖြင့် လေးတန်သော အနက်တို့ကို ပိုင်းခြားတိတိသိမြင်တော်မူပြီးဖြစ်၍ ၈-ပါးသော ယုံမှားခြင်း, ၁၆-ပါးသော ယုံမှားခြင်းတို့ကို ကိုယ်တိုင် လွန်မြောက်တော် မူသော ဂုဏ်။

၆။ **ဒိဂတ ကထံ ကထော** ဂုဏ်။ ။အရှင်အညာသိကောဏ္ဍညသည် သစ္စာလေးပါးတရားကို သိမြင် မှုဒ္ဒ သုံးပါးသော ညာဏ်ဖြင့် လေးတန်သော အနက်တို့ကို ပိုင်းခြား တိတိ သိမြင်တော်မူ၍ သို့လော, သို့လော တွေးတောခြင်းမှ ကိုယ်တိုင် ကင်းတော်မူသော ဂုဏ်။

၇။ **ဝေသာ ရဒ္ဓိ ပဋိဂ္ဂါ** ဂုဏ်။ ။အရှင် အညာသိကောဏ္ဍညသည် သစ္စာလေးပါးတရားကို သိမြင် မှုဒ္ဒ သုံပါးသော ညာဏ် လေးတန်သော အနက်တို့ကို ပိုင်းခြား တိတိ သိမြင်တော်မူပြီးဖြစ်၍ ထိုသို့ သိမြင်ရှိပြီးသော တရားကို ပရိသတ်လေးပါး, ပရိသတ် ရှစ်ပါးတို့၏ အလယ်၌ ဟောကြား

ညွှန်ပြ ဆုံးမခြင်းငှါ မကြောက်မက်ရုံ ဂရုစိုက်ခြင်းသို့ ရောက်ရသော ဂုဏ်။

၈။ **အပရ ပုဗ္ဗယော ဂုဏ်။** ။အခွင့် အညှာသိ ကောဏ္ဍညသည်သစ္စာလေးပါးတရားကိုသိမြင်မှု၌ သုံးပါးသောညှာဏ်လေးတန်သောအနက်တို့ကို မိမိကိုယ်တိုင် ကိုယ်ပိုင် ညှာဏ်ဖြင့် ဒိဋ္ဌသိမြင်ရသောကြောင့် သူတပါးတို့၏ အထောက်အပံ့မှ သို့မဟုတ် သူတပါးတို့၏စကားကို အားထားခြင်းမှ ကင်းသော ဂုဏ်။

အရိယာဖြစ်လိုကြသော ပုဂ္ဂိုလ်တို့သည် ရုပ်, နာမ်, ခန္ဓာ,အာယတန,ဓာတ်, ပဋိစ္စသမုပ္ပါဒ် စသော မည်သည့် တရားကိုပင် လုပ်လုပ် အလုပ်စခန်း၏ အဆုံးဌာ သစ္စာလေးပါးကို အမြင်မှန်မှပင် မဂ်စစ်ကိုလည်း ရပါသည်။ သို့ပါ၍ **စတုသစ္စဝိနိမုတ္တော ဝေယ္မောနာမ နတ္ထိ**-သစ္စာ လေးပါး တရားမှ လွတ်သောတရားမရှိ'' ဟု အဋ္ဌကထာဆရာမျိုးဆိုကြပါသည်။

ဗုဒ္ဓဖြတ်စွာဘုရား၏ သာသနာတော်တွင် ဘုရားရှင် ထံမှ ကိုယ်တိုင် တရားနာကြားပြီးလျှင် ပဌမ ဦးစွာ သော တာပန် အရိယာဖြစ်သော အရှင်အညာသိကောဏ္ဍညာ၏ သစ္စာလေးပါး မြင်သိပုံကို အာဇာတ်ပေါ် ပြပါ ဂုဏ်ပုဒ် ၈-ပါးဖြင့် ဓမ္မစက္ကာသုတ် ပါဠိတော်၌ အထင်အရှား ပါရှိပါသဖြင့် ယခုအခါ မိမိတို့ ကိုယ်ကို မိမိကိုက သော တာပန် အရိယာဖြစ်ပြီဟု ထင်နေသော်လည်း၊ ကမ္မဋ္ဌာန်း

နှည်းပြ ဆရာများက သောတာပန် အရိယာလက်မှတ် ပေးချသော်ငင်း ငိမိ မင်္ဂလသောခဏာ၌ သစ္စာလေးပါး တရားကို သိဖြင်လိုက်ရပါ၌လား။ သိဖြင်ရာတွင်လည်း သုံးပါးသောညွှန် လေးတန်သော အနက်တို့ကို ကိုယ် တိုင် ဒိဋ္ဌ၊ ငိမိရရ သိဖြင်ရပါ၌လား။ အဆက်ပါဂုဏ် ၈-ပါးနှင့်လည်း ပြည့်စုံပါ၌လားဟု ငိမိကိုယ်ကို စစ်ဆေး ကာ အဖြေမှန်ကို ရကြပါစေ။ "မင်ဆိုတာ-ရှုမှတ်နေ တဲ့ ရုပ်,နာမ် ပျောက်သွားပြီး ဝိုးတိုး ဝါးတား ရောင်ဝါး ဝါးဖြင့် ယုတ်တရက် မှောကန့်, မိုက်ကန့် သတိလစ်သွား သလိုဟာမျိုး မဟုတ်ပါ။ ပညာစခန်းမှာ သတိ, သမာဓိ, ပညာ အပြည့် အစုံ, အခိုင် အမြဲ ဖြစ်သောကြောင့် ထင်ထင် ရှားရှား နိဗ္ဗာန်ကို မင်ညွှန်, ဖိုလ်ညွှန်ဖြင့် တွေ့မြင်ရ၏။ ပဗ္ဗဝေက္ခဏာညွှန် များလည်း ဖြစ်ပေါ် ရပါသည်၊ သတိပြုကြပါ။

၉၄။ ရဟန်းဘြတ်များ သိကြုံ

အရှင်ကောဏ္ဍည အမှုံရှိသော ပဉ္စဝဂ္ဂိငါးဦးတို့အား ဗြတ်စွာဘုရားရှင်သည် **အနတ္တလက္ခဏသုတ်**တရားတော် ကို ဟောတော်မူပြီးသည့်နောက်၌ ပဉ္စဝဂ္ဂိငါးဦးစလုံးပင် အရဟတ္တမဂ်, အရဟတ္တဖိုလ် ရကြသဖြင့် ဗြတ်စွာဘုရား ရှင်က ဒေသကပါအတိုင်း ကျူးရင့် ဟောပြတော်မူ၏။

နှုန်းဝိရဇ္ဇတိ၊ ဝိရာဂါဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ညာဏံဟောဘိ၊ ခီဏာဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။

အခ်ဳပ္ပါယ်ကား။ ။ခန္ဓာငါးပါး ရပ် နာမ်တရားတို့၌ ငြိးငွေ့ပျင်းရိ မုန်းတီးလေသည် ဂိုဏ်သေ တဏှာ ပြတ်ကင်းလေ၏၊ တဏှာပြတ်ကင်းမှုကြောင့် ကိလေသာဝဋ်တွင်းမှ လွတ်ကင်းလေ၏။ ကိလေသာဝဋ်တွင်းမှ လွတ်ကင်းလေသည်ဂိုဏ်သေ ငါကျွတ်ပေပြီ - ငါလွတ်ပေပြီ ဟူသိသော ဉာဏ်သည် ဖြစ်ပေါ်လေ၏။ ဘဝသစ် တဖန် ဖြစ်မှုသည် ကုန်ဆုံးလေပြီ၊ မြတ်သော အကျင့်ကို ကျင့်ရန် ကိစ္စကိုပြုအပ်ပြီးပြီ၊ ဤ ခန္ဓာအစည်မှ တပါးသော ခန္ဓာအစည်သည် မဂ်၊တော့ပြီ၊ ဤသို့ထွန်းလင်း ထိန်တောက်သော အသိဉာဏ် ပေါ်ပေါက်လေ၏။

ရဟန္တာအာရုံမြတ်တို့သည် အထက်ပါမြတ်စွာဘုရား၌ ပေါ ပြတော်မူသည့် အာဠာဝိ ဒိမိတို့၌ ဂဠလသာကုန်ခန်းကြောင်း, ဝဋ်မှ လွတ်ကြောင်း, ဘဝအစည်ကုန်ဆုံးကြောင်း အထင်အရှား သိကြပါ၏။ ရဟန်းများရဟန္တာဖြစ်၍ ထို အသိမျိုး ရကြသဖြင့် မြတ်စွာဘုရားအား လျှောက်ကြားရာ မြတ်စွာဘုရားကလည်း ဟုတ်မှန်ကြောင်း သိသဖြင့် "သာဓု" ခေါ်တော်မူ၏။

လူပုဂ္ဂိုလ်တစ်မျိုး ရဟန္တာဖြစ်သော ဒါရုဆိုးရိုး ပရိဗိုဇ် ရဟန္တာဖြစ်၍ မြတ်စွာဘုရားအား ရဟန်း ဘဝသို့ သွတ်သွင်းချီးမြှောက်ရန် လျှောက်ကြားတောင်းပန်ရာ "ဖြစ်ဘိကွဲ့" ခေါ်ဆိုင်ကွင်းမရှိဘဲသက်နှံကျာရန် အသွားမှာ ရန်သူဘီလူးမက နွားယောင် ဆောင်ကာ ပြေးခတ် သဖြင့် နှိမ်ဖျောက်စံဝင်ရ၏။

သို့ပါ၍ ရဟန်းရော လူပါ ရဟန္တာဖြစ်လျှင် ထိုအသိ ညာဏ်မျိုး ပေါ်ပေါက်ကြပါသည်။ ဤသို့ သိကြရခြင်းမှာ လည်းအရိယာဓမ္မတာပင် ဖြစ်ပါသည်၊ ကမ္မဋ္ဌာန်း နည်း ပြဆရာကပြောမှ, ဘွဲ့ထူးပေးမှ သိရသည်မဟုတ်ပါ။

၉၅။ အရိယာ ဖြစ်ကြသော ရဟန်းများ မြတ်စွာဘုရားအား လျှောက်ကြားကြပုံ

သုတ်ပါဌေယျ အဋ္ဌကထာဒသုတ္တရသုတ်၌ မြတ်စွာဘုရားလက်ထက်တော်အခါက ရဟန်းတို့သည် (၁)ဝါဝင် ခါနီးတွင် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်း တောင်းယူကြခြင်း အလုပ်နှင့် (၂)ဝါကျွတ်လျှင် မြတ်စွာဘုရားအား ပဝိ တို့ အသိုးသိုးရကြသော သေတာပတ္တိမဂ်, ဖိုလ်၊ သကဒါဂါမိမဂ်, ဖိုလ်၊ အနာဂါမိမဂ်, ဖိုလ်၊ အရဟတ္တမဂ်, ဖိုလ် တို့ကို ပြောပြလျှောက်ကြားကြခြင်းအလုပ် နှစ်မျိုးတို့ကို နှစ်စဉ်ပြုလုပ်ကြကြောင်း တွေ့ရပါသည်။

အမှာ။ ။မြတ်စွာဘုရားရှင်က ကမ္မဋ္ဌာန်း ပေးရာ၌ ရဟန်း အသိုးသိုးတို့၏ ပါရဖို, အထုံ, ဝါသနာ, စရိုက် စသည်တို့ကို ကြည့်၍ မိမိတို့နှင့် သင့်တော်ရာ ကမ္မဋ္ဌာန်း ကို ပေးလေ့ရှိခြင်း, ပါရဖို နူးသေးသော ရဟန်းတို့အား သိသင့်သိထိုက်သော တရားတော်များကို လေ့လာကျက် မှတ် စုံစမ်းမေးမြန်း သင်ကြားစေပြီးမှသာလျှင် ကမ္မဋ္ဌာန်း အလုပ်ကိုလုပ်စေခြင်း, ကမ္မဋ္ဌာန်းလုပ်ကြရာ နေရာကိုလည်း မိမိတို့၏ ပါရဖိုစသည်တို့ကို ကြည့်၍ နေရာ ဖွေးချယ်ကာ စေလွှတ်ခြင်း စသည်တို့ကို မြတ်စွာဘုရား ကိုယ်တော်

တိုင်က မဟာကရုဏာတော်ဖြင့် ကြပ်ကြပ် မတ်မတ် သင်ကြား ပြုပြင်ပေးသောကြောင့် မျှားစွာသော ရဟန်း တို့သည် မဂ်, ဖိုလ် ရကြ ရကုန်သည်။ ဤကဲ့သို့ အခွင့် ကောင်း အခါကောင်းကို ဝေ့ကြဲကြရသော ရဟန်းများ အထဲတွင်လည်း ပါရဒိအား လျော်စွာ အနှိုင်ခြားခြင်း အနှိုင် တန္ဒစ် တဝါ, အနှိုင် ၅-နှစ်, အနှိုင် ၁၂-နှစ် စသည်ဖြင့် ကျင့် ကြံပွါးများ အားထုတ်ကြရသည်ကို သိရှိကြကာ ယခုအ ခါ ဘုရား, ရဟန္တာ ဆရာအရှင်မြတ်တို့၏ အထံတော်မှ တိုက်ရိုက်အဆုံးအမကလဲ မရကြ ပါရဒိကလဲ ဘယ်လို မှန်း မသိ၊ ခေတ်ကာလဆိုးကြီးဌ မြတ်စွာဘုရားရှင်၏ သုတ်, အဘိဓမ္မာ, ဝိနည်း ကျမ်း၀ဏ်လာသော အတိုင်း ဝိပဿနာ အလုပ်ကို ပွါးများအားထုတ်ကြရာမှာ တမဂ်, တဖိုလ်ကို မရမနေ၊ အသား, အသွေးခန်းခြောက်စေ၊ အ ရြော, အရေ, အရိုးကြွင်းစေ၊ အသက်သေပေစေဟု နှလုံး ထားလျက် အထူးကြိုးစား အားထုတ်သင့်ကြောင်း သတိ ပေးနှိုးဆော်အပ်ပါသည် ဓမ္မ ပိတ်ဆွေအပေါင်းတို့။

ဥ၆။ အရိယာစစ်တို့သည် ဖြိဖြိတို့အရိယာ ဖြစ်ပြီးကြောင်း သိကြပုံ

သေခါ ဘိက္ခု သေခဉ္စာမိယံ ဒ္ဌာတာ
သေခါသို့တိ ပဇာနာတိ။....
အသေခါ ဘိက္ခု အသေခဉ္စာမိယံ ဒ္ဌာတာ
အသေခါသို့တိ ပဇာနာတိ။

(မဟာဝဂ္ဂ-ဆုံးမသင်ကြားခြင်းသုတ်)

အစီပွါယ်ကား။ ။သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ရဟန်းသည် သေခ အရိယာအဖြစ်၌ ဘည့်လျက် "ငါသည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်၏" ဟူ၍ အထင်အရှား ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်း သိနိုင်ပေ၏။ရဟန္တာ ရဟန်းသည် ရဟန္တာအဖြစ်၌ တည့်လျက် "ငါသည် ရဟန္တာဖြစ်၏" ဟူ၍ အထင်အရှား ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်း သိနိုင်ပေ၏။

သိကြားမင်း ဝန်ခံသောစကားများများ

(၁) သိကြားမင်းဝတ္ထု သိကြားမင်းသည် ပိဂိုဿိကြားဘဝ ဝင် မနေရ၊ သေ ရတော့မည်ကို သိသောအခါ အလွန်ပူဆွေး ဒုက္ခ ရောက်ရသဖြင့် ဖြာစွာဘုရားထံ ချဉ်းကပ်၍ ထိုသို့သော ဆင်းရဲဒုက္ခ အပုပ်မျိုးမှ လွတ်ငြိမ်းချမ်းသာခွင့် ရရန် တရား ရေးဟေး အမြွက်ဆေးကို တိုက်ကျေးပါမည်ဘုံ အရောင်းဝယ်၊ ဘောင်းပန် လျှောက်သားသောအခါ ဖြာတ်စွာဘုရားက **ဒေဝန်မဟာဒေ၀၊ ပါဠိဩဝါဒသုတ်** ဒို့ ပါသော တရားတော်မျိုး ဟောကြားပြီးသည်ဖို့ အဆုံးဒို့ သိကြားမင်းသည် သောဘာပန် အဖြစ်သို့ ရောက်ရခြင်း, ဖြာတ်စွာဘုရား ရှေးတော်မှောက်၌ စုတိစိတ်သို့ ရောက်လျက် သိကြားမင်းသစ် ပြန်၍ဖြစ်ရခြင်း အကျိုးများနှင့် ပြည့်စုံ လေတော့၏။ ထိုသို့သော အကျိုးကိုနှင့် ပြည့်စုံသော သိကြားမင်းကို ဖြာတ်စွာဘုရားက "သိကြားမင်း သင် သည် ယခုဖြစ်ပေါ်လာသော ဝဒ်းမြောက်ခြင်းနှင့် တူစွာ

ရှေးအခါ၌ ဖြစ်ပေါ်ခဲ့ဘူးသည်ကို ထူးခြားစွာ မှတ်မိဘူး ပါသလော” ဟု မေးမြန်းတော်မူလေ၏။

ထိုအခါ သိင်္ကြားမင်းသည် ဤသို့ လျှောက်ထား၏ “မြတ်စွာဘုရား တပည့်တော်သည် ရှေးအခါ၌ အာသုရာ နတ်ကို့နှင့် စစ်ပွဲပြိုင်ဆိုင်၍ တိုက်ရာတွင် အနိုင်ရပြီးနောက် များစွာသော နတ်သိုးကညာ သုဇာတာ အမှုးရှိသော နတ်မိဖုရားတို့နှင့်တကွ စတုမဟာရာဇာ, တာဝတိံသာ နှစ်ဖြာသော နတ်ပြည်တို့ကို စိုးမိုးအုပ်ချုပ် မင်းလုပ်ကာ ဘိသိက်ခံယူသောနေ့၌ ပျော်မွေ့ရွှင်ပြဲလျက် အလွန် နှစ်သက် ဝမ်းမြောက်ခြင်းကို ဝေ့ကြို့ ခံစားရဘူးကြောင်း ယခု ကောင်းစွာ အမှတ်ရပါသည် ဘုရား။ သို့ပါသော်လည်း ထို နတ်စည်းစိမ်တို့ကို သိမ်းပိုက် ခံစားရခြင်းသည် မကင်းသော ဓါး, လုံ လက်နက်တို့ဖြင့် အောင်နိုင်ကာ ဝမ်းမြောက် ရပါသည်။ ယခုကဲ့သို့ သတိတရား ရခြင်းငှါ, ငြိုးဝေ့ခြင်းငှါ, ရာဂကင်းခြင်းငှါ, ချုပ်ငြိမ်းခြင်းငှါ, နိဗ္ဗာန်သို့ရောက်ခြင်းငှါမဖြစ်နိုင်ပါ။ ယခုမြတ်စွာဘုရား၏ သောတာပတ္တိမဂ်ဉာဏ်ဖြင့် အမှန် မြင်သိစေအပ်သော တရားထူး, တရားမြတ် သည်ကား ဓါး, လုံ မဖဆောင် အောင်နိုင်ပြတ်ခုင်း ရာဂကင်းလျက် နိဗ္ဗာန် စံဝင်ခြင်းငှါ ဖြစ်သဖြင့် စင်စစ် ထူးကဲ မြင့်မြတ် လှပါသည် ဘုရား” ဟု လျှောက်ထား၏။

(၂) စိတ္တသူကြွယ်ဝတ္ထု

အနာဂါမ်အဂ္ဂဒိယာ စိတ္တသူကြွယ်သည် ပဓိ၏ငယ်သူငယ်ချင်း အစေလက ကသဿပနှင့် ပွေ့ကြို၏

တယောက်နှင့် တယောက် ရင်းရင်းနှီးနှီး မေးမြန်းကြရာ ဝယ် စိတ္တသူကြွယ်က "မြတ်စွာဘုရား၏ တပည့်သာဝက ဥပါသကာ ဖြစ်သည်မှာ အနှစ် ၃၀-ရှိပြီ တရားထူးရပါပြီ၊ ကာမကိလေသာ အကုသိုလ်တို့မှ ဆိတ်၍ ပဌမ, ဒုတိယ, တတိယ, စတုတ္ထဈာန် တို့ဝင်အောင် အလိုရှိတိုင်း ဝင်စားနိုင်ပြီ၊ အကျွန်ုပ်သေလျှင်-ဤစိတ္တ ဂေဟာကြီးတကာသည် သံယောဇဉ်ကင်းပြီး၊ ဤ ကာမဘုံသို့ မလာပြီဟု မြတ်စွာဘုရားမိန့်ဆိုမည့် မလွဲပါဘုရား" ဟု အရိယာ ဖြစ်ကြောင်း ဝန်ခံ ဖြေဆို ပြောပြသောအခါ မိတ်ဆွေရင်း ဒိသစွာ ဝမ်းမြောက် ဝမ်းသာ သာဓုအနုမောဒနာ ပြု၍ "ဒါယကာ-ငါအားလည်း၍ သာသနာ၌ ရဟန်း ဖြစ်ရန် ဆောင်ရွက်ပေးပါ" ဟု ပြောသဖြင့် ရဟန်းများထံ ရဟန်းခံပေးပြီးနောက် အစေလက ကသိုပဝါသည် လည်း ရဟန္တာဖြစ်လေ၏။ ဤနောက်၌ စိတ္တသူကြွယ်သည် ဒိဗ္ဗစက္ခုဉာဏ် အရိယာစစ် ဖြစ်ကြောင်း ဒိဋ္ဌ သိပြီးဖြစ်၍ ဒိဗ္ဗ၏ ငယ်သူငယ်ချင်းအား ဝန်ခံ ပြောပြကာ သတိပေးစကား ပြောကြောင်း ထင်ရှားလှပါ၏။

ထို့ဖြင့် အရိယာ—ခေမာ မိဖုရား ကြီးက မင်းကြီးအား လျှောက်ထားပုံ၊ အရိယာ ဝိသာခ သူဌေးကြီးက ဒေဝဒိန္နာအား ပြောပြပုံ၊ အရိယာ ဥပတိဿပရိဗိုဇ်က ကောလိတ ပရိဗိုဇ်အား ပြောပြပုံ တို့ကို ထောက်ရှုခြင်းအားဖြင့် အရိယာ တို့သည် မိမိတို့ ရရှိသော မဂ်, ဖိုလ် တို့ကို မိမိတို့ ကိုယ်တိုင် ထင်ရှားစွာ သိကြရ ကြောင်း ဝန်ခံထားကြပါ၏။ အမှတ်တရ သိကြရကြောင်းကိုလည်း

ဝန်ခံထားကြပါ၏။ ယိုးတိုးယားတား ယောင်ဝါးဝါးနှင့် သတိလစ်သလို ဇော်ကနဲ မိုက်ကနဲ အိပ်မက် မက်တာ မျိုးမဟုတ်ပါ။ သတိထားကြပါ။ သိကြပါ ဝမ္မ မိတ်ဆွေ အပေါင်းတို့....။

(၃) မဟာနာဗ်ဝတ္ထု ရှင်းတမ်း။ ။ဤ နေရာ၌ မဟာနာဗ် ဝတ္ထုကို ရှင်းပြပါ ဦးအံ့။ အခါ တပါး၌ အရိယာစစ် မဟာနာဗ်သည် မြတ်စွာဘုရားအား "မြတ်စွာဘုရား တခါ တရံ တပည့်တော်၌ ကုသိုလ် စိတ်ဘို့သည် ကုန်ပျောက်၍ အကုသိုလ် စိတ်များ ပေါ်ပေါက် နေပါသည်။ ဘုရား တပည့်တော်၏ အစ္စာတို့ သန္တာန်၌ အဘယ် မည်သော တရားတို့ကို မပယ်ရှားရ ပါသေး သနည်း" ဟု မေး လျှောက်၏။ ဤသို့မေးလျှောက် သည်ကိုပင် အချို့သော ဆရာတို့က "အရိယာ ဖြစ်တိုင်း ပဒေါတို့ ရရှိသော မဂ်, ဖိုလ်ကို သိကြာ မဟုတ်ပါ။ မဟာနာဗ် အရိယာကို ကြည့်ကြပါ့လား"—ဟု ယောင်ဝါးဝါး ပြောတတ် ကြပါသည်။ ဤကဲ့သို့ ပြောခြင်းမှာ မဟုတ် မမှန်ပါ၊ စင်စစ် သော်ကား မဟာနာဗ်သည် ပဒေါရပြီးသော မဂ်, ဖိုလ်ကို ဧကန်မုချ သိပြီးဖြစ်ပါသည်။ သို့သော် ပဒေါ၌ ဗဟုသုတ နည်းပါး သောကြောင့် မပယ်ရှားသေး၍ တွေးကျန်သော ကိလေသာ—မည်ဝေ့ရ မည်မျှ ရှိနေ သေးသည်ဟု မသိ သည့် အတွက် မြတ်စွာဘုရားအား မေးလျှောက်ခြင်းမျှ သာ ဖြစ်ပါသည်။ ရပြီးသော မဂ်, ဖိုလ်ကို ရပြီးကြောင်း မသိ၍မေးခြင်းမဟုတ်ပါ။ သတိပြုကြပါ။

သုဓမ္မဝတီ ၅၃၀-၁၃

၉၇။ သောတာပန် အပါယ်မကျ

သောတာပန္နောဟမသ္မိ၊ အဝိနိပါတဓမ္မော
နိယတော သမ္ဗောဓိပရာယနော။
(နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်)

အနုက်ကာဒး။ ။အဟံ- ငါသည်၊ သောတာပန္နော-သောတာပန်သည်, အသ္မိ-ဖြစ်ခဲ့ပါ၏၊ အဝိနိပါတဓမ္မော-အောက်သို့ပျက်စီး၍ ကျရခြင်းမရှိပြီ၊နိယတော-ဂတိအားဖြင့် မြဲခဲ့လေပြီ၊ သမ္ဗောဓိပရာယနော-အထက်မဂ် ၃-ပါး သာ လည်းလျှောင်းရာ ရှိတော့၏။

ဒိဏာနိဂဲယောဒ္ဓိ၊ ဒိဏာတိဂဲဆ္ဆဝနယောနိ၊
ဒိဏာပေတ္တိဝိသယော၊ ဒိဏာပါယဒုဂ္ဂတိနိဝါတော
သောတာပန္နော ဟမသ္မိ။
(သုတ်မဟာဝဂ် ပါဠိတော်၊ ပဒုဒ်ကြီး၏ ပါဠိတော်)

အခ်ပ္ပါယ်ကာဒး။ ။ထိုသောတာပန် အစစ်ဖြစ်သော သူသည် "ငါသည် ငရဲဘဝသို့ မရောက်ပြီ။ ငါသည် တိရစ္ဆာန် ဘဝသို့ မရောက်ပြီ။ ငါသည် ပြိတ္တာဘဝသို့ မရောက်ပြီ။ ငါသည် အပါယ် ဒုဂ္ဂတိဘဝသို့ မရောက်ပြီ။ ငါသည် သောတာပန်အစစ် ဖြစ်ပြီဟု ပိဋကတ်ကိုယ်ကို ပိဋကတ်၌ ပြောဆိုလေတော့" ဟု မြတ်စွာဘုရား ဟောကြား အပ်သော ဒေသနာတော်ကို ထောက်၍ ပိဋကတ်၌ ဇကနိပုဏ္ဏ အပါယ်မကျတော့ ဟု သိကြ၏။ အဘိညာဏ်ကို သိမြင်ပြီးသော ပုဂ္ဂိုလ် တို့မှာမူကား ပိဋကတ်၌ ကိုယ်တိုင်ပင် ပိဋကတ်၌ အပါယ်လေးဘုံသို့ ကျနိုင်-မကျနိုင်ပုံကို သိမြင်၏။

ထိုသို့ အပါယ်လေးဘုံသို့ မကျရောက် နိုင်ခြင်း၏ အကြောင်းကား သောတာပန်အစစ် ဖြစ်ပြီးသော ပုဂ္ဂိုလ် သည်သင်္ကာယဒိဋ္ဌိ ချုပ်ငြိမ်းပြီးသော ပုဂ္ဂိုလ် ဖြစ်ပါသောကြောင့် တထိုင်တွင်းမှာ ဖြစ်ပျက်ကြသော ရုပ်,နာမ်,ခန္ဓာတို့ပင် ဉာဏ်၌ အဝိုင်းဝိုင်း အပြတ်အပြတ် တွေ့မြင် လေ၏။ ရှေးရှေး၌ ပြုခဲ့ဘူးသော အကုသိုလ်ကံတွေသည် ပုဂ္ဂိုလ် မဟုတ်,သတ္တဝါမဟုတ်,ငါမဟုတ်,ငါ၏ ကံလည်းမဟုတ် ဖြစ်ရာခဏ အဝိုင်းဝိုင်း ပြတ်၍ ပျက်ဆုံး ကွယ်ပျောက်ကြလေသည် ဟု ကောင်းစွာထင်မြင်၏။ "ငါ၏ အတ္တ" ဟူ၍ အမျှင်တန်းလန်း မရှိပြီ။ ယိမိ၏ ခန္ဓာ အစဉ်သည် ကြိုးကို ပယ်နုတ်၍ ထားအပ်သော ပုတီးလုံးဘို့သည် တွဲ၍မနေ တလုံးစီနေဘိသကဲ့သို့ ထင်မြင်၏။ ထို့ကြောင့် သင်္ကာယဒိဋ္ဌိ ချုပ်ငြိမ်း ပါလျှင် အပါယ် ကျကြောင်းအကုသိုလ်တွေ အာကုန် ချုပ်ငြိမ်းကြလေကုန်၏။ ဥပမာ သော်ကားကြိုးမရှိသော ပုတီးလုံးမျှားကဲ့သို့တည်း။

၉၈။ သောတာပန်ပုဂ္ဂိုလ်ခေသိနိုင်ပုံနှင့် သဒ္ဓါတရားခိုင်မြဲပုံ

သုရမ္ဇဉ္ဇာဆွေ။ "ရုပ်,နာမ်, ခန္ဓာတို့၏ အဖြစ်, အပျက် သဘောကို သောတာပန် အရိယာတို့ အသိ ပိုင်နှင့်မှာ သုရမ္ဇဉ္ဇသည် မြက်စွာ ဘုရား၏ တရားကို နာ(၇)ဖူး ရသဖြင့် သောတာပန် ဖြစ်ပြီး ဘိမိအပြုန်တွင် မာရ်နတ်ကြီးက ဘုရား အသွင် ပန်ဆင်း၍ ရောင်ခြည်တော်ခြောက်သွယ်လွှတ်လျက် ဘိမိတံခါးဝမှာ နေသော အခါ

သုရမ္ဘုက "မြတ်စွာဘုရား အာဘယ်ကိစ္စရှိပါသနည်း" ဟု ကန်တော့ကာ မေးလျှောက်ရာ၊ မာရ်နတ်ကြီးက "ဒါယကာသုရမ္ဘု- ငါဘုရားသည် စောစောက သင်္ခါရတရား အားလုံး အမြဲမရှိဟု အမှတ်တမဲ့ ဟောလိုက် ပါသည်။ အချို့မမြဘူး အချို့သာ မြဲသည်ဟု ပြင်၍ မှတ်သား၊ရမည်" ဆိုသောအခါ သုရမ္ဘုသည် မြတ်စွာဘုရားက သင်္ခါရ အားလုံးမမြဲကြ ဟု ဟောပြော ချက်ကို ကွက်ကွက် ကွင်းကွင်း ပိုင်ပိုင် နိုင်နိုင် သိမြင်၍ အဂၢိယာ အစစ်ဖြစ်ပြီး လေသောကြောင့် ယခု နှစ်ဆ, နှစ်ချီး ပြောသာသော စကားသည် ဂေကန်မှားဏ်ဟု ချက်ခြင်းဆုံးဖြတ်နိုင်လေ၏။ ပြောသူသည်လည်း မြတ်စွာ ဘုရားမဟုတ်၊ လိမ်ပြော သော မာရ်နတ်ကြီးသာ ဖြစ်ရမည် ဟုလည်း ချက်ခြင်း မတွေမဝေ အမှန်အားဖြင့် ဆုံးဖြတ်ကာ "အသင်သည် မာရ်နတ်ကြီးမဟုတ်ပါ သလော" ဟု မေးလိုက်ရာ ရောင် ခြည်တော် ခြောက်သွယ် ကွပ်ပျောက်၍ မာရ်နတ် ကြီးသည် ထင်ရှားစွာ ပေါ်လာရလေသည်။သို့ပါ၍ အာရိ ယာဝံ့၏ အသိသည် ဤမျှလောက် ပိုင်ပါသည်။ သင်္ခါ ဝရားသည်လည်း ဤမျှလောက် နိုင်မြဲပါသည်။ မြတ်စွာ ဘုရားအသွင် ဖန်ဆင်း၍ လိမ်လို့ပင် မရသည်ကို သတိ ပြုတော်မူကြပါ။

ဥဒ္ဒ။ သောဘာပန် အာရိယာ အင်္ဂါ (၄) ပါး

ပ။ မြတ်စွာဘုရား၏ ဂုဏ်တော် ၉-ပါးနှင့် မတူနိမ့်ပါး သော ကြည်ညိုခြင်း။ ။အသက် အသေခံ၏၊ မြတ် စွာဘုရားနှင့်ကား အကြည်အညို မပျက်ပါ။

၂။ တရားတော်၏ ဂုဏ်တော် ၆ ပါးနှင့် မတုန် မလှုပ်သော ကြည်ညိုခြင်း။ ။အသက်အသေခံ၏၊ တရားတော်နှင့်ကား အကြည်အညိုမပျက်ပါ။

၃။ သံဃာတော်၏ ဂုဏ်တော် ၉-ပါးနှင့် မတုန်မလှုပ်သော ကြည်ညိုခြင်း။ ။အသက် အသေခံ၏၊ သံဃာတော်နှင့်ကား အကြည်အညိုမပျက်ပါ!။

၄။ ငါးပါးသီလကို မကျိုးမပေါက် မပြောက် မကျား ကောင်းမွန် လုံခြုံစွာ စောင့်သုံးခြင်း။ ။ အသက်အသေခံ၏၊ ငါးပါးသီလကိုကား အပျက် မခံပါ။

ထိုအဂ် ၇လေးပါးကို အရိယာကြွေးမုံတရား(တနည်း) အရိယာ မှန်ပြတရား ဟူ၍ ခေါ်ပါသည်။ မြတ်စွာဘုရား ဟောပြသော စစ်တမ်းကြီး ဖြစ်ပါသည်။ သောတာပန် အရိယာစစ် ဖြစ်ပြီးသော ပုဂ္ဂိုလ်တို့သည် မဂ်ဖြင့် အလိုလို ရရှိသော ထူးကဲ ထက်မြက်သော အဓိဂမ သဒ္ဓါ၏ အစွမ်း သတ္တိဖြင့် ရတနာသုံးပါး တို့ကိုသာလျှင် အဓိဋ္ဌေး အမြဲတ် ပြုတတ်ကုန်၏။ လောကီစည်းစိမ် ပစ္စည်းဥစ္စာ တို့ကိုကား ရတနာ သုံးပါးလောက် မပုံမကဲ့ ကြပါ။ ငါးပါးသီလကို မကျိုးမပေါက် မပြောက်မကျား ဖြစ်လေအောင် မိမိ၏ အသက် စည်းစိမ်ဖြင့် လဲ၍ စောင့်သုံး၏။

၁၀၀။ အရိယာတို့၏ သဒ္ဓါတရား ခိုင်မြဲပုံ ရတနာသုံးပါးကို လောကစည်းစိမ်ဖြင့် မလဲနိုင်ပုံ

သုပ္ပဗုဒ္ဓ သူတောင်း စေးဝယ်သူ၊

မြတ်စွာ ဘုရား ဟောပြော သော တရားမဏ္ဍာပ် အပြင်နားမှ နေ၍ မြတ်စွာဘုရား ဟောပြော သော တရားကို နာကြားသော သုပ္ပဗုဒ္ဓ-ကိုယ်မကောင်းသော သူတောင်းစား ကြီးသည် မြတ်စွာဘုရား၏ တရားတော် ကိုနာကြားပြီးသည်၏ အဆုံးဌ သောတာပန်အစစ်ဖြစ်လေ သောအခါ၊ တရားပွဲအပြီး မကြာမီပင် သိကြားမင်းက လာ ရောက်၍ လောကတွင် စားသုံး၍ မကုန်နိုင်သော ပစ္စည်း ဥစ္စာ ပေးပါမည်။အနှုရောဂါလည်း ပျောက်ကင်းပါမည်။ "ဘုရားမဟုတ်, တရား မဟုတ်, သံဃာမဟုတ်" ဟု ဆိုရန် သိကြားမင်းက ဖျားယောင်းသွေးဆောင်ပါသော်လည်း မိမိရအပ်ပြီးသော ရတနာသုံးပါးတို့၌ ထူးကဲ ထက်မြက် ကြည်ညိုလေးစားသော အဓိဂမ သဒ္ဓါ မပျက်သဲ့ လောကီစည်းစိမ်ကို မငဲ့မူ၍ "ဟယ်-သိကြား မင်း ငါ လူဆင်းရဲမဟုတ်၊ ငါ့မှာ သူတော်ကောင်း ဥစ္စာ သဒ္ဓါ, သိ်လ, သုတ, စာဂ, ပညာ, ဟိရိ, ဩတ္တပ္ပ ပစ္စည်းမျာ်းရှိ သည်ဟု" ပြန်ပြောတော့မှ ကွယ်ပျောက်သွားလေ၏။

ယခုခေတ်ပေါ် အရိယာ အတု, အပတို့မှာ "ဤသံဃာ ဖွဲ့သည် ငါတို့ကဲ့သို့ အရိယာမဟုတ်ကြ၊ ပဋိပတ္တိ အလုပ် ကိုလည်း အားမထုတ်ကြဘဲ စာအုပ်ထဲက ပြောသမျှနှင့်

ကြေနပ်နေကြသည်''ဟု မကြည်ညိုသည့်အပြင် ကဲ့ရဲ့ပြစ်တင်မှုကိုပင် ပြုလုပ်ကြကုန်သေး၏။ သတိထားကြပါလေ။ ရတနာသုံးပါးတို့၌ ထူးကဲထက်မြက် ကြည်ညိုလေးစားခိုင်မြဲသော အဓိဂမ သဒ္ဓါ ရှိ,မရှိစစ်တမ်းသည် အလွန် သိလွယ်,မြင်လွယ်သော စစ်တမ်းကြီး တခုဖြစ်ပါသည်။

၁၀၁။ အဓိယာစစ်လျှင် မုသားမပြော အပြစ်ကို ဝန်ခံ၏

ခန္ဓာဘုရား ကျွန်မ ဝတ္ထု

သာမာဝတီ မိဖုရား၏ကျွန်မဖြစ်သော ခန္ဓာဘုရာသည် မိမိအရှင်မက နေ့ထိုင်း ပန်းရှစ်သပြာတိုး ဝယ်ခိုင်းရာ လေးသပြာခိုးယူကာ လေးသပြာတိုးသာလျှင် ဝယ်ယူ၍ အရှင်မအားပေး၏။ ထိုကျွန်မသည် တနေ့သ၌ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရသောအခါ–အဓိယာဖြစ်လာသဖြင့် လေးသပြာ ဖြတ်မစားတော့ဘဲ ပန်းရှစ်သပြာတိုးဝယ်ယူလာ၏။ ပန်းအမျှားကြီး ပါလာသဖြင့် အရှင်မက မေးသောအခါ အရှင်မအား ရှေးရက်မျှားက ဖြတ်စားခဲ့သည်ကို ရဲဝံ့စွာ ဝန်ခံပြောဆို၏။သောတာပန်အဓိယာ ဖြစ်လာသော အခါ သူတပါး၏ ပစ္စည်းကိုမယူ၊မုသားလည်းမပြောအပြစ်ကိုပင်ရဲဝံ့စွာဝန်ခံပြောဆို၏။

အဓိယာစစ်လျှင် မုသားမပြော အသက်အသေခံ၏။

သာကီဝင် အဓိယာများ ဝတ္ထု

ဝိဒူဒူဘက သာကီဝင်မျိုးကို သာ သတ်လို၏။ သာကီဝင်မျိုး မဟုတ်သူကဲ့ မသတ်လို။ သို့ရာ

တွင် မြို့ပေါ်မှာ သာကီဝင်ဟုတ်သူနှင့် မဟုတ်သူတို့ ရော နှော နေသောကြောင့် "သင်သည် သာကီဝင်မျိုးလော" ဟု မေး၍ "သာကီဝင် ဟုတ်ပါသည်" ဟု ဝန်ခံမှ သတ် ၏။ ဤ၌ သာကီဝင် ဟုတ်ပါသည်ဟု ပြောလျှင် သတ်မည် ဟု သိပါသော်လည်း မေးသောအခါ သာကီဝင် အဂိုယာ တို့သည် အသက်ကို ငဲ့ကွက်ခြင်းမရှိဘဲ၊ မုသားမပြော ဘဲ သာကီဝင်ဟုတ်ပါသည် ဟု ပြောကြ၏။ အသက် အသေခံကြ၏။

အဂိုယာဖြစ်ပြီးဟု ထင်နေကြသော ပုဂ္ဂိုလ်တို့သည် မိမိတို့ကိုယ်ကို မိမိတို့သည် စစ်ကြည့်ရန် အလွယ်ဆုံး စစ်တမ်းတခု ဖြစ်ပါသည်။ ဤကဲ့သို့ စစ်ကြည့်ကြ၍ အဂို ယာစစ် အဂိုယာမှန် မဟုတ်ကြောင်း သိကြပါလျှင် သံသ ရာဘေး ဒုက္ခကို အလွန်အမင်း ကြောက်ကြပြီးလျှင် လောက ဂုဏ်ပျက်မည်ကို မငဲ့ကွက်ဘဲ အဂိုယာအစစ် အမှန်ဖြစ်ကြရန် လမ်းမှန်ကို လိုက်၍ကျင့်ကြံ ပွါးများ အားထုတ်ကြပါ ဝမ္မ မိတ်ဆွေ အပေါင်းတို့။

၁၀၂။ ခြိုးခြောက်ချို့ မဟုက်နိုင်သော အဓိဂမ သဒ္ဓါဘရား

ဒုနဒူးနိပုဇ္ဇေးမ၏ ဇာတ်။

တဒေနဲ့ သဒ္ဓါ လင်ယောကျ်ားဘာရ ဒ္ဒါဇ ပုဏ္ဏားကြီးသည် မိမိ၏ အိမ်မှာ ပုဏ္ဏား(၅၀၀)ကို ထမင်း ကျွေးရန် ဘိတ်ခေါ်ထားသဖြင့် မိမိ၏ မယား အဂိုယာ ဒုနဒူးနိ ပုဇ္ဇေးမအား "မင်းသည် နေရာ တိုင်းမှာ အဆိုန် မကျွေး

'နမော ဗုဒ္ဓဿ' ဟု ဆိုလေ့ရှိ၏။ နက်ဖြန် ငါ့အဖေါ် ပုဏ္ဏား (၅၀၀) ငါ့အိမ်မှာ ထမင်း စားနေစဉ် မင်းက 'နမော ဗုဒ္ဓဿ'ဟု ရွတ်ဆိုလိုက်လျှင် သူကိုက ငါ့အဖေါ်မှာ အထင်လွဲပြီး သဘော ကွဲကွဲနန် ကြလိမ့်မည်'' ဟု တောင်းပန် သော်လည်း ဓနဥ္ဇာနိုက ''ဘုရား သတိရလျှင်တော့ မတင်တိုင်ဘူး ရွတ်ဆို မှာဘဲ''ဟု ပြန်ပြော သဖြင့် ပုဏ္ဏားကြီးက သံလျက်ဓါးကြီးကို ပြ၍''ပော့ရှင်မ ကြည့်စမ်း နက်ဖြန် ပုဏ္ဏားတွေ့ရှိနေစဉ် 'နမော ဗုဒ္ဓဿ' ရွတ်လျှင် မင်းကိုယ်ကို ဤသံလျက်ဖြင့် ခေါင်းမှ ခြေဖျား အထိအပိုင်းပိုင်း ခုတ်ဖြတ်မည်''ဟု ခြိမ်းခြောက် ပြောဆို ၏။ ဤသို့ခြိမ်းခြောက် ထားပါသော်လည်း ပုဏ္ဏားများ အား ကျွေးမွေးနေစဉ်ပင် ဓနဥ္ဇာနိသည် ထိုနိုက်နာကျင် မှုကြောင့် 'နမောဗုဒ္ဓဿ' ဟု ရွတ်ဆိုမိလျှင် ပုဏ္ဏား လေ့ရှိသည်များ ကြား၍ ထပြန်သော အခါ လင်ဖြစ်သူ ပုဏ္ဏားကြီးသည် ပုဏ္ဏေးမအား အမျိုးမျိုး ဆဲဆိုပြီးလျှင် မြတ်စွာဘုရားအား မေးခွန်း မေး၍ ဝါဒ တင်မည်ဟု ဘုရား ထံ သွားရာ မြတ်စွာ ဘုရား၏ တရားဟော ကြားနာရ၍ ရဟန်းခံပြီးလျှင် မကြာမီ ရဟန္တာ ဖြစ်၏။ အရိယာစစ်လျှင် ဓနဥ္ဇာနိ ပုဏ္ဏေးမကဲ့သို့ မစွန့် လွှတ်နိုင်ဘဲ ခိုင်မြဲသော သဒ္ဓါနှင့် ပြည့်စုံ ကြရပါမည်။ စစ်ကြည့် ကြပါလေ။ယသအရိယာတရ များမှာမူကား အထင်ကြီးပြီး ဒိဋိကိုယ်ကို စိတ်ချ၍ မြတ်စွာ ဘုရားကို အကြည် ဒုဿီ ပင် ပေါ့လျော့နေကြကုန်သေး၏။

ဆင်းရဲသား လင်မယား
ဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူစဉ် ထိုမြို့၌ သောတာပန် လင်နှင့် မယားတို့သည် ပစ္စည်း ဥစ္စာနည်းပါးပြီး အားကြီးသော သဒ္ဓါတရား ရှိကြကုန်၏။ ရှာဖွေရသမျှ နံနက်ဝိုင်း ဆွမ်းခံလာသော ရဟန်းများအား ပေးလှူသဖြင့် ဖိုမိတို့ တော်ပြတ် မွတ်သိပ်ခြင်းဖြစ်ရသည်က များ၏။ သို့သော် သူတို့၏ သဒ္ဓါတရားကား ဆုတ်ယုတ်လျော့ပါးခြင်း မရှိကြကုန်။ ဂုဏ်း အဝေကြောင်းကို တဆင့် စကား မြတ်စွာဘုရား ကြားလေလျှင် ရဟန်းတို့အား ပြစ်တင် ဆုံးမပြီးလျှင် သိက္ခာပုဒ် အစဉ်၌ ပါဝင်သော ပါဠိဒေသနာအာပတ်ကို ပညတ်တော်မူရလေသည်။

အနာထပိဏ်
ဝတ္ထု

သောတာပန် အနာထပိဏ် သူဌေးကြီးသည် အလှူ ဒါနက များပြီး ဝင်ငွေ နည်းပါး သဖြင့် ဖိုမိ၌ ရှိသော ဥစ္စာ ပစ္စည်း ကုန်ခန်းကာ ဆင်းရဲသား ဘဝ ရောက်ရသော်လည်း အလှူဒါန ပေးလှူရာ၌ မရောင့်ရဲနိုင်ပါ။ ဖိုမို၏ သတ္တမ တံခါး မုခဒောင့် နတ်က အလှူဒါန ပေးလှူခြင်း ရပ်စဲ့ ထားပါရန် လာတောင်း ပန်သော အခါ ဖိုမို၏ စေတနာ သဒ္ဓါတရားကို ဝိတ်ပင်လာသဖြင့် ဖိုမို၏ တံခါး မုခ်ဝင် မနေရန်နှင့်ပစ်ကြောင်း ဝတ္ထုရပါသည်။ အရိယာ စစ်ဘို့၏ သဒ္ဓါဘရားကို ဖျက်၍မရပါ။ လှူဒါန်း၍ တင်းမတိမ်ပါ။ ပေးကမ်း၍ မရောင့်ရဲပါ။ အလွန် ကောင်းသော စစ်ဘမ်းဘရပါဘဲ။ စစ်ကြည့်ကြပါလေ။ငါ အပါယ်မကျ

တော့ဘူး၊ လူ့စရာမလိုတော့ဘူးဟု ယခုကာလ အရိယာအတုအပကဲ့သို့ မနေကြပေ။ သတိပြုကြပါလေ။

မဋ္ဌကုဏ္ဍလီ၏ အဘ သူဌေးဝတ္ထု

မဋ္ဌကုဏ္ဍလီ၏ အဘ သူဌေးကြီးသည် အလွန် စေးနဲသဖြင့် မစား ရက်, မသောက်ရက်နိုင်ဘဲ၊ ဒိဗိ၏ သားကလေးအတွက် နားခောင်းလုပ်ပေးရန် လက်ခပေး ရမည်ကို နှမြောခြင် မလုပ်ပေး။ သားကလေး နာဖျားသော အခါဒွိလည်း ငွေကုန်မှာစိုးခြင် ဆေး ဆရာမခေါ်ဘဲ သား ကလေးအသက် ဆုံးရှုံး ရသော်လည်း စေးနဲ လှသဖြင့် သဒ္ဓါတရား မရှိခဲ့ချေ။ သို့ပါသော်လည်း ထို ကပ်စေးနဲ သူဌေးကြီးသည် သောတာပန် အရိယာစစ် ဖြစ်လာ သည့် အခါဒွိ ဒိဗိ ပစ္စည်း ဥစ္စာ အားလုံးကို သာသနာ တော်၌ စွန့်လိုက်၏ဟု လာ၏။

အထက်ပါ ဝတ္ထု၌ကို ကြည့်ပါလျှင် အလွန်အကဲ ဖြတ် ခိုင်မြဲသော အဓိဂမသဒ္ဓါတရားသည့် အလွန်ထင်ရှား လှသော အရိယာစစ်တို့၏ ဂုဏ်အင်္ဂါကြီးတရ ဖြစ်သဖြင့် အလွန်သိမြင်လွယ်သော အရိယာ စစ်တမ်းကြီးတရ ဖြစ် ပါသည် သေသေချာချာ စစ်ကြည့်ကြပါလေ။

၁၀၄။ အရိယာစစ် လောဘ ခေါင်းပါး၏

မောင်ကာလ ဝတ္ထု

အနာထပိဏ်သူဌေးကြီးသည် ဒိဗိ ကျိသား မောင်ကာလ၌ ပုတန်း သိုးဝါး တို့ကိုလည်း မဆည်းကပ် မကိုးကွယ်၊ လေးငွေကာ ဖိုက်မဲ့၍ နေထိုင်သောကြောင့်

ထိုသားကို ချော့မော့ နားချကာ ငွေသပြာကို ပေး၍ မြတ်စွာဘုရားကျောင်းမှာ ဥပုသ်စောင့်ခိုင်းရာ ပဌမနေ့တွင် တော်ရာမှာ အချိန်ကုန်ခဲ့ပြီး ပြန်လာ၍ ငွေသပြာ ကိုလည်း ယူလေ၏။ နောက်တနေ့ အဘ သူငွေးကြီးက ငွေသပြာကိုလည်း ထပ်၍ ပေးပါမည်၊ ဒီနေ့တော့ မြတ်စွာဘုရား၏ တရားတပုဒ်ကို နာခဲ့ပါဟု သားကိုချော့မော့ကာ အတန်တန် မှာကြား လိုက်သော အခါ၊ သားမောင်ကာလသည် မြတ်စွာဘုရား၏ တရားပွဲသို့ဝင်ကာ တရားနာပြီးသည်၏ အဆုံးဌ သစ္စာ လေးပါးကို သိမြင်ကာ သောတာပန် အရိယာ အစစ် ဖြစ်လေတော့ အဘသူငွေးကြီးပေးသော ငွေသပြာ ကိုလည်းမယူတော့ပြီ။

ဂန္ဓာဘိဝေဒက
စေတရ ဝတ္ထု

တနေ့သဒ္ဓါ ဇောတဝန် ကျောင်းတော်၌ မြတ်စွာဘုရား တရားဟောနေစဉ် တရားနာ ပရိသတ်ထဲတွင် ခါးပိုက်နှိုက်သူခိုး ဓိတ်ဆွေ နှစ်ဦးပါဝင်၏။ ထို နှစ်ဦးတို့တွင် တဦးသည် တရားကို ရိုသေစွာနာ၍ သောတာပန် အရိယာဖြစ်လေ၏။ အခြားတဦးမှာ ခါးပိုက်နှိုက် ခိုးယူခဲ့၍ ငါးပဲမျှရခဲ့၏။ ထိုသူက အိမ်သို့ ရောက်သော အခါ သူ့ ဓိတ်ဆွေကို "ဒီလောက်လူမျှားပြီး ချောင်လည်သောနေရာမျိုးမှာ-မင်း နှိုက်မရတာ မင်းအလွန် လိမ္မာနေလို့ပေါ့" ဟု ပြောင်လှောင် ပြောဆိုလေ၏။ အရိယာဖြစ်သော ဓိတ်ဆွေမှာကား အရိယာဖြစ်လျှင် လောဘခေါင်းပါးကာ ခါးပိုက်မနှိုက်တဲ့, မခိုးတဲ့ နေခြင်းဖြစ်သည်။

သို့ပါ၍ အရိယာ ဖြစ်လာလျှင် မြင့်မိုရ်တောင်မှာကြီး သော လောဘသည်ပင်လျှင် ယုတ်လျော့ ခေါင်းပါးသွား ပါသည်။ စစ်ကြည့်ကြပါလေ။

၁၀၄။ အရိယာတို့သည် ဗိဒိအတွက် သူတပါး၏ အသက်ကို မသေစေ ဗိဒိအသက်ကိုသာလျှင် အသေခံကြ၏

နွဲ့ထွင်းသမား ဝတ္ထု

သာဝတ္ထိပြည်၌ ပသေနဒိ ကောသလမင်း၏ ရွဲထွင်း သမားသည် အမဲကိုစင်းချတ်၍နေ ခိုက် မင်းကြီး၏ ရွဲတော်တလုံးကိုထွင်း ပေးရမည်ဟု အပ်လေ၍ အနားဦး ချထားခဲ့၏။ ထိုအနား ဦးလည်း ရဟန္တာတပါး ထိုင်နေလျက်ရှိ၏။ ရွဲထွင်းသမား လည်း အမဲကိုကိုင်လျက် အိမ်တွင်းသို့ဝင်ခိုက် ပိဒိမွေး ထားသော ကြိုးကြာ တကောင်းလာ၍ အမဲထစ်အမှတ် ဖြင့် ရွဲလုံးကို မျှို၏။ အနားက ရဟန္တာသည် မြင် တော်မူလေ၏။ ရွဲထွင်း သမားလည်း ထွက်လာ၍ ရွဲကို မဖြင်သဖြင့် ရဟန္တာကိုမေး၏။ ရဟန္တာလည်း မြင်သော အတိုင်း ပြောလိုက်လျှင် ကြိုးကြာ သေမည်ကိုသိ၍မတုန်မ လှုပ် နေတော်မူ၏။ ရွဲထွင်းသမားလည်းတကြိမ်,နှစ်ကြိမ် မေး၍ မရသောအခါ ရဟန္တာ၏ ကိုယ်ကို ကြိုးနှင့် စည်း ပြီးမှ တုတ်နှင့်ရိုက်နှက်၏။ သို့သော်လည်း ဘာမှမ ပြော။ ကြိုးကြာသည် ထိုရဟန္တာမှ ယိုးထွက်သော သွေး ကို လာသောက်သောအခါ ရွဲသမားက ထို ကြိုးကြာ ကိုပါ ရိုက်သတ်လိုက်၏။ ဒေါသအလျောက် တုတ်ခတ်

သွားခြင်းဖြစ်ပါသည်။ ထိုအခါ ရဟန္တာက "ဒါယကာ ကြိုးကြာသေဖြီလား" ဟု သုံးကြိမ်မေး၏။ ရဲတွင်းသမား ကလည်း ကြိုးကြာသေကြောင်း သုံးကြိမ် ဖြေတော့ "ဒါယကာ့ ဥစ္စာရတော့မည် ငါ့ကိုလွှတ်လော ဟု ဆို၏။ ရဲတွင်း သမားကလည်း ပေးမှ လွှတ်မည် ပြောသဖြင့် ကြိုးကြာ၏ဇလုပ်တွင် ယူလေလော ဟု ပြောရာ၊ ကြိုးကြာ၏ ဇလုပ်မှ ဂျာရသဖြင့် ရဟန္တာကို လွှတ်လိုက်လေ၏။ ထို ရဟန္တာသည် တရက်, နှစ်ရက်ကြာလျှင် ပရိနိဗ္ဗာန် ပြုတော်မူလေ၏။ အရိယာစစ်တို့မည်သည် မိမိအတွက် သူ တပါးတို့၏ အသက် မသေစေလို။ မိမိ၏ အသက်ကို သာလျှင် အသေခံကြ၏။

၁၀၅။ အရိယာ သေရည်မသေဂုဏ်

ဘဝန္တော် ဟိ အရိယသာဝကော ဇိဝိ တမ္ပေတုံ နေဝ ပါဏံ ဟနတိ၊ နု သုရံ ပိဝတိ၊ သစေပိသ သုရဉ္စ မိရဉ္စ ပိသေ တွာ မုခေ ပက္ခိပန္တိ၊ မိရမေဝ ပဝိသတိ။ နု သုရာ၊ ယထာကိံ ကောဉ္စသကုဏာဒီနံ မိရမိသကေ ဥဒကေ မိရမေဝ ပဝိသတိ၊ နု ဥဒကံ။ ။

(သီလက္ခန် အဋ္ဌကထာ)

အဓိပ္ပါယ်ကား။ ။ဤစကားသည်မှာနှိ၏-ဘဝတပါး သို့ ရောက်သော အရိယာ သာဝကသည် အသက်၏ အန္တရာယ် ဖြစ်ခြင်းကြောင့်လည်း အသက်ရှိသော သတ္တဝါကို သတ်လည်းမသတ်

အရက်ကို သောက်လည်း မသောက်။ အရက်ကိုဂုဏ်း၊ နို့ရည်ကိုဂုဏ်း ရောနှော၍ ထိုအရိယာသာဝကတို့၏ ခံတွင်းဒွါ အကယ်၍ ထည့်ငြားအုံ့ နို့ရည်သည်သာလျှင် ဝင်၏။ အရက်သည်မဝင်။ ဥပမာပုံဆို အာဘယ်ကဲ့သို့ နည်းဟူမူ ကား ကြိုးကြားဌက်တို့၏ ခံတွင်းဒွါ ရေနှင့် နို့ရည်ရော သဖြင့် အကယ်၍ ထည့်ကုန်ငြားအုံ့ နို့ရည်သာလျှင်ဝင်၏၊ ရေသည်မဝင်။

သောကပန် ပုဂ္ဂိုလ်တို့သည် သူတပါး၏ အသက်ကို မည်သည့်အခါမျှမသတ်၊ ပိုး၌,ချပုန်း, သန်း, ကျပိုးကလေး တကောင်ကို မင်းသတ်ရမည်၊ မသတ်လျှင် မင်းကိုသတ် မည်ဟု ပြောဆိုသော်လည်း ဗိမိ၏ အသက် ကိုသာ အသေခံသည်၊ သူတပါး၏ အသက်ကိုကား မသတ်။

သောတာပန် ပုဂ္ဂိုလ် ကိုသည် မည်သည့် အခါမျှ အရက်ကိုမသောက် မင်းသည့် အရက်ကိုသောက်ရမည် မသောက်လျှင် ဟောဒိ မီးပုံကြီးထဲသို့ ချန်ဆင်းရမည်ဟု ပြုလုပ်သော်လည်း မီးပုံကြီးထဲသို့ ချန်ဆင်းမည်၊ အရက် ကို မသောက်ပါ။

၁၀၆။ သောတာပန်သည် အဂတိ (၄) ပါး မလိုက်စား

သောတာပန် အရိယာတို့သည် ဗိမိတို့၏ မြင့်ပြီးသော သိလကို အပျက်မခံ။ သိလအပျက်ခံမည့် အစား ဗိမိတို့၏ အိုးအိမ် စည်းစိမ်နှင့် အသက်ကိုပင်သော်လည်း စွန့်ရာ၏။ သို့ပါ၍ ဗိမိချစ်သူ ဖြစ်၍ငင်း၊ မုန်းသောသူ ဖြစ်၍ငင်း၊

တွေ့ဝေသော မောဟကြောင့်ဂုဏ်၊ ကြောက်ဖွံ့ သော ကြောင့်ဂုဏ် ပစ္စည်းဝယ်ရာ, တရားစီရင်ရာ, အဆုံး အဖြတ် ပေးရာတို့၌ မျက်နှာလိုက်၍ မမှန်မတရား ဝဘန် ခြင်း, စီရင်ခြင်း, ဆုံးဖြတ်ခြင်းတည်းဟူသော ဆန္ဒာဂတိ, ဒေါသာဂတိ, မောဟာဂတိ, ဘယာဂတိ တို့ကိုလည်း သောတာပန်အရိယာတို့ ပယ်ကြ၏ ဟု **ဒိဋ္ဌိမင်္ဂ အဋ္ဌ ကထာ**၌ ဘွင့်ပြထားပါ၏၊ ထင်ရှားစွာ သိလွယ်,ဖြင်လွယ် သော စစ်တမ်းတခု ဖြစ်ပါသည်။ စစ်ကြည့်ကြပါလေ။

၁၀၇။ ပုထုဇ္ဇန်နှင့် သောတာပန် ခြားနားပုံ

ပုထုဇ္ဇန်တို့သည် ဖြစ်ရာဘဝမှာ သစ္စာ လေးပါးကို မြင်သိရန် ဆရာရှာရ၏။ သောတာပန် တို့မှာ သစ္စာကို မြင်သိသော မဂ်ဉာဏ် ဖိုလ် ဉာဏ် အမြဲ ပါနေလေ သောကြောင့် ဆရာမလို၊ ဓိဝိ ဘာသာပင် အရဟတ္တ မဂ်သို့ တိုင်အောင် တက်နိုင်၏။သောတာပန်သည် ဇာတိ ချုပ်လိုသော ဆန္ဒဖြင့်သာ ကျင့်၏။ သမ္မာအာဇီဝဖြင့်သာ အသက်မွေး၏။ မင်္ဂဝ် အကျင့်နှင့် ပြည့်စုံ၏။

လူပုထုဇ္ဇန်သည် သားမယားနှင့်နေ၏။ ပစ္စည်းရှာ၏။ ထို့အတူ လူသောတာပန် သည်လည်း သားမယားနှင့် နေ၏။ ပစ္စည်း ရှာ၏။ အရပ်ထဲမှာ လူပုထုဇ္ဇန်နှင့် လူ သောတာပန် တို့သည် အသွင် အပြင် အနေ အထိုင် တူသလို ထင်ရ သော်လည်း အစွဲတွဲ နှလုံး သွင်းမှာ အလွန်အလွန် ကွာခြား လေသည်။ သောတာပန်သည် ကာမဂုဏ် ခံစားဦးတော့၊ ထိုတဏှာကို ပယ်ရမည်ဟု

သိ၏။ပယ်ပါမည့် ဟူ၍လည်း ပြဋ္ဌာန်း၏။ ပုထုဇ္ဇန် မှာမူ ပယ်ရမည်ဟူ၍လည်းမသိ။ ပယ်ရန်လည်း ဆန္ဒမရှိ။ဤသို့ အာရုံတို့ နှလုံးသွင်းပုံခြင်း ကွာခြားလေ၏။

အောက်ဖော်ပြပါ ပုဂ္ဂိုလ် တို့၏ သန္တာန်၌ ပုထုဇ္ဇန် ဘဝ စိတ်နေစိတ်ထားနှင့် သောတာပန် အရိယာဘဝ စိတ် နေစိတ်ထား ကွာခြား ပုံကိုလည်း သိမှတ် စရာ ကောင်း ပါသည်။

၁။ ဂဏ္ဍာဘေဒက-စောရ ဝတ္ထုတွင် ခါးပိုက်နှိုက် သူဦး နှစ်ဦးတို့သည့် ဇောတဝန် ကျောင်းတော်၌ မြတ်စွာဘုရား တရား ဟောနေစဉ် ခါးပိုက်နှိုက် ရန် ပရိသတ်ထဲ ဝင်ပြီး တရား နာကြ ရာမှာ တယောက်သောသူက တရားနာ၍ သောတာပန် ဖြစ်းသဖြင့် ခါးပိုက် မနှိုက်တော့ဘဲ ပြန်လာ၏။ ကျန်တယောက်က ငွေ ငါးပဲ ခါးပိုက် နှိုက်ရပြီး ပြန်လာ၏။ ခါးပိုက်နှိုက်ရန် သွားသော ပုထုဇ္ဇန် သည် ပင်လျှင် အရိယာ ဖြစ်လာလျှင် အသက် သေပေစေ သူတပါး၏ ပစ္စည်း ကိုကား မယူ မိုးတော့ပေ။

၂။ 'အရိယာ' အမည်ရှိသော ပုထုဇ္ဇန် တံငါသည် သည် ငါးမျှားနေရာ မြတ်စွာ ဘုရားက 'အရိယာ' ဆိုသော အမည်ကို ယူထားလျှင် တံငါ အလုပ် မျိုး မလုပ်ရဘူး ဟု ဆုံးမ ဟောပြ သဖြင့် အရိယာ သောတာပန် ဖြစ်လျှင် မိမိအသက်သေ

ပေစေ သူတပါး၏ အသက် ကိုကား မသတ် တော့ပေ။

၃။ မဠကုဏ္ဍလီ၏ အဘ သူဌေးကြီးဝဏ္ဏ၊တွင်လည်း ပုထုဇ္ဇန် ဘဝမှာ မည်မျှပင် သဒ္ဓါတရား နှံ့ဖြောလှသော်လည်း အရိယာ ဘဝ ရောက်လာ သောအခါ ရက်ရက် ရောရော သဒ္ဓါ တရား ထက်သန်စွာ လှူဒါန်းပေးကမ်း လေတော့၏။

၁၀၀။ အရိယာတို့၏ သဘာဝသဘွဲ့

သစေ ဟိ ဘဝန္တွ ရဂတံ အရိယ သာဝကံ
အတ္တာ နော အရိယဘာဝံ အစာနန္တွ ဗိဒိ
ကောစိ နံ ဝဒေယျ ဣမံ ကုဆဲ ကိဝိလွက်
ဝေါရောပေတွာ သကလစက္ကဝါဠဝန်တွေ
စက္ကဝတ္တိရဇ်ံပဒိုပတွာ ဟိဘိ၊နေဝ သော
တံ ဇိဝိတာ ဝေါရောပေယျ၊ အထာပိ နံ
ဇေံ ဝဒေယျ သစေ ဣမံ နယာတေသတိ။
သိသံ တေ ဆိန္ဒိသာမာတိ၊ သိသ
မေ ဝသ ဆိန္ဒေယျ၊ နှ စ သော တံ
ဃာ:တေယျ။

(ဥပရိပဏ္ဏာသအဋ္ဌကထာ ဗဟုဓါတုကသုတ်အဖွင့်)

အဓိပ္ပါယ်ကား။ ။အရိယာတွေ စည်းမျဉ်း သေသည်ကို ထင်ရှားအောင်ပြဆိုဦးအံ့။ဘဝတပါးသို့ ရောက်သော အရိယာသည် မိမိ၏ အရိယာ အဖြစ်ကို အကယ်၍ မသိစေကာ မှားယွင်းစွာ တယောက်သော သူက ထိုအရိယာအား ဤပိုးရွဲချပုန်းကို ဇီဝိဘိန္ဒြေမှ အကယ်၍

ချပ်ါမူကား အလုံးစုံသော ဤစကြဝဠာတိုက်၌ စကြ
မင်းကြီးအဖြစ်ကို ဖြစ်စေအံ့ဟု ပြောဆိုသော်လည်း ထို
အရိယာမှန်း မသိသေးသော သောတာပန်သည် ထိုပိုးရှ
ချပုန်းကို ဇီဝိတိန္ဒြေမှ မချရာ၊ ထိုမှတပါးလည်း ဤသတ္တ
ဝါကို အကယ်၍ မသတ်သည်ဖြစ်အံ့၊ သင့်၏ဦးခေါင်းကို
ဖြတ်အံ့ဟူ၍ ထိုအရိယာကို ဆိုလာ ငြားအံ့၊ထိုအရိယာ
၏ ဦးခေါင်းကိုသာလျှင် အဖြတ်ခံရာ၏။ထိုအရိယာသည့်
ထိုပိုးရှချပုန်းကို သတ်လည်း မသတ်ရာ။

အမှာ။ ။အထက်ဘော်ပြပါ အဋ္ဌကထာ၌ "ဘဝ
တပါးသို့ ရောက်သော အရိယာ သာဝကသည်" ဟူ
ဘော်ပြထားရာ ဤကဲ့သို့ သူတပါး အသက်ကို မသတ်
အရက်ကို မသောက် စသော ငါးပါး သီလ မြဲမှမှာ
အရိယာတို့၏ သဘာဝသတ္တိကို ထင်ရှားပေါ်လွင်စေခြင်း
ငှါ ဒိဗ္ဗိအရိယာ ဖြစ်လာရသော ဘဝတွင် အရိယာ ဖြစ်
ကြောင်း မဂ်,ဖိုလ် ရကြောင်းကို ထင်ထင် ရှားရှား ပေါ်
ပေါ်လွင်လွင် ဒိဗ္ဗကိုယ်တွေ့ဖြစ်သဖြင့် ရတနာသုံးပါးကို
အကြွင်းမဲ့ ယုံကြည်လေးစားမှုနှင့် ငါးပါးသီလ မြဲမှမှာ
သီသာထင်ရှားရုံမက အရိယာ ဖြစ်ပြီးမှ ဘဝ တပါးသို့
ပြောင်းသွား စေကာ မူလည်း ထိုပြောင်းသွား ရသော
ဘဝတပါး၌ ဒိဗ္ဗိအရိယာ ဖြစ်ပြီးကြောင်းကို သတိမရ
စေကာမူ ရတနာ သုံးပါးကို မတုန်မလှုပ် အကြွင်းမဲ့
ယုံကြည်မှုနှင့် ငါးပါးသီလမြဲမှုကား အရိယာတို့၏ ဝမ္မ
တာ သဘာဝ သတ္တိ ဟု လေးလေး နက်နက် အဆုံး

သိစေလိုကြောင်းဖြင့် သာလျှင် ရေးသားသည်ဟု သိကြပါ၏လော။

၁၀၉။ ရဟန္တာဟု ဝန်ခံနိုင်ခြင်း

အောက်ပါအချက် ၈–ပါးနှင့် ပြည့်စုံသော သူသည် "ငါရဟန္တာဖြစ်၏" ဟု ဝန်ခံလေတော့ဟု **အဋ္ဌကထာ**၏ ပါဠိတော်၌ ဟောပြထားပါသဖြင့် မိမိတို့ကိုယ်၌ ထိုအချက် ၈–ပါးနှင့် ပြည့်စုံပါလျှင် ရဟန္တာ ဟု ဝန်ခံကြပါ၏လော။

၁။ အလုံးစုံသော သဒ္ဓါရတ္နာကို အနိစ္စဟု ဟုတ်တိုင်း မှန်စွာ ထင်မြင်ခြင်း။

၂။ ကာမဂုဏ် တရားတို့ကို မီးကျီးရှဲ့သို့ ဟုတ် တိုင်းမှန်စွာ ထင်မြင်ခြင်း။

၃။ ပရိသတ်နှင့် မပျော်မွေ့ တယောက်တည်း ဆိတ် ငြိမ်းရာ၌ ပျော်မွေ့ခြင်း။

၄။ သတိပဋ္ဌာနတရား လေးပါးတို့ကိုဂုဏ်း။

၅။ ဈာန်ပါဒ် လေးပါးတို့ကိုဂုဏ်း။

၆။ ဈာန်ငြိုး ငါးပါးတို့ကိုဂုဏ်း။

၇။ ဗောဇ္ဈင် ခုနှစ်ပါးတို့ကိုဂုဏ်း။

၈။ မဂ္ဂင် ရှစ်ပါး တို့ကိုဂုဏ်း– ငွေးမျှား လေ့လာ ဖန်မျှားခြင်း။

သို့ပါ၍ ယခုအခါ ရဟန္တာဟု ဝန်ခံသော ပုဂ္ဂိုလ်တို့သည် အထက်ဖော်ပြပါ ၈–ပါးသော အချက် တို့နှင့် ပြည့်စုံသည်–မပြည့်စုံသည်ကို စစ်ကြည့်ကြပါ၏လော။

၁၁၀။ အနာဂါမိ, ရဟန္တာ မကြောက်တတ်

အနာဂါမိ, ရဟန္တာဖြစ်လျှင် လောကဝံတရားနှင့် ကြုံတွေ့ရသော်လည်း မတုန်လှုပ်။ ချောက်လှန့် သော်လည်း မကြောက် တတ်ပါ။ ကြောက်တတ်လျှင် အနာဂါမိ မဟုတ်၊ ရဟန္တာမဟုတ် ဟု သိကြပါလေ။

ပိဏ္ဍပါတ် ဓုတင်ကို ဆောင်သော ရဟန်း ဝတ္ထု

တရံရောအခါ ပိဏ္ဍပါတ် ဓုတင်ကို ဆောင်သော ရဟန်းသည် ပိဗိကိုယ်ကို ရဟန္တာဟု ထင်မှတ် နေသဖြင့် ရဟန္တာ မဟုတ် ကြောင်းကို အဘယ မထေရ်က ပြောရာ ငြင်းပယ်သဖြင့် ပိဏ္ဍပါတ် ဓုတင် ဆောင်သော ရဟန်းသည် ကလျာဏိမြစ်တွင်းမှာ ရေချိုးနေစဉ် ကလေ တယောက်အား ရေသို့ဆွဲတစေပြီး ခြေထောက်ကို အဆွဲ ခိုင်းရာ မိကျောင်းမှတ်ပြီး အော်မှ ပုထုဇဉ်နှံ အဖြစ်ကို သိကြသည်။ အနာဂါမိဟု ဝန်ခံသော ပုဂ္ဂိုလ်, ရဟန္တာ ဟု ဝန်ခံသောပုဂ္ဂိုလ်များ ပိဗိတို့ကိုယ်ကို စုံစမ်းစစ်ဆေး ရန် ကောင်းသောနည်းလမ်း တရေပေတည်း။

အမှာ–အနာဂါမိ ပုဂ္ဂိုလ်တို့မှာ ဒေါသအကြွင်းမဲ့ပယ် ပြီး ဖြစ်လေသောကြောင့် ကြောက်မှု လုံးဝ မရှိပေ။

၁၁၁။ ရဟန္တာ မတုန်မလှုပ်

စန္ဒမုခတိဿမင်းလက်ထက် ရဟန္တာ စစ်ဆေးပုံ

သိဟိုဠ်ကျွန်း စန္ဒမုခတိဿမင်း လက်ထက် မဟာ ဝိဟာရ လည်ကျောင်းတိုက်၌ စကွေးအသင်း မရသော ရဟန္တာမ

အခြားရဟန်းများ ဆွမ်းခံသွားခိုက်မှာ မြွေကိုက်သကဲ့သို့ ခြေတော်ကို ဆိတ်ဆွဲရာ ကျောက်တိုင်ကြီးကဲ့သို့ ခိုင်မြဲစွာ တည်နေတော်မူ၏။ မည်ကဲ့သို့မျှ မတုန်မလှုပ်ပါ။

၁၁၂။ ရဟန္တာစစ်လျှင် သွားရည်မကျ

ဝသဘမင်းလက်ထက်က ရဟန္တာ စစ်ဆေးပုံ

သိဟိုဠ် ကျွန်း ဝသဘမင်းသည် ရဟန္တာဟု သမုတ် ကျော်ကြားသော မထေရ်တပါးကို နန်းတော်သို့ပင်၍ မထေရ်ကို ခွေတည့်တည့်မှာ ထားပြီးလျှင် ဆီးသီးနှင့် ဒေါက်ရပ် ရောစပ်၍ ဆားနှင့်နယ်လျှင် မထေရ်၏ လျှာအတွင်းမှ ရှိဆင်းသော တံထွေးကို (၀၁) သွားရည် ကျသည်ကို ငွေ့မြင်သဖြင့် မထေရ်၏ ပုထုဇဉ်နှိမ်အဖြစ်ကို သိမြင်ကြရပေ၏။ ဤသို့လည်း ယခုခေတ်ပေါ် ရဟန္တာတို့ကို စမ်းကြည့်ကြပါလေ။ ရဟန္တာဟု ဝန်ခံသော ပုဂ္ဂိုလ်များကလည်း မိမိတို့ကိုယ်ကို ရိုးဖြောင့်သောစိတ်ဖြင့် စမ်းကြည်တို့ အလွန်ကောင်းပေ၏။ ဂုဏ်ကို မငဲ့ဘဲ မိမိ၏သံသရာဒုက္ခကိုသာ ငဲ့ကွက်ကြပါ။

၁၁၃။ ရဟန္တာ ဖြစ်လျှင် ရုပ်အဆင်း လွန်စွာ ကြည်လင် တင့်တယ်၏

မဟာဓိဋ္ဌာန်ထေရ်ဝတ္ထု

တနေ့သော နံနက်အခါ မဟာမိတ္တထေရ်သည် မိမိနေသော ကဿကလိုဏ် အတွင်းမှာ ဝိပဿနာဉာဏ်ကို အားထုတ်၍ ရဟန္တာ ဖြစ်ပြီးနောက် ရှာဝဿီ ဆွမ်းခံဝင်ရာ ဥပါသိကာ ဒါယိကာမကြီး၏ သမီးသည် အမိမှာထားသည့်

အာတိုင်း သဝိတ်ကိုယူ၍ ထောပတ်, တင်လဲ, သကာတို့ဖြင့် ရောစပ်သော နို့ဆွမ်းကို သဝိတ် ပြည့်စေ၍ မထေရ်၏ လက်သို့ ကပ်လေ၏။ မထေရ်မြတ်သည်လည်း "**သုခီ ဟောတု**" ဟု အနုမောဒနာပြု၍ ပြန်ကြွတော်မူ၏။ ထို သူငယ်မသည် မထေရ်မြတ်ကို ကြည့်ရှုလျက် ရပ်၍နေ၏။ ထိုအခါ မထေရ်မြတ်သည် အလွန်သန့်ရှင်း စင်ကြယ်သော အရေအဆင်းရှိ၏။ စက္ခု၊ သောတ စသော ဣန္ဒြေတို့သည် ကြည်လင်ကုန်၏။ မျက်နှာတော်သည် အသွေးမွေ့ကြွေကြသော ထန်းသီးမှည့်အဆင်းကဲ့သို့ဝင်းဝင်းစက်စက် နှစ်သက်စဖွယ် တင့်တယ် သပ္ပါယ်တော်မူလှ၏။ မိခင်ကြီးယောတွေ့ ပြန်လာလျှင် သူငယ်မသည် မထေရ်မြတ်၏ မျက်နှာအဆင်း အလွန် ကြည်လင်သော အကြောင်းကို ပြောပြရာ-မိခင်ကြီးက "မထေရ်မြတ်သည် ယခုနဲ့ ရဟန်းကိစ္စ အထွဋ်အထိတ်သို့ ရောက်လေပြီ၊ သာသနာတော်၌ အလွန် ပျော်နေမှု၏။ ပျင်းရိခြင်း မရှိတော့ပြီ" ဟု ပြောဆို၏။

(မဟာဝဂ္ဂ သိဃုတ် အဋ္ဌကထာ)

အသင်္ခိဆေရ ဝတ္ထု ဥပတိဿ ပရိဗိဗ္ဗာန်သည် ရာဇဂြိုဟ်မြို့ တရုံသော လမ်းတွင် အသင်္ခိဆေရ ဆွမ်းခံကြွရာ ဝေဖြင်သောအခါ ဤရဟန်း၏ ရုပ်ဆင်းသဏ္ဌာန်သည် လွန်စွာ ကြည်လင်၏၊ ကိုယ်သွေး ကိုယ်ရောင်မျှားလည်း သန့်ရှင်း စင်ကြယ် အလွန် တင့်တယ်သွေပေ၏။ လောကမှာ ရဟန္တာများ ရှိသည်ဆို

လျှင် ဤ ပုဂ္ဂိုလ်သည် ရဟန္တာဘတပါး ဖြစ်ရမည်'' ဟု ပြောဆိုနိုင်၏။ ဤကား ရဟန္တာ အခံ့ုင် မြတ်တို့၏ ရုပ် ဆင်းသဏ္ဌာန် လွန်စွာ တင့်တယ်ပုံ သာဓကဝတ္ထုပမား ဖြစ်ပါသည်။

၁၁၄။ အရိယာဖြစ်ကြောင်း ပြောသင့် မပြောသင့်

(၁) ရဟန်းများမှာ မိမိတို့ရရှိသော အရိယာဂုဏ် ကို လူတို့အား မပြောရ၊ တန်ခိုးမပြရဟု သိက္ခာပုဒ်ကို ပညတ်ထားပါသည်။

အရိယာ ပုဂ္ဂိုလ်တို့သည် မိမိတို့ရရှိသော အရိယဂုဏ် ကို ထုတ်ဘော်၍ ပြောဆိုခဲ့၏။ မဟာဗုဿရေဝ ထေရ် သည် ဖြစ်, ပျက် ကမ္မဋ္ဌာန်းကို အားထုတ်၍ နှစ်ပေါင်း နှစ်ဆယ်ရှိမှ ရဟန္တာဖြစ်သောနေ့ ညအခါ၌ မထေရ်မြတ် စကြာသွားသော စကြာကို စောင့်သော နတ်သားသည် လက်ချောင်းတို့ဖြင့် မီးရောင်ကို ထွန်းလင်းစေလျက် ရပ်၍ ပူဇော်၏။ ထိုအရောင်တို့ကို မြင်လျှင် တောကျောင်းနေ မဟာတိဿထေရ် ရောက်လာ၍ ညဉ့်အခါ၌ ငါ့ရှင်၏ အရောင်ကို မြင်ရ၏။ အဘယ်အရောင်နည်း ဟု မေးသော အခါ မဟာဗုဿရေဝ ထေရ်က အရောင်တို့မည်သည် ဆီးမီး ရောင်လည်း ဖြစ်တတ်၏, ပတ္တမြား ရောင်လည်း ဖြစ်တတ်၏ ဟူ၍ စကား ဝိဇ္ဇေပဂြိုသောအခါ ငါ့ရှင်တို့ သည် ဗုံးခွေမင်းကြီးကုန်၏ဟု ဆို၏။

စိတ္တလ ပဗ္ဗတ တောင်၌ နေတော်မူသော ရဟန္တာဘတ ပါး၏ တပည့် အလုပ်အကျွေးဖြစ်သော ဝဒ္ဓပဗ္ဗဇိတရဟန်း

သည် ဆရာရဟန်း အဂ္ဂင်မြတ်နှင့် အတူတကွ ဆွမ်းခံရာမှ ပြန်လာရာ မထေရ်မြတ်၏ သင်္ဃိတ် သင်္ကန်းတို့ကို လွယ်ယူ၍ နောက်မှလိုက်လျက် "အရိယာတို့ မည်သည် အဘဲယ်ကဲ့သို့ နေပါသနည်း အဂ္ဂင်ဘုရား" ဟု မေးလျှောက်သောအခါ "ဤလောက၌ အချို့သော သင်္ကြန်းအိုတို့သည် အရိယာ၏ သင်္ဃိတ်, သင်္ကန်းကို လွယ်ယူ၍ ဝတ်ကြီးဝတ်ငယ်တို့ကို ဖြုတ်လုပ် အတူတကွ သွားလာ၍ နေသော်လည်း အရိယာ ဟူ၍မသိနိုင်၊ ထို့ကြောင့် အရိယာတို့ကို သိခြင်းငှါခဲရင်း၏" ဟုမိန့်တော်မူ၏။ ဤသို့ မိန့်တော်မူသော်လည်း ရဟန္တာမှန်း မသိ၊ ပြောသင့်သောအခါ မဟုတ်၍ မပြောကြပါ။

(ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ၊ မူလပဏ္ဏာသ အဋ္ဌကထာ)

(၂) လူအရိယာပုဂ္ဂိုလ်၊ လိမ္မားအတွက် မိမိတို့ အရိယာဖြစ်ကြောင်း မပြောကြရန် မြတ်စွာဘုရား၏ ပညတ်တော် မရှိသော်လည်း အရိယာစစ်ဟူသည် မိမိဂုဏ် ထင်ပေါ်ရုံမှ၊ အတွက်ဂုဏ်း၊ လောကတွင် လူကြည်ညိုရန် အတွက်ဂုဏ်း၊ ကျော်စောသတင်းပျံ့လွင့်ရန် အတွက်ဂုဏ်း မိမိနှင့် စပ်လျဉ်း၍ ပေါ်ပြ ပြောဆိုခြင်း မရှိကြပါ။ မြတ်စွာဘုရား သာသနာတော်၏ အကျိုး မိမိနှင့် ရင်းနှီးသော ပုဂ္ဂိုလ်တို့၏ အကျိုးများ အတွက်သာလျှင် မိမိ၌ ရှိအပ်သော ဘုရားထူးကို ဖွင့်ဟ ပြောဆို တတ်ကြပါသည်။ ပြောဆိုခဲ့ဘူးသော ဝတ္ထု၊ သာဓကများမှာ ဓမ္မဒိန္နာ၏ အကျိုးငှါ ဒဠ်၍ ဗိသာခါသူဌေးကြီးက မိမိရှိသော တရားထူးကို ပြောပြခြင်း၊ ကောလိတပရိဗိုဇ်၏အကျိုးကိုဒဠ်၍ ဥပသိ သ

ပရဒိဗ်ိက ပြောပြခြင်း၊ သာမာဝတီ၏ အကျိုးကို ငဲ့၍ ချဉ်ုတွေရာက ပြောပြခြင်းများ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဟုတ်မှန်သော တရားထူးကိုရကြ၍ အရိယာစစ် တကယ် ဖြစ်ပါမူ ဒိဒိနှင့် ရင်းနှီးသော ပုဂ္ဂိုလ်တို့၏ အကျိုးကို ငဲ့၍ ၎င်း၊ မြတ်စွာဘုရား သာသနာတော်ကြီး ထွန်းလင်း တည်မြဲ စေရန်၎င်း ဖွင့်ဟပြောဆိုသင့် သောအခါ ပြော ဆိုကောင်းပါ၏။ လူအရိယာ ပုဂ္ဂိုလ်သည်ပင်လျှင် အခါ မဟုတ်သည်၌ မပြော၍ မပြောကြပါ။ လောကနိတိမှာ လည်း ဒိဒိကိုယ်ကို ဒိဒိဖော်ပြခြင်းသည် သူယုတ်မာတို့၏ လက္ခဏာ တည်းဟု ပြဆို၏။အလင်္ကာ၏ ကျမ်း၌ ဩဇ တျဟိုနဒေါသသင့်၏ဟု ဒိန့်၏။ သို့ပါ၍ ဤအချက်သည် လည်း အရိယာ အတုအပတို့ကို လွယ်လင့်တကူ စစ်နိုင် သော စစ်တမ်း တချက်ပေတည်း။

အရိယာ အစစ်တို့မည်သည်ကား ဒိဒိတို့ရအပ်ပြီးသော မဂ်,ဖိုလ်ကို သူတပါးမသိစေလိုကြ၊ ဒိဒိတို့ကလည်း မ ပြောလိုကြပုံကို အောက်ပါအတိုင်း သိအပ်၏။

ယော ပန သောတာပန္နာဒိသု အညတရော
ဟုတ္ဝာ သောတာပန္နာဒိဘာဝံ ဇာနာပေ
တုံ နှ ကုဆ္ဆိတိ၊ အယံ အဓိဂမအပိဆ္ဆာ
နာမ။

(မဟာနိဒ္ဒေသ အဋ္ဌကထာ၊ ပုရာဘေဒသုတ် အဖွင့်)

အစ်ပွင့်ယင်ကား။ ။အရိယာအစစ်ဖြစ်ပြီးသော ပုဂ္ဂိုလ် တို့သည် ဒိဒိရပြီးသော မဂ်,ဖိုလ် တရားထူးကို ကြွားဝါ

ဂုဏ်ပေါ်ထင်ပေါ်ကျော်စောအောင် မပေါ်ပြလို, မပြော ပြလိုသည်ကို ဆိုဦးအံ့။ အကြင်သူသည် အရိယာ၄-ပါး တွင် တပါးပါးသည် အဟုတ်အစစ် တကယ်ပင် ဖြစ်ငြား သော်လည်း ပိဓိအရိယာ အစစ် ဖြစ်သည်ကို သူတပါး သိစေခြင်းငှါ အလိုမရှိပေ။ ဤသို့အလိုမရှိခြင်းသည်ပင် လျှင် အရိယာအစစ်တို့ လက်ကိုင်ပြုသော အဓိဂမ အဂို့ တရားကြီးပေ တည်း။

၁၁၅။ လူဝတ်နှင့် ရဟန္တာဖြစ်လျှင် ရဟန္တာဖြစ် သောနေ့မှာ ရဟန်းသော်လည်း ပြုရာ၏ သို့မဟုတ် ပရိနိဗ္ဗာန်သော်လည်း စံရာ၏

(၁) အာဂါရမဇ္ဈေ၀သန္တောနှာမ အရဟာတို့ ပတ္တေန တံဒိ၀သမေ၀ ပရိနိဗ္ဗာယိ တဥ္စံ ၀ါ၊ ပဇ္ဇဓိတဥ္စံ ၀ါ ဟောတိ။

(အင်္ဂုတ္တိုရ်၊ ကေနိပါတ် တေဒဉ္စ၀ဂ်)

အဓိပ္ပါယ်ကား။ ။အိမ်၌နေသော သူမည်သည် အ ရဟတ္တဖိုလ်သို့ ရောက်ခဲ့သော် ထိုရောက်သော နေ့မှာပင် လျှင် ရဟန်းသော်လည်း ပြုရာမည်။ သို့မဟုတ် ပရိနိဗ္ဗာန် သော်လည်း ပြုရမည်။

(၂) **မင်္ဂလိမပဉ္ဇာသအဋ္ဌကထာတေဓိဋ္ဌသုတ် ပဒီဥ္ဇာ ဇကဝဂ်၌** "ယောပိဟိ သန္တိတိ မဟာမတ္တော၊ ဥဂ္ဂဟေ နော စဟေသော ပါဠိ၏ အဓိပ္ပါယ်မှာ သန္တိတိအမတ်, ဥဂ္ဂ ဟေနသူကြွယ်, ဓိတဟောက သူငယ် ဤသုံးဦးသောသူတို့ သည် လူ၏အသွင်၌ တည်လျက်ပင် ရဟန္တာ အဖြစ်သို့

ရောက်ကြကုန်၏။ ရဟန္တာအဖြစ်သို့ ရောက်ကြ၍ လူ၏ အသွင်ဖြင့် မတည်နိုင်ကုန်။ လူ၏ အသွင်မည်သည် ယုတ်ညံ့၏။ မြတ်သော ရဟန္တာ၏ ဂုဏ်ကို ဆောင်ခြင်းငှါ မစွမ်းနိုင်။ ထို့ကြောင့် လူ့အသွင်၌ တည်သောသူသည် ရဟန္တာအဖြစ်သို့ ရောက်ခဲ့သော် ထိုရောက်သောနေ့မှာပင်လျှင် ရဟန်းသော်လည်း ပြုရမည်၊ သို့မဟုတ် ပရိနိဗ္ဗာန်သော်လည်း စံဝင်ရမည်။

(၃) ဒါရုဏိရိယပရဒိုဓ်သည်လည်း ရဟန္တာဖြစ်သောနေ့မှာပင်လျှင် ရဟန်းခံရန် သင်္ကန်းရှာအသွား ရန်သူဘိလူးမက နွားယောင် ဆောင်၍ ခတ်သဖြင့် ပရိနိဗ္ဗာန်စံဝင်ရလေ၏။

(၄) သုဒ္ဓေါဒန မင်းကြီးလည်း ရဟန္တာ ဖြစ်သောနေ့မှာပင်လျှင် ပရိနိဗ္ဗာန်စံရလေ၏။

(၅) ခေမာ မိဖုရားကြီးသည် မြက်စွာဘုရား ဟောကြားတော်မူသောတရားဒေသနာကိုကြားနာရလျှင် ၁၆-ပါးသော ယုံမှားခြင်းကင်းကွာလျက် သောတာပတ္တိမဂ်မှစ၍ အစဉ်အတိုင်း ရဲသဖြင့် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ မိမိ၏ အာယုသင်္ခါရကို ဆင်ခြင်သော် ရဟန္တာဖြစ်သော လူတို့မည်သည်ကား ထိုသို့ဖြစ်သောနေ့မှာပင်လျှင် ရဟန်းသော်လည်း ပြုရာ၏။ ပရိနိဗ္ဗာန်သော်လည်း ပြုရာ၏။ သို့ဖြစ်၍ ဤနေရာ၌ ငါကြာဖြင့်စွာ နေ၍မသင့်ချေ၊ မင်းကြီးထံပြန်၍ ခွင့်ပန်ဦးအံ့ဟု ကြံလျက် မြန်စွာနှန်းတော်သို့ ဝင်လာ၍ "အရှင်မင်းကြီး ဘုရားသခင်ကို အ

ဖုံးဝင်တို့ မှုးရခြင်း သည်ကား ကြီးမားသော အကျိုးမရှိ အကျွန်ုပ်၏ မှုးရခြင်း သာလျှင် ကြီးမားသော အကျိုး ရှိချေသည်။ အကျွန်ုပ်ကို ယခုပင် ရဟန်းခွင့်ပြု ဝင် ရောက်အောင် ချီးမြှောက်တော်မူပါ'' ဟု လျှောက်လေ ၏။ လျှောက်ထားသည့် အတိုင်းလည်း ထိုနေ့ မှာပင် ရဟန်းပြုပေးရ၏။

(အမှာ။ ။အပဒါန်ပါဠိတော်၌ အနာဂါဒ ဖြစ်ပြီး နောက် လဝက်ကြာမှ ရဟန္တာ ဖြစ်သည်ဟု ဝေဖန်ရပါ သည်)။

သို့ပါ၍ ယခုအခါ အချို့လူ ပုဂ္ဂိုလ်တို့က မိမိတို့ကိုယ်ကို ရဟန္တာဟု ခေါ်ဝေါ်သမုတ်နေကြသည်မှာ ဤစစ်တမံး အရေးဆိုလျှင် အတုအယောင်မှု ဖြစ်ကြောင်း ထင်ရှားသ ပါ၏။ သတိပြုကြပါ။

၁၁၆။ ရဟန္တာဒအိမ်မက်-မမက်

သမ္မောအဋ္ဌကထာ ဥဂ္ဂဏ ဝိဘင်း အဋ္ဌင်္ဂဒ္ဒ်

တဉ္စ ပနေတံ စတုဇ္ဇိခံ သုပိနံ သေက္ခ
ပုထုဇ္ဇနာ ပဿန္တိ၊ အပဟီန ဝိပလ္လာ
သတ္တာ၊ အသေက္ခာ နုပဿန္တိ၊ ပဟီန
ဝိပလ္လာသတ္တာ။ ။ဟု ဘွင့်ပြတော်မူ၏။

အဓိပ္ပါယ်ကား။ ။လေးပါး အပြားရှိသော ထိုအဓိပ် မက်ကိုလည်း သောတာပန် စသော သေက္ခနှင့် ပုထုဇ္ဇန် ပုဂ္ဂိုလ် တို့သည်သာလျှင် မြင်မက်ကြကုန်၏။ အဘယ် ကြောင့်အထူးထူးအထွေထွေသောအာရုံတွေကို အိမ်မက်

၌ ပုထုဇဉ်နှင့်သေက္ခ အရိယာ တို့သာလျှင် ဖြင်မက်ကြသနည်း ဟူမူကား မပယ်အပ် သေးသော သုခသညာ သုခစိတ္တ ဝိပလ္လာသ ရှိနေ သေးသောကြောင့် တည်း။ ရဟန္တာ အသေက္ခပုဂ္ဂိုလ်တို့သည် အိပ်မက် မဖြင်မက် ကြကုန်။ အဘယ်ကြောင့်ဆိုသော် ထိုကြွင်းကျန်နေသော ဝိပလ္လာသ နှစ်ပါးတို့ကို ပယ်အပ်ပြီးသောကြောင့်တည်း။

ယခုအခါ ရဟန်းရော—လူပါ ရဟန္တာ အခေါ်ခံနေကြသော ပုဂ္ဂိုလ်တို့သည် ပိပိတို့ကိုယ်ကို ပိပိဘို့ စစ်ဆေးလိုပါက လွယ်ကူစွာ စစ်ဆေးနိုင်ရန် စစ်တမ်း တခု ဖြစ်ပါသည်။

၁၁၇။ ရဟန္တာပုဂ္ဂိုလ်သေလျှင်အပုပ်နံ့မထွက်

အကြင်အကြောင်းတို့ကြောင့် အကြင် သတ္တဝါသည် တက်ကြွလှုပ်ရှားသော ကိလေသာတို့ရှိကုန်၏။ ထိုသတ္တဝါတို့သည် ထိုအကြောင်းတို့ကြောင့် အလွန်မင်ကောင်းသော အနံ့ရှိကုန်၏။ ကိလေသာ မရှိကြကုန်သော ပုဂ္ဂိုလ်တို့၏ သေလေသောကိုယ်သည်လည်း မကောင်းသော အနံ့ မရှိချေ။ ထို့ကြောင့် "ဒိဋ္ဌိလေသာနံ မတသဒိရံ ဝိ ဒုဂ္ဂန္ဓံ နဟောတိ-အာသဝေါ ကင်းကွာသော ရဟန္တာပုဂ္ဂိုလ် တို့သည် သေသောအခါ ထိုပုဂ္ဂိုလ်တို့၏ ကိုယ်မှ အပုပ်နံ့ မထွက်" ဟူသည်နှင့်ပါတ်သက် အဋ္ဌကထာ အာဖဂန္ဓသုတ်၌ တွေ့ရပါသည်။

အမှာ--

၁။ ရှေးဘဝက ဤကဲ့သို့သေလျှင် အပုပ်နံ့မထွက်ရန် ဆုမျှားပန်ခဲ့ဘူးသဖြင့်အပုပ်နံ့မထွက်သည်ကိုဂုဏ်း။

၂။ သိလ မကျိုးမပေါက်ရန် အထူးစောင့်ထိန်းသော သိလဝန်တို့ ပုထုဇဉ်နှင့် ပဂ္ဂိုလ်တို့သည် သေသော အခါ မိမိတို့၏ သိလ တန်ခိုးကြောင့် အပုပ်နံ့ မထွက်သည်ကိုဂုဏ်း။

၃။ ဆား, ဆီ, ဆံ အစရှိသော အလွန် သန့်ရှင်းသော အစာ အာဟာရတို့ကိုသာ မှီဝဲ စားသောက်နေကြသော ပုထုဇဉ်နှင့် ပဂ္ဂိုလ် တို့သည်လည်း သေကြသောအခါ အပုပ်နံ့ မထွက်ကြသည်ကိုဂုဏ်း ပညာရှိများထံမှ တဆင့်စကား ကြားဘူးရပါသည်။

၁၁၈။ ရဟန္တာ အရိယာတို့၏နေခြင်း (၁၀)ပါး

ပါဌေယျ ပါဋိတေဿ သင်္ဂီတိသုတ်တွင် ရဟန္တာ အရိယာ သူတော်ကောင်းတို့၏ နေခြင်းသည် ဒေသက်ပါ ၁၀-ပါးအဖြာဖြာရှိကြောင်း ဟော့ရပါသည်။

၁။ ငါးပါးသော အကြောင်း အင်္ဂါတို့ကို ပယ်ဖျက်။

၂။ ခြောက်ပါးသော အင်္ဂါတို့နှင့် ပြည့်စုံ၏။

၃။ တခုသော တရားကို စောင့်ရှောက်၏။

၄။ လေးပါးသော မှီရာ ရှိ၏။

၅။ အသီးအသီး မျှားစွာသော သစ္စာတို့ကို ပယ်တတ်၏။

၆။ ပယ်အပ်, စွန့်အပ်သော ဂုဏ်မြိုးခြင်း ရှိ၏။

၇။ ကြည်လင်သော စိတ်အကြံ ရှိ၏။

၈။ ငြိမ်းအေးသော ကာယသင်္ခါရ ရှိ၏။

၉။ ကောင်းစွာ လွတ်သော စိတ်ရှိ၏။
၁၀။ ကောင်းစွာလွတ်သော ပညာရှိ၏။

၁။ အောက်ပါ ငါးပါးသော အကြောင်း အဲ့ဲ့ဲ့

(၃) အသျှိုကို ဆင်ခြင်၍ ပယ်ပျောက်၏။
(၄) အသျှိုကို ဆင်ခြင်၍ ကြည်ဖြောင့်၏။

၅။ အကြင်သို့ သဘော ရှိကုန်သော မျှားစွာကုန်သော ရဟန်းပုဏ္ဏားတို့သည် မျှားစွာကုန်သော အသိုးသိုး မွှန်ပြို ဟု ပညတ် အပ်ကုန်သော သစ္စာတို့သည် ရှိကုန်၏။ အလုံးစုံကုန်သော ထိုသစ္စာတို့ကို ပယ်အပ်ကုန်၏။ ကောင်းစွာပယ်အပ်ကုန်၏။ စွန့်အပ်ကုန်၏။ ထွေးအန် အပ်ကုန်၏။ လွှတ်အပ်ကုန်၏။ ငြိမ်းစေအပ်ကုန်၏။

၆။ ကာမကို ရှာမှီးခြင်းကို ပယ်အပ်၏။ ဘဝကိုရှာမှီးခြင်းကို ပယ်အပ်၏။ မြတ်သော အကျင့်ကို ရှာမှီးခြင်းကို ငြိမ်းစေအပ်၏။

၇။ ကာမသက်ပွ, ဗျာပါဒသက်ပွ, ဝိဟိံသာသက်ပွတို့ကို ပယ်အပ်သည် ဖြစ်၍ ကြည်လင်သော စိတ်အကြံ ရှိ၏။

၈။ သုခဝေဒနာ, ဒုက္ခဝေဒနာတို့ကို ပယ်ခြင်းကြောင့်၎င်း၊ ဝမ်းသာမှုသည် ကပင်လျှင် သောမနဿ ဝေဒနာ, ဒေါမနဿ ဝေဒနာတို့ ချုပ်ခြင်း ကြောင့်၎င်း ဥပေက္ခာဝေဒနာနှင့်တကွ သတိ၏ ပင်ကြယ်ခြင်း ရှိသော စတုတ္ထဈာန် ဝင်စားသဖြင့် ငြိမ်းအေးသော ကာယသမ်ိါရ ရှိ၏။

၉။ ရာဂ, ဒေါသ, မောဟတို့မှ ကောင်းစွာ လွှတ်သော စိတ်ရှိ၏။

သုခမွဝတီ ၅၃၀-၁၅

၁၀။ ရာဂ, ဒေါသ, မောဟတို့ကို ပယ်အပ်ပြီ၊ အရင်း အမြစ်ကို ဖြတ်အပ်ပြီ၊ ထန်းပင်ငုတ်ကဲ့သို့ ပြုအပ် ပြီ၊ တဖန်မဖြစ်ခြင်းကို ပြုအပ်ပြီ၊ နောင်အခါ၌ မဖြစ်ပေါ် ခြင်း သဘောရှိပြီဟု ကောင်းစွာလွတ် သည်၌ သိသော ပညာရှိ၏။

၁၁ဋ္ဌ။ အနုဂဂါမ် စစ်တမ်း

အနုဂဂါမ်ဟု သိမှတ်ကြောင်း အင်္ဂါ လက္ခဏာ (၄) ပါးတို့ကို ဖောက်ပါအတိုင်း ဟောပြထားပါသည်။ ထို အင်္ဂါလက္ခဏာတို့ဖြင့် သူတပါးကို မဆုံး ဖြတ်နိုင် လျှင် ရှိစေရမည်။ ပိဓိကိုယ်ကိုမူကား အသေအခြာ ဆုံးဖြတ် နိုင်ကြလေသည်။

၁။ လွန်စွာ သဒ္ဓါတရား ရှိခြင်း။
၂။ လွန်စွာ ဒုစရိုက်မှုကို ရှက်ခြင်း။
၃။ လွန်စွာ ဒုစရိုက်မှုကို လန့်ခြင်း။
၄။ လွန်စွာ ဝိရိယ ရှိခြင်း။
၅။ လွန်စွာ သတိကောင်းခြင်း။
၆။ လွန်စွာ ပညာအဆင်ခြင်ရှိခြင်း။

(အင်္ဂုတ္တိုရ် ဆက္က)

၁၂၀။ ရဟန္တာ စစ်တမ်း

ရဟန္တာဟု သိမှတ်ကြောင်း အင်္ဂါလက္ခဏာ (၄)ပါး တို့ကို အောက်ပါအတိုင်း ဟောပြထားပါသည်။ထို အင်္ဂါ လက္ခဏာတို့ဖြင့် သူတပါးကို မဆုံးဖြတ်နိုင် စေကာမူ ပိဓိကိုယ်ကို အသေအခြာ ဆုံးဖြတ် နိုင်ကြလေသည်။

၁။ စိတ်ဖြိမ်မခန့်ခြင်း၊ ထိနကို ပယ်နိုင်ခြင်း။
၂။ စေတသိက်တို့ဖြစ်၏ မခန့်ခြင်း မိဒ္ဓကို ပယ်နိုင်ခြင်း။
၃။ တုန်လှုပ်ချောက်ချားခြင်း၊ ဥဒ္ဓစ္စကိုပယ်နိုင်ခြင်း။
၄။ နောင်တတပန် ပူပန်ခြင်း ကုက္ကုစ္စကိုပယ်နိုင်ခြင်း။
၅။ မယုံကြည်ခြင်း အသဒ္ဓိယကို ပယ်နိုင်ခြင်း။
၆။ မေ့လျော့မှု ပမာဒကို ပယ်နိုင်ခြင်း။

(အင်္ဂုတ္တိုရ်၏ ဆက်)

၁၂၁။ ဝိနည်းပိဋကတ်တော် လာ စစ်တမ်း အရိယာသိပုံ

ကဿ ပနာယံ အဓိမာနော ဥပ္ပဇ္ဇတိ၊ ကဿ နုပ္ပဇ္ဇတီတိ၊ အရိယသာဝကဿ တာဝ နုပ္ပဇ္ဇတိ၊ သော ဟိ မဂ္ဂဖလနိဗ္ဗာန ပဟီနကိလေသ အဝသိဋ္ဌ ကိလေသ ပစ္စ ဝေက္ခဏာန သဇ္ဇာတ သောမနသော အရိယ ဂုဏ ပဋိဝေဓေ နိက္ကင်္ခော၊ တသ္မာ သောတာပန္နာဒိနံ အဟံ သကဒါဂါမိတိ အာဒိဝသေန အဓိမာနော နုပ္ပဇ္ဇတိ။ ။

(ပါရာဇိကဏ်အဋ္ဌကထာ စတုဋ္ဌပါရာဇိကအဖွင့်)

အစိပ္ပါယ်ကား။ ။မင်္ဂ, ဖိုလ်ကို မရဘဲနှင့် ရဂို့ဟု ထင်မှတ်ခြင်းသည် အဘယ်သူအား ဖြစ်သနည်း, အဘယ်သူအား မဖြစ်သနည်းဟူမူ-အရိယာဖြစ်ပြီးသော သာဝကအား မဖြစ်။ ထိုအရိယာ ဖြစ်ပြီးသော သာဝကသည် မင်္ဂ, ဖိုလ်, နိဗ္ဗာန ပယ်ပြီး ကိလေသာ, ကြွင်း ကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ဖြင့် နှစ်သက်

ဝမ်းမြောက်ပြီးဖြစ်၍ အရိယာဘိုးတော်ကိုသိရာ၌ ယုံမှားခြင်းမရှိ။ ထို့ကြောင့် သောတာပန်စသော ပုဂ္ဂိုလ်တို့အား "ငါသည် သကဒါဂါမ် ဖြစ်လေသလော" စသည်ဖြင့် ယုံမှားခြင်းသည်မဖြစ်။

အရိယ သာဝကသဒ္ဒ နုပ္ပဇ္ဇတိတိ
ပဟီနာဓိမာနုပ္ပစ္ဆယတ္တာ နုပ္ပဇ္ဇတိ။
(သာရတ္ထဒီပနီဋီကာ)

အဓိပ္ပါယ်ကား။ ။အရိယာ သာဝကအား မရဏသေးသော မင်္ဂ,ဖိုလ်ကို ရဏ်ဟု ထင်မှတ်ခြင်း မဖြစ် ဟူသည်မှာ မင်္ဂ,ဖိုလ် မရတဲ့နှင့် ရဏ်ဟု ထင်မှတ် ခြင်း၏ အကြောင်းကို ပယ်ဖြီးဖြစ်သောကြောင့်တည်း။ (ဒိဋ္ဌိရဖြီးသော မင်္ဂ,ဖိုလ်ကိုကား ရဖြီးကြောင်း အထင်အရှားသိ၏ဟု ဆိုလိုပါသည်)။

သို့ပါ၍ ဒိဋ္ဌိတို့ရဖြီးသော မင်္ဂ,ဖိုလ်သည် အစစ် အမှန်ဖြစ်ခဲ့ပါလျှင် "ငါမည်သည့် မင်္ဂ, ဖိုလ်ကို ရဖြီ" ဟု အတိအကျ အထင်အရှား သိကြရပါသည်။ ယုံမှားခြင်း, ထင်မှားခြင်းမဖြစ်ကြရပါ။ ယုံမှားခြင်း ထင်မှားခြင်း ယိုးတိုးယားတားဖြစ်နေကြပါလျှင်မင်္ဂစစ်,ဖိုလ်စစ်မဟုတ် မင်္ဂတု ဖိုလ်တုဟုသာ မှတ်ယူဆုံးဖြတ် ကြပါလေ။ ထိုသို့သော မင်္ဂတု,ဖိုလ်တု မျှားသည့် ဥပက္ကိလေသ-၁၀-ပါးကြောင့် သေဝင်း၊ သမထ နိမိတ်မျှားကို အထင်မှား၍သေဝင်းဖြစ်တတ် ကြပါသည်။ အထူးသတိပြုကြပါလေ။

အမှာ။ ။မင်္ဂ,ဖိုလ်ကို သူတပါး ပေး၍ ရတာမျိုး မဟုတ်ပါ။ သူတပါးပြောမှ သိတာမျိုးလည်း မဟုတ်ပါ။

ကမ္မဋ္ဌာန်းနည်းပြဆရာက မိမိတို့အား တိုက်ရိုက်သော်ငင်း သွယ်ဝိုက်၍သော်ငင်း မင်္ဂလာပြုဒြီး သလိုလို ပြော၍လည်း ရတာမျိုးမဟုတ်ပါ။ သိကြပါလေ။

၁၂၂။ သန္တိကရဏကိစ္စ

ပရမတ္ထတရားတို့၌သာ ရထိုက်ရအပ်သော သာသနာ့ကိစ္စကြီး လေးပါးတို့သည် အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ **ပရိညာကိစ္စ**။ ။ပညတ်တရား ပျောက်ကွယ်၍ ပရမတ်တရား၏ သဘောကို ပိုင်းခြား၍ ညာဏ်ဖြင့် သိဖြင်မှု။

၂။ **ဘာဝနာကိစ္စ**။ ။ရှေ့ သဘော, နောက် သဘော တို့၏ လက္ခဏာတို့ကို ထပ်ခါ,ထပ်ခါ နှလုံးသွင်း စဉ်းစား ဆင်ခြင်မှု။

၃။ **ပဟာနကိစ္စ**။ ။မကောင်း ယုတ်မာသော ကိလေသာတို့ကို ပယ်သတ်မှု။

၄။ **သန္တိကရဏကိစ္စ**။ ။ဒုက္ခသစ္စာ, သမုဒယသစ္စာ ၂-ပါးကို မသိအောင် ဖုံးလွှမ်းတတ်သော မောဟကို မဂ်ညာဏ်ဖြင့် ဖျက်ဆီးသော အားဖြင့် မျက်မှောက် ထင်ထင်ဖြင်ခြင်း၊ နိရောဓသစ္စာ နိဗ္ဗာန်တရားကို အာရုံပြုသောအားဖြင့် မျက်မှောက်ထင်ထင် ဖြင်ခြင်းကို ဆိုလိုသည်။ မျက်စိအောက်တွင် အဆင်းကဲ့သို့ သစ္စာလေးပါးတို့ ညာဏ်ဖြင့် ဖြင်ခြင်းဖြစ်သည်။ နိဗ္ဗာန်ကိုပညာဖြင့် မျက်မှောက်ပြုမှု။

"နိဗ္ဗာန်ကို အဘယ်သို့ မှတ်အပ်သနည်း" "နိဗ္ဗာန်ကို မည်သို့ မျက်မှောက်ပြုသနည်း" ဟူသောမေးခွန်းများ၏ အဖြေကို ရဟန္တာ ရှင်နာဂသေနသည် မိလိန္ဒပဉ္ဉာ နိဗ္ဗာနသန္တိကတပဉ္ဉာ အခက်းခွဲ အောက်ပါ အတိုင်း ဖြေဆိုထားသည်ကို တွေ့ရပါသည်။

နိဗ္ဗာန်ကို ပညာဖြင့် မျက်မှောက်ပြုပုံ

၁။ မင်းကြီး—ငြိမ်သက်, ချမ်းသာ, မွန်မြတ်ထသော နိဗ္ဗာနဓာတ်သည် ထင်ရှားရှိ၏။ မြတ်စွာဘုရား ဆုံးမတော်မူတိုင်း ကောင်းစွာကျင့်သောသူသည် သဒ္ဓါရတရားတို့ကို သုံးသပ်သည်ရှိသော် ပညာဖြင့် ထိုနိဗ္ဗာနဓာတ်ကို မျက်မှောက်ပြု၏။ မင်းကြီး-ဥပမာသော်ကား အနွေ့ဝါသိက တပည့်သည် ဆရာ ဆုံးမ သွန်သင်တိုင်း ကျင့်၍ အဘတ်ကို ပညာဖြင့် မျက်မှောက် အာရုံပြုနိုင် သကဲ့သို့ ထို့အတူ ဘုရားရှင် သွန်သင် ဆုံးမတော် မူတိုင်း ကောင်းစွာ ကျင့်သောသူသည် နိဗ္ဗာန်ကို ပညာဖြင့် မျက်မှောက်ပြုနိုင်၏။

နိဗ္ဗာန်ကို အဘယ်သို့ မှတ်အပ်သနည်း

၂။ ထိုနိဗ္ဗာနဓာတ်ကို အဘယ်သို့ မှတ်အပ်သနည်း ဟူမူ။ မင်းကြီး—နိဗ္ဗာနဓာတ်ကို နှိပ်စက်ခြင်း မရှိသောအားဖြင့်၎င်း၊ ဥပဒ္ဒဝေါ မရှိသော အားဖြင့်၎င်း၊ ဘေးမရှိသော အားဖြင့်၎င်း၊ ရန်မရှိသော အားဖြင့်၎င်း၊ ငြိမ်သက်သော အားဖြင့်၎င်း၊ ချမ်း

သာသော အားဖြင့်၎င်း၊ နှစ်သက်သော အားဖြင့်၎င်း၊ စင်ကြယ်သော အားဖြင့်၎င်း၊ ချမ်းအေးသော အားဖြင့်၎င်း မှတ်အပ်၏။

(က) မင်းကြီး—ဥပမာသော်ကား၊ ယောကျ်ားသည် များစွာသော ထင်းပုံဖြင့် ပြောင်ပြောင် ပြင်းစွာတောက်သော မီးသည် လောင်အပ်သည် ရှိသော် မိမိလုံ့လ အားထုတ်ခြင်းဖြင့် ထိုမီးလောင်ရာ အရပ်မှ လွတ်၍ မီးမရှိရာ အရပ်သို့ဝင်၍ ထိုအရပ်၌ မွန်မြတ်သော ချမ်းသာကို ရလေသကဲ့သို့ ထို့အတူ မင်းကြီး—အကြင်သူသည် ကောင်းစွာကျင့်၏။ ထိုသူသည် ယောနိသော မနသိကာရဖြင့် ရာဂ, ဒေါသ, မောဟ တည်းဟူသော သုံးပါးသော မီးပူခြင်းကို ဖျောက်လွှင့်၍ ချမ်းမြေ့သွားသော နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ မင်းကြီး—မီးပုံကဲ့သို့ ရာဂ, ဒေါသ, မောဟ တည်းဟူသော မီးသုံးပါးကို မှတ်အပ်၏။ မီးလောင်အပ်သော ယောကျ်ားကဲ့သို့ ကောင်းစွာ ကျင့်သော သူကို မှတ်အပ်၏။ မီးမရှိသော အရပ်ကဲ့သို့ နိဗ္ဗာန်ဓာတ်ကို မှတ်အပ်၏။

(ခ) မင်းကြီး-ဥပမာ တနည်းသော်ကား၊ မြေကောင်ပုပ်၊ ခွေးကောင်ပုပ်၊ လူကောင်ပုပ်တို့ကို စွန့်ပစ်ရာ အရပ်သို့ရောက်သော, အကောင်ပုပ်ဖြင့် နှောင့်ယှက်သော အရပ်သို့ ဝင်ရောက်သောသူသည် မိမိ၏လုံ့လ အားထုတ်ခြင်းဖြင့် ထိုအကောင် ပုပ် ရှိရာအရပ်မှလွတ်၍ အကောင်ပုပ် မရှိရာ အရပ်သို့ ဝင်၍ ထိုအရပ်၌ မွန်မြတ်သော ချမ်းသာကိုရသကဲ့သို့ မင်းကြီး-ထို့အတူ အကြင်သူသည် ကောင်းသော

အကျင့်ရှိ၏။ ထိုသူသည် ယောနိသောမနသိကာရဖြင့် ကိလေသာ တည်းဟူသော အကောင်ပုပ်ကို ဝေးစွာလွှင့်လိုက်၍ မွန်မြတ်သော နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြု၏။ မင်းကြီး-အကောင်ပုပ်ကိုကဲ့သို့ ငါးပါးသော ကာမဂုဏ်တို့ကို မှတ်အပ်ကုန်၏။ အကောင်ပုပ် ရှိရာရောက်သော ယောကျ်ားကဲ့သို့ ကောင်းစွာ ကျင့်သော သူကို မှတ်အပ်၏။ အကောင်ပုပ် မရှိသော အရပ်ကဲ့သို့ နိဗ္ဗာန်ကို မှတ်အပ်၏။

(ဂ) မင်းကြီး—ဥပမာ တနည်းသော်ကား ကြောက်ထိတ်လန့်သော တုန်လှုပ်ဖေါက်ပြန်သော စိတ်ရှိသော သူသည် ဒိဒိလုံလ အားထုတ်ခြင်းဖြင့် ထိုတုန်လှုပ်ရာ အရပ်မှ လွတ်၍ မြဲမြံခိုင်ခဲ့ မတုန်မလှုပ် ဘေးမရှိသော အရပ်သို့ဝင်၍ ထိုအရပ်၌ မွန်မြတ်သော ချမ်းသာကို ရသကဲ့သို့ ထို့အံတူ မင်းကြီး-အကြင်သူသည်ကောင်းစွာ ကျင့်၏။ ထိုသူသည် ယောနိသော မနသိကာရဖြင့် ကိလေသာတည်းဟူသော ကြောက် ထိတ် လန့်ဘွယ်ဘေးကို ဝေးစွာ၍ မွန်မြတ်သော နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ မင်းကြီး-ဘေးကိုကဲ့သို့ ဓာတ်, ဓရာ, ဗျာဓိ, မရဏတရားကို စွဲ၍ တဖြောင်းဖြန်းဖြန် သံသရာ၌ ဖြစ်ရသော ဘေးကိုမှတ်အပ်၏။ ကြောက်သောယောကျ်ားကဲ့သို့ ကောင်းစွာ ကျင့်သောသူကို မှတ်အပ်၏။ ဘေးမရှိရာ အရပ်ကဲ့သို့ နိဗ္ဗာန်ကို မှတ်အပ်၏။

(ဃ) မင်းကြီး-ဥပမာ တနည်းသော်ကား ယောကျ်ားသည် ညစ်နွမ်းသော စက်ဆုပ်ဘွယ်ရှိသော ညှန်ပျောင်း

အရဟတ္တဖိုလ်သည်ဖြစ်၍ ဒိဋ္ဌိလုံလအားထုတ် ခြင်းဖြင့် ထိုနှုံ့ညွှန်ကိုဆေး၍အညစ်အကြေးမရှိ,စင်ကြယ်သောအရဟတ္တဖိုလ်ရောက်၍ ထိုအရဟတ္တဖိုလ် မွန်မြတ်သော ချမ်းသာကိုရသကဲ့သို့ ထို့အတူ အကြင်သူသည် ကောင်းသောအကျင့်ကို ကျင့်၏။ထိုသူသည် ယောနိသော မနသိကာရဖြင့် ကိလေသာ တည်းဟူသော အညစ် အကြေးမှ ကင်းစင်၍ မွန်မြတ်သော နိဗ္ဗာန် မျက်မှောက်ပြု၏။မင်းကြီး-ညွှန်ပျောင်းကဲ့သို့ လာဘ်သပွကာ ကျော်စောခြင်းကို မှတ်အပ်၏၊ ညွှန်ပျောင်းသို့ ရောက်သော ယောကျ်ားကဲ့သို့ ကောင်းစွာ ကျင့်သော သူကို မှတ်အပ်၏။ စင်ကြယ်သော အရဟတ္တဖိုလ်ကဲ့သို့ နိဗ္ဗာန်ကို မှတ်အပ်၏။

နိဗ္ဗာန်ကို မျက်မှောက်ပြုပုံ

မင်းကြီး-ကောင်းစွာ ကျင့်သော သူသည် ထိုနိဗ္ဗာန်ကို အဘယ်သို့ မျက်မှောက်ပြုလေသနည်း ဟူမူ။မင်းကြီး-အကြင်သူသည် ကောင်းစွာကျင့်၏။ ထိုသူသည် သဒ္ဓါရတနာတို့၏ ဂုဏ်ကို သုံးသပ်၏။ ဂုဏ်သော သဒ္ဓါရတနာကို သုံးသပ် ဆင်ခြင်သော် ထိုသဒ္ဓါရတနာ၌ ဓာတိတရားကို မြင်၏။ ဓရောတရားကိုမြင်၏။ ဗျာဓိတရားကိုမြင်၏။ မရဏာတရားကိုမြင်၏။ ထိုသဒ္ဓါရတနာ၌ တစုံတရာစိုးစဉ်းမျှသော ချမ်းသာ ကိုဂုဏ်း၊ သာယာ အံ့ပ်သည် ကိုဂုဏ်း မမြင်။ ထိုယောကျ်ားသည် ထိုသဒ္ဓါရတနာ၌ အစမှဂုဏ်း၊အလယ်မှဂုဏ်း၊အဆုံးမှဂုဏ်း၊ တံဆုံတရာ စိုးစဉ်းမျှ ယူအပ်သည်ကို မမြင်။ မင်းကြီး- ဥပမာ သော်ကား ယောကျ်ားသည် တနေ့ပတ်လုံး ပူစေအပ်သော ပြောင်

ပြောင်တောက်သော သံတွေခဲသည် ဂိုဏ်။ ထိုသံတွေခဲ၌ အစမှဒဏ်း၊ အလယ်မှဝဏ်း၊ အဆုံးမှဝဏ်း စိုးစဉ်းမျှ တစုံတရာ ကိုင်ယူ အပ်သော အဓုပ်ကို မမြင် သကဲ့သို့ ထို့အတူ မင်းကြီး—အကြင်ပုဂ္ဂိုလ်သည် သဒ်ါရ တရားတို့၏ ဖြစ်ကြောင်းကို သုံးသပ်၏။ ထိုပုဂ္ဂိုလ်သည် ထိုသို့ သုံးသပ်သော် ထိုသဒ်ါရတရား၌ ဓာတ်တရားကို မြင်၏။ ဓရာတရားကို မြင်၏။ဗျာဓိတရားကို မြင်၏။မရဏ တရားကိုမြင်၏။ထိုသဒ်ါရတရား၌ တစုံတရာသော ချမ်းသာကို ဝင်း၊သာယာ အပ်သည့် ကိုဝင်း မမြင်။ အစ, အလယ်, အဆုံး သုံးပါးကို ကြည့်ရှုဆင်ခြင်သော် တစုံတရာစွဲလမ်းအပ်, ယူအပ်သည်ကို မမြင်။ ထိုသို့ယူအပ်သည်ကို မမြင် သောသူအား စိတ်၌ မငွေ့လျော်ခြင်းသည် ကောင်းစွာ တည်၏။ကိုယ်၌ပူပန်ခြင်းသည် သက်ရောက်၏။ ထိုပုဂ္ဂိုလ်သည် ကိုးကွယ်ရာ မရှိသည် ဖြစ်၍ ဘဝတို့၌ ငြီးငွေ၏။ မင်းကြီး—ဥပမာ သေဘ်ကား ယောကျ်ားသည် အလျှံပြောင်ပြောင် တောက်သော ဒိုးပုံကြီးသို့ ဝင်ရောက်အံ့၊ ထိုယောကျ်ားသည် ထိုဒိုးပုံကြီး၌ ကိုးကွယ် ထောက်တည်ရာ မရ၍ ဒိုးပုံကြီး၌ ငြီးငွေရာ ဖြစ်သကဲ့သို့ ထို့အတူ မင်းကြီး—သဒ်ါရတရား၌ အစ, အလယ်, အဆုံးမှ စွဲလမ်းအပ်, ယူအပ် သည်ကို မမြင်။ ထိုသူ၏ စိတ်၌ မငွေ့လျော်ခြင်းသည် အမြဲတည်၏။ကိုယ်၌ ပူပန်ခြင်းသည် သက်ရောက်၏။ ထိုပုဂ္ဂိုလ်သည် ကိုးကွယ်ထောက်တည်ရာ မရှိသည်ဖြစ်၍ ဘဝသုံးပါးတို့၌ ငြီးငွေ၏။ ထိုသဒ်ါရ တရား၏ ဖြစ်ခြင်း၌ ဘေးကို မြင်လွန်သော ထိုပုဂ္ဂိုလ်

အား ဤသို့သောစိတ်သည် ဖြစ်၏၊ ဤသခ်ါရတနားသည် ပြင်းစွာလောင်၏။ ပူပန်၏။ ပြောင်ပြောင်တောက်၏။ များစွာသော ဆင်းရဲခြင်းရှိ၏၊ များစွာသော ပင်ပန်းခြင်းရှိ၏။ သခ်ါရတနားတို့၏ မဖြစ်ရာ အကြောင် နိဗ္ဗာန်သည်ကား ခပ်သိမ်းသော ဘေးတို့၏ ငြိမ်းရာဖြစ်၏။ ခပ်သိမ်းသော ဥပါဒ်တို့၏ လွတ်ရာဖြစ်၏။ တဏှာ၏ ကုန်ရာဖြစ်၏။ ရာဂမရှိ ဝဋ်တရားတို့၏ ချုပ်ရာ ဖြစ်၏။ ဤနိဗ္ဗာန်သည် ငြိမသက်အေးမြ၏။ ဝဋ်ဆင်းရဲမရှိ။ ထိုနိဗ္ဗာန်ကို တရုံတယောက်သောသူသည် အကယ်၍ ရလေအုံး၊ ထိုပုဂ္ဂိုလ်အား ထိုဘေးရန်တို့သည် မဖြစ်လေရာ။ ဤသို့လျှင် ထိုယောကျ်ားတို့၏ စိတ်သည် သခ်ါရတနားတို့၏ မဖြစ်ရာသို့ ပြေးဝင်၏။ ကြည်လင်၏။ ရွှင်လန်း၏။ "ငါသည် ထိုသခ်ါရတနားမှ ထွက်မြောက်ရာ လမ်းကို မြင်အပ်ပေပြီ" ဟုနှစ်သက်၏။ မင်းကြီး—ဥပမာသော်ကား ယောကျ်ားသည် ခရိုးမှားသည်ဖြစ်၍ အရပ်မဟုတ်သည်ဌ သွားရသည်ရှိသော် မှန်ကန်သော သွားရာခရီးကို ပွေ့မြင်၍ ကြည်လင်သော စိတ်ရှိ၏။ ရွှင်ပျ၏၊ ငါသည် သွားရာခရီးကို ရအပ်ပေပြီ ဟု နှစ်သက်၏။ ထို့အတူ မင်းကြီး သခ်ါရတနား၏ ဖြစ်ခြင်းဌ ဘေးကိုမြင်သော သဘောရှိသော ပုဂ္ဂိုလ်အား သခ်ါရတနား မဖြစ်ရာဌ စိတ်သည် ပြေးဝင်၏။ ကြည်လင်၏၊ ရွှင်လန်း၏။ "ငါသည် ထိုသခ်ါရတနားကိုမှ ထွက်မြောက်ရာ ခရိုးလမ်းကို ရအပ်ပေပြီ" ဟု နှစ်သက်၏၊ ထိုသူသည် သခ်ါရတနား မဖြစ်စိမ့်သောဂါ အကြောင်းကို အားထုတ်၏။ ရှာ၏။ ဆည်းပူး၏။ ပွါးစေ၏။ အကြိမ်

များစွာပြု၏။ ထိုသူအား နိဗ္ဗာန်အကျိုးငှါ သတိသည် ကောင်းစွာတည်၏။ နိဗ္ဗာန်အကျိုးငှါ ဂိရိယသည် ကောင်းစွာတည်၏။ ဒိတိသည် ကောင်းစွာဘည်၏။ ထိုပုဂ္ဂိုလ်၏ စိတ်သည် ဒုဗန်တလဲလဲ နှလုံး သွင်းသော အားဖြင့် သဒ္ဓါရတနာ၏ ဖြစ်ခြင်းကိုလွန်၍ သဒ္ဓါရတနာ၏ မဖြစ်ရာသို့သက်၏။မင်းကြီး—ဤသို့သဒ္ဓါရတနာ၏ မဖြစ်ရာသို့ အစဉ်ရောက်သော သူသည် ကောင်းစွာ ကျင့်သည်ဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြု၏''။

အမှာ—အထက်ပါ ရဟန္တာ မှာင်နာဂသေန ဟောပြသော ''နိဗ္ဗာန်ကို မှတ်ယူပုံ''နှင့် ''နိဗ္ဗာန်ကို မျက်မှောက်ပြုပုံ''ကို ဘတ်ကြရပြီးသောအခါ ယခုခေတ်တွင် နိဗ္ဗာန်ကို မျက်မှောက်ပြုကြရာမှာ မှေကနဲ, ဗိုက်ကနဲ,သတိလစ်သလို,ဘာမျှမသိသလို ဖြစ်ကြတာဘဲ ဟု ပြောကြတာမှာ များစွာသတိပြုစရာ,စဉ်းစားစရာ ဖြစ်ပါသည်၊အထူးသတိပြုကြပါ။ အရိယာစစ်တို့ နိဗ္ဗာန်ကို အာရုံပြုရသော မဂ်စိတ်ကြောင့် ရာဂ, ဒေါသ, မောဟတို့၏ ကုန်ခြင်းသည် မဂ်စိတ်၏ သဘာဝပည့်၏။

၁၂၄။ ပဟာနကိစ္စ

''တသ္မာ ပနေတံ အာဂမ္မ ရာဂါဒယော ဒိယ္ယန္တီ'' ဟူသော**စိဘင်းအဋ္ဌကထာ** ဆရာ ပိန့်မှာတော်မူအပ်သည်နှင့်အညီ နိဗ္ဗာန်ကို အာရုံပြုရသော မဂ်စိတ်ကြောင့် ရာဂ, ဒေါသ, မောဟတို့၏ ကုန်ခြင်းသည် မဂ်စိတ်၏ သဘာဝပည့်၏။

ဤသို့ သောတာပန်,သကဒါဂါမ်,အနာဂါမ်,ရဟန္တာ အရိယာ ၄-ပါးတို့ ပယ်သတ် အပ်ပြီးသော အကု

သိုလ် တရားမျှားကို အောက်ပါအတိုင်း ၁၈-ပါးသော အဋ္ဌကထာ ရာသီတို့တွင် ဖြတ်ထားပါသည်။

သောတာပန် အရိယာပုဂ္ဂိုလ်အား အောက်၌ ဖော်ပြထားသည့် အတိုင်း အနှစ်သော အစွမ်းအားဖြင့် ၅၀။ တနှုတရအားဖြင့် ၂၇-ပါးတို့ကို ပယ်နိုင်သော သတ္တိရှိ၏။

(ဒီဃနိကာယအဋ္ဌကထာ)

သောတာပန် အကြွင်းမဲ့ ပယ်သတ်ပြီး	သကဒါဂါဖိ အကြမ်းပယ်ပြီး၍ အနာဂါဖိ အကြွင်းမဲ့ ပယ်သတ်ပြီး	ရဟန္တာအကြွင်းမဲ့ ပယ်သတ်ပြီး

[၁] သံယောဇဉ် ၁၀-ပါး

၁။ ဒိဋ္ဌိ
၂။ ဝိစိကိစ္ဆာ
၃။ သီလဗ္ဗတပရာမာသ
၄။ ကာမရာဂ
၅။ ပဋိဃ
၆။ ရူပရာဂ
၇။ အရူပရာဂ
၈။ မာန
၉။ ဥဒ္ဓစ္စ
၁၀။ အဝိဇ္ဇာ

[၂] ကိလေသာ ၁၀-ပါး

၁။ လောဘ
၂။ ဒေါသ
၃။ မောဟ
၄။ မာန
၅။ ဒိဋ္ဌိ
၆။ ဝိစိကိစ္ဆာ
၇။ သင်္ကာယဒိဋ္ဌိ
၈။ သီလဗ္ဗတပရာမာသ
၉။ ကာမရာဂ
၁၀။ ပဋိဃ

[၃] မိစ္ဆာဘာရများ (၁၇) ပါး

၁။ ဒိဋ္ဌိသင်္ကပ္ပ
၂။ မိစ္ဆာဝါစာ
၃။ မိစ္ဆာကမ္မန္တ
၄။ မိစ္ဆာအာဇီဝ
၅။ မိစ္ဆာဝါယာမ
၆။ မိစ္ဆာသတိ
၇။ မိစ္ဆာသမာဓိ
၈။ မိစ္ဆာဉာဏ
၉။ မိစ္ဆာဝိမုတ္တိ
၁၀။ သမ္ဖပ္ပလာပ မိစ္ဆာဝါစာ
၁၁။ ဒိဋ္ဌာဝိယာဓ
၁၂။ ဒိဋ္ဌာဝိသူကဒိဋ္ဌိ
၁၃။ ဒိဋ္ဌာဝိသလ္လ
၁၄။ ဒိဋ္ဌာဝိဂဟန
၁၅။ ဒိဋ္ဌာဝိဝိပ္ဖန္ဒိတ
၁၆။ ဒိဋ္ဌာဝိသံယောဇန
၁၇။ ဒိဋ္ဌာဝိဩဃ

[၄] မိစ္ဆာဘာရများ (၁၇) ပါး

၁။ ဒိဋ္ဌိသင်္ကပ္ပ
၂။ မိစ္ဆာဝါစာ
၃။ မိစ္ဆာကမ္မန္တ
၄။ မိစ္ဆာအာဇီဝ
၅။ မိစ္ဆာဝါယာမ
၆။ မိစ္ဆာသတိ
၇။ မိစ္ဆာသမာဓိ
၈။ မိစ္ဆာဉာဏ
၉။ မိစ္ဆာဝိမုတ္တိ
၁၀။ အဓမ္မဓမ္မတာ
၁၁။ အဓမ္မဓမ္မသညာ
၁၂။ အဓမ္မဓမ္မသင်္ကပ္ပ
၁၃။ အဓမ္မဓမ္မဓာတု
၁၄။ အဓမ္မဓမ္မာယတန
၁၅။ အဓမ္မဓမ္မသမာပတ္တိ
၁၆။ အဓမ္မဓမ္မသမာပဇ္ဇန
၁၇။ အဓမ္မဓမ္မဓိမုတ္တိ

၃။ ပါဏာတိပါတာ ဝေရမဏိဿ ပဋိဝိရတိ
၄။ အဒိန္နာဒါနာ ဝေရမဏိဿ ပဋိဝိရတိ
၅။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိဿ ပဋိဝိရတိ
၆။ မုသာဝါဒာ ဝေရမဏိဿ ပဋိဝိရတိ

×

၁၂။ မိဿာသတိ
၁၃။ မိဿာသမာဓိ
၁၄။ မိဿာဒိဋ္ဌိ
၁၅။ မိဿာဉာဏာ

[၄] လောကဓံတရား (၈) ပါး

၁။ အလာဘ
၂။ အယသ
၃။ နိန္ဒာ
၄။ ဒုက္ခ

×

၅။ လာဘ
၆။ ယသ
၇။ ပသံသာ
၈။ သုခ

[၅] မဿဓိယတရား (၅) ပါး

၁။ အာဝါသ မဿဓိယ
၂။ ကုလမဿဓိယ
၃။ လာဘမဿဓိယ
၄။ ဝဏ္ဏမဿဓိယ
၅။ ဓမ္မမဿဓိယ

×

×

[၆] ဒိဗ္ဗသောတဓာတု (၁၂) ပါး

၁။ အမနုဿေ သုဘေ ဒိဗ္ဗသောတဓာတု
၂။ အမနုဿေ ဒုက္ခေ ဒိဗ္ဗသောတဓာတု
၃။ မနုဿေ သုဘေ ဒိဗ္ဗသောတဓာတု
၄။ မနုဿေ ဒုက္ခေ ဒိဗ္ဗသောတဓာတု
၅။ အမနုဿာနံ သုဘံ ဒိဗ္ဗသောတဓာတု
၆။ အမနုဿာနံ ဒုက္ခံ ဒိဗ္ဗသောတဓာတု
၇။ မနုဿာနံ သုဘံ ဒိဗ္ဗသောတဓာတု
၈။ မနုဿာနံ ဒုက္ခံ ဒိဗ္ဗသောတဓာတု
၉။ ဒေဝါနံ သုဘံ ဒိဗ္ဗသောတဓာတု
၁၀။ ဒေဝါနံ ဒုက္ခံ ဒိဗ္ဗသောတဓာတု
၁၁။ ဒုက္ခေသုခသညာ
၁၂။ ဒုက္ခေသုခစိတ္တာ

[၇] ဒိဗ္ဗစက္ခုဉာဏ (၁၀) ပါး

၁။ အနိစ္စေနိစ္စသညာ
၂။ အနတ္တေအတ္တသညာ
၃။ ဒုက္ခေသုခသညာ
၄။ အသုဘေသုဘသညာ
၅။ အနိစ္စေနိစ္စစိတ္တာ
၆။ အနတ္တေအတ္တစိတ္တာ
၇။ ဒုက္ခေသုခစိတ္တာ
၈။ အသုဘေသုဘစိတ္တာ
၉။ အနိစ္စေနိစ္စဉာဏ
၁၀။ အသုဘေသုဘဉာဏ

[၇] ဂန္ထံတရား(၄)ပါး

၁။ သိလဗ္ဗတပရာမာသ ၂။ ဗျာပါဒကာယဂန္ထံ ၃။ အဘိဇ္ဈာကာယဂန္ထံ
ကာယဂန္ထံ
၄။ ဣဒံ သစ္စာဘိ နိဝေသ
ကာယဂန္ထံ

[၈] အဂတိတရား(၄)ပါး

၁။ ဆန္ဒာဂတိ
၂။ ဒေါသာဂတိ
၃။ မောဟာ ဂတိ
၄။ ဘယာဂတိ

× ×

[၉] ဩကဘာရား(၄)ပါး

၁။ ဒိဋ္ဌောဃ ၂။ ကာမောဃ ၃။ ဘဝေါဃ
၄။ အဝိဇ္ဇောဃ

[၁၀] ယောဂ(၄)ပါး

၁။ ဒိဋ္ဌိယောဂ ၂။ ကာမယောဂ ၃။ ဘဝယောဂ
၄။ အဝိဇ္ဇာ ယောဂ

[၁၁] အာသဝ(၄)ပါး

၁။ ဒိဋ္ဌာသဝေါ ၂။ ကာမာသဝေါ ၃။ ဘဝါသဝေါ
၄။ အဝိဇ္ဇာသဝေါ

[၁၂] နိဝရဏ(၅)ပါး

၁။ ဓိဗ္ဗိဆိဒ္ဓာ ၂။ ကာမဆ္ဆန္ဒနိဝရဏ ၃။ ထိနမိဒ္ဓနိဝရဏ
နိဝရဏ ၄။ ဗျာပါဒနိဝရဏ ၅။ ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏ

(အဗျာ-ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏကို ပယ်စဉ်တွင် ၂ပါးခဲ့ပြထားပါသည်)

[၁၃] ဥပါဒါန်တရား(၄)ပါး

၁။ ဒိဋ္ဌုပါဒါန် × ၄။ ကာမုပါဒါန်
၂။ သီလဗ္ဗတုပါဒါန်
၃။ အတ္တဝါဒုပါဒါန်

[၁၄] အနုသယ (၇)ပါး

၁။ ဒိဋ္ဌာနုသယ ၃။ ကာမရာဂါနုသယ ၅။ မာနာနုသယ
၂။ ဒိဋ္ဌိဝိစိကိစ္ဆာနုသယ ၄။ ပဋိဃာနုသယ ၆။ ဘဝရာဂါနုသယ
၇။ အဝိဇ္ဇာ နုသယ

[၁၅] မလ (၃) ပါး

၁။ ဒေါသမလ ၂။ လောဘမလ
၃။ မောဟမလ

[၁၆] အကုသလကမ္မပထ (၁၀) ပါး

၁။ ပါဏာတိပါတ ၆။ ဖိသုဏဝါစာ ၉။ သမ္ဖပ္ပလာပ
၂။ အဒိန္နာဒါန ၇။ ဖရုသဝါစာ ၁၀။ အဘိဇ္ဈာ
၃။ ကာမေသုမိစ္ဆာစာရ ၈။ ဗျာပါဒ
၄။ မုသာဝါဒ
၅။ ပိသုဏဝါစာ

[၁၇] အကုသိုလ်စိတ် (၁၂) ပါး

၁။ ဒိဋ္ဌိဂတဝိပ္ပယုတ် လေးပါး
၂။
၃။
၄။
၅။ ဒိဋ္ဌိဂတသမ္ပယုတ် လေးပါး
၆။ ပဋိဃသမ္ပယုတ် ၂ ပါး
၇။ ဒေါသမူဒ္ဒေး
၈။ ဒိဋ္ဌိဂတဝိပ္ပယုတ် လေးပါး
၉။
၁၀။
၁၁။
၁၂။ ဥဒ္ဓစ္စသမ္ပယုတ်

[၁၈] ဒိဋ္ဌိပရာမာသတရား

၁။ ဒိဋ္ဌိပရာမာသ × ×

အမှာ။ ။အရိယာတို့၏ မဂ်ဖြင့် ပယ်အပ်ပြီးသော အဆက်ဖော်ပြပါ အကုသိုလ် တရားများကို သိကြပြီး ကာ အရိယာဟု ဝန်ခံနေကြသော ပုဂ္ဂိုလ်တို့သည် မိမိတို့ပယ်အပ်သော အကုသိုလ် တရားများကို အကြွင်းမဲ့ ပယ်ပြီး, မပြီး စစ်ကြည့်ပါလေ။ အလွယ်ဆုံး, အကောင်းဆုံး, အမှန်ဆုံး စစ်တမ်းကြီးတခု ဖြစ်ပါသည်။

၁၂၄။ လောကုတ္တရာသမာပတ် ၂-ပါး

(၁) ဖလသမာပတ်
(၂) နိရောဓသမာပတ်

ဖလသမာပတ်၌ အရိယာတို့သည် မိမိတို့ရဒေဝါပြီးသော ဖိုလ်ကိုသာ မိမိတို့ ဝင်စား နှင်ကြလေသည်။ ထိုဖလသမာပတ်ကို ဝင်စားလိုသော အရိယာ သာဝကသည် ဆိတ်ကွယ်ရာ အရပ်သို့ ချဉ်းကပ်လျက် ကာလအပိုင်းအခြားကို ပြုပြီးလျှင် ရပ်, နာမ် သဒ္ဓါရတနာတို့ကို ဥဒယဗ္ဗယဉာဏ်မှစ၍ ဉာဏ်စည် အတိုင်း တက်ကာ ဂေါတြဘူဉာဏ်၏။ အခြားမဲ့၌ နိဗ္ဗာန်ကို အာရုံပြု၍ ဖိုလ်စိတ်ကို ဖြစ်စေ၏။ထိုနောက် ပုဂ်းခြားတိုင်းသောကာလ၏ အဆုံး၌ ဘဝင်စိတ်ဖြင့် ထလေ၏။

နိရောဓသမာပတ် ဝင်စားခြင်းကိုကား ကာမဘုံ, ရူပဘုံတို့၌၌ သမာပတ် ၅စ်ပါးကို ရကြကုန်သော အနာဂါမ် ပုဂ္ဂိုလ်တို့အားဂင်း၊ ရဟန္တာ ပုဂ္ဂိုလ်တို့အားဂင်း ခအပ်၏။အရူပဘုံတို့၌ ရူပဈာန်၏ မဂ်ိခြင်းကြောင့် ထိုအရူပဘုံတို့၌ ဝင်စားခြင်းငှါ မစွမ်းနိုင်ချေ။ ထိုနိရောဓသမာပတ်မှာ အစဉ်အတိုင်း ပဌမဈာန် အစဂ်ိသော မဟဂ္ဂုတ် သမာပတ်ကို ဝင်စား၍ ထိုမဟဂ္ဂုတ် သမာပတ်၌ ဖြစ်ကုန်သော သဒ္ဓါရတနာတို့ကို ထိုထိုသို့သော ဈာန်မှ ထပြီးသည်၏ အခြားမဲ့၌ပင် ဝိပဿနာရှုလျက် အာကိဉ္စညာယတနဈာန်ကို ဝင်စား၍ ထိုဈာန်မှထပြီးလျှင် နာနာဗဒ္ဓ အဝိကောပန-ငါ၏ အထူးထူးသော ပစ္စည်းမျက်စိးပါစေ ဟူ၍ဆုံး။
သံယပဘိမာနန-သံယာကော်မြတ်များအလိုရှိခဲ့သော်ငှင်း

သဓမ္မဝတီ ၅၃၀-၁၆

သည်ထွေ့ပကြောသန-ဘုရားရှင်ခေါ်တော်မူခဲ့သော်ငင်း၊ အဋ္ဌာနပရိဇ္ဇေဒ-ငါ၏အသက်သည်-၇-ရက်ထက် အပို ရှိသေး၏ ဟူ၍ငင်း၊ ဤလေးပါးသော ပုဗ္ဗကိစ္စကိုအဓိဋ္ဌာန် ခြင်းကို ပြု၍၊ နေ့သည်ဘန္ဓာသည် ယဘန ကုသိုလ်, ကြိုယာ ဈာန်ကိုဝင်စား၏။ ထိုကုသိုလ်ဇော, ကြိုယာဇော ၂-ကြိမ်နောက်၌ အနာဂါမ်, ရဟန္တာ၏ စိတ်, စေတသိက် အစဉ်သည် ပြတ်၏။ ထိစိတ်, ဖေတသိက် အစဉ်ပြတ်သည်မှ နောက်၌ ကမ္မဇရုပ် အစဉ်ဖြစ်ခြင်းသည် နိရောဓသမာပတ်ကို ဝင်စားသည်မည်၏။ စိတ်, စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်ခြင်းမည်သည်ဖြစ်၏။

နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်မှာ အနာဂါမိဖိုလ် စိတ်၊ ရဟန္တာမှာ အရဟတ္တဖိုလ် စိတ်ဖြစ်၍ ဘဝင်ကျ၏။ ထို နောင်ပစ္ဆာဇဝကွဏာဉာဏ် ဖြစ်ခဲ့လေ၏။

နိရောဓသမာပတ်ကို ရိုးရိုး အနာဂါမ်, ရဟန္တာတို့ မဂင်စားနိုင်ပါ။ ဈာန်သမာပတ် ၈-ပါးလုံးနှင့် ပြည့်စုံသော အနာဂါမ်, ရဟန္တာတို့မှ သာလျှင် ဝင်စားနိုင်ပါသည်။

၁၂၅။ ငြိမ်းသမှုပတ် အတုအပ ပေါ်နေပုံ

ယခုခေတ်မှာ ဗလသမာပတ်, နိရောဓသမာပတ် မျိုးကို ကင်းသလို ခံစားနိုင်ဘိသကဲ့သို့ပြောဆိုသံကြားရပါသည်။

(၁) လွန်ခဲ့သော အနှစ်(၄၀)ကျော်လောက်က ပြည့်မြို့ငြိုခြင်း၊ လွန်ခဲ့သော အနှစ်(၃၅) ကျော်လောက်က မြန်အောင်မြို့ငြိုခြင်း၊ နိရောဓသမာပတ် ဝင်စားစေသည်ဟု ဆိုကာ အောက်လမ်းနည်းဖြင့် ဆေးတိုက်၍ သစ်တုံး, ကျောက်တုံး ကဲ့သို့ ဖြစ်လာသော အခါ၊ ရေဖြင့် ဖြန်း

တောက်မှ သတိ ရလာကြောင်း ပေါ်ထွက်နေ သဖြင့် သန့်ရှင်းသော သံဃာတော်အရှင်မြတ်များက စစ်ဆေးမေးမြန်းကာ ၎င်းအောက်လမ်းဆရာ ဘုန်းကြီးမျာ:ဂိုဏ်း ကို သုတ်သင် ရှင်းလင်း ပစ်လိုက်ရသည် ဟု ဆရာတော် ကြီးမျာ:ထံမှ တဆင့်စကာ:ကြာ:ဘူးပါ၏။

(၂) ယခုအခါ ၎င်း ဂိုဏ်းနှင့် ဆင်တူလိုလို အောက် လမ်းဆေးမျာ:ဖြင့် မဟုတ်သော်လည်း ကာလစိတ်ညှို ပညာဖြင့် စိတ်ကိုညှိသဖြင့် သစ်တုံး,ကျောက်တုံး ပမာ ထောင့်တင်း၍ ၂-ရက်, ၃-ရက်, ၄-ရက်စသည်ဖြင့် နေ စေပြီးလျှင် ဖလ သမာပတ် ဝင်စာ:စေသည်၊ နိရောဓ သမာပတ် ဝင်စာ:စေသည်ဟု ပြောဆိုသော ဂိုဏ်းမျာ: ကို အထက် မြန်မာပြည်,အောက်မြန်မာပြည် မျာ:၌ ပေါ်နေ ကြောင်း ကြာ:သိနေရုပါသဖြင့် ထိုသမာပတ် မျာ:သည် စစ်, မစစ်မှန် မမှန် သိနိုင် စေခြင်း၌ စစ် တတ်ကြပါ စေရန် ဖလသမာပတ်နှင့် နိရောဓသမာပတ် အကြောင်း ကို ကျမ်းဂန် လာအတိုင်း အထက်၌ ရေးပြ ခဲ့ပြီးပါပြီ။ ကျမ်းဂန် စကာ:နှင့် မညီညွတ်လျှင် လက်မခံ ကြပါနှင့်။

(၁) အရိယာ ပုဂ္ဂိုလ်မဖြစ်သော်လျှင် မိမိတို့ရအင်္ဂါ:သော ဖိုလ်ကိုသာလျှင် မိမိတို့ ဝင်စာ:နိုင်ပါသည်။အကယ်၍ ယခု ကာလမှာ ဝင်စာ:စေသကဲ့သို့ လူ:ရ အဝုံလိုက် ၁၀၀, ၁၅၀,ဝင်စာ:၍မဖြစ်ပါ။ဗုဒ္ဓဘာသာမဟုတ်သူ,သရဏဂုံ မရှိသူ, လူမျိုးခြား တဦး တယောက်ကို ဝင်စာ: စေ၍ လည်:မဖြစ်ပါ၊ ထို့သို့ဝင်စာ:စေပါလျှင် ဖလ သမာပတ်

မဟုတ်ပါဘဲ စိတ်ညှို့ပညာ၊ သို့မဟုတ် အောက်လမ်း ဆေးပညာမျှားသာ ဖြစ်ရပါမည်၊ သတိ ထားကြပါလေ။

(၂) နိဂြောဓသမာပတ် ဝင်စားစေသည့် ဆိုသောစကားမှာ သာ၍ပင် ဆိုးဝါး နေပေလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် နိဂြောဓသမာပတ်မှာ ရိုးရိုးအနာဂါမ်, ရိုးရိုး ရဟန္တာ တို့ပင် မဝင်စားနိုင်ဘဲ ဈာန်သမာပတ်နှင့် ပြည့်စုံသော အနာဂါမ်, ရဟန္တာ တို့သာလျှင် ဝင်စားနိုင် သောကြောင့် ဖြစ်ပါသည်။အထူးသတိ ထားကြပါလေ။

၁၂၄။ စိတ်ညှို့ပညာ သတိထားကြပါ

စိတ်ညှို့ပညာ ပြဿဲများဝင့် ပွဲကြည့် လာသူများထဲမှ လူအချို့ကို ဓာတ်ခုံပေါ်သို့ တင်၍ စိတ်ညှို့ ပညာဖြင့် လုပ်သဖြင့် မလှုပ်မရှား စကား မပြောတော့ဘဲ၊ သစ်တုံး, ကျောက်တုံးကဲ့သို့ဖြစ်သွားပုံကို ရုံကုန် မြို့ပေါ်တွင် မြင်ဘူးကြလေပြီ၊ ၎င်းပြင် စိတ်ညှို့ပညာပြဿဲပြကာစ (၉) နာရီ အချိန်လောက်မှာ ဆရာက ဓာတ်ခုံ ပေါ်က နေပြီး- "ဒီပြဿဲကို (၁၂) နာရီ အချိန် သိမ်းမည်ဟု ကျေညာ ထားသည့် အတိုင်း ယခုအချိန် (၁၂) နာရီထိုးပြီး ဖြစ်ပါ၍ ပြန်ကြပါတော့၊ နာရီများထုတ်ကြည့်ပါ၊ (၁၂) နာရီထိုးပြီးပါပြီ" ဟု ပြောပြကာ ပွဲကြည့်သူများ၏ စိတ်ကို (၁၂) နာရီ ထင်မြင် အောင် ညှို့ထား ပါသဖြင့် ပွဲကြည့် သူများသည် (၉) နာရီ အချိန်လောက်ဖြစ်ကြောင်း သိလျက်နှင့် နာရီများကို ထုတ်၍ကြည့်ကြသော အခါ၊ ကြည့်သော လူတိုင်း၏ စိတ်တွင် (၁၂) နာရီဟု ထင်မြင်နေပါတော့သည်၊ စိတ်ညှို့ပညာတတ်

သောသူများ ပြောသည့် အတိုင်း ကြားသော သူက ထင်မြင်လာ တတ်သည်ကား ထင်ရှားလှပါ၏။

လူကိုသာ မဟုတ်ပါဘဲ တိရစ္ဆာန် များကိုပါ ညှို့၍ ရပါသည်။ဥပမာ- ခွေးကလေး တကောင်ကို စားပွဲပေါ် တင်ထား၍ ဂိုဒိုးခိုင်းပြီး ညှို့လိုက်ရာ ကျောက်တုံး,သစ်တုံးကဲ့သို့တောင့်တင်းသွားသော အခါ၊ လူတယောက်က ခွေးခေါင်းပေါ်တွင် ခေါင်းခြင်းထိ၍ အုန်းပင်စိုက်ပြုံကို ဓာတ်ပုံနှင့် တက္ခ (၂-၇-၅၂) နေ့ထုတ် ဟံသာ ဝတ္ထု သတင်းစာ စာမျက်နှာဖုံးတွင်ရေးသားဖော်ပြဘူးပါသည်။

စိတ်ညှို့ပညာဖြင့် ညှို့ကာ ဆရာပြောသမျှ တပည့်၏ စိတ်တွင် ထင်မြင်လာသည်ကို သမာဓိ နိမိတ်, ဝိပဿနာ ဥပက္ကိလေသ စသည်တဲ့ဟု ဘယ်ဆရာကပင် ပြောသော်လည်း လက်မခံကြပါလေနှင့်၊ မယုံကြည်ကြပါလေနှင့်၊ စိတ်ညှို့ပညာဖြင့်ညှို့လိုက်သဖြင့် ကျောက်တုံး,သစ်တုံးကဲ့သို့ဖြစ်သွားသည်ကိုလည်း ဖလသမာပတ် ဝင်စား တာဘဲဟု ဘယ်ဆရာကပင် ပြောသော်လည်း လက်မခံ ကြပါလေနှင့်၊ မယုံကြည်ကြပါလေနှင့်၊ စိတ်ညှို့ပညာကိုသတိထားကြပါလေ။

၁၂၇။ စွာန်အကျိုးငှာ သမာပတ်ကို ရဘိုင်း မင်္ဂုဒိုလ် ရသည်မဟုတ်

နဒေါ် ပနေတော ဗုန္ဒ အရိယသာ ဝိနယေ
သံလေခါ ဂုဇ္ဈန်၊ ဒိဋ္ဌ ဓမ္မသုခဝိဟာရာ
ဓေတော အရိယသာ ဝိနယေ ဂုဇ္ဈန်။ ။

(မူလပဏ္ဏာသ သံလေခသုတ်)

အခြေပုဂါယ်ကာဒး။ ။ရုန္ဒရဟန်း-ထိုဥပစာရသမာဓိ အပ္ပ
နာသမာဓိနှင့် တကွသော ဈာန်အဘိညာဏ် သမာပတ်
တို့သည် ဖြတ်စွာဘုရား၏ အဆုံးဩဝါဒတော်၌ အကုသိုလ်
ကိလေသာကို ပယ်ခွါ ချတ်ဖြတ် စွန့်ပစ် တတ်သော သံ
လေခမ္မ မမည်။မျက်မှောက်အကျိုးမျှသာ ဖြစ်သော ဒိဋ္ဌ
ဓမ္မ သုခ ဝိဟာရသာမည်၏။

(ဝဏ္ဏသာဓကများမှာ)

မဟာနာဂဆေရ် ဝဏ္ဏ — ဓမ္မဒိန္နရဟန္တာ ပုဂ္ဂိုလ်သည် တနေ့သော အခါ"ငါ၏ ဆရာဖြစ်သော ဥစ္စာသင်္ခ် အခရပ်၌နေသော မဟာနာဂဆေရ်အား ရဟန်းကိစ္စသည် အပြီးသို့ ရောက်ပါ ပြီလော" ဟု ဆင်ခြင် လတ်သော် ပုထုဇ္ဇန်၏ အဖြစ်ကိုသာ မြင်၍ "ထို အရပ်သို့ ငါမသွား ခဲ့သော် ပုထုဇ္ဇန်၏ အဖြစ်ဖြင့်သာ သေခြင်းကို ပြုရလတံ့" ဟုသိလေလျှင် ကောင်းကင် ခရီးဖြင့်သွား၍ ဝတ်ပြု ဂိုဏိုး လျက် နေ၏။ မဟာနာဂဆေရ်က "အဘယ်ကြောင့် လာသနည်း" ဟု မေးလျှင် ပြသနာ မေးလို၍ လာပါ သည်ဟု ဖြေသဖြင့် မေးလော့ ငါ့ရှင်ဟု ပြောသော အခါ ပုဆွေ ၁၀၀၀-မေးလျှောက်၏၊ မေးတိုင်းမေးတိုင်း ဆုတ် ဆိုင်းမရှိ မငြိမတွယ် အလွယ် တကူ ဖြေဆိုတော် မူလျှင် ဓမ္မဒိန္နဆေရ်က "အရှင်ဘုရား ပညာ တော်ကား ထက် မြက်လှပေ၏။ဤတရားကို အဘယ်အခါကစ၍ ရတော် မူပေသနည်း" ဟုမေးရာ၊ဤတရားကို ငါရ သည်ကား

အနှစ် (၆၀) ရှိပြီ ဟု ဆိုဖူး။ မဟာနာဂ ထေရ်ကား သမာဓိ၏ အစွမ်းဖြင့် ကိလေသာကို နွေ့၍ ဝိပဿနာ ဖြင့် သင်္ခါရကို သိမ်းဆည်း လတ်သော် ကိလေသာ ကိုသည် ပိဓိ၏ သန္တာန်၌ မဥပါဒ် လေရကား ငါ ရဟန္တာ ဟု ထင်သတည်း။ အနှစ် (၆၀) ကိလေသာ မပေါ်ဟု ဆိုလိုသည်။ ထို့ နောင်မှ ဓမ္မဒိန္န ထေရ်က အရှင်ဘုရား သမာဓိကို လွဲလာ တော်မူသည်မှန်လျှင် တရေသော အမုံရစ်သော ဆင်ပြောင်ကြီးကို ဖန်ဆင်း တော်မူ၍ အမြီးကို ထောင်လျက် နားရွက်ကို ဖြန့်ပြီး လျှင် ခံတွင်းထို နှာမောင်းကို သွတ်၍ ကြိုးကြာသံ နှင့်တူသော အသံဖြင့် အရှင်ဘုရား၏ ထံသို့ ဝှေ့ရှု လာသည်ကိုပြုတော်မူပါဟု လျှောက်ပြန်ရာ လျှောက်တိုင်းပြု၍ ပြင်းစွာသော အာဟုန်ဖြင့် ကြောက်မက်ဘွယ်လာသော်ဆင် ကံ့ဖြင့်သည်နှင့်တကွ ထ၍ပြေးမည့် ပုံသည့်ကာလ ဓမ္မဒိန္န ရဟန်းက သက်နှစ်ဖွန်းကို ကိုင်ပြီးလျှင် အရှင် ဘုရား ရဟန္တာပုဂ္ဂိုလ်တို့မှာ ဤကဲ့သို့ ကြောက်လန့် ခြင်းသည် ပြင်းစွာဖြစ်လေရာ သလောဟု မေးသော ကာလမှ ပိဓိ၏ ပုထုဇ္ဇန်အဖြစ်ကို စင်စစ် သိလေလျှင် ငါရှင်ဓမ္မဒိန္န ငါ အားကိုးကွယ်ရာ ဖြစ်ပါလော ဟု ဓြေရင်းခွဲတည်သည်သည် တွင် အရှင်ဘုရား၏ ကိုးကွယ်ရာဖြစ်စေခြင်းငှါ အကျွန်ုပ် လာပါသည်ဟုဆို၍ ကမ္မဋ္ဌာန်းကို သင်ကြားလေ၏။ ထို အခါ မဟာနာဂထေရ်လည်း ကမ္မဋ္ဌာန်းကို ယူဆောင် လျက် စကြိုသို့ တက်သွားရာ ဘဝါးလှမ်း (၇)ချက်တွင် ရဟန္တာဖြစ်လေ၏။

စုလွှသုမနထေရ်ဝတ္ထု

မဟာနာဂဆေတ်ရ ဇာတ်နှာ ဖြစ်ပြီးနောက် ဓမ္မဒိန္နဆေတ်သည် စိတ္တလ တောင်၌ နေသော စုလွှသုမန ထေရ်၏ အထံသို့ ကပ်၍ အထက်ပါအတိုင်း ပုစ္ဆာပြဿနာကို ကောင်းစွာ ဖြေကြား စေပြီးမှ အာရုဏ်ဘုရား ပဒုမာကြာရုံချပ်တွင် ရပ်လျက်ကောင်းစွာ သာယာသော သိဒ္ဓိသံဖြင့် က သည့် ပိန်းမနှင့် တကွသော ရေကန်ကို ပန်ဆင်းတော်မူပြီးမှ ထိုပိန်းမကို ကြွန်ပန်းများစွာ ရှစေရာတွင် အနှစ်(၆၀)ကာလအနည်းငယ်မျှ မသန်းဘဲ ခြောက်ကပ်နေသော ကိလေသာသည် လွန်စွာသောင်းကျန်းလာသဖြင့် စင်စစ်ပုထုဇဉ်အဖြစ်ကို သိသောအခါ မဟာနာဂဆေတ်၏ နည်းတူ ကမ္မဋ္ဌာန်း အား ထုတ်၍ ရဟန္တာဖြစ်လေ၏။

မဟာဒတ္တဆေတ်ရ ဝတ္ထု

ဟက်နက အရပ်၌ နေသော မဟာဒတ္တဆေတ်၏ ဝတ္ထုကိုလည်း ပြဆို ခဲ့ပြီးသော နည်းဖြင့်သာ သိရာ၏။ သို့ဖြစ်ပါ၍ ဈာန် အဘိညာဏ် သမာပတ် ရတိုင်း မင်္ဂလိရသည်မဟုတ်ကြောင်းသိကြပါလေ။ အထက်ပါ ဝတ္ထုများ၌ပါသော မထေရ်ကြီးများကဲ့သို့ ပိဋကို ကိုယ်ကို အာဇင်မလွဲ ကြပါစေရန် သတိ အထုံးထားကြပါ။

အခန်း ၇

စူဠ သောတာပန် စစ်တမ်း

၁၂၈။ စူဠသောတာပန်

သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်ရန် နိဗ္ဗာန်ကိုရလို, ရောက်လိုကြသော ပုဂ္ဂိုလ်တို့သည် သောတာပတ္တိ မဂ်, ဖိုလ်၊ သကဒါဂါမိ မဂ်, ဖိုလ်၊ အနာဂါမိ မဂ်,ဖိုလ်၊ အရဟတ္တ မဂ်,ဖိုလ် ဟူ၍ ,လေးဆင့် လေးတန် အစဉ်အတိုင်း ရကြရာ၏။ ၎င်းမဂ်, ဖိုလ် အစဉ်ကို ချန်ကျော်၍ ရောက်သည်မရှိပါ။ အရိယာတို့၏ ပဌတာပင် ဖြစ်ပါသည်။

အကယ်၍ ပါရမီ ဓာတ်ခံမရှိသဖြင့် ယခုဘဝတွင် သောတာပန် အစစ်ကြီး မဖြစ်စေကာမူ။ သောတာပန် လောင်း,သောတာပန်ကလေး, သောတာပန်အငယ်စား စူဠသောတာပန်ဖြစ်လျှင်ပင် အပါယ်ဆို့ မကျဘဲ ဒုတိယ ဘဝ, တတိယဘဝ စသည်တို့၌ သောတာပန် အစစ်ကြီး ဖြစ်ရန် အာမခံရပါသည်။ သို့ပါ၍ ယခုဘဝ အလွန်ရခဲလှသော ဒုလ္လဘ တရားများကို ရရှိ နေကြပါသဖြင့် ၌ စူဠ သောတာပန် အဖြစ်ကိုဖြင့် မရမနေ ကျင့်ကြံကြပါကုန်။

သောတံ အာဒိတော ပဒ္ဓိံသုပါဝုဏိံသူဘိ သောတာပန္နော၊စူဠော သောတာပန္နော စူဠသောတာပန္နော၊

(မဂ္ဂသံယုတ်အဋ္ဌကထာ)

ယေ-အကြင်နာမရှုပ ပရိဆ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟ ဉာဏ် နှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်၊ သောတံ-မဂ္ဂင်၌စ်ပါးတည်းဟူသော ရေအယဉ်သို့၊ အာဒိတော-အစတွေ၊အာပဇ္ဇိံ သုပါပုဏိံ သု-ရောက်ကုန်ပြီ၊ ဣတိတသ္မာ-ထို့ကြောင့်၊ တေ-တို့သည်၊ သောတာပန္နော- သောတာပန်မည်ကုန်၏။ စူဠော-ငယ်ကုန်သော၊ သောတာပန္နော— သောတာပန် ပုဂ္ဂိုလ် တို့သည်၊ စူဠ သောတာပန္နော-စူဠသောတာပန်တို့တည်း။

၁၂၃။ ကလျာဏပုထုဇ္ဇန်

(၁)

ကလျာဏံ ပုထုဇ္ဇနော ဝိသောတာ ပန္နေနေဝ သင်္ဂဟိတော

(အင်္ဂုတ္တိုရ် အဋ္ဌကထာ)

အဓိပ္ပါယ်ကား။ ။ကလျာဏပုထုဇ္ဇန်ပုဂ္ဂိုလ်ကိုလည်း သောတာပန် ပုဂ္ဂိုလ်ဖြင့် ရေတွက်အပ်ပါ၏။

(၂)

ဒဇော ပုထုဇ္ဇနော ဝုစ္စတေ၊
ပုဗ္ဗေ နာဒိဿဗန္ဓုနော။
အဇ္ဇေါ ပုထုဇ္ဇနော ဇေကော၊
ကလျာဏော်ကော ပုထုဇ္ဇနောတိ။

တဆ္ဆ သသသ ခန္ဓာသတာန ဓာတု သဋ္ဌ ကုန္ဒြိယ ပဉ္စဒ္ဓ သမုဒါဒိဒိ ဘေဒေသု ဓမ္မေသု ဉဏဟာပရိပုစ္ဆာ ယော

နိသော မနုသိကာရော နတ္ထိ၊ သော အနုပုထုဇ္ဇနော၊ ယသ တာနိ အတ္ထိ၊ သောကလျာဏပုထုဇ္ဇနော။

(ပဋိသမ္ဘိဒါ မဂ်နှင့် အဂ်ဋ္ဌကထာ)

အဓိပ္ပါယ်ကား။ ။နှစ်ယောက်သော ပုထုဇ္ဇန်တို့ကို နေမင်းဏ်အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောတော် မူအပ်ဏ်၊ ပညာ မျက်စိ ကန်းသော အနုပုထုဇ္ဇန် တယောက် ပညာ မျက်စိ ဂ်ိသော ကလျာဏ ပုထုဇ္ဇန် တယောက်- ဤသို့ နှစ်ယောက် တို့တည်း။ ထို နှစ်ယောက်တို့တွင် အကြင် ပုထုဇ္ဇန်အား ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, ပဋိစ္စသမုပ္ပါဒ် အစဂ်ိသော တရားတို့၌ သင်ခြင်း, မေးမြန်းခြင်း, အသင့်အားဖြင့် နှလုံးသွင်းခြင်းသည် မဂ်ိ။ ထိုပုထုဇ္ဇန်သည် ပညာမျက်စိကန်းသော အနုပုထုဇ္ဇန်မည်ဏ်။ အကြင်ပုထုဇ္ဇန် အား ထိုခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, ပဋိစ္စသမုပ္ပါဒ် အစဂ်ိ သော တရားတို့ကို သင်ခြင်း,မေးမြန်းခြင်း, အသင့်အားဖြင့် နှလုံးသွင်းခြင်းသည် ဂ်ိဏ်။ ထို ပုထုဇ္ဇန်သည် ပညာ မျက်စိဂ်ိသော ကလျာဏ ပုထုဇ္ဇန်မည်ဏ်။

အမျှာ။ ။ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ,ပဋိစ္စသမုပ္ပါဒ် အစဂ်ိသော တရားတို့ဟု အာဒိသဒ္ဒါ ဖြင့် ပြဆိုထားပါသဖြင့် ဤတွင်မှ၊ မကသေးဟု သူရပါမည်၊ သို့ပင်ယူသော်လည်း တရား သဘောမှာ အဝဂ်ဟုဖြစ်သောကြောင့် အလုံးစုံ အကုန်လိုက်၍သိတို့မလိုပါ။ တလုံးလုံးကိုသာ သိတို့လိုပါသည်။ အားထုတ် နှလုံးသွင်း

သောအခါ တလုံးလုံးကိုသာသတိ, ဝိရိယ, သမာဓိ, ဉာဏ် ကုန်လွတ်၍ နှလုံးသွင်းရာ၏။ ထိုတလုံးကို မဂ် ကိစ္စပြီး မြောက်သော် ကြွင်းသောတရား ဟူသမျှသည်လည်း သဘောအတူတူပင် ဖြစ်သောကြောင့် ကိစ္စပြီးပြီးသား, ပြည့်စုံပြီးသား ဖြစ်တော့သည် သာတည်း။

၁၃၀။ ရှုဥ္ဇသောတာပန် ကလျာဏပုထုဇ္ဇန် ဖြစ်လျှင် အကျိုး ကျေးဇူးများပုံ

ရုပ်, နာမ်, အာယတန, ဓာတ် စသောတရား တချချကို စူးစူးစိုက်စိုက်အားထုတ် နှလုံးသွင်းနေသော ကလျာဏ ပုထုဇ္ဇန်တို့သည် ယခုဘဝ၌ မဂ်, ဖိုလ်ကို မရကြဘဲ သေကြရစေကာမူအပါယ်လေးပါးသို့ မကျရောက်နိုင်ပါ။ ရှုဥ္ဇသောတာပန် ဟူသော အဆင့်အဝင်းသို့ ရောက်ကြောင်း **ဒိဿနဒ္ဓိမဂ်အဋ္ဌကထာ** နှင့် **ဒီဃနိကာယအဋ္ဌကထာ** များ၌ အောက်ပါအတိုင်း တွေ့ရပါသည်။

ဇုဝံ သဒ္ဓါရေ သလ္လကွေတ္ထာ ဌိတသ
ပန ဘိက္ခုဿ ဒသဗလဿ သာသနေ
မူလံ ဿတိဏ္ဍံ နာမဟောတိ၊ လဒ္ဓဿာ
သော လဒ္ဓပတိဋ္ဌော နိယတဂတိကော
ရှဥ္ဇသောပန္နော နာမ ဟောတိ။

အနိဿုဂါယိကာဒီး ။။မဟာသောတာပန် ဖြစ်သည်မှတပါး ရှဥ္ဇသောတာပန်ဖြစ်သည်ကိုဆိုဦးအံ့။ ရုပ်, နာမ်, ခန္ဓာ, သဒ္ဓါရှိတရားအစုတို့ကို ၅၂ ပြဆိုအပ်ခဲ့ပြီးသည့် အတိုင်း

ယထာဘူတ ဉာဏ်ဖြင့် ကောင်းစွာမှတ်ယူ၍ ဝိပဿနာရှုလျက် တည်နေသော ရဟန်းအား မြတ်စွာဘုရား၏ သာသနာတော်၌ အမြစ်တွယ်သည် မည်၏၊ ရအပ်သော် သက်သာရာ ဂိုသည်ဖြစ်၍, ရအပ်သော တည်ရာ, မှီရာဂို သည် ဖြစ်၍, မြဲသော လားရာ ကောင်းသော သုဂတိ ဂို သည်ဖြစ်၍ စူဠသောတာပန်မည်သည် ဖြစ်လေတော့၏။

ဣဓမိနာ ပန ဉာဏေန သမန္နာဂတော
ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာ
သော လဒ္ဓပတိဋ္ဌောနိယ တဂတိကော
စူဠသောတာပန္နော နာမ ဟောတိ။
(ဗိသုဒ္ဓိမဂ်)

အဓိပ္ပါယ်ကား။ ။ဤနာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့် ပြည့်စုံသဖြင့် ဟုတ်မှန်တိုင်းကို သိမြင်သော ယထာဘူတဉာဏ် ပြည့်စုံ၍ ဝိပဿနာတရားကို ပွါးများ အားထုတ်လျက် နေသော ယောဂီပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ သာသနာတော်၌ ရအပ်ပြီးသော သက်သာရာဂိုသည်ဖြစ်၍ ရအပ်ပြီးသောထောက် တည်ရာဂိုသည်ဖြစ်၍ မြဲသော လားရာ ကောင်းသောဘဝဂိုသည် ဖြစ်၍ စူဠ သောတာပန် (ဝါ) သောတာပန်ငယ် မည်သည် ဖြစ်လေတော့၏။

ဤဉာဏ် ၂-ပါးနှင့် ပြည့်စုံလျှင် ယုံမှားခြင်း ၁၆-ပါး ယုံမှားခြင်း ၈-ပါးတို့ကို လွန်မြောက် ပယ်နွှာ နိုင်သဖြင့် ကဒ်ဒါဝိတရဏ ဝိသုဒ္ဓိ မည်သော ယုံမှားခြင်းမှ စင်ကြယ်မှုကို ရသဖြင့် လောကီ သိလ, သမာဓိ, ပညာ တို့နှင့် ပြည့်

စုံသောကြောင့် အထက်ဥာဏ်ထူး တရားထူး မဂ်,ဖိုလ်ကို မရသေလည်း မြဲသော လားရာ ဂတိရှိသည် ဖြစ်၍ သောတာပန်ငယ်ဟု ခေါ်ရလေသည်။

ဝိပဿနာ အားထုတ်ဆဲ၌ သာလျှင် လောကီသိလ, သမာဓိ, ပညာတို့နှင့် ပြည့်စုံနိုင်ပါသည်။ ထိုသိလ,သမာဓိ, ပညာတို့နှင့် ပြည့်စုံသောကြောင့်လည်း ဂတိမြဲသည် ဟုမဟာဒီဃဒ္ဒဆိုထားသဖြင့် သခါနိုးအချိန်၌ထိုသိလ, သမာဓိ,ပညာတို့နှင့် ပြည့်စုံရမည် ဟု ဆိုလိုပါသည်။"ငါသည် ဂဘိမြင်ပြီး၊ငါသည် စူဠသောဘာပန်ဖြစ်ပြီး"ဟု ထိုဥာဏ်ဖြင့် အားရ ကျေနပ် ပြီးလျှင် ဝိပဿနာအလုပ်ကို စွန့်လွှတ်၍ ပေါ့ပေါ့ဆဆ နေခဲ့ပါလျှင် သိလ,သမာဓိ,ပညာ မရှိတော့သဖြင့် ဂတိမမြဲနိုင်ကြောင်း ကိုလည်း သတိထားကြပါလေ။ သို့ပါ၍ မဂ်,ဖိုလ် မရသေးမီ ဝိပဿနာအလုပ်ကို အမြဲလုပ်နေမှသာလျှင် ဂတိမြဲမည်ကို သိကြကာ ဝိပဿနာ အလုပ်ကို အမြဲတစေ နေ့ရောညပါ ပွါးများ အားထုတ်ကြပါကုန်။

၁၃၁။ စူဠသောတာပန် ဝိသုဒ္ဓိ (၄) ပါးရုံ

စူဠသောတာပန် ကလျာဏ ပုထုဇ္ဇန်တို့သည် အောက်ပါ ဝိသုဒ္ဓိ ၄-ပါးတို့နှင့် ပြည့်စုံကြပါသည်။

(၁) **သီလဝိသုဒ္ဓိ**။ သိလစင်ကြယ်မှု။
(၂) **စိတ္တဝိသုဒ္ဓိ**။ နိဝရဏကင်းကွာ၍ စိတ်၏ငြိမ်သက်, တည်ကြည်, စင်ကြယ်မှု။

(၃) **ဒိဋ္ဌိဝိသုဒ္ဓိ**။ ခန္ဓာ၏ အစွမ်းအားဖြင့်ဂုဏ်း၊ အာယတာန၏ အစွမ်းအားဖြင့်ဂုဏ်း၊ ဓါတ်၏အစွမ်းအားဖြင့်ဂုဏ်း၊ သစ္စာ၏ အစွမ်းအားဖြင့်ဂုဏ်း၊ ပဋိစ္စသမုပ္ပါဒ်၏ အစွမ်းအား ဖြင့်ဂုဏ်း၊ နာမ်, ရုပ်တို့ကို ပိုင်းခြားဖြင့် ဤသည်ကား နာမ်, ဤသည်ကား ရုပ်ဟု အပနဲတဲလဲလဲ ပိုင်းခြားဖြင့် သိမြင်ခြင်း စင်ကြယ်မှု နာမရူပပရိစ္ဆေဒဉာဏ်။

(၄) **ကင်္ခါဝိတရဏဝိသုဒ္ဓိ**။ထိုသို့ပိုင်းခြား သိမြင်ပြီးသော နာမ်, ရုပ်တို့၏ နိုးသောအကြောင်းဂုဏ်း၊ ဝေးသောအကြောင်းဂုဏ်း၊ အပေါင်းဖြစ်သော အကြောင်းဂုဏ်း၊ အစိတ်ဖြစ်သော အကြောင်းဂုဏ်း အပနဲတဲလဲလဲ သိမ်းဆည်းရှုဆင်ခြင်သဖြင့် ယုံမှားခြင်း ၁၆-ပါး၊ ယုံမှားခြင်း ၈-ပါး ဘို့မှ စင်ကြယ်မှု ပစ္စယ ပရိဂ္ဂဟဉာဏ်။

အမှာ။ ။ဂုဇ္ဇသောတာပန်ဘို့၌ အဆက်ပါ စင်ကြယ်မှုလေးပါးတို့သည် ခဏကိုင်း, နာရီတိုင်း, နေ့တိုင်း, လတိုင်း အစဉ်အဖြဲ သော်သည်အထိ စင်ကြယ်၍နေပါသည်။ ဤကဲ့သို့ အစဉ်အဖြဲ မစင်ကြယ်လျှင် ဂုဇ္ဇသောတာပန်ဟူ၍ မခေါ်နိုင်ပါ။ သေလျှင်လည်း သေသောကာလ ခဏတွင် မစင်ကြယ်လျှင် ဂတိပြုနိုင်ပါ။ သို့ပါ၍ အထူးသတိ ထားကာ စင်ကြယ်မှု ဝိပဿနာ ကမ္မဋ္ဌာန်း အသုပ်ကိုအစဉ် အဖြဲ နေ့ညမပြတ် ကျင့်ကြံပွါးများကြပါကုန်။

ဤကဲ့သို့ ဝိပဿနာ ကမ္မဋ္ဌာန်း တရားကို ပွါးများအား ထုတ်သဖြင့် သက်သာရာ,ထောက်တည့်ရာ,မှီရိုရာ, အားထားရာရှိသောကြောင့်သေသောအခါဥပပါတ်ပဋိသန္ဓေနေ၍ နတ်ဘဝစသည်တို့၌ ဖြစ်မှ လူ့ဘဝက ပွါးများအား

ထုတ်ခဲ့ဘူးသော ဝိပဿနာ တရားတို့သည် လျှင်မြန်စွာ ပေါ်ပေါက်၍ မဂ်တရား, ဖိုလ်တရားကို ရနိုင်ကြောင်း စာတူ ကအောက်တွင်း၏ ပါဠိတော်၌ ဝေါရသည်မှာ—

တသတထ္ထသုဒိနော ဓမ္မပဒါနိ ပိလ
ဝန်္တိဒနော ဘိက္ခဝေ သတုပ္ပါဒေါ။ အထ
ခေါ သော သင်္ကော ဒိပ္ပမေဝ ဝိသေသ
ဘာဂိ ဟောတိ။

အခြိပ္ပါယ်ကား။ ။ထို လူ့ပြည်က ဝိပဿနာတရား ကိုအားထုတ်၍ ဒိဋ္ဌဖြတ်လုနီးနီး၌ သေရသဖြင့် နတ်ပြည်သို့ ရောက်သောသူအား ထို နတ်ပြည်၌ မပင်မပန်း ချမ်းချမ်း သာသာလူ့ဘဝက ပို၍မျှားအားထုတ်ခဲ့ဘူးသော ဝိပဿနာတရား အစုတို့သည် ခဏခြင်း ပေါ်ပေါက်လာ လေတော့၏။ "ငါသည် ဤဘဝက မည်သည့် တရားကို အားထုတ်ခဲ့ပါ တကား" ဟု သတိရမှသည် နှုံးသွေ်လည်း နှုံးရာ၏။ မဂ်, ဖိုလ်, နိဗ္ဗာန်တရားထူး တရားမြတ်ကို ရဘို့ရန်ကား လျှင်မြန်၏၊ သေချာ၏။

အလွန်အားတက်ဘွယ်ကောင်းလှ၏။ သူငြိုး သူကြွယ်မင်း ဒိဗ္ဗရုဏ်း၏ အဖြစ်ကို ရလွယ်၏၊ စူဠသောတာပန် ကလျာဏပုထုဇ္ဇန အဖြစ်ကိုကား ရနိုင်ခဲလှ၏။ နတ်ဆင်္ဂီး, နတ်သား, သိကြား, ဗြဟ္မာ၏ အဖြစ်ကို ရလွယ်၏။ စူဠသောတာပန်-ကလျာဏပုထုဇ္ဇန အဖြစ်ကိုကား ရခဲလှ၏။ အဘယ်ကြောင့်ဆိုသော် ဆွေး, ဝက် မွှစ၍ သင်္ဃဝါ ဟူ

သားမျှ တို့သည် ကမ္ဘာအဆက်ဆက် သံသရာတွင် သူငွေး, သူကြွယ်, မင်း, မိဖုရား, နတ်သို့း, နတ်သား, သိကြား, ဗြဟ္မာ အကြိမ်ကြိမ် အဖန်ဖန် ဖြစ်ခဲ့ကြဘူးသည်ကို မြတ်စွာဘုရားက ဟောခဲ့တော်မူသောကြောင့်တည်း။ သို့ပါ၍ သူငွေး, သူကြွယ်, မင်း, မိဖုရား, နတ်သို့း, နတ်သား, သိကြား, ဗြဟ္မာတို့၏ အဖြစ်ထက် များစွာ မြင့်မြတ်လှသော စူဠသောတာပန်-ကလျာဏပုထုဇ္ဇန်၏ အဖြစ်ကို ယခုဘဝတွင် မရမနေ အရယူရန် မနေမနား ကြိုးစား အားထုတ် ပွါးများ ကျင့်ကြံ ကြပါကုန်။

၁၄၂။ တိုက်တွန်းချက်

စူဠသောတာပန်-ကလျာဏပုထုဇ္ဇန်ဖြစ်ရန် ရပ်,နာမ်, ခန္ဓာ, အာယတန, ဓာတ်စသော တရားတို့တွင် တရားသော တရားကို သိအောင် သင်အံလေ့လာ မှတ်သားရမည်။ ထို့ထို့ သိသည် အတိုင်း ဉာဏ်၌ ထင်ပြောင်အောင် ခဏတိုင်း, ခဏတိုင်း၌ နှုံးသွင်း အားထုတ် ရမည်။ အဖန်ဖန် အခါခါ အကြိမ်များစွာ အားထုတ်ရမည်၊ ဤကဲ့သို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ် တို့ကို ရအောင် နှုံးသွင်း အားထုတ် ပါလျက် ပါရမီဓါတ်ခံ မရှိ ပါသဖြင့် ယခုဘဝတွင် မဂ်, ဖိုလ် ကို မရစေကာမူ စူဠသောတာပန် ကလျာဏ ပုထုဇ္ဇန် ဧကံ မူ၍ ဖြစ်၍အပါယ်မကျ ဒုတိယဘဝ ဝယ်သည်တို့မှာ မဂ်,ဖိုလ် ရကြမည်ကို စိတ်ချ ယုံကြည်ကာဝိပဿနာအလုပ်ကို အထူးကြိုးစား ကျင့်ကြံ ပွါးများ အားထုတ်ကြပါ၊လေ။

သုခမ္မဝတီ ၅၃၀-၁၇

၁၃၃။ သင်္ဘီပေးချက်

အတုအပများသော ခေတ်ဆိုးကြီးပါတကား

ယခုခေတ်အခါတွင် သံအတု, မှန်အတု, သစ်သားအတု, ကြက်ပေါင်စေးအတု, ဆံအတု, ဆေးအတုများသာ ပေါများနေသည် မဟုတ်၊ မင်, ဖိုလ်, နိဗ္ဗာန်အတုများလည်း ပေါများနေကြ ပါသည်။ ယခုနောက်ဆုံးကြားသိ ရသည်မှာ စူဠဋ္ဌသောတာပန် ကလျာဏပုထုဇ္ဇန် အတု များလည်း အတော် ပေါများ လာလေပြီ။ စူဠဋ္ဌသောတာပန် ကလျာဏပုထုဇ္ဇန် အတုများကား အခြားမဟုတ်ပါ၊ ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓါတ်စသော တရားတို့ကို သင်အံ လေ့လာ မှတ်သား၍ သည်ရသိ သိနေရုံနှင့် စူဠဋ္ဌ သောတာပန် ကလျာဏ ပုထုဇ္ဇန်ဖြစ်ပြီ, အပါယ်မကျတော့ပြီဟု သည်ရသိကိုသာ အားကိုး၍နေသော ပုဂ္ဂိုလ်အချို့ဖြစ်ပါသည်။ စူဠဋ္ဌ သောတာပန် ကလျာဏပုထုဇ္ဇန်နှင့် ပတ်သက်၍ အထက်၌ ပေါ်ပြထားသော ပါဠိတော် အဋ္ဌကထာ မျာ၌ “ရုပ်, နာမ်, ခန္ဓာ စသည်တို့ကို နှလုံးသွင်း၍ နေသော ပုဂ္ဂိုလ်” “သင်္ခါရတရားတို့ကို မှတ်ယူ၍ ဝိပဿနာဉာဏ်လျက် တည်နေသော ပုဂ္ဂိုလ်” “ယထာဘူတ ဉာဏ်နှင့် ပြည့်စုံ၍ ဝိပဿနာတရားကို ပွါးများ အားထုတ်လျက် နေသော ပုဂ္ဂိုလ်” ဟူသော စကားလုံး များသည် သည်ရသိ သက်သက်မဟုတ်ဘဲ ပညာသိ သိရန် ခဏတိုင်း ခဏတိုင်း အမြဲတစေ မရမနေ အသက် သေသည့် အချိန်အထိ ကြိုးစားအားထုတ် ပွါးများနေမှသာလျှင် မင်, ဖိုလ် ရလု

နီးနီး သေသော အခါ စူဠ သောတာပန် ကလျာဏ ပုထုဇဉ်နှစ်အစစ်ဖြစ်ကာ ဂတိမြဲကြမည်ကို ကြပ်ကြပ်ကြီး သတိပြုကြ၊ စဉ်းစားကြလေ။

သညာသိ, သိရုံမျှဖြင့် ဂတိမမြဲကြောင်းကို ယခု ဘဝ မှာတွင်ပင် ဝိဇ္ဇာကတ် တတ်မြောက်သော လူပြိန်တော် အဆျိုတို့မှာ အဆျိုက ယောဂ္ဂ ခရစ်ယန် ဘာသာ ဝင်ကြ၍ အဆျိုက မဟာမက် ဘာသာဝင်ကြကာ အဆျိုမှာ ထိုထို ဘာသာ တရားဟော ဆရာများ ဖြစ်နေ ကြသည်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်ကြပါသဖြင့် တတ်ရုံ, သိရုံ သညာ သိလောက်တော့ အားမကိုးရပါ။ အပါယ်မကျဘို့လည်း အာမခံ မရသေးပါ။

သညာသိ သိရုံနှင့် ခရိုးမရောက်ပုံမှာ- ဥပမာ ပြည်မြို့သို့ သွားလိုသော သူဘယောက်သည် ပြည်မြို့သို့ သွားသော မီးရထားကို စီးသွားပါက လမ်းဆုံးလျှင် ပြည်မြို့သို့ရောက်ရမည်ကို ဒိဋ္ဌသိရပါသော်လည်း ဓိမ်မှာဖွင့် ထိုင်နေ၍ မီးရထားမစီးလျှင် ပြည်မြို့သို့ အလိုလို ရောက်မသွားနိုင်ပါ။ မီးရထား ဘုတာရုံသို့ သွား၍ လက်မှတ် ဝယ်ပြီး ပြည်မြို့သို့ ထွက်မည့် မီးရထားကို စီးနင်းလိုက် ပါသွားပါမှ ပြည်မြို့သို့ ရောက်ပါမည်။ အကယ်၍ ပြည် မြို့သို့မရောက်ခင် ပြဲည်မီးရထား ဘုဘာရုံနှင့် နီးကပ်ခါမှ မီးရထား စက်ပျက် သွားစေကာမူ အရှိန်နှင့် လိပ်သွား ပါက ပြည်ဘုတာရုံသို့ ရောက်ရသလို သောတာပန် ဖြစ်လိုသော ပုဂ္ဂိုလ်သည် သောတာပန် ဖြစ်ရန် အကျင့် များကို ကျင့်ကြံ ပွါးများ အားထုတ် ရပါမည်။ ထိုသို့

ကျင့်ကြံ ပွါးများ အားထုတ် နေစဉ်ပင် မဂ်,ဖိုလ် ရဲလှ နိုးကာမှ သေသွားပါလျှင်လည်း အဂ္ဂိနှင့် နောက် ဘဝ တို မြို၍ ဥပနိဿယ ပစ္စည်းဖြင့် မဂ်, ဖိုလ် ဇကန်မှုချုံ ရမည်ဖြစ်ပါသည်။ယခုခေတ် စူဠဋ္ဌသောတာပန် ကလျာဏ ပုထုဇ္ဇန အတုအပများလို သညာသိ သိရုံ, ဟောပြော တတ်ရုံ,အသံကောင်း ဟစ်တတ်ရုံနှင့် တင်းတိမ်၍ မနေကြပါဘဲ၊စူဠဋ္ဌသောတာပန် ကလျာဏ ပုထုဇ္ဇန အစစ်, အမှန် ဖြစ်ကြပါစေခုနှ ရုမ်,နာမ်,ခန္ဓာ စသော တရား များကို ခဏတိုင်း ခဏတိုင်း အမြဲတစေ နှလုံး သွင်းကြပါလေ၊ ကျင့်ကြံ အားထုတ်ပွါးများ ကြပါလေ၊ အကျင့်သာလျှင် ပဓါန အရင်းခံဖြစ်ပါသည်။ သုတမယဉာဏ် ရှိရုံဖြင့် တင်းတိမ်မနေကြပါဘဲ ဘာဝနာ မယ ဉာဏ်ပိုင်အောင် အမြဲတစေ ကျင့်ကြံပွါးများ ရမည်ဟု ဆိုလိုပါသည်။

၁၃၄။ ယထာဘူတဉာဏ်

မနှလည်ဆရာတော်ဘုရား

"ရူပက္ခန္ဓော၊ဝေဒနာက္ခန္ဓော" စသည် ဆိုတတ်, မြည်တတ်, အံတတ်, ရွတ်တတ်နှင့်လည်း နာမ်,ရုပ်ကို သိမ်း ဆည်းတတ်သော နာမ ရူပ ပရိဂ္ဂဟဉာဏ်မဖြစ် "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" "ဟေတု ပစ္စယော" စသည် တို့ကို ဆိုတတ်, မြည်တတ်, အံတတ်, ရွတ်တတ် ရုံနှင့် ပစ္စယ ပရိဂ္ဂဟ ဓမ္မဋ္ဌိတိ ဉာဏ်မဖြစ် "အနိစ္စ,ဒုက္ခ,အနတ္တ" ဟူ၍ ဆိုတတ်, မြည်တတ်, အံတတ်, ရွတ်တတ် ရုံနှင့်လည်း ဒိဋ္ဌသုဉာဏ်မဖြစ်။

ယထာဘူတဉာဏ် ဖြစ်အောင်ကား ဆရာသမားတို့ထံ၊ နားလည်လိမ္မာအောင် ရုပ်လက္ခဏာ နာမ်လက္ခဏာတို့ကို သင်ခြင်း,နာခြင်း, မှတ်သားခြင်း ကိုပြုလျက် ထိုရုပ်လက္ခဏာ နာမ်လက္ခဏာတို့ကို ပိုင်းခြား သိမ်းဆည်း၍ သိနိုင်,မှတ်နိုင်, ဆောင်ကြဉ်းနိုင်သဖြင့် ငါ၏ကောင် သူ၏ကောင်,လူ၏ကောင်, နတ်၏ကောင်,ကိုယ်၏ကောင် အစွဲရှာမရဘဲ သင်္ကာယဒိဋ္ဌိ အစွဲဒိဋ္ဌိကွာ၍ ရုပ်သဘာဝ, နာမ်သဘာဝ, ရုပ်ဖြစ်သည့်အကြောင်း, နာမ်ဖြစ်သည့်အကြောင်း မြင်တတ်,မှတ်တတ်,နှလုံးသွင်းတတ်,ဆင်ခြင်တတ်, သဘောကျတတ်သည် ဂိုဏ်သာလျှင် ယထာဘူတဉာဏ် ဖြစ်သည်ဟုမှတ်။

၁၃၅။ အပြောမဟုတ် အလုပ်အရေးကြီးသည်

တောင်လေးလုံး ဆရာတော်ဘုရား

မြတ်စွာဘုရား ဟောကြားပြသ ဆုံးမတော်မူအပ်သော ဒေသနာ ပဗန္ဓ,ပုဒ်, ပဒ, ပါဠိတော်တို့ကို ဝါစုဂ္ဂတ နှုတ်တက်ရအောင် လေ့ကျက်ဆောင်ရွက်ကာ မျှမတွေကို မြတ်စွာဘုရား ဟောကြားပြသ ဆုံးမတော်မူအပ်သော ဤဝါဒအာဏာ ဒေသနာတည်သည် မဟုတ်ချေ။ သာသနာတည်၏ဟု မဆိုသာချေ။ ဒေသနာတော်, စကားတော်၏ အစဉ်မျှကို မှတ်၍ ဟောပြောဆောင်ရွက် လေ့ကျက်ရုံမျှသာ ဖြစ်ချေသည်။

မြတ်စွာဘုရား ဟောကြား,ပြသ, ဆုံးမတော်မူအပ်သော ဒေသနာ, ပဗန္ဓ, ပုဒ်, ပဒ, ပါဠိတော်တို့ကို အာ

ဆောင်ရွက် မလေ့ကျက်နိုင်သော်လည်း မြတ်စွာဘုရား ဟောကြားပြသ ဆုံးမတော် မူအပ်သော ဒေသနာတော် တရား၏ အဓိပ္ပါယ်စကားသွားကို ပိုင်းခြားတိတိ မှတ်သား ပိ၍သိတိတရား အမြဲယှဉ် သမ္မာဇဉ်ဖြင့် အုပ်ထိန်းလျက် မ တိမ်းမယိမ်းရအောင် ကျင့်ဆောင်လုံ့လ ဉာဿာဟဖြင့် နေ့ညဉ့်မကင်း မပျင်းမပေါ့မမေ့မလျော့ရအောင်နှလုံးသွင်း သော ပုဂ္ဂိုလ် သန္တာန်၌သာ သြဝါဒအာဏာ သာသနာ တော်သည် အမြဲနိုစွ တည်သည်မှတ်သေ။

ပိမိကို၏ ရုပ်, နာမ်နှစ်ဖြာ ကိုယ်ခန္ဓာ၌ မြတ်စွာဘုရား ဟောကြားပြသ ဆုံးမတော်မူအပ်သော သြဝါဒ အာဏာ သာသနာသည် ခန္ဓာစဲသည်တိုင်အောင် အမြဲနိုစွ တည့်စေ ခြင်းငှါ ကျင့်ဆောင် အားထုတ်လေ့ ရှိကုန်သော ကလျာ ဏာပုဂ္ဂိုလ်တို့အား သာလျှင် ပိမိတို့၏ ကိုယ်ကို ချစ်ခင် မြတ်နိုး လေးမြတ်ကြသည် ဖြစ်၍ ဆင်းရဲခပ်သိမ်း၏ လွတ် ငြိမ်းရာအမှန် နိဗ္ဗာန်ချမ်းသာသို့ လျှင်မြန်စွာရောက်လိုကြ ကုန်သော ကလျာဏ ပုဂ္ဂိုလ်တို့သည် ၎င်းနိဗ္ဗာန်ချမ်း သာသို့ လျှင်မြန်စွာရောက်လွယ်ခြင်း၏ မူလရင်းအစ ပဌ မ သောဘာဝပတ္တိဓဂ်တရား ပွါးများရာ အကြောင်းတရား လေးပါးတို့ကို သိသာခြားနား ထင်ရှားစွာ အားထုတ်လုံ့ လ ဉာဿာဟ ပြုကုန်သည်။ ပြုကြပါလေ။

၁၃၆။ ဓာတုသောဘာပန် စစ်တမ်း

မိုးညှင်းဆရာတော်ဘုရား

ရှေးကပြုခဲ့ပြီးသော ဒီဋ္ဌဝိသုဒ္ဓိ, က နာမ ရူပ ဝဝတ္ထာနဉာဏ်၊ ၅၂ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ, က ပစ္စယပရိဂ္ဂဟ ဉာဏ်

၍ ဤ ဥာဏ် ၂-ပါးတို့ အဟုတ်အဟာတ် ပေါက်ရောက်ကြ၍ တည်တန့်နေသော ယောဂီ မြတ်တွေကား သောတာပန်ကြီးကဲ့သို့ သုဂတိလားရာ မြဲသောကြောင့် စူဠသောတာပန် (ဝါ) သောတာပန်ကလေး ဟု မဟာဋီကာ မိန့်မှာတော်မူ၏။ မိမိတို့ကိုယ်ကို မိမိတို့ စူ-မစူကို သိကြရန် ၎င်း။ မဟာဋီကာ၌ပင်—

> အပရိဟီန ကာမိါဝိတရဏာ ဝိသုဒ္ဓိကော ဝိပဿကော လောကိယာဟိ သီလ, သမာဓိ,ပညာ သမ္ပဒါဟိ သမန္နာဂတတ္တာ စူဠသောတာပန္နော နာမ ဟောတိ။

ဝိပဿကော- ဝိပဿနာ ယောဂိသည်၊ အပရိဟီန ကာမိါဝိတရဏာ ဝိသုဒ္ဓိကော- တသက်လုံး မဆုတ်ယုတ်သေး၊ ကာမိါဝိတရဏာ ဝိသုဒ္ဓ ရှိ၏၊ လောကိယာဟိ- လောကီဖြစ်ကုန်သော၊ သီလ, သမာဓိ, ပညာသမ္ပဒါဟိ- ပြည့်စုံစင်ကြယ်သော သီလ, သမာဓိ, ပညာတို့နှင့်၊ သမန္နာဂတတ္တာ-ပြည့်စုံသောကြောင့်၊ စူဠသောတာပန္နော နာမ-စူဠသောတာပန် မည်သည်၊ (ဝါ) သောတာပန်ကလေး မည်သည်၊ ဟောတိ-ဖြစ်ရလေ၏။ ဟူ၍ မိန့်တော်မူတိုင်း စူဠသောတာပန် တို့ကား။

(၁) ဤဝိသုဒ္ဓိဥာဏ် ၂-ပါးတို့ အမြဲ တည်ရမည်။
(၂) စင်ကြယ်သော သီလ,သမာဓိ,ပညာ ရှိရမည်။

ဤအင်္ဂါ ၂-ပါး ရှိကြမှသာလျှင် စူဠသောတာပန် အစစ်ဖြစ်၏။ မရှိမူ-ထိုစူဠသဒ္ဒါက သောတာပန်ကလေး

ကို မဟောတော့ဘဲ၊ စူဠ လိပ်ကိုဟောတဲ့ လိပ်သော တာပန် ဖြစ်နေတတ်ကြသည် ဟုရှိရဲ့။သို့အတွက်သူတပါး ကိုတော့ ဘာမျှမပြောဆိုကြဘဲ ပိဠိတို့သာ "ငါ-စူရဲ့လား မစူဘူးလား" ဟု ရှေးကပြထားသော အင်္ဂါ ၂-ချက်ကို ကြည့်၍ငါ-စူသည်ဟု ထင်မှု—ကိုယ့်လူအချင်းချင်းတိုးတိုး တိတ်တိတ်သာ စူကြပါလေ စိတ်ကောင်း ရှိသူ ယောဂီ ဖြူတို့။

စူဠသောတာပန်

လယ်တီဆရာတော် ဘုရားအလင်း ကျမ်း

ပဋိစ္စသမုပ္ပါဒ်ညာဏ် အမြင် ပေါက်ရောက်ခြင်း ဟူသော ပစ္စယ ဝဝတ္ထာန ညာဏ် အလင်းကြီး သည် ထို ဒိဋ္ဌိမျိုးသုံးပါးတို့ကို ပယ်ရှားနိုင်၏။ အကြောင်း မရှိဟူသော အဟေတုက ဒိဋ္ဌိကိုလည်း ပယ်ရှားနိုင်၏။ အကြောင်း မဟုတ်သည်ကို အကြောင်းပြုလုပ်၍ ယူသော ဝိသမဟေတု ဒိဋ္ဌိကိုလည်း ပယ်ရှားနိုင်၏။ ရှေးကံ ဟောင်း အကြောင်း တရတည်းသာ ရှိသည် ဟူသော ပုဗ္ဗေကတဟေတုဒိဋ္ဌိကိုလည်း ပယ်ရှား နိုင်၏။ ဤပစ္စယ ဝဝတ္ထာနညာဏ် အလင်းကြီးကို ပေါက်ရောက်သော သူသည် စူဠသောတာပန် အဖြစ်သို့ ရောက်၏ဟူ၍ အဋ္ဌက ထာကြီးဘို့၌ ဆို၏။အလွန် အားတက်ဘွယ် ကောင်းသတ်။

၁၄၇။ ကလျာဏပုထုဇ္ဇန်

လယ်တီဆရာတော်ဘုရား ဥဿုံမပုရိသ ဒီပနီ

ဒိဋ္ဌိငုကမ္မ သမ္မာဒိဋ္ဌိ မျက်စိ ရှိရုံ မျှနှင့် ကလျာဏပုထုဇ္ဇန် မခေါ်လောက်သေး။ ဝိဒူကတ် ကျမ်း

စနေကြပြန် နှံ့စပ် စာပေတတ်သော ပရိယတ် မျက်စိပေါက်ရုံမျှနှင့်လည်း ကလျာဏ ပုထုဇ္ဇန် မခေါ်ဝံ့လောက်သေး။ သက္ကာယ ဒိဋ္ဌိ ဝိစိကိစ္ဆာ ခွါခဲ့ရာသော ဓါတုစက္ခု ပစ္စယ စက္ခုနှင့် တကွ ဝိပဿနာ သမ္မာဒိဋ္ဌိ မျက်စိပေါက်မှသာလျှင် ကလျာဏပုထုဇ္ဇန် အမှန် ခေါ်ထိုက်သည်။

၁၃၈။ ဈာန်သောတာပန်

မြို့ဓိကျောင်း ဆရာတော်ဘုရား

ဖြစ်, ပျက်ကိုမြင် မဖြစ်ချင်မှ, မဖြစ်ပါတကား ဟူ၍ သဘောပေါက်ပြီးလျှင် ဖြစ်, ပျက်ကိုသာလျှင် မြင်သည်ထက်တိုးတက်၍ မြင်လေအောင် အကြိမ်ကြိမ် အခါခါ သွားရင်း, လာရင်း, နေရင်း, ထိုင်ရင်း, လုပ်ရင်း, ကိုင်ရင်း ကြည့်ရှု စဉ်းစား ဆင်ခြင်၍ နေသော ပုဂ္ဂိုလ်သည်ပါရမီ မပြည့်စုံသေး၍ ယခုဘဝ၌ ဓင်္, ဇိုလ် မရဘဲသေ၍ သွားသော်လည်း အပါယ်မလားဘဲ သုဂတိ မြဲလေသောကြောင့် ဈာန်သောတာပန်ဟု ဆိုသတည်း။ (သွားရင်း လာရင်း ဝိပဿနာ ရှုပုံ အပဒါန်ဝတ္ထု၊ ပဋ္ဌမတွဲမှာရှု။)

ဖြစ်, ပျက်ကို မြင်အောင်ရှုကြည့်ဆင်ခြင်ခြင်း မရှိသတိမေ့လွတ် မေ့လျော့ ပျောက်ပျက် ဂရုတ်ဂရက် စိတ်မျိုးနှင့် သေလျှင် ဂတိမမြဲ၊ ကမ္မဿကာ ကံချရာ ရောက်လေတော့သည်။

၁၃၉။ ကလျာဏပုထုဇ္ဇန်

ဒိဗ္ဗရင်း ဆရာတော်ဘုရား

အဖြူး အကာ ပညတ်လွှာကို ဖယ်ထား ခွါလှန်၍ အဟုတ်ရှိ,

တကယ်ရှိ ပရမတ်အစစ် အသားနှစ်ကို ထုတ်နှုတ်ယူငင် သိမြင်နိုင် ပရမတ်မျက်စိ အလင်းရှိသော ပုထုဇဉ်နှံကို ကလျာထားပုထုဇဉ်နှံ ဟူ၍ ထိုထိုပါဠိတော် အဋ္ဌကထာကြီး တို့၌ ဆိုသည်။

ပရမတ် အစစ်ဆိုသည်မှာ ရုပ်တရား, နာမ်တရား ဤနှစ်ပါးကိုဆိုသည်၊ သဘာဝနှင့်တကွ လက္ခဏာရေး သုံးပါး ပါအောင်သိမှ ပရမတ်စစ်သည်၊ မပါလျှင် မစစ်။

၁၄၀။ စူဠသောတာပန်၏ ဂတိဖြစ်ရာ ဘဝ အဝိဒိုးအခြား

သာသနာ့ရိုင်းသာ မဟာစည် ဆရာတော်ဘုရား

ဤ စူဠသောတာပန်၏ ဂတိသည်အစဉ်ထာဝရ ဘဝတိုင်းဌ မြဲသလော၊ သို့မဟုတ် ဒုတိယဘဝဌသာ မြဲသလော ဟူငြားအံ့။ဒုတိယဘဝဌသာလျှင်ကံ မြဲသည် ဟုစိတ်ချရ၏။ တတိယ ဘဝစသည်ဌကားကံမြဲသည်ဟု စိတ်မချရသေးပေ။အကြောင်းမူကား ပြဲခဲ့သော ဋီကာ (မဟာဋီကာ) ဌ “ကဒ်ဒါဝိဘရဏဝိသုဌ် မဆုတ်ယုတ်ပါမှ ဂတိမြဲသည် ဟူ၍ဂုင်း။ လောကိသိလ, သမာဓိ, ပညာတို့နှင့် ပြည့်စုံသောကြောင့် ဂတိမြဲသည် ဟူ၍ဂုင်း” မိန့်ဆိုသော စကားတို့ဖြင့် “ယခုဘဝဌသော်လည်း သိလ,သမာဓိနှင့် ကဒ်ဒါဝိဘရဏ ညွှတ် ပညာတို့ ချက်စီး ချာ်ယွင်းနိုင်သေးသည်ကိုဂုင်း၊ ထိုအခါမှာ ဒုတိယဘဝဌသော်လည်း ဂတိမြဲရန် အကြောင်းမရှိသည်

ကိုဂုဏ်း" ထင်ရှားပေါ်ပြူ၏။ ဒုတိယဘဝစသည်၌ ထိုသိလ, သမာဓိ, ပညာတို့ ပျက်စီးနိုင်၍ တတိယဘဝစသည်၌ ဇကေနဂတိမြဲရန် အကြောင်းမရှိသည်မှာ ဆိုဘွယ်ပင်မရှိတော့ပြီ။ သို့ဖြစ်၍ အပါယ်ဘုံမှ အစဉ်ဆဘဝရ လွတ်ကင်း၍ ဂတိမြဲခြင်းကို လိုလားသောသူသည် သောတာပတ္တိမဂ်ဖြင့် သက္ကာယဒိဋ္ဌိကို အကြွင်းမဲ့ပယ်နိုင်ရန် ထက်သန်သောစိတ်ထံဝင်းဖြင့် မနား, မဆုတ် ဆက်လက်၍သာ အားထုတ်ရာ၏။ ကဒိဝိတရဏ ဝိသုဒ္ဓိဖြင့် စိတ်ချ, လက်ချ အားရ၍ နေခြင်းငှါကား မသင့်သည်သာတည်း။

အခန်းကြီး ၇

နိဂုံးတိုက်တွန်းချက်

၁၄၁။ မင်္ဂလိရသုနည်းလာပြီ

အခါတပါးဌ မြတ်စွာ ဘုရားသည် သာဝတ္ထိပြည် ဇေတဝနကျောင်းတော်၌ သိတင်းသုံး နေထိုင်တော်မူစဉ် အရှင်မဟာကဿပ မထေရ်မြတ်သည် မြတ်စွာဘုရား၏ အထံတော်သို့ ချဉ်းကပ်လျက် လျှောက်ထားသည်ကား-

"မြတ်စွာဘုရား—မြတ်စွာ ဘုရားသည်ရှေးအခါ ကာလ၌ တပည့်သား သာဝကဟူ၍အား သိက္ခာပုဒ်အားဖြင့် မိန့်ထား ပညတ်သည့်အရာ လွန်စွာနည်းပါးလျက် အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ ရောက်ရှိသော ပုဂ္ဂိုလ် အလွန်များကြပါသည်။ ယခုအခါ၌ကား ပညတ်တော်မူပြီးသော သိက္ခာပုဒ် များပြားလျက် အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့

မျက်မှောက် ပြုနိုင်သည့် ပုဂ္ဂိုလ် နည်းပါး၍ လာကြပါသည်။အဘယ်သို့သော အကြောင်းကြောင့်ပါနည်း”

ထိုအခါ မြတ်စွာဘုရားသည် ပြန်ကြား ဟောပြသည်ကား-“ချစ်သား ကဿပ-သင်္ဃဝါ တို့သည် ဆုတ်ယုတ်၍ လာသည်ရှိသော်၊ သူတော် ကောင်းတို့၏ တရားသည် ပျက်ပြားကွယ်ပျောက်၍ လာကုန်သည် ရှိသော် သိက္ခာပုဒ် ပညတ်တော်တို့လည်း များပြား၍ လာကုန်၏။ ရဟန္တာ၏အဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်တို့သည်လည်း နည်းပါးဆုတ်ယုတ်ကုန်၏။”

သို့ဖြစ်၍ မြတ်စွာ ဘုရား သက်တော် ထင်ရှားရှိစဉ် (၄၅)နှစ်အတွင်းမှာပင် ရဟန္တာဖြစ်သော ပုဂ္ဂိုလ်,အနာဂါမ်ဖြစ်သော ပုဂ္ဂိုလ်, သကဒါဂါမ် ဖြစ်သော ပုဂ္ဂိုလ်, သောတာပန်ဖြစ်သော ပုဂ္ဂိုလ်တို့ ထင်ထင်ရှားရှား နည်းပါးလာကြရာ ယခုအခါ သာသနာတော်နှစ် (၂၅၀၀) နီးပြီဖြစ်၍ ပိဋကတ်တော် အပေါင်းအသင်း ရဟန်းသံဃာ ဆရာမိဘ ဆွေမျိုးညာတိ အိမ်နီးပါးချင်း ရပ်သူရွာသားမြို့သူမြို့သား ပြည်သူလူထုတို့၏ ပါရမီစိတ်ဓါတ် အသိညာဏ် ပညာ,သမာဓိ, သီလအကျင့်သိက္ခာ စာရိတ္တ မည်မျှကျက်ပြား ဆုတ်ယုတ်အားနည်းလာကြသည်ကို ချင့်ချိန်စဉ်းစားဆင်ခြင်ကာ အရိယာအစစ်ဖြစ်ရန် အခွင့်အရေးနည်းပါးလာကြောင်းကို သိကြရပြီးလျှင် အရိယာစစ် ဖြစ်လိုသော သူတို့သည် အထူးကြိုးစား အားထုတ်ကြရပါမည်။ပေါ့ပေါ့ဆဆ လွယ်လွယ်ကူကူနှင့် မရနိုင်ပါ။ ပါရ

ဒီရင့်ကျက်မှု ရနိုင်ပါသဖြင့် ပါရမီကို အာထူးဖြည့်ကြပါ။ ရင့်ကျက်အောင် ကျင့်ကြံ အားထုတ် ကြပါလေ။

၁၄၂။ အပြောမဟုတ် အလုပ်ပြကြပါ

ယခုအခါ ဗုဒ္ဓဖြတ်စွာဘုရား သာသနာတော်ကြီးသည် ထွန်းလင်းတောက်ပလျက်ပင် ရှိသေး၏။ ပါရမီ အနုအရင့် အလိုက် လူတိုင်းပင် ဝိပဿနာဉာဏ်မှန် ရစွဉ့်, အရိယာ ဖြစ်စွဉ့် ရှိကြပါ၏။ သို့သော် သာသနာတော်ကြီး၏ လမ်း စဉ်ကောင်းသလောက် အပြောသာရှိကြ၏။ အလေ့သာ ရှိကြ၏။ အကြားအနာသာ ရှိကြ၏။ အလုပ်ကားမရှိကြပါ။ အလုပ်ဘက်သို့ မကူးနိုင်ကြပါကုန်။ အလေ့ာ အပြော, အကြား အနာ အရသာလောက်နှင့်ပင် တင်းတိမ် နေတတ်ကြပါ၏။ ယခုအခါ အပြော အလေ့ာ ကောင်း သလောက် ကြားနာရုံသော လူများက ထို အပြော အလေ့ာ ကောင်းသော ပုဂ္ဂိုလ်ကို လူကြီး လူကောင်း တယောက် ဟု အထင်ရောက်နေကြ၏။ ကြားနာသော သူများကိုလည်း ဘေးမှဖြင်သော ပုဂ္ဂိုလ်များက လူကြီး လူကောင်းတွေဟု အထင်ရောက်နေကြ၏။ တရားဟော နှင့် တရားနာ ပုဂ္ဂိုလ်တို့သည် ထိုသို့ အထင်ခံရသော ဂုဏ်, အရသာနှင့်ပင် တင်းတိမ်နေကြ၍ တကယ့် အလေ့ကြီးသော အလုပ်ဘက်သို့ မကူးနိုင်ကြကုန်။ မကူးလိုကြကုန်။ သို့ပါ၍ ယခုအခါ အပြောအလေ့ာ သာသနာ၊ အကြား အနာ သာသနာ သာဖြစ်၍ ပဋိပတ္တိ အလုပ် သာသနာကား မဟုတ်ကြပေ။ ဟောပြောသလောက်, ကြားနာ

သလောက် အလုပ် လုပ်ကြပါလျှင် ယခုဘဝတွင်ပင် ပါရမီ ရင့်သန်လာကာ အရိယာ ဖြစ်လာကြ ပါလိမ့်မည်။ လုပ်စမ်း ကြည့်ကြပါလေ။ အလုပ်က ပြောလာ ပါလိမ့် မည်။

၁၄၃။ လက်တွေ့လုပ်မှ အဖြေထွက်ပါမည်

ဟိုကျောင်း, ဒီကျောင်း၊ဟိုကျမ်း, ဒီကျမ်း၊ ဟိုတရား, ဒီတရား၊ ဟိုနည်း, ဒီနည်း စသည်ဖြင့် ငြင်း ခုံ ပြောဆို မနေကြဘဲ၊ တရားအားထုတ်လိုကြသော ပုဂ္ဂိုလ်များသည် ကျမ်းဂန်ဗဟုသုတများသော ပုဂ္ဂိုလ်တို့နှင့် တိုင်ပင်ဆွေး နွေး၍ အကောင်းဆုံး ပရိယတ် ပဋိပတ် နှစ်ဘက်ရသော ဆရာများထံမှာ လက်တွေ့အလုပ်ကို တကယ်တန်း ကျင့် ကြံပို်းများ အားထုတ်ကြပါလျှင် ဟုတ်-မဟုတ် အဖြေမလွဲ တန်း ပေါ်ပေါက် လာပါလိမ့်မည်။ ပို်းများ အားထုတ် လုပ်ကြည့်ကြပါ။။လမ်းတွေ့လျှင် လျှောက်လိုက်မှ လမ်းဆုံး ရောက်မည်။ လမ်းကိုမြင်လျက် ရပ်၍ ကြည့်နေပါလျှင် ဘယ်နေရာသို့မှ မရောက်နိုင်ပါ။။

၁၄၄။ လမ်းဆုံးလျှင် ဖွင့်ပေးရမည်

လမ်းမြင်၍ လျှောက်လိုက်သော အခါ၊ လမ်းမှန်လျှင် လမ်းဆုံးသောအခါ ဣဿာကိုတွေ့ရမည်။ ဣဿာမတွေ့ဘဲ တော တွေ့နေပါလျှင် လိုက်လာသောလမ်းသည် မှားနေပြီဟူ၍ မှတ်ပါ။။ထို့လမ်းမှားကိုစွန့်၍ လမ်းမှန်ကိုရှာပေကာ လိုက် ကြပါလေ။။သို့မှသာလျှင် မိမိတို့လိုရာ အရပ်သို့ ရောက်ကြ ပါမည်။။ထို့ဥပမာအတိုင်းမင်, ဖိုလ်, နိဗ္ဗာန်ရရေး ဝိပဿနာ

အားထုတ်ကြရာမှာ မိမိတို့ရရှိသော မဂ်, ဖိုလ်က အတူ အပဖြစ်နေပါလျှင် ပရိယတ္တိ, ပဋိပတ္တိနှင့် ပြည့်စုံသော ဆရာကောင်းကိုထပ်မံရှာ၍ မဂ်စစ်, ဖိုလ်စစ်ရရန် ကျင့် ကြံအားထုတ်ကြပါလေ။ မကောင်းအစဉ် ပြင်လျှင်ခဏ ပါ။ မှားမှန်းသိလျှင် ပြင်ကြပါလေ။ ပြင်နိုင်ကြပါစေ။

အရိယာစစ်တမ်း ပြီး၏။

ဆုတောင်း

(၁)

ဤအရိယာ စစ်တမ်း စာအုပ်ကို ဘတ်ရှုရသော သူတော်ကောင်း အပေါင်းတို့သည် မြတ်စွာဘုရား ဟောပြဆုံးမ တော်မူအပ်သော သူတော်ကောင်းတို့၏ တရားစစ်, တရားမှန်ကို တရားယောင်, တရားတုတို့မှ ခွဲခြားဝေဘန် သိနိုင်ကြပါစေသတည်း။

မြတ်စွာဘုရား ဟောပြဆုံးမတော်မူအပ်သော သူတော်ကောင်းတို့၏ တရားစစ်, တရားမှန်ကို သိသည့်အတိုင်းကျင့်ကြံပွါးများ အားထုတ် နိုင်ကြ ပါစေသတည်း။

ထိုသို့ ကျင့်ကြံ ပွါးများ အားထုတ်ကြ သည့်အတိုင်း ပါရဒိရင့်ကျက်ကာ မဂ်, ဖိုလ်, နိဗ္ဗာန်ကို အမြန်ဆုံး အချိန်ကာလအတွင်း ရနိုင်, ရောက်နိုင်ကြပါစေသတည်း။

(၂)

မြတ်စွာ ဘုရား၏ သာသနာ တော်သည် အနှစ် ငါးထောင်မြင့်ရှည်ကြာအောင် တည်မြဲ ထွန်းတောက် ပါစေသတည်း။

(၃)

ဤသို့ ပညာ, ဗဟုသုတရှာဖွေး ရေးသား ထုတ် ဝေရသော ကောင်းမှု ကုသလကြောင့် အကျွန်ုပ်သည် ယခုဘဝတွင် အမြန်ဆုံး အချိန်ကာလအတွင်း နိဗ္ဗာန်ကို အာရုံပြုကာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရ၍ ဘုံ(၃၁) ဝဋ် ဟူသမျှတွင်း၌ သွတ်ကင်းရသည်ကို ဖြစ်ရပါလိုပြီ။

ကံစု

(၁၄-၃-၅၃) ၁၀၀-၄ရက်စွဲ